


နှင်းလပြည့်
စာပေ
ရင်မြတ်နိုး
အချစ်ဖြင့်
ရစ်ပတ်နှောင်ဖွဲ့အပ်သော
ပန်းချီ သိန်းရွှေကြည်
2015

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင် ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်


- စိုက်ပျိုးရေးကိုအခြေခံ၍ ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အချစ်ဖြင့်ရစ်ပတ်နှောင်ဖွဲ့အပ်သော

## ရှင်မြတ်နိုး



## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆)<br>ဗျူးစာပေ၊ အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း၊<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (မြ-၁၀၀၉၈)<br>(ရွှေခြသေ့်ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

အချစ်ပြင့်ရစ်ပတ်နှောင်ဖွဲ့အပ်သော/ရှင်မြတ်နိုး၊ ရန်ကုန်။

ဗျူးစာပေ၊ ၂၀၁၄။

(၂၆၄)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) အချစ်ပြင့်ရစ်ပတ်နှောင်ဖွဲ့အပ်သော


## အခန်း ( ၁ )

ကမ္ဘာပေါ်မှာ ဖြန်ဖြေစေ့စပ်ညှိနှိုင်း ဖြေရှင်းယူလို့မရတဲ့စစ်ပွဲဆိုတာ ချစ်သူနှစ်ယောက်တို့ကြားမှာပဲ ရှိနေတတ်တယ်လို့ ကိုယ် ယူဆနေတယ် မြရိပ်ညို ... မသက်ဆိုင်သူ မည်သူတစ်ဦးတစ်ယောက်ကိုမှ ကိုယ်တို့နှစ်ဦးကြားတွင် ရပ်၍ စေ့စပ်ဖြန်ဖြေပေးရန် မလိုအပ်။ စစ်ပွဲပြီးဆုံးစေရန်အလို့ငှာ တိုက်တွန်းခြင်း၊ နားချခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဖြောင်းဖျသွေးဆောင်ခြင်း ပြုလုပ်ရန် အခွင့်အာဏာပေးထားခြင်းလည်းမရှိ။ ဤစစ်ပွဲသည် ချစ်သူနှစ်ဦးတွင် ကိုယ်စီကိုယ်ငှ ရှိခဲ့ကြသော မာနနှင့်ဂုဏ်သိက္ခာများကို ထိပါးစွက်ဖက်ကျူးကျော်တိုက်ခိုက်ရာမှ စတင်ခဲ့ရသော ချစ်သူတို့ကြားမှ မာနစစ်ပွဲ ဖြစ်လေသည်။ အညံ့ခံ၊ ခေါင်းငုံ့ လိုက်လျော အရှုံးပေးရန် နှစ်ဦးစလုံးမှာ မရှိနိုင်ကြောင်း အသိအလင်း ထုတ်ဖော်ထားပြီးဖြစ်၏။ လရိပ်ထင် ချစ်မြတ်နိုးရသော မိန်းကလေး မြရိပ်ညိုနှင့်မြရိပ်ညို

အလွန်အမင်း တန်ဖိုးထားချစ်မြတ်နိုးရသော လရိပ်ထင်တို့ကြားမှာ အမှတ်မထင်ဘဲ တွေ့ဆုံခဲ့ကြပြီး မထင်မှတ်ဘဲ မာနတွေ ပြိုင်ခဲ့ကြသည်။

"သူက လရိပ်ထင်ပါ မြရိပ်ညို ... မင်းတို့နှစ်ယောက်က နာမည်ခြင်းလည်း ဆင်တူနေကြတယ်၊ နှစ်ယောက်လုံးကလည်း ချောကြတယ် ... လရိပ်ထင်က သံလျှင် ဂျီတီစီက ကင်းလေ၊ မြရိပ်ညိုက စီးပွားရေးတက္ကသိုလ်မှာ ကွင်းပဲ ... တကယ်ပဲဟယ် တိုက်တိုက်ဆိုင်ဆိုင်နော် ... "

သူငယ်ချင်း အဝါရောင်ရဲ့ မွေးနေ့ပွဲမှာ အဝါရောင်မိတ်ဆက်ပေးမှုကြောင့်ပင် လရိပ်ထင်နှင့်မြရိပ်ညိုတို့ တွေ့ဆုံ၍ မိတ်ဆွေသူငယ်ချင်းတွေ ဖြစ်သွားကြလေသည်။ ကင်းနှင့်ကွင်းဟု သူငယ်ချင်းတွေ လက်ခုပ်လက်ဝါးတီး၍ ချီးကျူးထောပနာ ပြုခဲ့ကြပေမယ့် လရိပ်ထင်ရော ... မြရိပ်ညိုပါ တည်တည်ငြိမ်ငြိမ်ပင်။ နူတ်ခမ်းသားလေးတွေအပေါ်မှာ အပြုံးတောက်တောက်လေး ထင်ဟပ်ရုံပဲ အသိအမှတ်ပြုဖြစ်ကြသည်။

"ဟဲ့ မြရိပ် ... သူက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်နော် သိလား ... အရမ်းကို စစားဖြစ်တာ၊ မာနလည်းကြီးတယ်ဟ ... အဝါရောင်တို့မိသားစုနဲ့က ငယ်ပေါင်းတွေမို့လာတာ ... လူကြီးတွေ





ာ သူ့ကိုအတင်းလာခိုင်းလို့ ဖြစ်လိမ့်မယ်၊ ဘယ်လိုလဲ ... ရှင်စိတ်ဝင်စားဘူးလား"

"ဟင့်အင်း ... မြရိပ်ညိုအကြောင်း အဝါရောင်သိတာပဲလေ၊ ကျုပ်က ယောက်ျားတွေကို အထင်မကြီးတတ်ဘူး၊ ယောက်ျားမုန်းဘီးရေးဝါဒသမား"

"အဲဒီဝါဒကြီးကို ကိုင်ဆွဲထားတဲ့ ရှင့်ကို အမြစ်ကနေ ကိုင်ဆွဲနုတ်ပြစ်ဖို့ အဝါရောင် ကြိုးပမ်းတာလေ ... လရိပ်ထင်နဲ့မိတ်ဆက်ပေးချင်နေခဲ့တာ သိလား ... "

လရိပ်ထင်ကိုကြည့်လေ ... ဘယ်လောက်များ အမြင်ကတ်စရာကောင်းအောင် ပဲတွေပေးနေလိုက်လည်းဆိုတာ မိတ်ဆက်ပေးတာကို အပြုံးလေးပဲဝင့်ပြီး လှည့်ထွက်သွားခဲ့သည်။ မြရိပ်ညိုကို အသိအမှတ်မပြုချင်တဲ့သဘောကြီး။ ရှင်က ဘာတွေမာနကြီးပြနေရတာလဲ။ မိန်းမဆန်လွန်းသည်ဟုပဲ မြရိပ်ညို သတ်မှတ်ပြစ်လိုက်၏။ အဝါရောင်က မကျေနပ်ခဲ့။ ယောက်ျားတွေကို အထင်မကြီးဘဲ မုန်းတီးနေတာကြီးကို မြရိပ်ညိုရဲ့ အချစ်ဆုံး အတွဲဆုံး သူငယ်ချင်း အဝါရောင်က လုံးဝလက်မခံနိုင်ဘဲ အကြီးအကျယ် ကန့်ကွက်နေခဲ့သည်။

"လရိပ်ထင်တို့ မိသားစုတွေက ပညာလည်း တတ်ကြတယ်၊

ချမ်းလည်းချမ်းသာကြတယ် မြရိပ်ညို ... သူ့မှာ အစ်ကိုတစ်ယောက်ရှိတယ်ဟ ... အဲဒါလည်း ရှင်နဲ့တူသွားပြန်ရော ... ရှင့်မှာလည်း အစ်ကိုတစ်ယောက်ရှိနေတာလေ"

"ဘာကြီးလဲ ... ရှင့်ရဲ့လရိပ်ထင်က အခြောက်တိုက်ဘဝင်တွေ မိုးပေါ်အထိ တက်ကပ်နေသလိုပဲ ... သူ့ဟာသူ ချမ်းသာတာ ပညာတတ်တာ၊ ရုပ်ချောတာ ဘာများမက်မောစရာရှိလို့လဲ၊ အရာအားလုံးက သင်္ခါရသဘောပဲလေ ... တစ်နေ့နေ့ ယိုယွင်းပျက်စီးရမှာ သူနားမလည်ဘူးထင်တယ်နော် အဝါရောင် ... "

"ဟွန်း ... တော်တော်လေးတော့ နီးစပ်တော့မယ်ထင်တယ်၊ ကင်းနဲ့ကွင်းကို အတွဲဖြစ်စေချင်တာ အရမ်းကိုစိတ်ဝင်စားစရာကောင်းမှာပဲ"

"မဖြစ်နိုင်ဘူး ထင်တယ် အဝါရောင် ... လုံးဝဆက်ပြီး မကြိုးစားပါနဲ့ ... ယောကျ်ားဖြစ်ပြီး မိန်းမတွေအပေါ် နိုင့်ထက်စီးနင်း မာနတွေ ပြတတ်တဲ့၊ ယောကျ်ားမပီသတဲ့ ယောကျ်ားတစ်ယောက်လို့ပဲ သတ်မှတ်တယ်"

"ဟဲ့ ဟဲ့ ... မြရိပ်ညိုရယ် ... ကမ္ဘာပေါ်မှာလေ ရှင်နဲ့အလိုက်ဖက်ဆုံး အသင့်တော်ဆုံး ဂုဏ်ဒြပ်တွေလည်း ထပ်တူအကျဆုံး ယောကျ်ားက လရိပ်ထင်တစ်ယောက်ထဲ ရှိမယ်ထင်တယ်"





"ဆောရီးပဲ အဝါရောင် ... လုံးဝ လုံးဝကို မနီးစပ်နိုင်တာ၊ မြရိပ်ညို ပြန်တော့မယ်နော် ... မွေးနေ့မှာ ပျော်ရွှင်နိုင်ပါစေ၊ လိုအင်ဆန္ဒတွေလည်း ပြည့်စုံပြီး အသက်ရာကျော် ရှည်ပါစေ"

"ရှင်ကလည်း အသက်ရာကျော်ပဲလား ... အဝါရောင်က အသက်ထောင်ကျော်နေချင်တာ"

အဝါရောင် ရွဲ့ပြောမှန်း မြရိပ်ညို သိလေသည်။ မြရိပ်ညိုအား အပျိုကြီးဘဝနှင့် အရိုးမထုတ်စေချင်သလို ယောကျ်ားလေးကို အထင်အမြင်သေးလွန်းကာ လုံးဝကို ကင်းကင်းနေထိုင်တတ်သော မြရိပ်ညိုရဲ့ဝါဒတွေကို တိုက်ဖျက်ချင်နေတဲ့ သူငယ်ချင်းအား ဆက်လက်အားမထုတ်စေရန် တားမြစ်၍ လက်ပြနှုတ်ဆက်ထွက်ခွာလာခဲ့သည်။

"လရိပ်ထင် ... ဘာကောင်လဲ ... လူကိုများ အဖက်မတန်သလိုလိုနဲ့ မြရိပ်ညိုဆိုတဲ့ မိန်းမကလည်း ရှင့်ထက်တောင် မာနကြီးသေးတယ်"

အဝါရောင်က မိတ်ဆက်ပေးတာတောင် လရိပ်ထင်က အပြုံးလေးပဲ နှုတ်ခမ်းသားတွေပေါ် ဖျတ်ခနဲတင်ပြီး လှည့်ထွက်သွားခဲ့တာကိုပင် မြရိပ်ညို မကြေမချမ်းနိုင်အောင် ဒေါသတွေလောင်မြိုက်လျှက် ... သူမခန္ဓာကိုယ်လေးမှာ လှည့်ပတ်နေတဲ့သွေး

[illegible]လောင်မြိုက်နေလေသည်။ မြရိပ်ညိုလည်း ပြုံးပြီး'လှည့် [illegible] ကောင်းတာပါ။ သူထွက်သွားတော့ မြရိပ်ညို ငုတ်တုတ် [illegible]နေပြီ။ ဒေါသတွေကပဲ တဖြည်းဖြည်းချင်း ဒီဂရီတွေမြင့်တက်လာခဲ့ရကာ သူမကားလေးပေါ် ဝင်ထိုင်မိလေ တွေးမိတိုင်းမကြေနိုင် မချမ်းနိုင် ဖြစ်နေခဲ့သည်။

"ရှင်က မြရိပ်ညိုရဲ့ မာနတွေကို အကြောင်းမဲ့ ထိပါးစော်ကားလိုက်တာပဲ ... အလကားလူ ... ရှင့်ကို ကျွန်မက အထင်ကြီးနေမယ်ထင်လို့လား လရိပ်ထင် ... အရူးကောင် ... "

ရင်ထဲမှာ လရိပ်ထင်ရဲ့ အပြုအမူကြောင့် တနုပ်နုပ်ခံစားနေရပြီး မဆီမဆိုင် သူမကိုယ်တိုင်က ထိုအဖြစ်အပျက်တွေကို မေ့ပျောက်ပြစ်နိုင်စွမ်း မရှိတာကိုလည်း ဒေါသဖြစ်ရသည်။ မြရိပ်ညို နင်ဘာတွေဖြစ်နေတာလဲ လရိပ်ထင်ကို မေ့ပြစ်လို့မရတော့ဘူးလား။ အရေးမပါလိုက်တာဟာ ... အတွေးထဲမှာတောင် ထည့်ကို မထားထင်တာ။ မြရိပ်ညိုစိတ်တွေက အမြဲတမ်း ပျော်ရွှင်လန်းဆန်းပြီး ပူပင်သောကဆိုတာ မြူမှုန်လေးတစ်မှုန်မျှတောင် မရှိခဲ့သူပါ။ လရိပ်ထင်နှင့် မထင်မှတ်ဘဲ မိတ်ဆက်ပေးခြင်းခံရပြီး မထေမဲ့မြင်ပြုမူဆက်ဆံလိုက်တာကြောင့် ရင်တွေမီးဟုန်းဟုန်းထတောက်ချင်ဟာရကာ ဒေါသတွေနှင့်ကားလေးကိုပင် ဆက်မမောင်းနိုင်တော့ဘဲ





လမ်းဘေးမှာ ထိုးရပ်ပစ်လိုက်ရလေသည်။

"လရိပ်ထင် ... ရှင်တော်တော်လေး ရိုင်းစိုင်းတဲ့လူပဲ ... တကယ်ဆို ရှင့်ဘက်ကနေ တွေ့ရတာဝမ်းသာပါတယ်လို့ ဘာညာဘာညာတွေ နှုတ်ခွန်းဆက်ရမှာလေ ... ကြည့်ပါဦး ... ပြုံးပြတာလေးပဲ"

အဝါရောင် ပြောသလို သူ့ကိုယ်သူ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုပြီး စွတ်မြောက်နေတာပဲဖြစ်မယ်။ ရုပ်ပါကတော့ ဖြောင့်ပါတယ် အသားအရည်က ဖြူဝင်းနုဖတ်နေသလို ယောကျ်ားပီသတဲ့မျက်နှာချောချောကို ပိုင်ဆိုင်နေခဲ့သည်။ နီရဲစိုလက်နေတဲ့ နှုတ်ခမ်းသားတွေဆီက အပြုံးလေးကပင် မြရိပ်ညို ရင်ကို လှုပ်ခတ်သွားစေတာကတော့ အမှန့်အတိုင်းဝန်ခံမိနေ၏။ သူ့မျက်ဝန်းညို့ညို့တွေအကြည့်တွင် မြရိပ်ညို တဒင်္ဂလေးတော့ ငေးမောသွားမိတာအမှန်ပါပဲ။ မြရိပ်ညိုဘက်က မာနတွေပြဖို့ပင် မေ့လျော့ခဲ့ရတဲ့အထိ။ သူမက ကျရှုံးသူလား ... ယောကျ်ားတွေနှင့်ပတ်သက်လျှင် မာနတံခွန်လွှင့်ပြစ်နေတတ်သူ မြရိပ်ညို ... အတွေးစတွေ တစပြီးတစနှင့်ရောထွေး အပူမီးတွေလောင်မြိုက်နေသည်။ ထို့ကြောင့်ပင် သူမကျရှုံးသူဖြစ်သွားသလိုလို မြရိပ်ညို ကားစတီးရာရင်ပေါ် မျက်နှာကိုမှောက်ချပစ်လိုက်၏။ မျက်ရည်တွေပင် ဝေ့သီလာသည်။

"ဒေါက် ... ဒေါက်"

"ဒေါက် ... "

"ဟင် ... "

သူမရှေ့ခန်းမှန်ကို လက်ဖြင့်ခေါက်လိုက်တဲ့ အသံကြောင့် ခေါင်းကို ထောင်၍ကြည့်လိုက်တော့ လရိပ်ထင်မြင်နေသည်။

"ဒေါက် ... ဒေါက်"

"ဒေါက် ... "

သူမက ပိတ်ထားတဲ့မှန်ကို ဖွင့်လိုက်သည်။

"ဘာဖြစ်လို့လဲ ... မြရိပ်ညို ... နေမကောင်းဘူးလား၊ မင်း ကားရပ်ထားတာ တွေ့လိုက်လို့ ကိုယ့်ကားကိုရပ်ပြီး ဆင်းမေးတာ ပါ ... "

ဒီလိုကျတော့လည်း ရှင်က လူမှုရေးလေးအရှိသားပဲ။ မြရိပ်ညို ခေါင်းခါပြလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး ... ရတယ်"

သူမ မှန်ကိုပြန်ပိတ်ပစ်ပြီး ကားစက်နှိုး၍ ထွက်လာခဲ့သည်။

"ဘာလဲဟ ... အူတူတူနဲ့"

လရိပ်ထင်ပင် ကြောင်သွားသည်။ မိန်းကလေးတစ်ယောက် ထဲ လမ်းဘေးမှာ ကားရပ်ပြီး မှောက်နေလားလို့ သူက တကူးတက





ကားရပ်ပြီး ဆင်းမေးမိ၏။ ခေါင်းပဲခါပြကာ ရပါတယ်ဆိုတဲ့ စကား တစ်လုံးကိုတောင်မှ ခပ်ပြတ်ပြတ်လေးပြောပြီး ကားမောင်းထွက် သွားတဲ့ မြရိပ်ညိုဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ မထေမဲ့မြင် ပြုမူ မှုကို လရိပ်ထင် နည်းနည်းတော့ တင်းသွားရသည်။ အဝါရောင်က မြရိပ်ညိုနှင့် မိတ်မဆက်ပေးခင် တစ်နာရီအလိုက မြရိပ်ညိုရဲ့အတွင်း စိတ်ထဲမှာ ယောကျ်ားမုန်းတီးရေးဝါဒကို အမိပွါယ်မဲ့စွဲကိုင်ထား သဖြင့် မကျေမနပ် ဖြစ်နေကြရကြောင်း ပြောပြထားခဲ့သည်။

"လရိပ်ထင်ကို အကူအညီတောင်းမလို့ ... အဝါရောင် သူငယ်ချင်းလေ မြရိပ်ညိုတဲ့ ... ဘယ်လိုယောကျ်ားမျိုးကိုမှ မိတ် ဆွေ မလုပ်ဘူး ... ယောကျ်ားလေး သူငယ်ချင်းလည်း မရှိဘူး ... မုန်းတီးနေတာလေ ... အဲဒီ့ အစွဲကြီးကို ချွတ်ချင်တယ် ... လရိပ်ထင် ဆိုရင်ရော ... "

မြရိပ်ညိုကို သူလည်း အထင်မကြီးပါဘူး ... ယောကျ်ားတွေ ကို အမိပွါယ်မဲ့စွာ အပြစ်တင်မုန်းတီးနေတဲ့ မိန်းမမျိုး သူကလုံးဝ မနှစ်သက် ... မြရိပ်ညိုရဲ့ မာနမျက်ဝန်း တင်းတင်း တည်တည်တွေ က လရိပ်ထင်ရဲ့ မာနတွေကို မိုးပေါ်ထိရောက်သွားစေရန် တွန်းထိုး ပေးလိုက်သည်။ မြရိပ်ညိုကို မိတ်ဆွေအဆင့်ပင် မပတ်သက်လို၍ မကောင်းတတ်သဖြင့် အပြုံးလေးနှင့်ပဲ အဆုံးသတ်၍ ထွက်လာခဲ့

သည်။

"တောက် ... ဒီလိုမှန်းသိရင် ကိုယ့်လမ်းကိုယ်ဆက်သွားပါတယ်ကွာ ... အောက်လိုက်တာ"

လရိပ်ထင်တစ်ယောက် တွေးမိတိုင်း နာသာခံခက်ကြီးနှင့် အောက်သက်သက် ယဉ်ကျေးမှုမရှိတဲ့ မိန်းမပဲ ... လမ်းဘေးမှာ ကားရပ်ပြီး သူမခေါင်းက ကားစတီယာရင်ပေါ် မှောက်ချထားတာ တွေ့မြင်လိုက်ရ၍ သူ့ကားကိုပင် ပြန်ကွေ့လာ၍ ဆင်းမေးမိသည်။ လူမှုရေးအရပါ ... ကိုယ်နဲ့ သိသိ ... မသိသိ မိန်းကလေးတစ်ယောက် ညအမှောင် လူပြတ်နေတဲ့ နေရာတစ်ခုမှာ အခက်အခဲတစ်ခုခုဖြစ်နေတာကို ဥပေက္ခာပြု ဖြတ်ကျော်သွားရမှာကတော့ လူမှုရေးခေါင်းပါးလွန်းသည်ဟု ထင်ပါသည်။

"တောက် ... ဒေါသဖြစ်လိုက်တာ မြရိပ်ညိုက ယောကျ်ားတွေကို အထင်သေး အမြင်သေးနဲ့ကွ ... မင်းကို ဘယ်လိုထင်သွားမလဲ ... လရိပ်ထင်ရာ ..."

မင်းကရော ဘာဖြစ်လို့ အမှောင်ထုအောက်က လမ်းဘေးမှာ ကားရပ်ပြီး အန္တရာယ်ကို ဖိတ်ခေါ်နေရတာလဲ မြရိပ်ညို ... ဓာတ်လမ်းထွင်မလို့လားကွ ... အဝါရောင်က ပြောတာတော့ မြရိပ်ညို တို့ကလည်း ချမ်းသာကြပါတယ်တဲ့ ... ချမ်းသာလို့ ဘဝမြင့်တာ





ဟုတ်ဘူးတဲ့ ... ယောကျ်ားတွေအပေါ်ပဲ သီးသန့် အထူးစပါယ်ရှယ် အထင်သေး မုန်းတီးနေတာတဲ့ ... သူ ကားပေါ်ပြန်တက်သည်။

"တကယ်ပါပဲကွာ ... ကားတောင် ဆက်မမောင်းနိုင်တော့ဘူး ... ဒေါသဖြစ်လို့ သေတော့မယ် ... မြရိပ်ညို မင်း ပဲပေးနေတာ ဲ ... လရိပ်ထင် ဘာကောင်လည်းဆိုတာ မင်းကောင်းကောင်း သိစေရမယ်"

လရိပ်ထင်က မြရိပ်ညိုလိုတော့ မိန်းကလေးတွေ အားလုံးကို သိမ်းကြုံး၍ အထင်သေး မုန်းတီးနေတာမျိုး မရှိပေ။ ဒါပေမယ့်လည်း သူ့ရဲ့ ချစ်သူ ဘဝလက်တွဲဖော် ... သူ့ပါရမီဖြည့်ဖက် သူနှင့်အတူတူမိသားစု အသိုက်အမြုံလေးကို တည်ဆောက်မည့် မိန်းကလေးကိုတော့ အသေအချာ ဇီဇာကြောင်ကြောင်နှင့် စီစစ်ရွေးချယ်ဖို့တော့ အခိုင်အမာ ဆုံးဖြတ်ထားခဲ့သည်။

"မြရိပ်ညို မင်းကတော့ လရိပ်ထင်ရဲ့ ချစ်သူ လုံးဝမဖြစ်နိုင်ဘူး ... မင်း[illegible] စတွေ့တည်းက ချွင်းချက်မရှိပဲ ချပြစ်လိုက်တာပဲ"

လ[illegible] ငယ်ငယ်လေးထဲက မာန်မာနထောင်လွှားပြီး အထက်စီးကနေ ပြောဆိုဆက်ဆံ ပြုမူသော မိန်းမတွေကို မနှစ်သက်ခဲ့ပေ။ ထိုကဲ့သို့သော မိန်းမမျိုးကို သူ့ရဲ့ချစ်သူအဖြစ်မပြောနှင့် မိတ်ဆွေ သူငယ်ချင်းအဖြစ်နှင့်ပင် မပတ်သက်လိုခဲ့တာ ကင်းကင်း

ရှင်းရှင်း နေထိုင်ခဲ့သည်။

“ကိုယ် မနှစ်သက်တာ မင်းလို မိန်းမမျိုးပဲ ... မြရိပ်ညို”

သူကားစက်ကိုနှိုးပြီး ခန္ဓာကိုယ်တစ်ခုလုံး အားအင်ချိနဲ့စွာ စက်နှိုးခဲ့ရသည်။ သူက အရှက်ကြီးသူ အိန္ဒြေသိက္ခာ တခဲ့သားနှင့် လူ့လောကကြီးထဲမှာ အတော်ဆုံး အဖြစ်နေထိုင်ခဲ့ချင်၏။ လရိပ်ထင် ဆိုတဲ့ နာမည်တစ်လုံးပေါ်မှာ အမဲစက် မှဲ့၄ [illegible] မျှပင် စွန်းထင်မှာ အကြောက်ဆုံးဖြစ်သည်။

“မြရိပ်ညို ... မင်းကတော့ လရိပ်ထင်အပေါ် အကြွေးတင်သွားပြီ ... စတွေ့တွေ့ခြင်းပဲ မင်းနှုတ်ခမ်းသားတွေပေါ်က အရောင်မှိန်မှိန် တွန့်မဲ့မဲ့ အပြုံးက ကိုယ့်ကို အကြီးအကျယ် စော်ကားလိုက်တာပဲလို့ ကိုယ်ထင်လို့ လှည့်ထွက်လာခဲ့တာ ...”

အမှောင်ထဲမှာ ရပ်ထားတဲ့ကားက မြရိပ်ညိုကားဆိုတာ သူ့ရဲ့ကား မီးရောင်နှင့်လှမ်းမြင်လိုက်ရတဲ့ ကားနံပါတ်ကအစ သူ မှတ်မိနေခဲ့ပဲဖြစ်သည်။ ရှေ့ကိုကျော်သွားပြီးမှ မြရိပ်ညိုခေါင်းက ကား စတီယာရင်ပေါ် မှောက်နေတာတွေ့လိုက်ရပြီး အထိတ်တလန့် စိုးရိမ်သွားတာကလည်း မြရိပ်ညိုနှင့် လရိပ်ထင်တို့ ကင်းကွာလို့ မရနိုင်ဘူးတဲ့ အမှတ်သညာ ဖြစ်သွားရ၏။

အဝါရောင် မိတ်ဆက်ပေးထဲက မြရိပ်ညိုကို ကျောခိုင်းထွက်





လာခဲ့ပေမယ့် သူ့ရင်ထဲမှာ မြရိပ်ညို အရိပ်တွေက တွဲကပ်ပါလာခဲ့သလို မြရိပ်ညိုတစ်ယောက်ထဲ ပြန်သွားတာ သိသိခြင်း စိုးရိမ်ကြောင့်ကြစွာ မဆီမဆိုင် သူလည်း ပြန်လာခဲ့သည့် အဖြစ်တွေ ... လမ်းမှာ တွေ့လို့တွေ့ငြား သတိထားရှာဖွေနေခဲ့မိသည်။ သူ့ စိတ်တွေရဲ့ လှည့်စားမှု ... တွေးမိတိုင်း သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ လှည့်ပတ်နေတဲ့ သွေးတွေ ပွတ်ပွတ် ဆူလာသည်။

❂

## အခန်း ( ၂ )

လရိပ်ထင်ဆိုတဲ့ လူတစ်ယောက်ကို လှလှပပကြီး လက်တုန့်ပြန်ခွင့် ရလိုက်သဖြင့် မြရိပ်ညို အဆိုင်းအဆမရှိ ပျော်ရွှင်ကျေနပ်မှုတွေနှင့် အူလှိုက် သည်းလှိုက် ရယ်မောပစ်ချင်နေခဲ့လေသည်။ ရှင့်ဘက်က စတင်ပြီး မြရိပ်ညိုကို မထေမဲ့မြင် ပြုမူခဲ့တာလေ ရမလား ... အားနာပါးနာ အပြုံးလေး အဝါရောင် မျက်နှာနဲ့ ရှင်ပြုံးပြလိုက်တာ မဟုတ်လား ... အဝါရောင်က ပြောတယ် ... ဘာရှင်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဟုတ်လား ... မြရိပ်ညိုကတော့ ဆူးတွေ ဝိုင်းရံနေတဲ့ နှင်းဆီကိုင်းကြီးပဲ ... ရှင့်ရဲ့ နှုတ်ခမ်း စိုစိုရဲရဲတွေနဲ့ ညို့မျက်ဝန်းအစုံက တခြားခပ်ညံ့ညံ့ မိန်းတွေကို ညို့ယူဖမ်းစားလို့ ရချင်ရလိမ့်မယ် ... မြရိပ်ညိုကိုတော့ လုံး၀ စွဲဆောင်နိုင်မှာ မဟုတ်ဘူးနော် ... မိန်းမတစ်ယောက်ကို အပေါ်စီးကနေ အနိုင်





ချင်တဲ့ ယောကျ်ားမျိုး တကယ်မုန်းစရာ ကောင်းတယ် ... သူမနှင့် တိုက်တိုက်ဆိုင်ဆိုင် လမ်းမှာ ပြန်ဆုံပြီး လူမှုရေးတွေ ဘာတွေ ဘာလုပ်နေသေးတယ် ...

"ဟား ... ဟား ... ဟား"

"ဟင်း ... ဟင်း ... ဟား ... ဟား ..."

သူမ ကားလေးခြံထဲရောက်သည်နှင့် ကားစက်ကိုရပ်ပြီး သဘောကျစွာ တဟားဟား အော်ရယ်နေမိသည်။

"ဟား ... ဟား ... ဟား ..."

"ဟဲ့ ... သမီး မြရိပ်ညို တစ်ယောက်တည်း ဘာတွေ သဘောကျပြီး ရယ်နေရတာလဲ ... ဘယ်အချိန်ရှိနေပြီလဲကွယ် ... ဆင်းလေ ..."

မာမီက ကားနားရောက်လာပြီး ကားတံခါးကို ဖွင့်လိုက်တော့မှ မြရိပ်ညို အရယ်ရပ်သွားသည်။ အဝါရောင့်မွေးနေ့ပွဲကိုသွားတာ အပြန်နောက်ကျနေ၍ မာမီစိတ်ပူကာ ခြံထဲထွက်စောင့်နေတာပင် မြရိပ်ညို သတိမထားနိုင်ခဲ့။ သူမအတွေးတွေထဲမှာ လရိပ်ထင်က လွှမ်းမိုးနေတာတော့ အသေအချာပင်။

"သမီးငယ် ပြန်လာတာအချိန်လွန်နေတယ်နော် ... မိန်းကလေးတစ်ယောက်က ပြန်ချိန် သတ်မှတ်ထားရမယ်လို့ မာမီအမြဲ

တမ်း သတိပေးနေတာပဲ"

"မြရိပ်ညို သိပါတယ်မာမီ ... အဝါရောင်က အတင်းဆွဲထားလို့ပါ ... ဒါတောင် မနည်းတောင်းပန်ပြီး ပြန်လာခဲ့ရတာ"

မြရိပ်ညို ပြန်လာတာ စောပေမယ့် လရိပ်ထင်ကြောင့်လေ။ သူမစိတ်တွေကို ဒေါသတွေအဖြစ် ပြောင်းလဲပေးတဲ့လရိပ်ထင်ကို မကျေမနပ်။ သူမကားကို လမ်းဘေးမှာထိုးရပ်၍ အကြာကြီး အချိန်တွေ ဖြုန်းနေ့မိသည်။

"မာမီ စိတ်ပူနေတာ ... သမီး ဖုန်းကိုလည်း မဆက်ချင်တာနဲ့ ခြံထဲထွက်စောင့်နေတာလေ ... ဘာတွေသဘောကျစရာများတွေ့လာလို့လဲ သမီးငယ်ရယ် ... "

ဒေါ်မြရောင်ချယ်ရဲ့ အကြည့်တွေက သမီးငယ် မြရိပ်ညိုထံ စူးစူးစိုက်စိုက်။ သမီးငယ် ဒီလိုအူလှိုက်သဲလှိုက် ရယ်မောတာမျိုး မတွေ့ဘူးခဲ့။ မီးအလင်းရောင်အောက်မှာပင် သမီးငယ် အပြုံးက သွက်လက်တောက်ပနေသည်။

"သမီးငယ်လေး အူမြူးလာတာတော့ အံ့ဖွယ်ပဲ ... လာ အထဲဝင်ရအောင်"

"ဟုတ်"

မာမီက မြရိပ်ညိုပခုံးလေးကိုဖက်၍ တိုက်ထဲဝင်လာသည်။





မာမီနှင့်မြရိပ်ညိုတို့ ညီအစ်မနှစ်ယောက် တရင်းတနှီးနှင့် ညီအစ်မတွေလို နေထိုင်ခဲ့ကြပေမယ့် မာမီ့ရဲ့ယောက်ျားမုန်းတီးရေးဝါဒကို ငယ်စဉ်လေးထဲက ရိုက်သွင်းထားခဲ့လို့ မာမီ့ရှေ့မှာ ချစ်သူရည်းစားအကြောင်း တစ်ခွန်းတစ်ပါဒမျှပင် မပြောရဲကြပေ။

"ထိုင်ဦး သမီးငယ်"

"မြရိပ်ညို အနားယူချင်နေပြီ ... အခန်းထဲသွားတော့မယ်လေ"

"မရဘူး ... ထိုင် ... "

သမီးငယ် အမူအယာတွေ ထူးခြားလာ၍ ဒေါ်မြရောင်ခြယ်ဒီအတိုင်းလွှတ်လိုက်လို့ မဖြစ်ဘူးဟုထင်သည်။ သမီးကြီးမြရောင်သွမ်းကို မိမိစိတ်ချယုံကြည်မိ၍ ချစ်သူရည်းစားထားတတ်နေ၏။ သမီးတွေ ငယ်သေးတယ်၊ ပညာလည်း မပြည့်စုံကြသေးဘူး။ နုနုထွတ်ထွတ် ချောချောမွတ်မွတ် ... သမီးအလှတွေ အချိန်အရွယ်မရောက်ကြခင် ပန်းကောင်းအညွန့်ကျိုးခံရမှာလည်း စိတ်ပူပင်ကြောင်းကျရသေးသည်။

"မြရိပ်ညို"

"ရှင် ... မာမီ ... "

"ညည်းလေး ဒီညမှာ ထူးခြားမှုရှိနေတယ်၊ မာမီ့ကိုအမှန်

[illegible] _ ကောင်လေးတစ်ယောက်ယောက်နဲ့ဆုံပြီး ချစ် [illegible] မဟုတ်လား"

"ဟွန်း ... ဝေးသေးတယ် ... သူလား ..."

"ဘာပြောတယ်"

"အဲ ... ဟို ... ဟို ဘာမှမဟုတ်ပါဘူးမာမီ ... ဟိုလေ"

"မြရိပ်ညို ... မှန်မှန်ပြောနော်၊ ညည်းဘယ်သူနဲ့တွေ့ခဲ့လဲ၊ ညည်းလေး အူလိုက်သည်းလိုက် သဘောကျရယ်မောရတဲ့အထိ ညို့ယူဖမ်းစားနိုင်တာ ဘယ်လိုကောင်မျိုးလဲ"

"မာမီကလဲ ... ဘာတွေလာပြီး မေးနေတာလဲ ... မြရိပ်ညို အကြောင်း မာမီအသိဆုံးပဲ၊ မြရိပ်ညိုမှာ ယောကျ်ားလေးသူငယ် ချင်းတောင် မရှိတာ"

"သူလားဆိုတာကရော"

သေလိုက်တော့ မြရိပ်ညို ... ယောင်ယမ်းပြီး ထွက်သွား တာပါ။ လရိပ်ထင်က သူမနှင့်ချစ်သူရည်းစားလည်းမဟုတ်။ မြရိပ် ညိုကို ချစ်တယ်လို့ပြောဖို့နေနေသာသာ နှစ်ယောက်ကြားမှာ မာန တွေပြိုင်ပြီး စစ်ပွဲတောင်ဖြစ်တော့မယ်။ မြရိပ်ညို ရယ်ချင်တာက လရိပ်ထင်ကို လက်တုန့်ပြန်မာနပြလိုက်ရ၍ပဲ ဖြစ်သည်။

"ဖြေလေ မြရိပ်ညို ... သမီးတစ်ကောင် နွားတစ်ထောင်





ဘဲ့၊ မာမီက သမီးတွေကို စောင့်ရှောက်ထားရတာလေ ... မာမီက ဘယ်ရာကကြီးလာတာနော်၊ သမီးကောင်လေးတစ်ယောက်နဲ့ တွေ့ နေ့တယ် သဘောကျလာတာ သေချာတယ် ..."

"ဟွန်း ..."

မြရိပ်ညို မျက်နှာလေးက ရှုံ့မဲ့စုထော်သွားသည်။ လရိပ်ထင် ကိုများ မြရိပ်ညိုက သဘောကျစရာလား။ အရမ်းမုန်းတာ ဘဝင်ရူး။ အခြောက်တိုက် မောက်မာထောင်လွှားနေတဲ့လူ။ မြရိပ်ညိုကို သည်း အပေါ်စီးကနေ အကူအညီပေးချင်နေတာ ဖြစ်သည်။ ရှင့်ဆီ မှာ အကူအညီတောင်းမယ့်အစား သေပြစ်လိုက်မယ်။ မာမို့အကြည့် တွေက မြရိပ်ညိုမျက်နှာလေးဆီ နစ်မြုပ်သွားမှတတ်။ စိုးရိမ်ပူပန် လွန်းနေသည်။

"မာမီရယ် ... မြရိပ်ညိုကို ယုံစမ်းပါ၊ မာမို့သမီးငယ် ဘယ် လောက်အထိ ဣန္ဒြေသိက္ခာကြီးပြီး မာနတံခွန် လွှင့်နေတာ သိပါ ဘယ်နော်"

"ဟဲ့ ... မာမီမေးနေတာက တခြား၊ သမီးငယ်ဖြေနေတာ က ဝေ့လည်ကြောင်ပတ်နဲ့၊ မာမီမကြိုက်ဘူးနော် ... မာမီကို တိတိ ကျကျပြော ..."

ဒေါ်မြရောင်ခြယ် သမီးတွေကို ဘယ်တော့မှ အလိုမလိုက်

ခဲ့။ ဆည်းကောင်းတင်းကြပ်၍ အုပ်ချုပ်ခဲ့သည်။ လွတ်လပ်ခွင့်ပေးသင့်သဘောက် ပေးခဲ့ပေမယ့် ချစ်သူထားတာမျိုးတော့ လက်မခံနိုင်ဘဲဖြစ်ရ၏။ မြရောင်လွှမ်းမှာ ရည်းစားရှိနေတယ်။ နေထွန်းတောက်တဲ့ … ပူလောင်လိုက်တဲ့နာမည်။ သမီးကြီးကတော့ ပြတ်သွားပြီဟု ပြောသည်။

"ကဲပါ မာမီရာ … မြရိပ်ညိုပြောပြမယ်၊ အဝါရောင်ကလေ မြရိပ်ညိုကို လရိပ်ထင်ဆိုတဲ့လူတစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်"

"အင်း … နေထွန်းတောက်ဆိုတဲ့နာမည်နဲ့စာရင် တော်သေးတာပေါ့ … ဆက်ပြောစမ်း"

"နာမည်ကသာ လရိပ်ထင်ပါ၊ အရမ်းဘဝင်မြင့်ပြီး အရမ်းမာနကြီးတဲ့ကောင်လေ … သမီးနဲ့မာနပြိုင်တာ သမီးအနိုင်ရလိုက်လို့ ရယ်ချင်တာပါ"

မာမီ့ကိုတော့ အပေါ်ယံသဘောလောက်ပဲပြောပြပါသည်။ မမကြီးချစ်သူက နေထွန်းတောက်တဲ့။ ဒါကြောင့်လည်း မမကြီး အပူမီးတွေတောက်လောင်ပြီး အသဲတွေကွဲနေရတာလည်း မြရိပ်ညို လုံးဝလက်မခံနိုင်ဘဲ ဒေါသထွက်နေရသည်။ ယောက်ျားတွေကို မုန်းတီးမိတာ မမကြီးလို အေးဆေးတည်ငြိမ်လွန်းတဲ့ မိန်းကလေးတစ်ယောက်အပေါ် အနိုင်ယူသွား၍လည်းဖြစ်သည်။





"လရိပ်ထင်က အရမ်းချမ်းသာတယ်၊ ရုပ်လည်းဖြောင့်တယ်၊ မိန်းမတွေကို အဖက်မလုပ်ချင်တဲ့ပုံစံကြီးပါမာမီရာ … ဘယ်ရမလဲ၊ မြရိပ်ညိုပဲဟာ … တန်ပြန်ထိုးစစ်ဆင်ပြစ်လိုက်တယ်လေ"

သမီးငယ်ကတော့ သမီးကြီးလို့မဟုတ်ပေ။ သွက်လက်ဖျတ်လတ်တယ် … မဟုတ်လျှင် ခေါင်းငုံ့ခံတတ်တာမဟုတ်။ ယောက်ျားလေးသူငယ်ချင်းလည်း မရှိခဲ့။ ဒေါ်မြရောင်ခြယ် စိတ်ချယုံကြည်ခဲ့သည်။

"အဲဒီလိုကောင်လေးမျိုးနဲ့ နောက်ထပ်မပတ်သက်နဲ့တော့ သမီးငယ် ကျရှုံးသွားလိမ့်မယ်"

"ဘာဖြစ်လို့ ကျရှုံးရမှာလဲ မြရိပ်ညိုပါ … ဘယ်ယောက်ျားကိုမှ အထင်မကြီးဘူး၊ ဘယ်လိုယောက်ျားမျိုးကိုမှလည်း ဒူးထောက်အညံ့မခံဘူး … မာမီ စောင့်ကြည့်နေ … "

"မြရိပ်ညို … ညည်းကို မာမီပြောထားတယ်နော် … မိန်းကလေးတစ်ယောက် လုံးဝလက်မထပ်သင့်တဲ့ယောက်ျားလေး ခြောက်မျိုးရှိတယ်ဆိုတာလေ"

"မြရိပ်ညို … အမြဲတမ်း မှတ်သားထားပါတယ် မာမီ၊ မြရိပ်ညိုဘဝမှာ ယောက်ျားတစ်ယောက်နဲ့ ချစ်သူဖြစ်ဖို့ဆိုတာ မိုးပေါ်က အပ်တစ်စင်းနဲ့လူ့ပြည်က အပ်တစ်စင်း … ထိပ်တိုက်ထိမှဖြစ်လိမ့်

မယ် ထင်တယ်မာမီ ... ”

“မာမီ့ကို ကတိပေးမလား”

“ဘာကတိလဲ မာမီ”

“မာမီ့ကို အသိမပေးဘဲ ချစ်သူရည်းစားမထားပါဘူးလို့လေ”

“ပေးတယ်မာမီ ... မြရိပ်ညို ချစ်ရတဲ့သူတွေ့လာခဲ့ရင်တောင် မာမီရွေးချယ်ပေးပါ ... လုံးဝကတိ”

“အိုကေ ... ”

သမီးငယ် မြရိပ်ညိုကတော့ တည်တည်တင်းတင်းနှင့်မာနကြီးသည်။

“အိပ်တော့ ... ”

“ဟုတ်”

“သမီးငယ်ရဲ့နံရံမှာ ချိတ်ထားတဲ့စာကြောင်းတွေက မာမီအလကားချိတ်ပေးထားတာ မဟုတ်ဘူးနော် ... ပြန်ဖတ်ကြည့်လိုက်”

မြရိပ်ညိုတို့ ညီအစ်မ အပျိုဖော်စဝင်ခဲ့ကြထဲက မာမီရဲ့ချစ်သူရွေးချယ်ရေး ဘဝလက်တွဲဖော်ယောက်ျား ရွေးချယ်သင့် မသင့် အချက်တွေကို ကွန်ပျူတာနှင့်စာလုံးကြီးကြီးရိုက်၍ ချိတ်ဆွဲပေးထားသည်။





“တက်တော့ ... မာမီက သမီးတွေဘဝ ကောင်းစားရေးအတွက်ပဲ”

“ဟုတ်”

မြရိပ်ညို အိတ်လေးကိုကောက်ယူပြီး မာမီ့အနားကနေ ကပျာကယာလေး ထထွက်လာခဲ့သည်။ သူမ အိပ်ခန်းလေးထဲရောက်မှ အသက်တွေကို တစ်ဝကြီးရှူသွင်းမိ၏။ အမလေး ... မြရိပ်ညိုရာ ... နင်ကတော့တကယ်ပဲ။ လရိပ်ထင်အကြောင်းပဲနှင့်စိတ်တွေအပေါ် လွှမ်းမိုးနေတော့မှာလား။ မှန်းစရာကောင်းတဲ့ယောက်ျားတစ်ယောက်ကိုမှ မြရိပ်ညို မမေ့နိုင်။ အမြဲတမ်းတည်ငြိမ်နေခဲ့တဲ့ ဣန္ဒြေရှင်မကြီး မြရိပ်ညိုရဲ့မာနတွေ တစစီကျိုးပဲ့လွင့်စင်သွားတော့မလားဘဲ။ သူမ အိပ်ရာပေါ် ပြစ်လှဲပြီး သူမအကြည့်တွေက မာမီလာကပ်ပေးသွားတဲ့ မိန့်ကလေးတစ်ယောက်လက်မထပ်သင့်တဲ့ ယောက်ျားတွေရဲ့ ချို့ယွင်းချက်တွေဆီ ရောက်သွားသည်။

၁။ မိဘတွေကို အချစ်ကြီးချစ်တတ်သော ယောက်ျားမျိုး။

၂။ ပျင်းရိလေးတွဲ့ ထိုင်းမှိုင်းစွာ နေထိုင်တတ်သော ယောက်ျားမျိုး။

၃။ စကားပြောလျှင် မောက်မာစွာအပေါ်စီးကနေ ပြောဆိုတတ်သော ယောက်ျားမျိုး။

၄။ ငွေကြေးစည်းစိမ်ဥစ္စာ မရှာဖွေနိုင်သော ယောကျ်ားမျိုး။

၅။ ကိုယ့်ထက်အသက်အရွယ်ကြီးသော ယောကျ်ားမျိုး။

၆။ ကိုယ့်ထက်အလွန်အမင်း ငယ်ရွယ်လွန်းသော ယောကျ်ားမျိုး။

သမီးတို့ ရွေးချယ်မည့်ယောကျ်ားတစ်ယောက်တွင် ထိုအချက်များနှင့် ငြိနေပါက ရွေးချယ်ရန် မသင့်ကြောင်း သိစေရမည်ဖြစ်သည်။

"ဟူး ..."

ထိုစာတန်းတွေကို မြရိပ်ညို ငယ်စဉ်လေးထဲက တစ်ကြိမ်တစ်ခါမျှ လေ့လာဖတ်ရှုခြင်းမရှိခဲ့။ စိတ်လည်း မဝင်စားမိပေ။ မြရိပ်ညိုက ယောကျ်ားလေးတွေဆိုလျှင် အတန်းဖော်များကိုပင် သူငယ်ချင်းအဖြစ် မသတ်မှတ်ခဲ့။ ပတ်သက်ဆက်ဆံခြင်းမျိုးလည်း မပြုလုပ်။ လရိပ်ထင်နှင့်တွေ့ဆုံလာခဲ့ရာမှ ဘယ်လိုကနေဘယ်လို စိတ်ဝင်တစား ဖတ်မိနေသည် မသိပါဘူး။ လရိပ်ထင်က ထိုအချက်မျိုးနှင့် တစ်ချက်မဟုတ်တစ်ချက် ငြိစွန်းမှာတော့ သေချာနေ၏။ မြရိပ်ညို ဘာတွေစဉ်းစားနေရတာလဲ။ မဆီမဆိုင် လရိပ်ထင်အကြောင်းက မြရိပ်ညိုရဲ့အတွေးကွန်ယက် ဖြန့်ကျက်စရာဖြစ်နေရသည်။

"မမကြီးကတော့လေ မာမီရေးပေးထားတဲ့အချက်တွေထဲ





က မိဘကိုအလွန်အမင်း ချစ်တတ်သောယောကျ်ားမျိုးဆိုတဲ့အချက်နှင့်ငြိနေလို့ ညီမလေးရေ မမကြီးကိုလေ သူ့မေမေသဘောကျ နှစ်သက်မယ့်မိန်းမမျိုးဖြစ်အောင် ပထမဆုံးကြိုးစားပါတဲ့"

"ဒါများ ဘာခက်လို့လဲ ... မမကြီး အရမ်းချစ်ရင်ကြိုးစားလိုက်ပေါ့"

"မလွယ်ဘူးထင်တယ် မြရိပ်ညိုရေ... သူ့မေမေနဲ့ဆုံပေးတာမျက်နှာကျောကြီးကတင်းပြီး ချွေးမကို ကျွန်စာရင်းသွင်းတော့မယ်ထင်တယ်"

လောလောဆယ် မမကြီးချစ်သူ ကိုနေထွန်းတောက်က အဆက်အသွယ်မလုပ်ဘဲနေသဖြင့် အသည်းတွေ ဟက်တက်ကွဲနေသည်။ မာမီ သတိထားမိပေမယ့် မမကြီးကိုယ်တိုင် ရေငုံနှုတ်ပိတ်နေ၍ မမကြီးအချစ်ရေးကိစ္စတွေ မသိဘဲ ဖြစ်နေသည်။

"မမကြီးလည်း မာမီ့အဆုံးအမတွေအောက်မှာ မာမီ့ပုံစံခွက်ထဲမှာ ကွက်တိအရွယ်ရောက် ကြီးပြင်းလာခဲ့တာပဲ မြရိပ်ညို ... ဒါပေမဲ့လေ ချစ်သူကိုတွေ့တော့ ဘယ်လိုစံနှုန်းသတ်မှတ်ချက်ကိုမှ သတိမရတော့ဘူးဟာ ချစ်တာတစ်ခုပဲ စဉ်းစားတယ် ... ကိုနေက ချမ်းသာတယ်၊ စတိုင်လ်ကျတယ် ... ဒါပဲ စဉ်းစားဆုံးဖြတ်မိတာမှားတယ်"

မမကြီးနှင့်ချစ်သူတွေအဖြစ် တွဲလာကြတာ သုံးနှစ်တောင်တဲ့။ လုပချောမောပြီး မာမီရဲ့သွန်သွင်ဆုံးမခြင်းပုံစံခွက်ထဲမှာ ဗိုင်းကောင်းကျောက်ဖိ ကြီးပြင်းလာတဲ့ မမကြီးကိုမျှား ဘယ်လိုယောကျ်ာမျိုးက ငြင်းပယ်နိုင်ရတာလဲ။ ဖြစ်နိုင်တာက တော်တော်လေးကြီးကျယ်ခမ်းနားကြ၍ ဖြစ်နိုင်သည်။

✿

အခန်း ( ၃ )

"ကိုမင်းထင် ... ရှင် ညစာအမှီ မိသားစုနဲ့ညစာစားဖို့ ပြန်လာခဲ့ပါလို့ ပြောထားတာ၊ ခုထိ ပြန်လာလို့မရဘူးလား၊ ပိတောက်ကို ဆင်ခြေဆင်လက်တွေ မပေးနဲ့နော် ... ရှင့်အကြောင်း မသိဘူးထင်နေလား၊ ရွှေပိတောက်အကြောင်း သိတယ်နော် ... ဒါပဲ"

သူ တိုက်ကြီးထဲဝင်လိုက်တော့ မေမေက ဖေဖေ့ဆီ ဖုန်းဆက်အမိန့်ပေးနေသည်။ ဖေဖေ့မှာ အကြောင်းပြခွင့် တစ်စုံတစ်ရာမရှိခဲ့။ မေမေ့အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရတာ ဖေဖေ့အတွက် ခေါက်ရိုးကျိုးနေပြီဖြစ်သည်။ လရိပ်ထင် ငယ်ငယ်လေးထဲက မေမေ့ရဲ့အနိုင်ကျင့် ဗိုလ်ကျမှုတွေ လူရှေ့မရှောင် သူရှေ့မရှောင် ပြစ်ပြစ်နှစ်နှစ် ပြောဆိုပြစ်တင်တာတွေကို တွေ့ကြုံခဲ့ရသဖြင့် မေမေ့ကို မနှစ်သက်ပေ။ ဖေဖေကလည်း မေမေ့ကိုမလွန်

ဆန်နိုင်ခဲ့တာကိုလည်း လရိပ်ထင် သဘောမကျ။ မေမေ့လိုမိန်းမမျိုးကို သူကြီးပြင်းလာလျှင် ဘယ်တော့မှမယူဘူးဟု ဆုံးဖြတ်ထားခဲ့သည်။

"သားငယ် ... မင်းပြန်လာတာ နောက်ကျတယ် ... ယောကျ်ားလေးဆိုပေမယ့် ညဉ့်နက်သန်းခေါင်မှ အိမ်ပြန်လာတာမျိုး မေမေ ခွင့်ပြုမထားဘူးနော်"

"အဝါရောင်က အတင်းဆွဲထားလို့ပါ မေမေ"

"အဝါရောင့်ဆီ စောစောကပဲ မေမေဖုန်းဆက်ကြည့်တယ်၊ မင်း ပြန်သွားပါပြီတဲ့ ... "

သားတွေမွေးထားပြီး မိန်းကလေးတွေလို မေမေအုပ်ချုပ်နေတာကလည်း သဘောမကျမိ။ ဒါပေမဲ့လည်း ... ကိုကိုရော လရိပ်ထင်ရော တသွေတသိမ်း နာခံရသည်။ မေမေ ဆူပွက်ပြောဆိုတာတွေကို လရိပ်ထင် ကြောက်ခဲ့၏။ ကိုကိုပဲ မေမေ့စိတ်တိုင်းကျ နေထိုင်ခဲ့ပြီး မိခင်ကို အလွန်ချစ်သော သားတစ်ယောက်ဖြစ်သည်။

"ဖအေကလဲ အကြောင်းအကြောင်းတွေပြနေတယ် ... မိသားစုနဲ့ညစာ ပြန်မစားနိုင်လောက်အောင် အလုပ်ရှုပ်စရာမရှိပါဘူး၊ ညှော်ခံပွဲတဲ့ ... မေမေတော့ မယုံဘူး"





ဒေါ်ရွှေပိတောက်ကတော့ ယောကျ်ားဘယ်လောက်ပဲ ရိုးသားဖြူစင်နေပါစေ မသင်္ကာစိတ်က လွှမ်းမိုးထားသည်။ မိမိ ဩဇာအာဏာအောက်မှာပဲရှိစေ၏။ သားနှစ်ယောက်ကိုရောပဲ အငယ်ကောင် လရိပ်ထင်က အဖေဘက်ပါ။ သားကြီးလိုမဟုတ် မိခင်နှင့် ခပ်စိမ်းစိမ်း နေထိုင်သည်။

"ညှော်ခံပွဲတွေ ခဏခဏတက်နေတာလည်း မေမေ မကြိုက်ပါဘူးလို့ပြောထားတာ ... အလေးအနက်ကိုမထားဘူး၊ ရန်တော့ဖြစ်ရမယ် ... "

မေမေ့ရှေ့ကနေ လရိပ်ထင် လှည့်ထွက်ခဲ့လေသည်။

"မင်းရော ချစ်သူထားဖို့ စဉ်းစားရင် မေမေ့ကို ပထမဆုံးအသိပေးရမယ်နော် သားငယ် ... အကြီးကောင်လို အဖြစ်မခံနိုင်ဘူး၊ မေမေ့မှာ ရွေးမရွေးဖို့စံနှုန်းတွေရှိတယ် ... အမိက အိမ်မှုကိစ္စ နိုင်နင်းရမယ် ... မေမေ့စကားကို လေးစားလိုက်နာရမယ်"

သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။ မေမေက အလွန်ဇီဇာကြောင်၍ အရာရာစိတ်တိုင်းမကျနိုင်။ ကိုကိုလည်း ရည်းစားကိုမေမေ့အမိန့်နှင့်ဖြတ်တောက်ပြစ်လိုက်ရ၏။ အသည်းကွဲနေလားပဲ။ ကိုကိုက အုံပုန်း။ မေမေက သေဆိုသေ ရှင်ဆိုရှင် ... မေမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်နေချင်သူပါ။ လရိပ်ထင်ကတော့ မေမေ့ဆန္ဒကြီးကို

[illegible]ဖြစ်စေ၊ နှစ်သက်သည်ဖြစ်စေ လိုက်မလုပ်ချင်၍ ခပ်ရှောင်ရှောင်နေပြီး ဘာကိုမှလည်း မလုပ်ခဲ့ပေ။ ချစ်သူထားဖို့ဝေလာဝေး ... တည်တည်တင်းတင်းနှင့် မာနတကြီးနေပြခဲ့လေသည်။

"ဟူး ... မြရိပ်ညို ... မင်းလိုအချိုးမျိုးနဲ့တော့ ကိုယ့်မေမေရဲ့ ချွေးမစံနှုန်းနဲ့သာ ရွေးချယ်ရင် အပြင်းထန်ဆုံး ကန့်ကွက်ပယ်ချခံရမှာပဲ"

မြရိပ်ညိုအကြောင်းတွေကို လရိပ်ထင်အတွေးတွေထဲသို့ စက္ကန့်မလပ် ထိုးဝင်ရောက်ရှိလာလာတတ်သဖြင့် မေ့ပျောက်နိုင်ဖို့ ကြိုးစားရင်း ဒေါသဖြစ်ရသည်။ မာနတွေနဲ့တင်းနေတဲ့ မြရိပ်ညို မျက်ဝန်းတွေ လုံးဝစိတ်မဝင်စားကြောင်း အေးစက်တဲ့အပြုအမူ။ မေမေ မနှစ်သက်ဆုံးမိန်းမ ... လရိပ်ထင် မင်းဘာဖြစ်လို့ မြရိပ်ညို အကြောင်း ခေါင်းထဲထည့်ချင်ရတာလဲ။ မြရိပ်ညိုလိုမိန်းမမျိုးကို မင်းဘဝလက်တွဲဖော်အဖြစ် ဘယ်တော့မှ လက်မတွဲဘူး။ သူ အိပ်ရာပေါ် ပြစ်လှဲပြစ်လိုက်သည်။

"မြရိပ်ညိုက ယောကျ်ားတွေကို အထင်မကြီးဘူး၊ မာနအရမ်းကြီးတယ် ... အဝါရောင် ယောကျ်ားမုန်းတီးရေးဝါဒတွေ နားသွင်းနေတာ လရိပ်ထင် ကူညီစမ်းပါ ... "

လရိပ်ထင်နှင့်မြရိပ်ညိုကို တမင်ဆုံတွေ့စေပြီး မိတ်ဆက်





ခဲ့သည်။ နာကျင်ရ၏။ စိတ်တွေတင်းကြပ်ပိတ်လှောင်ထားသလို မေမေကတစ်မျိုး ... ကျွန်တော် ဘယ်တော့မှ ချစ်သူမိန်းက း မရှိစေရပါဘူးမေမေ ... ဘာဖြစ်လို့လည်းဆိုတော့ ကိုကို့လို ခံမခံနိုင်လို့ပါ။ ကျွန်တော့်အိမ်ထောင်ရေးအထိ မေမေ ဝင် က်စွက်ဖက်နေတာလည်း မကြိုက်ဘူး။ ဖေဖေရဲ့ခံစားချက်တွေ ကျွန်တော် ကိုယ်ချင်းစာတယ် ... လရိပ်ထင် ရှုပ်ထွေးတဲ့ တွေးစတွေကို တစ်စခြင်း ဆွဲထုတ်ရှင်းပြစ်လိုသည်။

"ညီ ... "

"ဝင်လာပါ ကိုကို ... "

ကိုကို့အသံက ဖျော့တော့တော့ အားအင်ချိနေသည်။ မေ့ပုံစံခွက်ထဲက ကိုကို ဘာတွေဖြစ်နေရတာလဲ။ မျက်ဝန်းတွေ မှေးမှိန်ညှိုးနွမ်းနေ၏။ သူ့အခန်းထဲဝင်လာပြီး စားပွဲမှာဝင်ထိုင် သည်။

"ကိုကို အိပ်လို့မရဘူးကွာ၊ မျက်လုံးတွေကြောင်နေလို့ ရင် တွေလည်း ပူလောင်နေတယ် ... ဒါကြောင့် ညီ့ဆီဝင်လာတာ၊ မင်း နှောက်ယှက်ကျတယ်နော်"

"ကိုကို ... တကယ်ပါပဲဗျာ ဟား ဟား ဟား ... "

"ဘာရယ်တာလဲ ညီရ ... ကိုကို့စကားတွေထဲမှာ ရယ်စရာ

ပါလို့လား ... မင်းကလဲ"

"ကိုကို့နာမည်က ဘယ်သူလဲ"

"နေထွန်းတောက်လေ"

"အမြဲတမ်း ရဲရင့်တောက်ပပြီး ရင်ကော့လက်မထောင်တဲ့ ကိုကိုက မျက်နှာညှိုးညှိုးနွမ်းနွမ်းနဲ့ ဘာတွေဖြစ်နေတာလဲ ... အသည်းကွဲနေတာလား"

"ညီ"

"ပြော"

"ဟုတ်တယ် ... ကိုကို အသည်းကွဲနေသလိုပဲ ... မထင်မှတ်ဘဲနဲ့ ကိုကိုလေ မြရောင်လွှမ်းကို ချစ်မိနေခဲ့တယ်၊ မခွဲနိုင်ဘူး ဖြစ်နေတယ် ... မစွန့်လွှတ်နိုင်ဘူး ... "

"ဒါများကိုကိုရာ ... ခိုးပြေးလေ သတ္တိမရှိဘူးလား၊ ကိုနေထွန်းတောက်နာမည်ကိုလည်း အားနာပါဦးလားဗျာ၊ ကိုကိုချစ်တဲ့ မိန်းကလေးကို အရယူလိုက်လေ"

"မဖြစ်သေးပါဘူးကွာ ... မေမေ့စကားကို ဆန့်ကျင်လို့မရဘူး၊ ကိုကိုက မေမေ့အမိန့်ဩဇာကို အနာခံဆုံးလေ ... တသွေမတိမ်းလိုက်နာတတ်တဲ့အကျင့်တွေက ခေါက်ရိုးကျိုးနေပြီထင်တယ်"





ကိုကို့ကို နေထွန်းတောက်လို့ မေမေက မှည့်ခေါ်စေတာပါ။ မေမေ့ဆန္ဒနဲ့ တစ်ထပ်တည်းကျလွန်းတဲ့ ကိုကိုနေထွန်းတောက်ပါ။

"မြရောင်လွှမ်းက အရမ်းချောမောလှပတယ်၊ မိန်းကလေးပီသတယ်၊ ဣန္ဒြေသိက္ခာလည်း ကြီးမားတယ်ညီရယ် ... မေမေကသဘောမကျဘူးတဲ့၊ အရမ်းချောလို့၊ ပညာမတတ်လို့၊ ဟင်းမချက်တတ်လို့ ... သားကို ပြုစုနိုင်မှာမဟုတ်ဘူးတဲ့လေ ... "

နေထွန်းတောက် လက်ထပ်မယ့်မည်သည့်မိန်းကလေးမဆို အဓိက မေမေအမိန့်ဩဇာကို သူ့လိုပင် တသွေမတိမ်း နာခံနိုင်ရမည်ဖြစ်သည်။

"မေမေက အိမ်စေမထားဘူး၊ ယောက်ျားလေးတွေပဲနေတဲ့ အိမ်မို့ မထားတာပါ ... မေမေကိုယ်တိုင်ပဲလုပ်တာလေ၊ မြရောင်လွှမ်းက ဟင်းမချက်တတ်ဘူးတဲ့ ... မာမီက မခိုင်းလို့တဲ့၊ အဝတ်လည်း မလျှော်တတ်ဘူး၊ မီးပူလည်း မတိုက်တတ်ဘူးတဲ့"

အလကားပါ ... မေမေအကြောင်းပြနေတာပါ။ သားတွေယူမယ့်မိန်းကလေးက ချောမောလှပအိစက်နေရင် မေမေ လက်မခံနိုင်။ သားတွေအပေါ် လွှမ်းမိုးသွားမှာ မလိုလား၍ဖြစ်သည်။

"မနက်ဖြန်မှာ မေမေက ကိုကို့ကို သူ့သူငယ်ချင်းရဲ့သမီး ငွေခရုဆိုတာနဲ့ မိတ်ဆက်ပေးမယ်တဲ့ ... မေမေက ငွေခရုငယ်ငယ်

လေးထဲက သားနဲ့သဘောတူလို့ စောင့်ကြည့်ထားခဲ့တာတဲ့”

နေထွန်းတောက် ချစ်မြတ်နိုးရတာက မြရောင်လွှမ်းပဲ။ ငွေကြေးချမ်းသာမှုရော ရုပ်ရည်ရော ပြောစရာမရှိ၊ ဒါပေမဲ့ ပညာရေးက ရိုးရိုးဘွဲ့တစ်ခုပဲရခဲ့သလို အိမ်မှုကိစ္စတွေလည်း မာမီက မလုပ်စေသဖြင့် မတတ်ကျွမ်းပေ။ မေမေ လက်မခံတဲ့မိန်းကလေးကို သူလည်း လက်ခံလို့မရပေ။ နေထွန်းတောက် အလွန်အမင်း ကြေကွဲနေရပြီး မြရောင်လွှမ်းကို မစွန့်လွှတ်နိုင်ဘဲ ဖြစ်နေသည်။

“ငွေခရုက ရုပ်ရည်အတင့်အတင့်ပဲတဲ့၊ ပညာရေးက ဆရာဝန်တစ်ယောက် မေမေ့လက်ပေါ်မှာ ကြီးပြင်းလာတာတဲ့”

“ကိုကိုက မေမေ့စကားကို နားထောင်လာတဲ့သူပဲဟာ ဘာဖြစ်လဲ ... ငွေခရုကို လက်ထပ်ပါ”

“ကိုကို့နှလုံးသားတွေက မထင်မှတ်ဘဲ မြရောင်လွှမ်းကို အချစ်ကြီးချစ်မိနေပြီကွ ... မေမေ့ကို မဆန့်ကျင်ရဲလို့သာ ညီပြောသလိုပဲ မြရောင်လွှမ်းကို ခိုးပြေးချင်တယ်”

“ခိုးပြေးလေ ... ဘာဖြစ်လဲ ... ကိုကို့ဘဝတစ်သက်သာလုံး နောင်တတွေနဲ့ စိတ်သောကအရောက်ခံမလို့လား၊ ညီကတော့ ချစ်သူရွေးရင် ညီချစ်တဲ့မိန်းမကိုပဲ ရွေးမယ်”

“ညီ့မှာ ချစ်သူတွေ့နေပြီလား”





မြရိပ်ညိုကို သတိရမိလာသည်။ ဒါပေမဲ့ ... သူငြင်းပယ်မည့် မိန်းကလေး မြရိပ်ညိုနဲ့လရိပ်ထင်။ ဘယ်လိုမှ ချစ်သူရည်းစားမဖြစ်နိုင်။ အသေအချာပင်။ သူ ရယ်နေသည်။

“အရင်ဆုံး မေမေနဲ့သင့်မြတ်မယ့် မိန်းကလေးကို စဉ်းစား၊ ချစ်သူတွေဖြစ်ပြီးမှ ဝေးရရင် အသည်းကွဲတဲ့ဝေဒနာက ခံရခက်တယ်နော်”

“ကိုနေထွန်းတောက် ဘယ်တုန်းက အသည်းကွဲသွားရတာလဲ ... တကယ်အံ့ဩတယ်၊ မြရောင်လွှမ်း ဟုတ်လား ... နာမည်လေးက အေးမြနေတာပဲ၊ မေမေ မရွေးချယ်တာနဲ့ ကိုကိုက စွန့်လွှတ်လား ... ”

နေထွန်းဇောက် ယောကျ်ားမပီသတာလား။ မြရောင်လွှမ်းကို မဆက်ဘဲနေခဲ့တာ တစ်လလောက်ရှိနေပြီ။ တကယ်တမ်းကျတော့ သူ့အသည်းတွေ ဟက်တက်ကွဲအက်နေခဲ့သည်။ မေမေ့ရှေ့မှာ ဟန်ဆောင်ပြီးပျော်နေပြတာပါ။ အလုပ်တာဝန်တွေကိုလည်း စိတ်မပါ။ ကုမ္ပဏီကိုသွားတာပင် ဧည့်ခံပွဲတွေကို ရှောင်၍ ဖေဖေပဲသွားတက်ရပြီး နောက်ကျနေ၍ ပြဿနာ။ ဖေဖေ့ဆီ ဖုန်းဆက်တော့လည်း ဆက်သွယ်မှုဧရိယာပြင်ပတဲ့။ သူ စိတ်တော့ပူသည်။

"ဖေဖေ ဘာဖြစ်လို့ပြန်မလာသေးတာလဲ ... မေမေနဲ့တော့ ကွိုင်တော့မယ် ကိုကို ... "

"မသိဘူးကွာ ... ဖေဖေက ကိုကို့ကို တက်ခိုင်းတာပါ၊ ကိုကို စိတ်မပါလို့ နေမကောင်းဘူးပြောပြီးပြန်ခဲ့တာပါ ... ဖေဖေ ဘာဖြစ်လို့ ကြာနေရတာလဲ"

နေထွန်းတောက် စိတ်တွေမအေးနိုင်တာက ဖေဖေ ပြန်မလာသေးတာပဲပါသည်။ သူ အလုပ်ကိစ္စတွေထဲမှာ စိတ်ဝင်စားမှု နည်းပါးတာနှင့်အမျှ ဖေဖေသိနေ၍ သားကြီးအား စိတ်သက်သာရာ ရစေရန် လုပ်ဆောင်ပေးသည်။

"ကိုကို့ကြောင့် ဖေဖေ တာဝန်တွေပိုပြီးယူနေရတယ် ... ကိုကို ခံစားနေရတာ ဖေဖေက ကိုယ်ချင်းစာတယ်၊ ဖေဖေ ပြန်လာသင့်ပြီ ညီ ... "

"ပြဿနာကတော့ ကြီးထွားတော့မယ် ကိုကို ... အိပ်တော့မယ်ဗျာ"

ဖေဖေ ပြန်ရောက်လာရင်တော့ မေမေရဲ့မသက်သာတဲ့ စစ်ဆေးမေးမြန်းပြီး ရန်မီးပွားတော့မည်ဖြစ်သည်။ ဖေဖေ့အပေါ် မေမေ အနိုင်ယူလွန်း၏။ လရိပ်ထင် မကြိုက်။ မေမေ ရောက်လာပြန်သည်။





"သားကြီးနေ ... ဘာဖြစ်လို့ မင်းဖေဖေ ပြန်မလာနိုင်သေးတာလဲ ... မင်းမသွားဘူးလား"

"ဖေဖေ ပြန်လာမှာပါ ... တစ်ခါတရံ ညှိသည်တွေစုံနေရင် ဒီလိုပဲအားနာပါးလာ နေပေးရတတ်တယ် မေမေ"

ကိုကိုနဲ့မေမေ ဆုံသွားလို့တော်သေးတယ်။ ကိုကို့နောက်ကို လိုက်သွားသည်။ တစ်လမ်းလုံး ပူညံ ပူညံနဲ့။ ဖေဖေ ပြန်မရောက်သေးတာလည်း လရိပ်ထင် စိတ်ပူပေမယ့် ဖေဖေနှင့်မေမေကြား ဝင်ပြီး မစွက်ဖက်လိုပေ။ သူ့အကျင့်စရိုက်အတိုင်း ရေငုံနှုတ်ပိတ်နေသည်။

"မင်းအဖေ ရိုးရောရိုးသားရဲ့လား ... နောက်မိန်းမတွေများ ရှိနေလား သားကြီး ... "

မေမေ့အသံက တဖြည်းဖြည်းနှင့်ဝေးသွားမှ လရိပ်ထင်စိတ်သက်သာရာရသွားသည်။

"သားရယ် ... အေးချမ်းတဲ့ဘဝလေးကို ပိုင်ဆိုင်ပါစေကွာ၊ သားနာမည်လေးက အေးမြနေစေရမယ် လရိပ်ထင်ကွာ ... "

လရိပ်ထင်ဆိုတဲ့ နာမည်လေးကို ဖေဖေကပေးခဲ့တာပါ။ မေမေက မကြိုက်။ အေးပေမယ့် ပျော့ညံ့သည်တဲ့။ လရိပ်ထင် တစ်ခွန်းမှ မပြောခဲ့။ ပျော့ညံ့ချင် ပျော့ညံ့ပါစေ။

"သားငယ် ... မာနနဲ့နေစမ်းပါ၊ ပျော့ညံ့တဲ့ယောကျ်ားက တန်ဖိုးအမဲ့ဆုံးပဲနော် လရိပ်ထင် ... "

မေမေ သတ်မှတ်ထားတာ လရိပ်ထင်က ဖေဖေ့သား။

"မြရိပ်ညို ... ကိုယ် မိန်းမတစ်ယောက်ကို လက်ထပ်ရမှာ အကြောက်ဆုံးပဲ ... ကိုယ်မပတ်သက်ချင်တာပါ၊ ကိုယ် မာနကြီးနေတာမဟုတ်ဘူး၊ ကိုယ့်အိမ်တွင်းရေးတွေ ပတ်ဝန်းကျင်ကိုမသိစေတာပါ"

လရိပ်ထင်ရဲ့ အေးစက်စက် တည်တည်တင်းတင်း။ ဘယ်သူနှင့်မှ မိသားစုတွေနဲ့ရော ပတ်ပတ်သက်သက်မလုပ်ဘဲ နေထိုင်တတ်တဲ့အကျင့်စရိုက်တွေ ပိုင်ဆိုင်နေလေသည်။

## အခန်း ( ၄ )

"ကိုယ် အရမ်းနောက်ကျနေပြီထင်တယ်၊ ပြန်ရမယ် ... မင်းတို့ ကိုယ့်ဖုန်းယူပြီး ပိတ်ထားတာအကြောင်းမဟုတ်ဘူးနော်၊ ကိုယ့်မိန်းမက အကြီးအကျယ်ကျိုင်ပဲ ... "

ဦးမင်းထင် မူးနေသည်။ သူငယ်ချင်းတွေလည်းပါတော့ အရက်ကို အတင်းအကျပ်တိုက်ကြသဖြင့် ငြင်းရင်း သောက်ဖြစ်သည်။ ပိတောက်က မရဘူး။ ဦးမင်းထင်အပေါ် အနိုင်ယူလွန်း၏။ အမျိုးမျိုးစွပ်စွဲပုတ်ခတ် မသင်္ကာအကြည့်တွေနှင့် ရက်တတ်လွန်းတဲ့ မိမိအား လူရှေ့မရှောင် သူရှေ့မရှောင် ပြဿနာရှာတတ်တဲ့ ရွှေပိတောက်ကို အရှုံးပေးခဲ့ရသူက ဦးမင်းထင်ပဲဖြစ်သည်။

"နေပါဦး မင်းထင်ရ ... စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ တွေ့ဆုံကြတာ နာရီအကန့်အသတ်ရှိမလား ... မရဘူး ... မင်းက

ညှော်ခံပွဲတွေတက်ခဲတယ်၊ မင်း သားကြီးပဲတက်တာ … နေပါဦး ကွာ”

ငယ်သူငယ်ချင်းတွေလည်းပါနေ၍ ဦးမင်းထင် မငြင်းနိုင်။ အခုတလော သားကြီးနေထွန်းတောက် အချစ်ရေးကိစ္စနှင့် ခံစား နေရတာကိုသိနေ၍ သားကြီး လွတ်လွတ်လပ်လပ် အေးအေးဆေး ဆေးနေပါစေဟု မိမိပဲ ညှော်ခံပွဲကို တက်လာခဲ့သည်။

“မင်းမိန်းမကို အသေကြောက်ရတယ်ဆို မင်းထင်၊ ဘာလဲ ကွ … ယောကျ်ားပဲ … မင်းက တာဝန်ကျေတဲ့ယောကျ်ား မိသားစု အပေါ် စောင့်ရှောက်နိုင်တာပဲ … ”

မင်းတို့ မသိပါဘူးကွာဟု မိမိစိတ်ထဲကပဲ ပြောမိနေသည်။ ရွှေပိတောက်က လုံးဝကိုမလွယ်ဘူး။ စက္ကန့်မလပ် ရန်ရှာနေတဲ့ မိန်းမ။ မိမိက ရှက်တတ်သူ။ ဂုဏ်သိက္ခာထိပါးမှာကြောက်၍လည်း ရွှေပိတောက်ကို အလိုဆန္ဒတွေအတိုင်း နေစေသည်။

“ကိုယ်ပြန်ရမယ် … ဖုန်းပေးပါ၊ ကိုယ် နည်းနည်းလေးမူးနေ ပြီ၊ ဘာပဲဖြစ်ဖြစ် မိန်းမကို အလေးထားရမယ် … သူ အရမ်းမျှော် နေပြီ … ပြန်မှဖြစ်မယ်”

ဦးမင်းထင် မူးပြီးပြန်လို့မဖြစ်တာသိပေမယ့် မတတ်နိုင် တော့ဘူး။ ပိတောက်နဲ့အကြီးအကျယ်ကွိုင်တက်မှာပဲ။ မိမိသားတွေ





အတွက်ရော မိမိအတွက်ရော ရင်ထဲမှာ ဒေါသတွေနှင့် ပေါက်ကွဲ လွှင့်စင်ထွက်ချင်နေသည်။ တစ်ကြိမ်တစ်ခါမှ ဒီလောက်အထိ မူး အောင် မသောက်ဘူးခဲ့။

သူ ဒယိမ်းဒယိုင်နှင့်ထ၍ ဇွတ်အတင်းပဲ ပြန်လာခဲ့၏။

အား … ညဥ့်နက်နေပြီပဲ။ ပိတောက်ရော သားကြီးရော ဆက်ထားတဲ့ဖုန်းနံပါတ်တွေ အများကြီးပဲ။

သေစမ်း … ကားကို သတိထားမောင်း၍ ပြန်လာခဲ့သည်။

“တီ … တီ … ”

“တီ … ”

ခြံတံခါးကို လာဖွင့်ပေးသူက သားငယ် လရိပ်ထင်ပင်။

“ဖေဖေ … နောက်ကျလိုက်တာ ဘာဖြစ်လို့လဲ … အရက် တွေသောက်လာတာလား”

“အေး … နည်းနည်းပါ သားငယ်ရာ၊ ဖေဖေ့သူငယ်ချင်း အရမ်းတိုက်ကြလို့ သားစိတ်မပူနဲ့ … ဖေဖေ့အတွက် ရိုးနေပါပြီ”

သားငယ်အား မတွဲရန်လက်ကာပြ၍ တိုက်ကြီးထဲဝင်လာခဲ့ သည်။

“ဒီမှာ ကိုမင်းထင် … ရှင်ဘာအချိုးချိုးတာလဲ … ကြည့်စမ်း ပါဦး … ရှင်က အရက်တွေတောင် သောက်လာတာပဲ”

"နည်းနည်းပါ … ဟိုကောင်တွေလေ အတင်းတိုက်ကြလို့ ငယ်သူငယ်ချင်းလုပ်ငန်းရှင်ကြီးတွေပါလို့ပါ … နိုင်ငံခြားကနေ ပြန် ရောက်လာကြတာ"

"ငယ်ရည်းစား … အသုံးမကျတဲ့မိန်းမတွေအကြောင်း စမြို့ ပြန်ကြပြီး ဆွေးမြေ့ကြေကွဲနေကြတာ မဟုတ်လား"

"ပိတောက်ရယ် … ကိုယ် တောင်းပန်ပါတယ်၊ နည်းနည်းပါ၊ မင်းထင်သလို မဟုတ်ပါဘူးကွာ … "

"ဒီမှာ … "

မေမေ့ဒေါသတွေက တားဆီးလို့မရအောင် ပြင်းထန်စွာ ပေါက်ကွဲမည့်အရိပ်အယောင်တွေကြောင့် လရိပ်ထင် ရှောင်ထွက် လာခဲ့သည်။ မီးတောင်ပေါက်ကွဲတာထက် အပြင်းထန်ဆုံး မီး တောက်တွေ ဖေဖေ့ဆီ ကူးစက်လောင်ကျွမ်းတော့မည်။

"ရှင့်သားကြီး ရည်းစားကို ပိတောက်ဆိုတဲ့မိန်းမက ဘာဖြစ် လို့ ချွေးမအဖြစ် လက်မခံတာလဲသိလား … ရှင့်ငယ်ရည်းစားရဲ့သမီး ဖြစ်နေလို့ပဲ"

"ဘာကွ"

"ရှင် ချစ်ရတဲ့ အရူးအမူးစွဲလမ်းရတဲ့ မြရောင်ခြယ်ရဲ့သမီးပဲ၊ ရုပ်ချောတာပဲရှိတယ် … ပညာလည်းညံ့၊ သာမန်ဘွဲ့လေးတစ်ခုပဲရ





သားတယ် ဘာအသုံးကျမှာလဲ"

သားကြီးချစ်သူက မြရောင်ခြယ်ရဲ့သမီးတဲ့။ ရွှေပိတောက် ဘယ်ကနေ သိသွားပြန်ပြီလည်းမသိဘူး။ မိမိတောင် မသိပေ။ မြ ရောင်လွှမ်းဆိုတဲ့နာမည်လေးကိုတော့ သိထားသည်။

"ရှင် ဘာပြောချင်သေးလဲ … 'ကြိတ်ပြီး သဘောတူထားတာ လေ၊ မြရောင်လွှမ်းကို ရှင်အလုပ်ခန့်ခဲ့တာ၊ မြရောင်ခြယ်နဲ့ရုပ်ချင်း ဆင်နေလို့ မဟုတ်လား"

မြရောင်လွှမ်းကို မိမိသေသေချာချာပင် မမြင်ဘူးခဲ့။ သတိ ထည်းမထားမိ။ သားကြီး နေထွန်းတောက် ခန့်ထားတာပါ။ ပိ တောက်က ဘယ်လိုကနေဘယ်လို မြရောင်ခြယ်သမီးကြီးမှန်း သိ သွားရတာလဲ။ မြရောင်လွှမ်းအကြောင်းတွေ အသေးစိတ်လေ့လာ ခဲ့ခြင်း ဖြစ်နိုင်သည်။

"ငယ်သူငယ်ချင်းတွေနဲ့တွေ့ပြီး အရက်တွေတောင်သောက် လာသေးတယ် … ရှင်က ရွှေပိတောက်ကို အလေးအနက် မထား ဘာပေါ့လေ"

ကိုမင်းထင်မှာ ငယ်ရည်းစားရှိတာ ပိတောက်သိထားသည်။ သူကြီးတွေက သဘောမတူဘဲ ပိတောက်နှင့်အတင်းအကျပ် လက် ထပ်ပေးခဲ့ကြ၏။ ပိတောက်ကို မချစ်ဘူးဆိုတာ သိထား၍လည်း

ကိုမင်းထင်နှင့် ပဋိပက္ခအသွင်ဆောင်နေသလို မလှုပ်ရဲအောင် ပိတောက် နှိမ်ထားသည်။

"အရက်သမားကို မုန်းတယ် ... ရှင် ဘယ်တုန်းက အရက်သောက်ဖူးလို့လဲ ... ရှင် ဧည့်ခန်းမှာပဲအိပ်၊ ပိတောက်အခန်းထဲလုံးဝဝင်မလာနဲ့နော် ... မနက်ကျမှရှင်းမယ်၊ ဒီကိစ္စသေးသေးလေးမဟုတ်ဘူး၊ ရှင် သူငယ်ချင်းတွေက မြှောက်ပေးတာလား၊ တွေ့မယ် တွေ့မယ် ... ပိတောက်နဲ့ တွေ့ကိုတွေ့မယ်"

ပိတောက်ရဲ့ ဒေါသတကြီးအော်ဟစ်ဆူပူပြီး အပေါ်ထပ်တက်သွားသည်။ ဦးမင်းထင် ဧည့်ခန်းမှာရှိတဲ့ ဆက်တီပေါ်မှာ အိပ်စက်ရတဲ့အကြိမ်တွေ မရေတွက်နိုင်"။ မိမိက လုပ်ငန်းရှင်သူဌေးကြီးပဲ။ နေ့စဥ် ပိတောက်ကြိုးဆွဲရာ ကနေရပြီး ထိုင်ဆိုထိုင် ထဆိုထ ထားရာနေစေရာသွား အမိန့်သြဇာက ပြင်းလွန်းသည်။

"ခြယ်ကို မောင့်မိဘတွေက သဘောမတူကြဘူး၊ မောင့်နောက်ကို ခြယ်လိုက်ခဲ့တော့ ... မောင်က ယောကျ်ားပါ ခြယ့်ကို မခွဲနိုင်ဘူး ... မောင် ခိုးပြေးမယ်၊ မိဘတွေအမွေဖြတ်လည်း မောင်တို့နှစ်ယောက်လက်တွဲပြီး ရုန်းကန်တည်ဆောက်ကြမယ်လေ"

"ဟင့်အင်း ... ခြယ် မလိုက်ဘူး၊ ခြယ်က ဘာဖြစ်နေလို့ မောင့်မိဘတွေက သဘောမတူကြတာလဲ၊ ဘာချို့ယွင်းချက်တွေ





ိနေလို့လဲ ပြောစမ်းပါမောင် ... ပြော ... "

ခြယ်က မာနကြီးခဲ့သည်။ သူ ဘယ်လိုပဲဖျောင်းဖျသိမ်းသွင်း ည်းရုံးခေါ်ဆောင်ပါစေ မလိုက်ခဲ့။

"ခြယ့်မှာလည်း မိဘအသိုင်းအဝိုင်းတွေ ရှိပါသေးတယ် မောင် ... သမီးက ယောကျ်ားတစ်ယောက်နောက်ကို ကောက်ကောက်ပါအောင် ခိုးရာလိုက်သွားပြီး မတူမတန်ဘူးဆိုပြီး အမွေဖြတ်ခံရဦးမယ် ... ခြယ့်မိဘအသိုင်းအဝိုင်းတွေမှာ အပြစ်မရှိဘဲ ဂုဏ်သိက္ခာအမဲ့မခံနိုင်ပါဘူး ... ဆောရီးပဲ ... "

"မောင့်မိဘတွေက ငွေကြေးကြောင့် မတူမတန်ဘူးလို့ သတ်မှတ်ပြီး သဘောမတူကြတာ မဟုတ်ပါဘူးခြယ်ရယ် ... မောင် ယ်ငယ်လေးထဲက သူတို့မိတ်ဆွေသမီးနဲ့ လက်ထပ်ပေးကြမယ်လို့ ကတိပြုထားကြလို့ပါ"

"ရှုးနေလားမောင် ... အမိပွာယ်မရှိလိုက်တာ၊ မောင်က ရော ဒီလိုရည်ရွယ်ချက်တွေရှိထားတာတောင် ခြယ့်ကို ဘာဖြစ်လို့ ချစ်ရေးဆိုခဲ့လဲ ... ပြောစမ်းပါ၊ မိန်းကလေးတစ်ယောက်အပေါ် စော်ကားမော်ကား လုပ်ချင်တာမျိုးလား၊ တော်ပါတော့ ကိုမင်းသင် ... ပြန်ပါ ... မြရောင်ခြယ်က ရှင်ခေါ်တိုင်း ခိုးရာလိုက်မယ့် ခပ်ညံ့ညံ့ မိန်းမတစ်ယောက် မဟုတ်ဘူးနော် ... အထင်မသေးပါနဲ့

ရှင်နဲ့ကျွန်မ လမ်းခွဲလိုက်ပြီ၊ ဘယ်လိုအကြောင်းမျိုးနဲ့မှ လာမပတ်သက်ပါနဲ့"

မြရောင်ခြယ်က အရမ်းလှပပြီး မာနတွေ မိုးထိနေသူ။ လုံးဝကို ခါးခါးသည်းသည်းပဲ ငြင်းဆန်ပြစ်သည်။ မိမိကြိုးစားခဲ့ပါသေးသည်။ မိမိထက် အစစအရာရာသာတဲ့ ယောကျ်ားတစ်ယောက်ကို မိမိထက်ဦးစွာ လက်ထပ်ပြစ်ခဲ့သည်။

"မြရောင်ခြယ် ... မင်းမာနကြီးခဲ့လို့ ဝေးကြရတာကွ၊ မောင့်နှလုံးသားတွေက မင်းကိုပဲ ချစ်မိနေတယ် ... လူကြီးတွေ လက်ထပ်ပေးစားတဲ့ ရွှေပိတောက်အပေါ် အေးစက်ခဲ့တယ်၊ မင်္ဂလာဦးညမှာ အရက်တွေ အလွန်အကျွံသောက်ပြီး မင်းနာမည်ကိုပဲ တမ်းတနေခဲ့မိတယ်"

ပြဿနာ မီးတောက်တွေက ထိုအချိန်မှစ၍ ကြီးထွားပေါက်ကွဲခဲ့ရသည်။ ရွှေပိတောက်က ဆတ်ဆတ်ထိမခံ။ ရန်စွယ်တငေါငေါနှင့် မိမိအား ဗိုလ်ကျအနိုင်ယူရန် ကြိုးစားတော့၏။ မိမိပတ်ဝန်းကျင်မှာ မိဘဆွေမျိုးတွေရှေ့မှာ ပြဿနာကိုပေါက်ကွဲပြစ်သည်။ လူသိရှင်ကြားဖြစ်မှာ ရှက်၍ မိမိသည်းခံနေခဲ့ရ၏။ မချစ်မနှစ်သက်သူနှင့် နေထိုင်ရခြင်းက ငရဲတမျှ ပူလောင်ခဲ့ရသည်။

"ဖေဖေ"





"ဟင် ... သားကြီး၊ ထုံးစံအတိုင်းပါပဲကွာ ... ဖြစ်နေကျပါ၊ ဖေဖေ ဘာမှမဖြစ်ပါဘူး ... မင်းတို့ဒေါ်သကုမ္ဘာရကြီးက ဒီလိုပါပဲ"

ယခင်ကတော့ ဖေဖေနဲ့မေမေ ဘာပဲဖြစ်နေဖြစ်နေ သူကသိဟန်ဆောင်ကာ မေမေ့ဘက်ကပဲ ရပ်တည်ပေးခဲ့သည်။ သားကြီး နေထွန်းတောက်က မေမေ့လူပါ။

"မြရောင်လွှမ်းရဲ့မာမီက ဖေဖေ့ငယ်ရည်းစားလား"

"အင်း ... ဟုတ်တယ်လေ၊ ဒါက ဖေဖေ ငယ်စဉ်ကဖြစ်ပျက်ခဲ့တာပဲ ... မင်းလည်းသိနေပါတယ်ကွာ ... မင်းမေမေနဲ့လက်ထပ်ပြီးထဲက ဘယ်လိုမိန်းကလေးမျိုးနဲ့မှ ဖေဖေ မပတ်သက်ခဲ့ဘူး၊ ကင်းကင်းရှင်းရှင်းပဲ မင်းအမေရဲ့အမိန့်အာဏာတွေအောက်မှာ ပြားပြားဝပ်နေထိုင်ခဲ့တယ်လေ"

"မြရောင်လွှမ်းက ဘာဖြစ်လို့များ ဖေဖေ့ငယ်ရည်းစားရဲ့သမီး ဖြစ်နေရတာလဲဗျာ"

"နေထွန်းတောက် ... မင်းက ရွှေပိတောက်ရဲ့သားပါ၊ ဘယ်အချိန်ကနေ မိန်းမတစ်ယောက်ကိုချစ်မိပြီး အသည်းတွေကွဲအက်သွားရတာလဲကွ ... ဟား ဟား ဟား ... မင်းက ဖအေတူသားပဲ၊ လူကြီးတွေက ငယ်စဉ်လေးထဲက သဘောတူစေ့စပ်ထားတဲ့ မိန်းကလေးရှိပါလျက်နဲ့ တခြားမိန်းကလေးကို သွားချစ်ရတယ်လို့ ...

ဟား ဟား ... ”

“ဖေဖေ”

“မြရောင်ခြယ်က မာနကြီးတယ်ကွ၊ ဖေဖေက ခိုးရာလိုက်ဖို့ ပြောတာ လက်မခံဘူး၊ ကိုမင်းထင်လို ယောကျ်ားမျိုးကို ခြယ်က လုံးဝအထင်မကြီးဘူးတဲ့ ... မိဘဆွေမျိုးတွေ ဂုဏ်သိက္ခာမဲ့ရမယ့် အဖြစ်မျိုး ခြယ်ဘယ်တော့မှ လုပ်မယ့်မိန်းကလေး မဟုတ်ဘူးတဲ့လေ”

မောင် တကယ်ပဲ မကြီးမငယ်နဲ့ ခြယ့်ကို တမ်းတလွမ်းဆွတ်နေတယ်။ ပိတောက်ပြောတာလည်း မမှားပါဘူး။ မောင်တို့ငယ်သူငယ်ချင်းတွေစုပြီး ခြယ့်အကြောင်းတွေပြောမိကြတယ်။ မောင်အရက်သောက်မိတဲ့အထိပဲ ပိတောက်က မောင့်ကိုလောင်စာဆီတွေလောင်းပြီး မီးပုံရှို့မယ်ဆိုရင်တောင် ခြယ့်အကြောင်းပြောချင်တယ်။

“လွမ်းကလည်း သားနောက်ကိုလိုက်မယ်ဆိုရင်တောင် ဖေဖေလို ချစ်သူကိုခိုးယူပြေးပိုင်ခွင့် မရှိပါဘူး”

“အဲဒါ မင်းညှို့ဖျင်းတာပဲ နေထွန်းတောက်ရာ ... မင်းမှာသတ္တိမရှိတာ ... အမေကိုချစ်လွန်းတဲ့ကောင်ပဲ၊ မင်းမေမေက မင်းနာမည်ကိုကြားလိုက်တာနဲ့ မိန်းကလေးတွေ ကြောက်လန့်ပြီးပြေးအောင်





ည့်ထားတာလေ”

နေထွန်းတောက်ဆိုတဲ့နာမည်ကို မေမေကပေးထားလို့ ားမသိ။ သူ့ရင်တွေ ပူလောင်နေခဲ့ရသည်။ ဖေဖေ မူးနေ၏။ သူ့ ဒ့ပဲ အသည်းကွဲနေတာလား ... ဖေဖေ့ငယ်ရည်းစား ဒေါ်မြရောင် ခြယ်ရဲ့သမီး မြရောင်လွှမ်းနှင့်မှ သူ ဖူးစာဆုံရသည်။

“လွမ်းကလဲ မာနကြီးတယ်၊ သူ့မိဘဆွေမျိုးအသိုင်းအဝန်းတွေ အရှက်တကွဲဖြစ်ရမည့် ကိစ္စတစ်ခုကို လုပ်မှာမဟုတ်ပါဘူး”

“ဟား ... ဟား ... ဟား ... ”

ဦးမင်းထင် ရယ်ပြစ်လိုက်သည်။ သူ ဘာကိုမှမမှုချင်တော့ဘူး။ ရွှေပိတောက် ဘယ်လောက်ပဲသဝန်ကြောင်ပြီး စွပ်စွဲပုတ်ခတ်နေပါစေ ငယ်သူငယ်ချင်းတွေက ခြယ့်အကြောင်းပြောကြတာ။ သူ ဘက်ကြွလန်းဆန်းစေသည်။

“နေထွန်းတောက် ... မင်းအမေပေးခဲ့တဲ့နာမည်က မင်းကို လောင်မြိုက်နေပြီလား ... မင်းက မင်းအမေ စိတ်တိုင်းကျနေထိုင်ဘတ်ပါတယ် သားကြီးရာ ... ”

သားကြီး ပြန်ထွက်သွားခဲ့သည်။ သနားပါတယ်ကွာ ... မင်းက ဖေဖေ့ငယ်ရည်စားဟောင်းရဲ့သမီးနဲ့မှ ချစ်သူဖြစ်ရတယ်လို့။ ဦးမင်းထင် စီးပွားရေးတွေ ရှာဖွေခဲ့ရင်း ချမ်းသာကြွယ်ဝလာခဲ့၏။

အခုတော့ စီးပွားရေးလုပ်ငန်းရှင်ကြီး ဦးမင်းထင် ... ဧည့်ခန်းမှာ အိပ်ရတော့မည်။ မိန်းမတစ်ယောက်ရဲ့ အမိန့်အာဏာအောက်မှာ ပြားပြားဝပ်နေထိုင်ခဲ့သည်မှာ မိမိဘဝအတွက် ခေါက်ရိုးကျိုးနေသောအကြောင်းအရင်း ဖြစ်သည်။

"အိပ်ပြီ ... ဘာဖြစ်လဲ ... အရေးကြီးတာ အိပ်ရဖို့ပဲ"

✪

အခန်း ( ၅ )

လရိပ်ထင် အိပ်ရာကထပြီး ထုံးစံအတိုင်း ရေချိုးခန်းထဲဝင်၊ မျက်နှာသစ် ရေချိုး သန့်ရှင်းရေးတွေလုပ်နေရင်း ဘာဖြစ်လို့များ စိတ်မပါသလိုလို အေးစက်နေရတာလဲ။ တစ်ကြိမ်တစ်ခါမျှ လေးလံထိုင်းမှိုင်းနေတာမျိုး လရိပ်ထင် မကြုံဘူးခဲ့။ မြရိပ်ညိုကြောင့်ပဲ ဖြစ်မယ်။ လရိပ်ထင်ကို မထေမဲ့မြင် အဖက်မတန်သလို လုပ်ပြရဲတဲ့ မိန်းကလေးမရှိ။ လရိပ်ထင်ဆိုတာနှင့် ခင်မင်ရင်းနှီးကျွမ်းဝင်လိုတဲ့ မိန်းကလေးတွေပဲ ရှိသည်။

"လရိပ်ထင်ရဲ့ မာနတွေကိုလာပြီး ထိပါးတိုက်ခိုက်တဲ့ ဘယ်လိုလူမျိုးကိုမဆို လရိပ်ထင် ခွင့်မလွှတ်ဘူး မြရိပ်ညို ... "

သူ့ဘက်ကလည်း မြရိပ်ညိုရဲ့မာနကို စတင်တိုက်ခိုက်မိတာမျိုး ဖြစ်သွားမယ်ဆိုရင်တောင် သူက မြရိပ်ညိုရဲ့မာနကို ချိုးဖွဲ့တစစီ

လွှင့်ပစ်၊ ဆန္ဒမရှိ၍ ဥပေက္ခာပြုသွားတာပဲ ဖြစ်နိုင်သည်။ အဝါရောင်က မင်းမာနတွေကို ကိုယ့်ရူပါနဲ့ ရိုက်ချိုးဖွဲ့ခြွေပေးစေလိုနေတာပါ မြရိပ်ညို။ ဒါကလဲ ... သူငယ်ချင်းကောင်း မပီသတာ မဟုတ်ပါဘူး။ မင်းအပြုအမူအကျင့်စရိုက်တွေကို အမြင်ကတ်နေလို့ပါ။

"ဟာကွာ ... မြရိပ်ညိုအကြောင်းတွေပဲ ဘာဖြစ်လို့ ဝင်နေရတာလဲ"

သူ ရေပန်းအောက်မှာ အချိန်ဘယ်လောက်အထိ ကြာမြင့်သွားမှန်းမသိ။ တခိုက်ခိုက်တုန်ယင်လာကာ အသက်ရှူရပ်တော့မတတ် မွန်းကြပ်ကြပ်ကြီးဖြစ်လာ၍ ရေပန်းအောက်ကနေ ထွက်ပြစ်ရသည်။ ခန္ဓာကိုယ်တောင် ပြာနှမ်းနှမ်း။ အမွေးပွသဘက်ကြီးနှင့် ခန္ဓာကိုယ်အနှံ့ ပွတ်သတ်သုတ်သင် အခန်းထဲ ပြန်ဝင်လာခဲ့သည်။ ဖုန်းသံလေးမြည်လာသဖြင့် သူ ဖုန်းကို ဖွင့်ကြည့်လိုက်တော့ အဝါရောင် ဖြစ်နေ၏။ စောစောစီးစီး ဖုန်းမဆက်စဖူး အဝါရောင်က ဖုန်းဆက်တာတော့ သူ့ရင်တွေ ထိတ်ခနဲ တုန်လှုပ်သွားသလို သတ္တိတွေက ခပ်ကြောင်ကြောင်။ ဖုန်းကိုဖွင့်ပြီး နားထောင်ဖို့ နှေးကွေးနေသေးသည်။

"အဝါရောင် ... ပြော ... စောစောစီးစီး ထူးဆန်းတယ်ကွာ"

"လရိပ်ထင် ... တွေ့ကြရအောင်၊ မြရိပ်ညိုက ရှင့်ကို တော်





တော်လေး မကျေမနပ်ဖြစ်နေပုံပဲ ... အဝါရောင်တို့ သွားနေကျ Love ကို လာခဲ့ပါနော်"

"ကိုယ် ... "

"လာခဲ့စမ်းပါ ... ဆင်ခြေတွေ လက်ခြေတွေ ပေးမနေနဲ့၊ မြရိပ်ညိုကို ရှင်လိုက်လို့မရဘူး မဟုတ်လား ... စိမ်မခေါ်ရဲဘူးလား လရိပ်ထင် ဘယ်လိုလဲ ... "

"အိုကေ ... လာခဲ့မယ်"

"လောင်းကြေးစားကြေးနော် ... မြရိပ်ညိုကို ယောကျ်ားမုန်းတီးရေးဝါဒတွေ ဆွဲကိုင်ထားတာ အပြတ်ချွတ်ပြစ်ရမယ် ... အဝါရောင်တို့ကိုပါ မှိုင်းတိုက်နေလို့လေ ... "

"ကိုယ် လာခဲ့မယ် ... စောင့်နေ ... "

ကိုယ်စိမ်ခေါ်ချင်တာတော့ မဟုတ်ပါဘူး မြရိပ်ညို။ မင်းမာနတွေကိုလည်း ရိုက်ချိုးပြစ်ရအောင် မင်းနဲ့ကိုယ့်ကြားမှာ ဘယ်လိုရန်ညှိုးတွေမှမရှိခဲ့ကြတာပဲ။ မြရိပ်ညိုကို လရိပ်ထင် မမုန်းမိ။ မခံချင်စိတ်တွေနှင့် အောက်သက်သက်ဖြစ်နေတာကလွဲ၍ အညှိုးအတေးမရှိပေ။ မြရိပ်ညိုနှင့်တွေ့ရမယ်ဆို၍လားမသိ။ စောစောက လေးလံထိုင်းမှိုင်း ချိုနဲ့နဲ့ သူ့စိတ်တွေ လန်းဆန်းတက်ကြွလာသည်။

"မြရိပ်ညို ... မင်းနဲ့လရိပ်ထင်တို့ မာနစစ်ပွဲလေးကတော့

စတင်လာပြီထင်တယ် ... လရိပ်ထင်က အရှုံးမပေးတတ်ဘူး၊ မင်းဘက်က အနိုင်ယူဖို့ထက် အရှုံးမပေးရဖို့ ပြင်ဆင်ထားပေတော့ မြရိပ်ညိုရေ ... ”

အဝါရောင်ရဲ့ အကူအညီတောင်းခံမှုကို လရိပ်ထင် မထင်မှတ်ဘဲ ရည်ရွယ်ချက်မရှိ လက်ခံလိုက်ပြီဖြစ်သည်။ အဝတ်အစားက အစ သူ့အမြဲတမ်း ဂရုတစိုက် ရှိခဲ့တာထက်ပို၍ သတိထားရွေးချယ်ခဲ့၏။ မြရိပ်ညိုကို စွဲဆောင်ညို့ယူဖမ်းစားနိုင်ဖို့ ရည်ရွယ်လျှက်။ လရိပ်ထင် ပြင်ဆင်သည်။ မှန်ရှေ့မှာ လေးငါးကြိမ်လောက် ရပ်ကြည့်ပြီးမှ လရိပ်ထင် အပြင်သို့ထွက်ဖြစ်သည်။

“ညီ ... မင်းက ရှိုင်းထားလိုက်တာ ဘယ်လဲ ... ချစ်သူတွေ့နေပြီလား၊ မင်းချစ်တဲ့ကောင်မလေးကို တွေ့နေပြီဆိုရင်လည်း ဖေဖေ့ ငယ်ရည်စားဟောင်း ဒေါ်မြရောင်ခြယ်ရဲ့သမီး မဖြစ်စေနဲ့ ဘယ်လောက်ပဲ အရည်အချင်းတွေ ပြည့်ဝနေပါစေ ... မေမေက ချို့ယွင်းချက်တစ်ခု ထောက်ပြပြီး ငြင်းပယ်လိမ့်မယ်”

“ညီက ကိုကိုနဲ့မတူဘူးနော် ... ကျွန်တော်နဲ့ပေါင်းရမှာလေ”

သူ အခန်းထဲကအထွက်တွင် ကိုကိုနှင့်ဆုံမိပြီး ပြောခဲ့သည်။ အောက်ထပ်ဆင်းလာခဲ့တော့ ဖေဖေက ဧည့်ခန်းထဲမှာ အိပ်နေ၏။ စိတ်ပျက်လိုက်တာ ... ယောကျ်ားအပေါ် လွှမ်းမိုးလွန်းတဲ့ မေမေ





လွန်သည်ဟု လရိပ်ထင် ထင်သည်။

“သားငယ် ခဏနေဦး ... ”

မေမေက အပေါ်ထပ်လှေကားထိပ်တွင်ရပ်၍ သူ့ကိုလှမ်းအော်သည်။

“မင်းအဖေကို နှိုးလိုက် ... ပြီးတော့ အပေါ်ထပ်လွှတ်လိုက်၊ အခုချက်ချင်းနော် ... ပြဿနာရှင်းစရာရှိတယ်၊ မင်းရောပဲ ... ချစ်သူထားရင် ဒင်းရဲ့ငယ်ရည်းစားရဲ့သမီး မဖြစ်စေနဲ့ ... ကြားလား”

မေမေ အပေါ်သို့ပြန်လှည့်တက်သွားသည်။ သူ စိတ်အပျက်ဆုံးက မေမေ့အပြုအမူဟေ့ပဲ။ သည်းခံနိုင်လွန်းတဲ့ ဖေဖေ့စိတ်ဓာတ်ကိုလည်း အံ့ဩမိနေ၏။ လရိပ်ထင်ဆိုရင်ရော ... မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ သူအကြောက်ကြီး ကြောက်သည်။

“ဖေဖေ ... ဖေဖေ ... ထပါ၊ မေမေ ခေါ်နေတယ် ... အခုချက်ချင်းတဲ့ ... ဒေါသထွက်နေပြီ”

“ဟင် ... သားငယ်၊ ဘာပြောတယ်၊ မင်းမေမေ ဒေါသထွက်တာ ဆန်းလားကွ ... ရတယ် ဖေဖေ သွားတွေ့မယ်၊ မင်းရော ဘယ်လဲ ... ကျောင်းကိုလား၊ အရမ်းရှိုင်းထားတာပဲ၊ ကောင်မလေးတွေ့နေပြီလား”

“သား ကောင်မလေးတွေ့ရင်လည်း ဖေဖေ့ငယ်ရည်းစားရဲ့

သမီးတော့ မဖြစ်စေရပါဘူး"

"ဟား ... ဟား ... ဟား ... ဘာဆိုင်လဲကွ၊ အရေးကြီးတာက မင်းနဲ့ပေါင်းရမှာလေ ... မင်းဆုံးဖြတ်ရဲရလိမ့်မယ်၊ သတ္တိရှိကွာ"

ဦးမင်းထင်တောင် ခြယ်နဲ့ကို စွန့်လွှတ်၍ မိဘသဘောတူသော ရွှေပိတောက်နှင့် လက်ထပ်ခဲ့တာ အချစ်မပါတဲ့အိမ်ထောင်ရေး ဖြစ်နေသည်။ ကမောက်မက မိသားစု။ ဖရိုဖရဲ ... သားကြီးနှင့် သားငယ် ဆုံးဖြတ်ချက်တွေ ခိုင်မာစေချင်သည်။

"သား ... သွားတော့မယ်၊ မေမေ့ဆီ အမြန်ဆုံးနော် ဖေဖေ၊ တော်ကြာ ... သားပါ မဆီမဆိုင် အမှုပတ်နေလိမ့်မယ်"

သူ ထွက်လာခဲ့သည်။ မြရိပ်ညိုနှင့်တွေ့ဖို့ ထိတ်ထိတ်လန့်လန့် တုန်တုန်လှုပ်လှုပ် မဖြစ်ရန် အရေးတကြီး ထိန်းချုပ်ရမည်ဖြစ်သည်။ ကားကို စက်နှိုးတော့တောင် လရိပ်ထင်လက်တွေ တုန်တုံယင်ယင်။ မလွယ်ဘူး ... မြရိပ်ညို စစ်ပွဲက မစတင်ခင်ထဲက လရိပ်ထင် လက်နက်ချ အညံ့ခံ အရှုံးတွေနဲ့ နောက်ဆုတ်ရတော့မယ်ထင်တယ်။ သူ မောင်းထွက်လာခဲ့သည်။ အဝါရောင်ကိုတွေ့နေရ၏။ မြရိပ်ညို မရောက်သေးပေ။ သူ လျှောက်လာခဲ့သည်။

"အဝါရောင် ... ဘယ်လိုလဲ မြရိပ်ညို မလာဘူးတဲ့လား"

"လာလိမ့်မယ် ... သူလည်း စိမ်ခေါ်ပွဲကို လက်ခံတယ်"





Love ဆိုတဲ့ Coffee shop လေးအား ရွေးချယ်ထားတာပင်။ မဟာဆန်နေသည်။ ဆိုင်ရဲ့အခင်းအကျင်းကအစ။ ချစ်သူစုံတွဲတွေအတွက် သီးသန့်ပြင်ဆင်ထားခဲ့၏။ လရိပ်ထင်နှင့် မဆိုင်သလိုကို တစ်ကြိမ်တစ်ခါမျှ ခြေဦးပင်မလှည့်မိ။ Love သည် ချစ်သူစုံတွဲတွေအတွက် သီးသန့်လွတ်လပ်နိုးနှောပြောခွင့် ပေါက်ကွဲခွင့်ရှိသော Coffee Shop ဖြစ်သည်။

"ထိုင်ပါ"

"အဝါရောင်"

"မြရိပ်ညို လာနေပြီ"

လရိပ်ထင် လှမ်းကြည့်မိတော့ အဖြူစွတ်စွတ် ဝတ်စုံလေးနှင့် မိန်းမတို့ဏ္ဍာဖြေ ရွှေပေးလို့မရ။ ခြေတစ်လှမ်းကို ကုဋေတစ်သန်းတန်အောင် လျှောက်လှမ်းလာနေတဲ့ မိုးပေါ်က ပြုတ်ကျလာသော နတ်သမီးအလား အလွန်ချောမောလှပ ခမ်းနားသူဖြစ်နေသည်။

"အရမ်းလှတယ်နော် ... မြရိပ်ညိုက ပတ်ဝန်းကျင်ကိုလည်း သိပ်ဂရုစိုက်တတ်တာ မဟုတ်ဘူး၊ တကယ်ရဲရင့်ပြီး သတ္တိရှိတယ်၊ မြရိပ်ညိုနဲ့ယှဉ်ပြိုင်နိုင်မယ့် ပြိုင်ဘက်က ရှင်တစ်ယောက်ထဲရှိတယ်နော် လရိပ်ထင် ... "

အမှန်အတိုင်း ဝန်ခံရရင်တော့ မြရိပ်ညိုကို တွေ့လိုက်သည်

နှင့် လရိပ်ထင် ဆယ့်ငါးစက္ကန့်လောက် အသက်ရှူဖို့ မေ့လျော့သွားရ၏။ ပြိုင်ဘက်က ကြောက်စရာကြီးပဲ။ စတင်သည့်နေ့မှာပင် သူ့ဘက်က ဒူးထောက်လက်မြှောက် အရှုံးပေးချင်သွားသည်။

“လရိပ်ထင် ... လုပ်ပါဦး၊ သတိတွေ ဘာတွေလစ်သွားပြီလား၊ ရှုံးပါပြီ ... ဒုက္ခပဲ ... ပြိုင်ပွဲကို ဒိုင်ပွဲရပ်ရတော့မယ်ထင်တယ်၊ လရိပ်ထင် ... ဟဲ့ ... လရိပ်ထင် ...”

“ဟင် ... ဘာလဲ ... ပြောလေ အဝါရောင် ဘာလဲ ...”

“ပြိုင်ပွဲမစခင် ရှုံးနေပြီ ... ဒိုင်ပွဲရပ်တယ်”

“အဟက်”

လရိပ်ထင် ရယ်ပြစ်သည်။ သူ့နှုတ်ခမ်းသားတွေပေါ်က အပြုံးတောက်တောက်တွေက တစ်ဖက်မိန်းကလေးတွေအား ညို့ယူဖမ်းစားနိုင်တဲ့ ပါဝါတွေပြည့်နှက်နေတယ်လို့ အဝါရောင်ကအစ ချီးကျူးထောပနာ ပြုထားသည်။

“ရတယ် ... ဆက်ပြိုင်ဖို့ သဘောတူတယ်၊ လရိပ်ထင် ဘယ်တော့မှ မရှုံးစေရဘူး စိတ်ချ ... မြရိပ်ညိုကို ကိုယ်ဘယ်တော့မှ အရှုံးမပေးဘူး အဝါရောင် ...”

“အိုကေ ... ကြိုက်တယ် ... ရှင့်ဘက်က အညံ့ခံ အရှုံးပေးရင် အဝါရောင် တစ်သက်လုံး ယောက်ျားယူခွင့် ချစ်သူထားခွင့်မရှိ





တော့ဘူး ... မြရိပ်ညို စိမ်ခန့်ခွဲမှု ခံရလိမ့်မယ်”

“စောင့်ကြည့်လိုက်လေ ...”

အဝါရောင်ရဲ့ စည်းမျဉ်းဥပဒေက မြရိပ်ညိုဘက်ကဖြစ်စေ၊ လရိပ်ထင်ဘက်ဖြစ်စေ ချစ်တယ်ဆိုတဲ့ ချစ်ရေးဆိုမှု စတင်သူက အရှုံးပဲ။ ဒူးထောက်လက်မြှောက်ပြီး အနိုင်ရသူရဲ့ စေစားရာအောက်မှာ ပြားပြားဝပ် နာခံလုပ်ဆောင်ရမည် ဖြစ်လေသည်။

“ပြိုင်ပွဲစတင်ပြီ ... အဝါရောင့်ကို အပျိုကြီးဘဝ သေရင်တောင် ငှက်ပျောတုံးကြီးဖက်သေရမယ့်အဖြစ်မျိုးကြီး မကြုံပါရစေနဲ့နော် လရိပ်ထင် ... အားကိုးပါတယ် ...”

မြရိပ်ညို ခြေလှမ်းတွေက တဖြည်းဖြည်း လှမ်းလျှောက်ရင်း လရိပ်ထင်တို့ ထိုင်နေတဲ့စားပွဲကို ရောက်လာကာ တည်တင်းတဲ့ မျက်နှာထားနှင့် ခပ်ကျောကျောလေး ဝင်ထိုင်သည်။

“လရိပ်ထင်နဲ့ မြရိပ်ညိုတို့ ထိုင်ကြဦးနော် ... စကားပြောကြ၊ စစ်ပွဲက စတင်ပြီ ... နှစ်ဦးနှစ်ဖက် နှစ်ယောက်လုံး သဘောတူကြတယ်မဟုတ်လား၊ အဝါရောင်က ဒိုင် ... တစ်လကြာ အချိန်ပေးထားတယ် ... အမှတ်ပေးမှာနော်”

လရိပ်ထင်ရော ... မြရိပ်ညိုရောက နှစ်ဦးနှစ်ဖက် သဘောတူညီကြောင်း ခေါင်းညိတ်ပြကြသည်။ ဘာရယ်တော့မဟုတ်ပါဘူး။

မြရိပ်ညို့ရဲ့ မာန်မာနတွေကို ရိုက်ချိုးပြစ်ချင်တာတစ်ခုပဲ။ ယောက်ျား မုန်းတီးရေးဝါဒတွေ မထားသင့်ဘူးဆိုတာ မြရိပ်ညို့ကို လက်ခံစေချင်သည်။

"အဝါရောင်"

"ပြောပါ"

"ဒီကိစ္စ တို့သုံးယောက်ပဲသိပါစေ၊ တခြားသူ တစ်စုံတစ်ယောက် ဝင်စွက်ဖက်စရာလည်းမလိုဘူး ... အပျော်အပျက်ပဲ"

မြရိပ်ညို့ဘက်မှ စတင်စိမ်ခေါ်ပြစ်လိုက်ကြောင်း လရိပ်ထင် သိလိုက်သည်။ အပျော်အပျက်တဲ့။ လရိပ်ထင်လိုယောက်ျားက မင်း အတွက် အရေးမပါဘူးပေါ့။ မြရိပ်ညို့နဲ့လရိပ်ထင်တို့ကို ထားခဲ့ပြီး အဝါရောင် ထွက်သွားသည်။

"ကိုယ်က ယောက်ျားလေးဆိုတော့ မင်းကိုစတင်နှုတ်ခွန်း ဆက်သပါတယ် မြရိပ်ညို့ ... မင်းသုံးဆောင်ချင်တာ မှာနိုင်ပါတယ်"

"ရှင့်စိတ်တွေ သိပ်မမှန်တော့ဘူးထင်တယ် လရိပ်ထင်၊ အရင်ဆုံး ရှင့်စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားပါဦး ... Love Coffee Shop လေ ... အအေးတောင်မရဘူး မဟုတ်လား၊ ကျွန်မ က ကော်ဖီမကြိုက်လို့ မမှာတော့ဘူး ... ရှင်ပဲမှာပါ"

မြရိပ်ညို့ရဲ့စတင်ထိုးနှက်ချက်တွေက လရိပ်ထင်ရဲ့ နှလုံး





သားတည့်တည့်ကို အဆိပ်လူးမြှားတစ်စင်း ထိုးဖောက်ဝင်ရောက် သွားသလို နာကျင်စူးနစ်စွာ အရှက်တွေနှင့်သိမ်ငယ်ခြောက်ခြား သွားရသည်။ ဟုတ်ပါတယ် ... Love Coffee Shop က Coffee ကောင်းကောင်းတွေ Brand မျိုးစုံပဲ လက်ရွေးစင် ရောင်းချသော ဆိုင်ဖြစ်သည်။

"ဆောရီးနော် မြရိပ်ညို့ ... အဟက် ... ကိုယ်ဆန္ဒတွေစော သွားတယ်၊ ကိုယ်လည်း ကော်ဖီ မကြိုက်ဘူး"

"ဒီကော်ဖီရှော့က ရေတစ်ခွက်မှာသောက်ပြီး ထိုင်လည်း တားဆီးမယ့်သူ တစ်စုံတစ်ယောက်မှမရှိဘူး ... လရိပ်ထင် ကိစ္စ မရှိဘူး၊ ဒါပေမဲ့လည်း ရှင်နဲ့အကြိုက်ချင်းတူနေတာတော့ လုံးဝဆန့် ကျင်တယ်"

"ဟော့ ... ကော်ဖီတစ်ခွက်ပေးပါ ... "

လရိပ်ထင် ... ရှင်နဲ့ပတ်သက်ဖို့ ရှင့်ရဲ့စိမ်ခေါ်မှုကို ကျွန်မ လက်ခံခဲ့တာ ကျွန်မကို အရမ်းပျော့ညံ့တယ်လို့ မသတ်မှတ်လိုက်နဲ့ နော်။ အဝါရောင် ရှိနေပါတယ်။ အဲဒါကလေ ... ကျွန်မအစ်မ မြရောင်လွှမ်းအတွက်ပဲ။ ကျွန်မ သတင်းအတိအကျ စုံစမ်းသိရှိထား တာကလေ ရှင့်အမေရဲ့စံချိန်မမှီတဲ့ ချွေးမအဖြစ် သတ်မှတ်ပြီးအပြစ် မရှိတဲ့ ရိုးသားဖြူစင်သူ ကျွန်မရဲ့တစ်ဦးတည်းသော မမမြရောင်

လွှမ်းကို ရှင့်အစ်ကို နေထွန်းတောက်က ရက်ရက်စက်စက်စွန့်ပြစ်ထားခဲ့လို့ လရိပ်ထင်ရဲ့ စိမ်ခေါ်မှုကို မြရိပ်ညို လက်ခံလိုက်တာပဲ။ လရိပ်ထင်ရဲ့အကြည့်တွေက ဒေါသတွေ မာန်မာနတွေ အလျှဉ်းမရှိ။ အပြုံးတောက်တောက်တွေနှင့်သာ။

## အခန်း ( ၆ )

"ရှင့်အစ်ကို နေထွန်းတောက် ဘာကြောင့်လဲ ... ဘာကြောင့်လဲ ... ဖြူစင်ပြီး ဣန္ဒြေကြီးမားတဲ့ ကျွန်မအစ်မကို ဘာကြောင့် အဆက်အသွယ်ဖြတ်လိုက်ရတာလဲ ... ရှင့်အမေကတော့ ဘယ်လိုစံချိန်စံနှုန်းတွေ သတ်မှတ်ထားလို့ ကျွန်မအစ်မ မြရောင်လွှမ်းကို ချွေးမတစ်ယောက်အဖြစ် လက်မခံနိုင်ရတာလဲ"

မြရိပ်ညို ... မိုးထစ်ချုန်းသကဲ့သို့ ပေါက်ကွဲသံကြီးနှင့်အော်ဟစ်မေးချင်သည်။ မမမြရောင်လွှမ်း ... အသည်းနှလုံးတွေ ဟက်ဟက်ကွဲကာ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေတာ ရှင်သိလား။ မာမို့ကိုလည်း မတင်ပြရဲဘူး။ မမမြရောင်လွှမ်း ကြိတ်မှိတ်ခံစားနေရင်း ဘယ်လိုမှ မခံစားနိုင်တော့တဲ့နောက်ဆုံးမှ မြရိပ်ညိုကို လာရောက်ရင်ဖွင့်ပြခဲ့တာပါ။ ကိုနေထွန်းတောက်ကို အရမ်းချစ်မိသွားတယ်တဲ့။

ကိုနေ့ဘက်ကလည်း မမကို အရမ်းချစ်ပါတယ်။ မမလွှမ်း သိပါတယ်။ ဒါပေမဲ့လေ ... ကိုနေက အမေကို ချစ်လွန်းတဲ့သား။ ဘယ်အရာမဆို အမေ့ဆန္ဒအတိုင်းပဲဖြစ်စေတာပါ။ ကိုနေ့အမေက လက်မခံဘူးတဲ့။ မမလွှမ်း ဘာဆက်လုပ်ရမလဲ။ သွန်သင်ဆုံးမစကားတွေက အမှန်ပဲ မြရိပ်ညို့ရယ်တဲ့။ မိန်းကလေးတစ်ယောက်အနေနဲ့ ယောကျ်ားလေးတစ်ယောက်ကို တစ်သက်တာလုံး လက်တွဲပေါ်အဖြစ်ရွေးချယ်မယ်ဆိုရင် အမေကိုချစ်လွန်းတဲ့ ယောကျ်ားဆို မရွေးချယ်သင့်ဘူးတဲ့လေ။

"ကိုလရိပ်ထင် ... ရှင့်ကိုမေးခွန်းတစ်ခုလောက် မေးမယ်"

"မေးပါ မြရိပ်ညို ... "

"ရှင့်ရဲ့ဘဝမှာ မိခင်ရဲ့လွှမ်းမိုးမှုက ရာခိုင်နှုန်းဘယ်လောက်အထိ ရှိမလဲ ... "

"မရှိဘူး ... လုံးဝကိုမရှိတာ၊ ကိုယ်က ကိုယ့်ဘဝရှေ့ရေးအတွက် အစထဲက မေမေ့လွှမ်းမိုးမှု ရှိမနေဖို့ ဆန့်ကျင်နေခဲ့တာလေ"

မြရိပ်ညို ဒီမေးခွန်းကိုမေးပြီး ငါနဲ့လည်း ဘာမှမဆိုင်ပါလား။ လရိပ်ထင်ကို မြရိပ်ညို့ရဲ့ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်မှာမှမဟုတ်တာဘဲ။ ရှင်နဲ့ပတ်သက်ပြီး မြရိပ်ညို နှလုံးသားတွေထဲမှာ





အချစ်ဆိုတာ ဘယ်တော့မှ ရှိမလာနိုင်ပါဘူး လရိပ်ထင်။

"မာမီ့မှာ ဘဝတစ်လျှောက်လုံး ဘယ်တော့မှ မေ့ပျောက်ပြစ်လို့မရတဲ့ ဒဏ်ရာဒဏ်ချက်တစ်ခုရှိတယ် ... မာမီ့ငယ်ချစ်ဦးကြောင့်ပဲ ... သစ္စာကြောင်တဲ့ ယောကျ်ားပဲ ... အမေကို အရမ်းချစ်ပြီး အမေ့စကားနားထောင်တယ်၊ မာမီ့ကိုတော့ သူကမေးပါသေးတယ် ... ခိုးရာလိုက်ခဲ့ပါတဲ့၊ ဘာလုပ်တော့မှာလဲ၊ သူက အမေကို အရမ်းချစ်တဲ့ယောကျ်ားလေ ... မာမီအပြတ်ပဲ ငြင်းဆန်ပစ်ခဲ့တယ်၊ မိဘဆွေမျိုး အသိုင်းအဝိုင်းတွေလည်း အရှက်တကွဲနဲ့ ဂုဏ်သိက္ခာမဲ့ရမယ် ... မာမီလည်း ဘဝတစ်လျှောက်လုံး ယောက္ခမရဲ့ အနှိမ်ခံဘဝကိုရောက်ရမှာလေ ... အဲဒီလောက်အထိတော့ မာမီမိုက်ရူးရဲမဆန်ချင်ဘူး ... ယောကျ်ားတွေက အလကားပါ ... မိန်းမတွေဘက်ကနေ ဘယ်တော့ညှာတာထောက်ထားမှု မရှိကြဘူး ... သမီးတို့ဒက်ဒီကိုပဲကြည့်လေ ... မိန်းမအပေါ် သစ္စာမဲ့တယ်၊ သူသေတာတောင် သူရှုပ်ပွေခဲ့တဲ့ မိန်းမတွေနဲ့ ပိုင်ဆိုင်မှုနေခဲ့ကြရသေးတယ်"

မာမီ အမြဲတမ်း ပြောပြတတ်တဲ့ ယောကျ်ားတွေရဲ့အကြောင်းပါ။ မြရိပ်ညို့လည်း ဒက်ဒီ့အပြုအမူတွေကို သဘောမကျဘူး။ မာမီ့ကြည့်လိုက်ရင် ငိုကြွေးသောကတွေ လောင်မြိုက်နေခဲ့ရတာလေ။ ပြောစရာစကားကုန်သွားသလို နှုတ်ဆိတ်သွားကြပြီး

မြရိပ်ညို ကော်ဖီခွက်လေးကို ကောက်ယူ၍ သောက်သည်။ ခါး လွန်း၏။ တန်ဖိုးကြီးမားတဲ့ ကော်ဖီတစ်ခွက်ပါ။ ကော်ဖီဆိုရင် ခါး ခါးမှကောင်းတာတဲ့။ မြရိပ်ညိုကမကြိုက်။ သူ့ကိုရွဲ့ပြီး မှာတားတာ ပါ။ ကော်ဖီတစ်ငုံသောက်ပြီး သူမျက်နှာလေးမဲ့တဲ့တဲ့လေး ဖြစ်သွား တာ သူသတိထားပြီး ပြုံးသည်။

"ကိုယ်ကတော့ ကိုယ်မနှစ်သက်တဲ့အရာတစ်ခုကို ဘယ်လို အကြောင်းနဲ့မှ ပတ်သက်ဖို့မစဉ်းစားဘူး မြရိပ်ညို ... ဘာဖြစ်လို့များ ကိုယ်မနှစ်သက်တဲ့အရာကြီးကို လည်ချောင်းထဲမျိုချရလဲကွာ"

"အဲဒါက ကျွန်မကိစ္စပါ ... ရှင်နဲ့မဆိုင်ဘူး"

"ဟုတ်လား ... ကိုယ်ကဆိုင်တယ်လို့ ထင်သွားတယ်၊ ဟုတ်သားပဲ ... ကိုယ်တို့နှစ်ယောက် တွေ့ဆုံမှုက အပျော်အပျက်ပဲ လေ၊ ဘာအကြောင်းနဲ့ Love Coffee Shop မှာ နှစ်ယောက်သား မျက်နှာချင်းဆိုင် လာထိုင်နေကြရတာလဲ ... တကယ့်ကို အူကြောင် ကြောင်ကြီးကွာ"

နှစ်ယောက်သားက တကယ့်ကိုအူတူတူ။ ဒိုင်လူကြီး လုပ် ပေးတဲ့ အဝါရောင်အရိပ်အယောင်ပင် မတွေ့ရတော့။ မြရိပ်ညိုကို အဝါရောင်ကပြောတာက ရှင်က ယောကျ်ားမုန်းတီးရေးဝါဒကို ဆုပ် ကိုင်ထားတဲ့သူဆိုတော့ လရိပ်ထင်နဲ့တွဲကြည့်ပါလား။ လရိပ်ထင်





ကြွေးကြော်ထားတာက သူ့ကိုယ်သူ ဖိုးစွန်ကြီးတဲ့။ ပျိုတိုင်းကြိုက် တဲ့နှင်းဆီခိုင်တဲ့။ ဘယ်လိုလဲ စိမ်ခေါ်မလား။ အချစ်ကိုဘယ်သူက စတင်မလဲ ... အချစ်ကို စတင်သူအရှုံးပဲ။ အချစ်ကို လက်ခံလိုက်ရင် လည်း အရှုံးပဲနော်တဲ့။

"ကျွန်မ လက်ခံတယ် ... လရိပ်ထင်ဘက်ကပဲ ကျွန်မကို စတင်ပြီး အရှုံးအမှုးစွဲလမ်းသွားစေရမယ် ... အဝါရောင် စောင့်ကြည့် နေ ... "

လရိပ်ထင်နှင့်ပတ်သက်ဆက်ဆံရန် မြရိပ်ညို လက်ခံလိုက် ရတာက ခိုင်လုံတဲ့အကြောင်းပြချက်တစ်ခု ရှိနေသည်။ မမမြရောင် လွမ်းကြောင့်ပဲ ... ရှင် မလွဲမသွေ ကျရှုံးစေရမယ်။ ချွေးမစံရွေး လွန်းတဲ့ ရှင့်အမေ ... မြရိပ်ညိုကိုတော့ ဘယ်လိုအကြောင်းပြချက် နဲ့မှ ငြင်းပယ်ခွင့်မရနိုင်စေရဘူး။ အကြည့်ချင်းဆုံသည်။

"မင်းက သတ္တိရှိတယ်၊ ရဲရင့်တယ်၊ လှပတယ်၊ ချစ်စရာ ကောင်းတယ် ... "

"ရှင်"

"ကိုယ်တစ်ခုလောက် မေးခွင့်ရှိမလား"

"သိပ်ရတာပေါ့ ... ရှင့်ကိုလည်း ကျွန်မ သိချင်တဲ့မေးခွန်း မေးခဲ့တာပဲလေ ... မေးပါ ... "

"ကိုယ့်ကို ကိုယ့်အမေရဲ့ လွှမ်းမိုးမှု ဘယ်လောက်အထိ ရှိနေလဲလို့ ဘာဖြစ်လို့မေးရတာလဲ … မင်းက ကိုယ့်အမေရဲ့ချွေးမအဖြစ် တော်ရမယ့် မိန်းမတစ်ယောက်လည်း လုံးဝမဟုတ်ဘူးလေ"

"ဘာ … "

သူမ ဒေါသတကြီး အော်လိုက်မိပြီးမှ သူမ မေးခွန်းက သံသယဖြစ်စရာ၊ စောဒက တက်နိုင်တဲ့ မေးခွန်း ဖြစ်နေသည်။ လရိပ်ထင်ကို ချစ်သူအဖြစ် မြရိပ်ညို ရွေးချယ်မှာမို့လား။

"ဖြေလေ … "

"ကျွန်မက အမေရဲ့လွှမ်းမိုးမှု ရာခိုင်နှုန်းပြည့်ရှိတဲ့ ယောကျ်ားတစ်ယောက်ဆိုရင် လုံးဝအထင်သေးတယ် … သတ္တိကြောင်တဲ့သူ အစွမ်းအစ မရှိဘူးလို့ သတ်မှတ်ထားလို့ စောစောစီးစီးထဲက ကျောခိုင်းမလို့ … "

သေလိုက်တော့ … ကိုကိုနေထွန်းတောက်ကို သတိရမိသွားသည်။ မြရိပ်ညိုရဲ့ မျက်ဝန်းတွေက မာမာကျောကျော နှလုံးသားတွေထဲမှာ အချစ်မရှိနိုင်။ လရိပ်ထင် ရှုံးတော့မယ်ထင်တယ်။

"ကိုယ်နဲ့မြရိပ်ညိုတို့ တစ်ယောက်နဲ့တစ်ယောက် ဖုန်းနံပါတ်တွေပေးထားသင့်တယ်ထင်တယ် … ကိုယ့်ရဲ့ လိပ်စာကဒ်ပါ"

မြရိပ်ညိုကတော့ သူ့တောင်းဆိုမှုကို လက်ခံ၍ သူမ ဖုန်း





နံပါတ်အား သူ့ဖုန်းထဲ ရိုက်ထည့်ပေးလေသည်။ သူတို့နှစ်ယောက်က တွေ့ဆုံကြတာ တစ်ရက်ကျော်ကျော်ပဲရှိနေသေးသဖြင့် စကားကပြောစရာမရှိသလို နှုတ်ဆိတ်နေကြ၏။ တစ်ဘက်ဝိုင်းမှ စုံတွဲကတော့ စကားများရန်ဖြစ်နေပုံပင်။ တိုးတိုးတိတ်တိတ် ဖြေရှင်းနေကြရာမှ အော်ကြီးဟစ်ကျယ် ဖြစ်လာကြသည်။

"စိတ်ပျက်လိုက်တာ ယောကျ်ားဖြစ်ပြီး မိန်းကလေးနဲ့တုဘက်ရန်ဖြစ်နေသေးတယ် … မုန်းစရာကောင်းလိုက်တာနော်"

ယောကျ်ားလေးက အော်ဟစ်ဆဲဆိုရင်း လက်ပါလာသဖြင့် ထပြန်သွားကြသည်။

"ယောကျ်ားတွေဆိုပြီး အားလုံးသိမ်းကြုံးမပုတ်ခတ်သင့်ဘူးထင်တယ်နော် မြရိပ်ညို … ကိုယ်က နူးညံ့ပါတယ်"

အပြုံးတောက်တောက်တစ်ခု ညို့ယူဖမ်းစားနိုင်စွမ်းရှိသည်။ ညို့ချက်ကပြင်းပြင်း။ ဒါပေမဲ့လည်း မြရိပ်ညို နှလုံးသားတွေက နာကြည်းမုန်းတီးမှုတွေ ပြည့်နှက်လွန်းသည်။

"ပတ်ဝန်းကျင်က ကိုယ်တို့နှစ်ယောက်ကို စိတ်ဝင်စားနေကြတယ်ထင်တယ် မြရိပ်ညို … "

"ပြန်ကြရင် ကောင်းမယ်ထင်တယ်"

"မြရိပ်ညို သဘောပါပဲ"

ပြန်ကြမည်ဟု နှစ်ယောက်လုံး သဘောတူလက်ခံလိုက်ကြပေမယ့် လရိပ်ထင်ရော မြရိပ်ညိုပါ ဦးစွာမတ်တတ်ရပ်ဖို့ တုန့်နှေးနေကြသည်။ ဒီလိုနေရာမျိုးမှာ မြရိပ်ညိုက ယောကျ်ားတစ်ယောက်နှင့် မဆီမဆိုင် နှစ်ယောက်ထဲထိုင်နေဖို့ မသင့်ဟု ထင်မြင်ယူဆ၍ ပြန်ဖို့ဆုံးဖြတ်သည်။

"ဒီဆိုင်လေးက ကိုယ်တို့နှစ်ယောက် ဆက်ထိုင်ဖို့ မသင့်တော်တော့ဘူးထင်တယ် ... မြရိပ်ညိုရဲ့ ဂုဏ်သိက္ခာအတွက်ပါ"

လရိပ်ထင်ရဲ့အစ်ကို နေထွန်းတောက်ကို မြရိပ်ညို မမြင်ဘူးလေ။ မမလွှမ်းက အရမ်းလျှို့ဝှက်သိပ်သည်းစွာ ချစ်သူထားခဲ့ခြင်းသာဖြစ်သည်။ မာမီကိုလည်း အသိမပေးရဲ။ သမီးတွေရဲ့ချစ်သူရည်းစားအား မာမီ့ရဲ့စံနှုန်းတွေနှင့် စီစစ်တော့မည်။ ဆူပွက်မည်။ မမလွှမ်းက အကြောက်ကြီး၏။ မြရိပ်ညိုက ယောကျ်ားတွေကို အထင်မကြီးဘူး။ အကောင်းလည်းမမြင်တတ်၍ တစ်ယောက်ထဲ ဆုံးဖြတ်ပြီး ချစ်သူထားခဲ့သည်။

"ဟုတ်တယ် ... ပြန်ကြရအောင်၊ ဒိုင်လူကြီး ဘယ်ရောက်သွားလဲ အဝါရောင် ... "

လရိပ်ထင်ရော မြရိပ်ညိုရော နှစ်ယောက်သား ပြိုင်တူထလိုက်တဲ့အချိန်တွင် အဝါရောင်က ကောင်တာစားပွဲအကွယ်ကနေ





ထွက်လာလေသည်။

"ရှင်တို့နှစ်ယောက်ကို အကဲခတ်ချောင်းကြည့်နေတာလေ၊ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလိုက်တာ ... ဒိုင်ပွဲရပ်ရတော့မယ်ထင်တယ်"

"တကယ်ပါပဲဟယ် ... ဘယ်အချိန်ကများ ပြန်ဝင်လာပြီး ချောင်းနေရတာလဲ"

"ရှင်တို့နှစ်ယောက်လုံး သတိမထားမိကြလောက်အောင် အရှိန်တက်နေကြတာ မဟုတ်လား"

"သေလိုက်ပါလား ... "

မြရိပ်ညို ရှေ့ကနေ ထွက်လာခဲ့သည်။ ဟုတ်တယ် ... မြရိပ်ညိုတို့နှစ်ယောက် တွေ့ဆုံမှုက အေးစက်စက်။ အပျော်အပျက်နှင့် ဝတ်ကျေတန်းကျေ။ သူမ ကားပေါ်တက်ပြီး စက်နှိုးသည်။

"နေဦးလေ မြရိပ်ညို ... ဘယ်လိုဖြစ်ပြီး သတိလက်လွတ်တွေ ဖြစ်သွားရတာလဲ ... အဝါရောင်ကို ထားခဲ့မလို့လား"

ဟုတ်သားပဲ။ မြရိပ်ညိုရဲ့ကားနှင့် အဝါရောင်က လိုက်လာတာပါ။ မြရိပ်ညိုလည်း အဝါရောင်ပြောလည်း ပြောချင်စရာ။ လရိပ်ထင်ရှေ့မှာ ကယောင်ကတမ်းနှင့် အမှေ့မှေ့ အလျှော့လျှော့ဖြစ်နေသည်။

"သွားပြီနော် လရိပ်ထင် ... ကံမကုန်ရင်တော့ ပြန်ဆုံကြသေးတာပေါ့၊ တစ်လနော် ... ပြိုင်ပွဲကစတင်ပြီ၊ အားတင်းထား"

"အိုကေ ... အဝါရောင် စိမ်ခေါ်ရင် တိမ်ပေါ်အထိ ကိုယ်က လိုက်ချင်ပါတယ်"

မြရိပ်ညိုကတော့ သူနှုတ်ဆက်နေတာကို အသိအမှတ်ပြုရုံလေးပဲ ခေါင်းညိတ်ပြမိသည်။ သူကား ထွက်သွား၏။ တစ်မျိုးပဲ။ သူ့အပြုံးက မိန်းကလေးတစ်ယောက်ရဲ့ရင်ကို လှုပ်ခတ်စေနိုင်တဲ့အထိ ညို့ချက်ပြင်းတယ်ဆိုတာ မြရိပ်ညိုပင် လက်ခံရမလို ဖြစ်နေသည်။

"ဟဲ့ မြရိပ်ညို ... ရှင် တောင့်ခံထားနိုင်ပ့ါမလား လရိပ်ထင်က တကယ့်ကို တကယ့်ကိုပဲ ဆွဲဆောင်မှုရှိတယ်နော် ... "

"ကျွန်မကတော့ သာမန်ယောကျ်ားတစ်ယောက်လိုပါပဲ၊ ကြာကြာတောင် ဆက်မထိုင်ချင်တော့လို့ ပြန်လာတာလေ"

"မြရိပ်ညို ... "

"ဘာလဲဟ ... "

"နေပါဦး ... ရှင်ဘာဖြစ်လို့များ ယောကျ်ားတွေနဲ့ပတ်သက်လာရင် ရှင့်နှလုံးသားက ကျောက်တိုင်ကျောက်ခဲလို မာကျောနေရတာလဲ"





အဖြေမပေးချင်။ မြရိပ်ညိုရဲ့ဒက်ဒီကြောင့်ပဲလား။ ငွေကြေးစီးပွားဥစ္စာတိုးပွားအောင် ရှာဖွေနိုင်တဲ့ဒက်ဒီက မိန်းမငယ်လေးတွေနှင့်လည်း ရှုပ်ပွေနေခဲ့၍ မာမီမျက်ရည်နှင့်မျက်ခွက်။ မာမီ့အပေါ် ငယ်ရည်းစားပဲ ချစ်ခင်နှစ်သက်နေသည်ဟူသော စွပ်စွဲပုတ်ခတ်ချက်နှင့် မာမီ့ကို သစ္စာမဲ့တာ မတရားဘူးဟု မြရိပ်ညို ငယ်စဉ်လေးထဲက ထင်မြင်ယူဆပြီး မာမီ့ဘက်မှ နာကြည်းလာခဲ့သည်။

"မသိဘူး မြရိပ်ညို ... မဖြေချင်ဘူး၊ ကျွန်မ မာမီကြောင့်လည်း ဖြစ်နိုင်တာပဲ ... စည်းကမ်းကြီးတယ်လေ ... "

"မိန်းကလေးတစ်ယောက်အနေနဲ့ ယောကျ်ားလေးတွေနဲ့ အရမ်းအကင်းရှင်းကြီး နေလို့မသင့်တော်ဘူးလို့ အဝါရောင်ထင်တာပဲ ... ရွေးချယ်တတ်ရမယ်လေ၊ အတွေ့အကြုံလိုအပ်တယ်၊ တော်ကြာ ... တွေ့တဲ့လူချစ်ပြီး အရွေးမှားနိုင်တာပဲ မြရိပ်ညို"

"ဘာမှမဆိုင်ပါဘူးဟယ် ... မိန်းကလေးအများစု နှစ်သက်သဘောကျရင်ခုန်တဲ့ လရိပ်ထင်ကို ကျွန်မ လုံးဝမတုန်လှုပ်ဘူး ခံစားလို့တောင် မရဘူး အဝါရောင် ... "

"သေချာလို့လား"

"စောင့်ကြည့်လိုက်လေ ... "

အဝါရောင် ထင်မြင်ချက်တွေကိုလည်း မြရိပ်ညို အရမ်းကြီး

မဆန့်ကျင်ရဲ။ မမမြရောင်လွှမ်းလည်း မာမို့ရဲ့ ထိန်းကွပ်အုပ်ချုပ်မှုအောက်မှာ ဗိုင်းကောင်းကျောက်ဖိ ကြီးပြင်းလာခဲ့ရပြီး ယောကျ်ားလေး သူငယ်ချင်းပင် မရှိခဲ့။ နေထွန်းတောက်နှင့် ဘယ်လိုကနေဘယ်လို ဆုံတွေ့ရင်းနှီးကျွမ်းဝင်၍ ချစ်သူဖြစ်ကြတာ တစ်ယောက်ထဲဆုံတွေ့ပြီး တစ်ယောက်ထဲကိုပဲ စွဲလမ်းနှစ်သက်ချစ်နေတာ ဖြစ်နိုင်သည်။

"မြရိပ်ညို ... ရှင့်ကို ဖွင့်ဟဝန်ခံစရာရှိတယ် သိလား၊ အဝါရောင်မှာ ချစ်သူရှိနေပြီ"

"ဟင် ... ဘယ်ကလဲ ... ဘယ်သူလဲ ... ပြောစမ်း ကောင်မ၊ ရည်းစားထားတာပဲ ဟင်းရွက်ကဇွန်းရွက် ဝယ်သလို လွယ်လိုက်တာ ... လျှို့ဝှက်လိုက်တာ"

"မိတ်ဆက်ပေးမယ်၊ သူလိုက်နေတာ ကြာပါပြီ ... မနက်ကမှ အဝါရောင် ချစ်တယ်လို့ ပြောလိုက်တာ"

"ဘုရားရေ"

မြရိပ်ညိုရဲ့ ယောကျ်ား မကောင်းကြောင်း မုန်းတီးရေးတရားတွေ နှေ့စဉ်နာကြားခဲ့ရတဲ့အဝါရောင်။ ချစ်သူတောင်ရှိသွားပြီ ဖြစ်သည်။

❂

အခန်း ( ၇ )

မြရိပ်ထင်နှင့် မြရိပ်ညိုတို့ နှစ်ယောက်လုံးမှာ မာနတွေ ပြိုင်နေကြ၍ တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံဖို့က ကြားခံတစ်စုံတစ်ယောက် မရှိဘဲ တွေ့ဆုံဖို့ အလွန်ခက်ခဲနေလေသည်။ ဒိုင်လူကြီး အဝါရောင်က ချစ်သူရှိသွား၍ မြရိပ်ညိုနှင့်ရော လရိပ်ထင်နှင့်ပါ မတွေ့ဆုံနိုင်ဘဲ ဖြစ်နေသည်။ အဝါရောင်အတန်းတွေပင် ပျက်စပြုလာသဖြင့် မြရိပ်ညို ဒီအတိုင်းလွှတ်ထား၍ မဖြစ်ဘူးဟု ထင်မြင်ယူဆလာပြီး အဝါရောင့်ကို အတန်းလာတက်တဲ့ အချိန်လေးမှာပင် အလုအယက် စကားပြောရသည်။

"အဝါရောင် ... ရှင် ဘာတွေဖြစ်နေတာလဲ၊ အတန်းတောင်မတက်ဘူးနော် ... ချစ်သူရှိတာလည်း ရှိတာပေါ့၊ ရှင့်ပညာရေးလည်း ဂရုစိုက်စမ်းပါ"

"ဆောရီးပါ မြရိပ်ညို ... အခုမှ ချစ်စခင်စ ချစ်သူနှစ်ယောက်ဆိုတော့ မတွေ့ရမနေနိုင် ဖြစ်နေတယ်"

"အဓိပ္ပာယ်မရှိတာဘဲပါ ပညာတစ်ပိုင်းတစနဲ့များ ဘဝမှာ ဘယ်အရာက အရေးကြီးလဲဆိုတာ ဦးနှောက်နဲ့စဉ်းစားစမ်းပါ အဝါရောင် ... အချစ်အတွက် မရူးသွပ်စမ်းပါနဲ့"

"ဟဲ့ ... ရှင်ကရော ... "

"ဒိုင်ကပွဲရပ်သွားလို့လေ"

"ဆက်ပြိုင်လေ ... ဘာဆိုင်လဲ၊ ဒိုင်က စောင့်ကြည့်သူပဲ၊ ရှင်တို့နှစ်ယောက်က မာနတွေ ထားနေကြတာပဲ"

"အဝါရောင် ... "

"ပြော"

"ရော့ ... "

"ဘာလဲဟ ... "

မာမီချိတ်ဆွဲပေးထားတဲ့ နံရံမှစာတွေကို ကူးယူလာပြီး အဝါရောင့်ကို ပေးလိုက်ရာ ... ဖတ်ကြည့်၍ မျက်နှာလေး ရှုံ့တွသွားသည်။

"မလိုပါဘူး ... အရေးမပါတာဘဲ၊ ဒီအချက်တွေနဲ့သာ တိုက်ကြည့်နေရင် တစ်သက်လုံး လင်ရမှာမဟုတ်တော့ဘူး ... ဟဲ့ မြရိပ်





ညို ကြည့်စမ်း ... ရှင့်မာမီ စံနှုန်းတွေနဲ့ ကိုက်ညီတာ လရိပ်ထင်နော်"

မြရိပ်ညိုလည်း အခုတလော လရိပ်ထင်ရဲ့ အရည်အချင်း စံနှုန်းတွေကို စစ်ဆေးကြည့်မိနေသည်။ တစ်ချက်လေးမှ မငြိစွန်းကြောင်း သတိထားမိပေမယ့် မြရိပ်ညိုဘက်က လုံးဝချစ်သူအဖြစ် ရွေးချယ်လို့မရတဲ့အကြောင်း ရှိနေ၏။ ဒါကတော့ မမလွှမ်းချစ်သူ နေထွန်းတောက်ရဲ့ ညီဖြစ်နေသည်။

"သေချာကြည့်စမ်း ... တစ်ချက်မှကို မငြိတာ မြရိပ်ညိုရာ၊ ရှင့်ရဲ့ ယောကျ်ားတွေအပေါ် ထင်မြင်ယူဆချက်က အဓိပ္ပာယ်မဲ့ လွန်းပါတယ် ... လရိပ်ထင်ကို ရွေးချယ်လိုက် ... ဒါမှ တို့တွေ မြရိပ်ညို အထီးမကျန်တော့မှာ"

"တော်ပြီ ... ရှင့်စကားတွေ ရပ်တန်းကရပ် ... ပြန်ပေးတော့ အသုံးမချတတ်တဲ့ မိန်းကလေးတွေအတွက် တန်ဖိုးမဲ့တဲ့ စာတန်းတွေပဲထင်တယ် ... မြရိပ်ညို ပြောချင်တာကလေ ကိုယ့်ဘဝအတွက် ပညာရေးက အရေးကြီးတယ်ဆိုတာပဲ ... မြရိပ်ညိုနဲ့ သူငယ်ချင်းဖြစ်ပြီး ဘာဖြစ်လို့များ နားမဝင်ရတာလဲ"

"မြရိပ်ညိုရယ် ... ရှင့်အစွဲတွေ ချွတ်ပစ်ချင်တယ်၊ မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ အိမ်ထောင်ပြုခြင်းကလည်း လုပ်သင့်တာမဟုတ်ဘူးလား ... ရှင်က တကယ်စိတ်မာတယ်၊ အင်းလေ

လရိပ်ထင်လို ယောက်ျားမျိုးကိုတောင် စိတ်မဝင်စားတဲ့ မြရိပ်ညို၊ ဒိုင်ပွဲရပ်ပြစ်လိုက်တာပဲ ကောင်းပါတယ်၊ ဟဲ့ ... ဟိုမှာ သူလာနေပြီ ... အဝါရောင် သွားတော့မယ် ... ဘိုင့်”

အဝါရောင် လှမ်းပြတဲ့သူကို လှမ်းကြည့်လိုက်တော့ အဝါရောင်ထက် အရမ်းကို အသက်ကြီးနေသည်ဟု ထင်မိသည်။ ဘယ်လိုများ တွေ့ဆုံကြတာလဲ။ အဝါရောင့်ကိုကြည့်ရတာ ထိုသူ့အပေါ် အစွဲလမ်းကြီး စွဲလမ်းနေပုံပင်။ သူငယ်ချင်းကိုတောင် ဥပေက္ခာပြုထားခဲ့ပြီး ချစ်သူလက်မောင်းကို အားကိုးတကြီး ချိတ်တွဲလျှက် ကားပေါ်တက်သွားသည်။

“အဝါရောင်တော့ မှားပြီထင်ပါတယ် ... အသက်က အရမ်းကြီးနေတော့ လူပျိုလူလွတ်မှ ဟုတ်ရဲ့လား မလွယ်ဘူး ... ”

အဝါရောင်အတွက် မြရိပ်ညို စိတ်ပူမိနေသည်။ မာမီ့အဆုံးအမ စာတန်းတွေက တကယ်တော့ မိန်းကလေးတစ်ယောက် လေ့လာဆင်ခြင်သင့်သည်ဟု မြရိပ်ညို အခိုင်အမာ ယူဆထားမိလေသည်။ တစ်ယောက်ထဲ ခုံတန်းလေးပေါ်ထိုင်ပြီး စာဖတ်နေ၏။ အတန်းက တစ်ချိန်ကျန်သေးတယ်။ မြရိပ်ညိုက ပညာရေးဘက်မှာ ထူးချွန်စေရန် အစွမ်းကုန်ကြိုးပမ်းနေသည်။ ဘယ်လိုအကြောင်းနဲ့မှ အပျက်မခံနိုင်ပါဘူး။ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ





တွေ တန်ဖိုးကြီးမားစေတာကလည်း ပညာရေးမှာ ထူးချွန်ရန် လိုအပ်သည်ဟု ယူဆမိသည်။

“မြရိပ်ညို ... ”

“ရှင် ... ဪ လရိပ်ထင် ... ”

သူမ မော့ကြည့်မိတော့ လရိပ်ထင်ဖြစ်နေ၍ ရင်တွေထိတ်ခနဲ လှုပ်ခတ်သွားပေမယ့် မြရိပ်ညို အမြန်ဆုံးပဲ ပြိုပျက်သွားတဲ့ မျက်နှာလေးကို ပြန်ထိန်းပြစ်လိုက်နိုင်သည်။

“အဝါရောင် ဖုန်းဆက်လို့လေ ... မင်း ဒီမှာရှိနေတယ်တဲ့၊ တစ်ယောက်ထဲ အထီးကျန်နေလို့ အဖော်သွားလုပ်ပေးသင့်တယ်ဘဲ့ ... ဒါကကော့ မင်းလိုအပ်မှပါ”

“အဝါရောင်ကလေ အပိုတွေ အရမ်းလုပ်တာပဲ ... ကျွန်မက တစ်ယောက်ထဲနေတာ အင်အားပိုရှိတယ်လို့ သတ်မှတ်ထားတာ၊ အဝါရောင် အသိဆုံးပဲ ... အင်းလေ ... ပြိုင်ပွဲအတွက် ဒိုင်က ကြားဝင်ဆောင်ရွက်ပေးတာပဲဖြစ်မယ်”

“ဟုတ်တယ် ... ကိုယ်တို့နှစ်ယောက်က စိမ်ခေါ်သူတွေပဲ၊ အဝါရောင် စွန့်သွားပြီနော် ... ”

“အင်း ... ”

“မြရိပ်ညိုကိုတောင် မတိုင်ပင်တော့ဘူးလား”

“မလိုပါဘူး … အဝါရောင့်ကိုယ်ရေးကိုယ်တာလေ၊ သူပဲ ရွေးချယ်ဆုံးဖြတ်သင့်ပါတယ်”

သူမ ထသည်။ လရိပ်ထင်မျက်နှာပေါ်မှာ အညိုမှိုင်းမှိုင်း အရောင်တွေ အထပ်လိုက်ကျသွားပြီ။ ဘယ်လဲ … ကိုယ်နဲ့စကား ပြောဖို့တောင် ဆန္ဒမရှိတော့ဘူးလား မြရိပ်ညိုဟု အလောတကြီး မေးသည်။

“မြရိပ်ညို … အတန်းတက်ရမှာမို့ပါ၊ နောက်ဆုံးအချိန်လေ ကျွန်မဘဝအတွက် ပညာရေးက နံပါတ်တစ်လေ … ခွင့်ပြုပါဦး”

“အတန်းပြီးရင်ရော မြရိပ်ညို … ကိုယ်စောင့်နေခွင့်ရှိလား မင်းဆန္ဒပဲနော် … ကိုယ်က လေးဒီဖတ်စ်ပဲ … ”

“ကျွန်မနဲ့ လရိပ်ထင်တို့က စိမ်ခေါ်ထားတာပဲ၊ စောင့်နေခွင့် ရှိပါတယ် … စောင့်ချင်လည်း စောင့်နေပါ၊ ရှင့်ဆန္ဒပဲ … ”

သူက ပြုံးသည်။ လရိပ်ထင်ရဲ့နှုတ်ခမ်းပေါ်က အပြုံးချိုချို အီအီတွေက မိန်းကလေးတွေရဲ့ နှလုံးသားကို အပြင်းအထန် လှုပ်ခတ်စေနိုင်တယ်ဆိုတာ အဝါရောင်က အမှန်းတင်လွန်းသည်။ မြရိပ်ညို ချာခနဲလှည့်၍ ကျောခိုင်းထွက်ခွာလာမိပြီးမှ သူပြန်ထွက်သွား ပြီလားဟု စိတ်ကပူပင်စွာ သိချင်သလိုလို။ နောက်ပြန်လှည့်ကြည့် ဖို့ဆိုတာလည်း မြရိပ်ညို မာနကို ချိုးဖွဲ့ရာရောက်သည်။





“မစောင့်ရင်လည်း နေပစေလေ … ဒီလိုအခြောက်တိုက် ဘဝင်မြင့်နေတဲ့လူနဲ့လည်း ကင်းကင်းပြတ်ပြတ်နေထိုင်သင့်တယ်”

မြရိပ်ညိုတို့ စိမ်ခေါ်မှုက တကယ့်ကိုအူကြောင်ကြောင်ရယ် ။ မာနတွေပြိုင်ဖို့ပဲဖြစ်သည်။ အချစ်အတွက် ဘယ်သူ့ဘက်က ောင်အညှံ့ခံမလဲတဲ့လေ။ မမလွှမ်းကြောင့်ပဲ မြရိပ်ညို အဓိပ္ပာယ်မဲ့ နေမှန်း သိသိကြီးနှင့်စိမ်ခေါ်ပွဲကို လက်ခံလိုက်ရသည်။ ပညာရေး ိုသာ အထူးဦးစားပေးတတ်သော မြရိပ်ညို။ ဒီနေ့မှ သင်ခန်းစာ တွေကို စိတ်မဝင်စားချင် သူစောင့်နေမလား။ လမ်းဘက်သို့ မကြာ ခဏ လှည့်ကြည့်တတ်တဲ့အကျင့်က ဘယ်လိုကနေဘယ်လို မြရိပ်ညို ဆီရောက်နေသည်။

“လရိပ်ထင် စောင့်နေတာပဲ … မြရိပ်ညို ပျော့ညံ့မသွားနဲ့ နော် … ယောကျ်ားတွေထဲက ယောကျ်ားတစ်ယောက်ပဲ၊ လရိပ် ထင်မှာ ဘာမှအထင်ကြီးစရာ မရှိပါဘူး”

မာမီ သတ်မှတ်ထားတဲ့ စံနှုန်းတွေနှင့်မပတ်သက် မငြိတာ ောင် လရိပ်ထင်ရဲ့အမေနဲ့ အစ်ကိုက မြရိပ်ညိုတို့ မိသားစုရဲ့ရန်သူ ဖြစ်နေသည်။ အတန်းပြီးတော့ သူမအဆောတလျင် မထွက်။ ဆတ်ဆတ် တုန်ယင်လာတဲ့နှလုံးသားကို တည်ငြိမ်စေရန် ထိန်း ချုပ်ရသေး၏။ လရိပ်ထင်ကို ဘယ်လိုနှိပ်ကွပ်ရမလဲ။ သူမ ခြေဖဝါး အောက် ပြားပြားမှောက်ရောက်စေရန် နည်းပရိယာယ် ကြွယ်မှဖြစ်

မည်။ သူမကို တွေ့လိုက်သည်နှင့် လရိပ်ထင်က ထိုင်နေရာကနေ ထ၍ ဆီးကြိုခဲ့၏။ မြရိပ်ညိုမှာ ကားမပါဘူး။ သူ့ကားနှင့်သွားဖို့ ပြောသည်။

"ကိုယ့်ကားပေါ်တက်ပါ မြရိပ်ညို ... မင်း ကားမပါဘူး မဟုတ်လား"

"ကောင်းပါပြီ ... "

လရိပ်ထင်ကို ကြောက်ရွံ့တုန်လှုပ်ဟန်မပြဖို့ မြရိပ်ညို အထူး သတိထားသည်။ အေးစက်မာကျောတည်ငြိမ်နေစေရမယ်။ အမူ အယာတွေက တထပ်တည်းကျနေသည်။

"Love coffe shop ကို သွားမလား မြရိပ်ညို၊ အဲဒီမှာ အဝါ ရောင်တို့စုံတွဲရှိနေတယ်"

"ကျွန်မတို့က စုံတွဲမှမဟုတ်တာဘဲ ... မသွားချင်ဘူး၊ အများ ပြည်သူတွေ ထိုင်ကြတဲ့ အအေးဆိုင်လေးတစ်ခုခုကို ရွေးချယ်ပါ"

"အိုကေ"

မင်းက ရိုးသားဖြူစင်မှုကို ပြသချင်တာလား မြရိပ်ညို။ ကောင်းပါပြီ ... မင်းဆန္ဒက ကိုယ့်ဆန္ဒပါပဲ လရိပ်ထင်။ သန့်ရှင်းသပ် ရပ်ပြီး မိသားစုဝင်တွေ လာရောက်စားသောက်လေ့ရှိသော ဆိုင် လေးကို ရွေးသည်။

"အိုကေ"





"ဟုတ်ကဲ့ ... သင့်တော်ပါတယ်"

လူကတော့ နည်းနည်းရှင်းနေသည်။ မြရိပ်ညိုတို့နှစ်ယောက် သုဉ်တွဲ၍ လမ်းမလျှောက်ကြ။ အများအမြင်မှာ မိတ်ဆွေတွေအဖြစ် ငှ့်လင်းမြင်သာစေရန် ဖြစ်သည်။

"အစ်မကို ကဗ္ဗလာသီးဖျော်ရည်တစ်ခွက်ပေးပါ"

"အစ်ကိုက သံပုရာရည်ချဉ်ချဉ်"

မှာသည့် အမည်ချင်းက ခပ်ဆင်ဆင်။ ချဉ်တဲ့အရသာတွေပဲ ဖြစ်နေသည်။ နှစ်ယောက်သား အကြိုက်ချင်းတော့ တူနေ၏။ ဘစ်ခါတစ်ရံ ချစ်သူတွေမဟုတ်ကြသဖြင့် ပြီးတော့လည်း ငယ်ပေါင်း ကြီးဖော်တွေ မဟုတ်ကြ၍ စကားစက ရှာမရ။ စားပွဲထိုးတွေလာချ ပေးတဲ့ အအေးခွက်တွေကိုပဲ ယူသောက်မိနေသည်။

"မြရိပ်ညို"

"ရှင်"

"မင်းရဲ့အနာဂတ် ရည်မှန်းချက်က ဘာများလဲ၊ ကိုယ်တို့နှစ် ယောက်က အခြေခံသဘာဝတရားတွေ တူညီကြတယ် ... ဥပမာ ကွာ မင်းက ကော်ဖီမကြိုက်ဘူး၊ ကိုယ်လည်း မကြိုက်ဘူး ... အအေးဆိုရင်လည်း နှစ်ယောက်လုံး ချဉ်ချဉ်လေးကြိုက်တယ်၊ ကိုယ် အမှန်အတိုင်းပါ ... မင်းနဲ့အကြိုက်ချင်းတူအောင် လိုက်ကြိုက်တာ မဟုတ်ဘူး"

"ထားလိုက်ပါတော့ ... ဟုတ်တယ်နော် သဘာဝချင်းတူနေကြတယ် ... ကျွန်မ လက်ခံပါတယ်"

"ဒါကြောင့်ပါ ... အနာဂတ် မင်းရဲ့ရည်ရွယ်ချက် ... "

"ကျွန်မက အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်ချင်တယ်"

ကိုယ်ပိုင်လုပ်ငန်း ထူထောင်မယ်။ ကျွန်မမာမီလိုပေါ့။ မာမီက ပိုးထည်တိုက်ဖွင့်ထားတာ အောင်မြင်တယ်လေ။ ကိုယ်ပိုင်ဒီဇိုင်းတွေနဲ့လည်း ထုတ်လုပ်နိုင်တယ်။ ကျွန်မက မာမီနဲ့တော့ မတူဘူး။ မိဘလုပ်ငန်းမှာလည်း ဝင်မလုပ်ချင်ဘူး။ မာမ့်ထက်ပိုပြီး အောင်မြင်ချင်ပါတယ်။ ရှင်ကရော ...

"ကိုယ်က အဆောက်အဦတွေ ဆောက်ချင်တာပါ၊ နိုင်ငံတကာ အဆင့်မှီလေ အောင်မြင်တဲ့အင်ဂျင်နီယာအဖြစ်ပေါ့"

"ဒါဆို ... ကျွန်မတို့ အခြေခံသဘာဝ တူနေပြန်ပြီနော်"

ရှင်နဲ့ကျွန်မ တစ်ယောက်ကိုတစ်ယောက် ချဉ်းကပ်ပုံချင်းကတော့ မတူနိုင်ဘူးနော် လရိပ်ထင်။ ကျွန်မ နှလုံးသားတွေက အစ်မအတွက် လက်စားချေလိုတာပဲရှိတယ်။ အချစ်တွေ လုံးဝမရှိဘူး။ ရှင့်ကို ကျွန်မချစ်သူအဖြစ် လက်ခံဖြစ်ရင်တောင် ရှင့်အမေနဲ့ရှင့်အစ်ကိုအတွက် ရှင့်ဘဝကြီးတစ်ခုလုံးကို စုတ်ပြတ်သတ်သွားအောင်လုပ်ပြမလို့ပါ။ ရှင် မလွဲမသွေ မြရိပ်ညိုကို ချစ်ပါမယ်လို့ ရည်းစား





စကားပြောစေရမယ်။ ဒူးထောက်ပြီး တောင်းဆိုပါတယ်။

"မင်း ... အိမ်မှုကိစ္စတွေတော့ စိတ်ဝင်စားမှု မရှိဘူးထင်တယ် မြရိပ်ညို ... "

"သိပ်သေချာတာပေါ့ ... ကျွန်မက ယောကျ်ားနဲ့ယောက္ခမတွေရဲ့ ကျွန်စာရင်း သွတ်သွင်းတာကို လုံးဝဆန့်ကျင်တယ်၊ ကျွန်မစီးပွားရေးတစ်ခုထဲပဲ အာရုံစိုက်မှာ"

သွားပြီ မြရိပ်ညို။ ဒီအချက်ကတော့ မင်းနဲ့ကိုယ် လုံးဝဆန့်ကျင်ဘက်ဖြစ်ရပြီ။ ကိုယ် လက်ထပ်ယူမယ့် ချစ်သူက စီးပွားရှာဖို့ထက် အိမ်ရှင်မ ပီသစွာ ကိုယ့်ကို တယုတယပြုစုပေးနိုင်ဖို့ပဲ။ ဖေဖေနဲ့မေမေကြောင့် ယောကျ်ားအပေါ် အနိုင်ယူလွှမ်းမိုးချင်တဲ့ မိန်းမကို လရိပ်ထင် ဘဝလက်တွဲဖော်အဖြစ် မရွေးချယ်နိုင်ပေ။ ကိုယ်တို့ရဲ့တွေ့ဆုံမှုက သာမာန်မိတ်ဆွေအဆင့်နဲ့ပဲ အသင့်တော်ဆုံးထင်တယ်။ မြရိပ်ညို အချိန်အကြာကြီး ထိုင်ဖြစ်နေပေမယ့် အရေးမပါသော အကြောင်းအချက်တွေကိုသာ ညှိနှိုင်းဆွေးနွေးရင်း လမ်းခွဲခဲ့ကြလေသည်။

အခန်း ( ၈ )

"လရိပ်ထင်ရာ ... ရှင်က ယောက်ျားလေးလေ၊ ချစ်တယ်ဆိုတဲ့စကားကို ရှင်ကစပြောရမှာလဲ ... ဘာဖြစ်လို့လဲ ... ချစ်တယ်လို့ စပြောတဲ့လူက အရှုံးမှမဟုတ်တာဘဲ၊ အရူးအမူးစွဲလမ်းချစ်မြတ်နိုးမိတဲ့သူက အရှုံး"

ဟုတ်ပါတယ် အဝါရောင်။ ကိုယ်က မြရိပ်ညိုကို ဒူးထောက်အရှုံးပေးရတော့မယ်ထင်တယ်။ ကိုယ့်နှလုံးသားတွေကို ကိုယ်အသိဆုံးပဲ။ မြရိပ်ညိုကို ချစ်မိနေမိပြီ။ ကိုယ်ဖွင့်ပြောရင် မြရိပ်ညိုက လက်ခံမှာလေ။ မြရိပ်ညိုက အချစ်ကိုအပျော်အပျက်သဘောပဲထားမှာပါ။ ကိုယ် ဖွင့်ဟပြောဆိုဖို့ ဝန်လေးတယ်။ အဝါရောင်ကတော့ အားမလို အားမရနှင့် ရှင် မာနတွေ စွတ်မကြီးနေစမ်းပါနဲ့တဲ့။ ရှင်တို့နှစ်ယောက်အတွဲမြန်မြန်ဖြစ်ဖို့ အရေးကြီးတယ်တဲ့။ ဒိုင်က နှုတ်





ထွက်ချင်နေပြီတဲ့။ မြရိပ်ညို အတွဲရမှ အဝါရောင့်ကို ဝေဖန်စွပ်စွဲဟန့်တားနေတာတွေ ရပ်သွားလိမ့်မယ်တဲ့။ ကိုယ်က အချစ်ကို အလေးအနက်ကြီး တန်ဖိုးထားမြတ်နိုးလိုနေခဲ့သည်။

"မြရိပ်ညိုက အရမ်းမာနကြီးတာပါ လရိပ်ထင် ... ရှင်ကလဲ မာနကြီးတစ်ခွဲသားနဲ့ တော်ပါပြီ ... အလုပ်ရှုပ်တယ်၊ ဒိုင်ပွဲရပ်ပဲ"

မြရိပ်ညိုနှင့်လရိပ်ထင်ကို အောင်သွယ်ရတာ အဝါရောင်စိတ်မောသည်။ ဒီကြားထဲ အစ်ကိုကြီးကတစ်မျိုး။ အရမ်းသဝန်ကြောင်လွန်း၏။ ဒီလိုယောက်ျားလေးတစ်ယောက်နှင့်ပတ်သက်တာသာ သိလျှင် အကြီးအကျယ် ပြဿနာပဲ။

"လရိပ်ထင်ရာ ... အဝါရောင်လည်း မလွယ်ပါဘူး၊ ချစ်သူရှိနေတာလည်း အလုပ်တော့ရှုပ်သားပဲ၊ အင်း ... မြရိပ်ညိုစကားတွေလည်း မှန်တာပဲ"

"ဘာစကားတွေလဲ ... ယောက်ျားတွေမကောင်းဘူးတဲ့ စကားလား အဝါရောင်"

"မဟုတ်ပါဘူး ... ရှင့်ကိုလည်း ရှင်းမပြချင်ဘူး၊ တော်ပြီဟာ ရှင်တို့နှစ်ယောက်လည်း တွေ့ချင်လည်းတွေ့ကြ၊ မတွေ့ရင်လည်း နေတော့ ... ပြိုင်ပွဲကိုဖျက်တယ်၊ ရှင်နဲ့မြရိပ်ညို မာနတွေပြိုင်ကြတော့ ကြိုက်သလောက်ပြိုင်ကြ ... "

အစ်ကိုကြီးက အဝါရောင့်ဆီကို ဖုန်းဆက်နေပြီ။ ဘယ်မှာလဲ တဲ့။ အတန်းမတက်ဘဲ လရိပ်ထင်ဆီလာခဲ့တာပါ။ အဝါရောင်စခဲ့တဲ့ ဇာတ်ကိုပြန်၍သိမ်းနေရသည်။ အဝါရောင့်ချစ်သူ အစ်ကိုကြီးက သဝန်ကြောင်လွန်းတယ်။ သံသယတွေကြီးလွန်းနေသည်။ ကြာတော့ အဝါရောင် စိတ်တွေမွန်းကြပ်လာရ၏။ အခုလည်း လရိပ်ထင်နှင့် သူငယ်ချင်းအချင်းချင်းတွေ ဆုံတာပင် ကြောက်ကြောက်လန့်လန့်နှင့် စိတ်ထစ်နေရသည်။

"အဝါရောင် သွားပြီနော် ... အဟဲ့ အဝါရောင့်ချစ်သူကလေ သဝန်ကြောင်တယ်နော် လရိပ်ထင် ... လမ်းတွေ့ရင် အတွဲနဲ့ဆို နှုတ်မဆက်နဲ့သိလား ... ကြိုပြောထားတာ"

"အဝါရောင် ... ခဏလောက် ... အဝါရောင်"

အဝါရောင် နောက်ကြောင်းလှည့်မကြည့်တော့ဘဲ တချိုးထဲလစ်တော့သည်။ ဒုက္ခပဲကွာ ... အဝါရောင်ပဲ သူနဲ့မြရိပ်ညိုတို့ကြားမှာ ဒိုင်လူကြီးဝင်လုပ်ပြီး ပြိုင်ပွဲတစ်ခုကျင်းပခဲ့တာပါ။ ဒိုင်ကပွဲရပ်ဖြစ်လိုက်၏။ ပြိုင်ပွဲက ပြီးဆုံးသွားသည်။

"မြရိပ်ညို ... မင်းကိုတွေ့ချင်တဲ့ဆန္ဒတွေ တဖြည်းဖြည်းပြင်းပြလာရတယ် ... ကိုယ် မဖြစ်နိုင်ပါဘူးဆိုတဲ့အသိတွေနဲ့ ထိန်းချုပ်တာပဲ ... ပေါက်ကွဲလာပြီ၊ မင်းကို ကိုယ်ချစ်တယ် မြရိပ်ညို"





ဒိုင်မရှိတဲ့ ပြိုင်ပွဲ။ ကိုယ်တို့နှစ်ယောက်ကြားထဲမှာ အမှန်တကယ်ပဲကြားလူက လိုအပ်လို့လား။ ပြည့်နေပြီ။ စဉ်းစားဝေဖန်သုံးသပ် အကောင်းအဆိုးစီစစ်ခွဲခြားနိုင်သူတွေပါ။ အခုအချိန်ကစပြီး ပြိုင်ပွဲတစ်ခုအနေနဲ့ မသတ်မှတ်နိုင်တော့ဘူး မြရိပ်ညို။ ကိုယ်ရဲ့ဘဝလက်တွဲဖော်ဖြစ်နိုင်တဲ့ အရည်အချင်းတွေ မင်းဆီမှာရှိနေနိုင်မလဲလို့ ကိုယ်သေသေချာချာ လေ့လာသုံးသပ်ရွေးချယ်မယ်။ အိမ်ထောင်ဖက်ကို အချစ်တစ်ခုတည်းနဲ့ မင်းရော ကိုယ်ရော ဆုံးဖြတ်ရွေးချယ်ဖို့ လုံးဝဆန့်ကျင်လာကြတဲ့သူတွေ မဟုတ်လား မြရိပ်ညို။ သူ ဘာရယ်မဟုတ်ဘဲ စိတ်ကလေးလံထိုင်းမှိုင်းနေသလိုလို မြရိပ်ညိုတို့အတန်းရှေ့က ခုံတန်းပေါ်မှာ ထိုင်စောင့်နေသည်။

"အဝါရောင့်ကိုလာပြီး လာစောင့်နေတာလား လရိပ်ထင်"

မြရိပ်ညိုကို လာပြီးစောင့်နေတာပါဟု သူ့ဘက်ကပြောမည့်စကားအတွက် ကြိုတင်လမ်းခင်းလိုက်ခြင်းဆိုတာ လရိပ်ထင် သိလိုက်သည်။ ခက်နေတာက လရိပ်ထင် ကိုယ်တိုင်က နှုတ်ဆိတ်နေတာပဲဖြစ်သည်။

"ကိုယ် မြရိပ်ညိုကိုတွေ့ချင်လို့ လာပြီးစောင့်နေခဲ့တာပါကွာ၊ အဝါရောင်နဲ့ကိုယ် တွေ့စရာအကြောင်းမှမရှိတာဘဲ"

ဟု ပြောချင်တဲ့စကားတွေက သူ့ရင်ထဲမှာပဲ တိမ်မြုပ်

ပျောက်ကွယ်သွားသည်။ သတ္တိမရှိတာလည်း မဟုတ်ဘူး။ မာန မချချင်ခဲ့တာပါ။ အမှန်အတိုင်းဝန်ခံရလျှင် မြရိပ်ညိုရဲ့လှောင်ပြောင် ရယ်မောမှု မာနမရှိတဲ့ယောကျ်ားတစ်ယောက်အဖြစ် သတ်မှတ် အထင်သေးမှာ ကိုယ်ကြောက်နေခဲ့သည်။

"အဝါရောင် မရှိဘူး ... မနက်ထဲက အတန်းမတက်တာပါ။ အလကား မိန်းမ ... အချစ်ကျေးကျွန်ဖြစ်နေပြီ၊ အသိတရားတွေ ကင်းမဲ့လိုက်တာ"

မြရိပ်ညိုက ကိုယ့်ကိုပြောသလိုလို သူမဟာသူမ ညည်းတွား သလိုလိုနှင့် လရိပ်ထင်ကို ကျောခိုင်းပြစ်သည်။ မြရိပ်ညို ခပ်လှမ်း လှမ်းကိုရောက်သွားမှ အသိတွေဝင်လာပြီး နောက်မှ ခပ်သွက်သွက် ထလိုက်လာခဲ့ပါ၏။ တောင့်ဖြောင့်လုံးကျစ်၍ မယ်စကြာပင် လိုက် မမှီနိုင်တဲ့ မြရိပ်ညိုရဲ့ခန္ဓာကိုယ်နောက်ပိုင်း တည်ဆောက်ဖွဲ့စည်း ထားပုံကို အမှတ်မထင် ကြည့်ဖြစ်သွားသည်။

"မြရိပ်ညို ခဏလောက်နေပါဦး ... ကိုယ်တို့နှစ်ယောက်က ပြိုင်ပွဲဝင်တွေလေ ... မကြာခဏတော့ တွေ့ဆုံသင့်တာပဲ"

"ဩော် ... ရှင်မသိသေးဘူးထင်တယ်၊ အဝါရောင်က မနေ့ ကပဲ ကျွန်မကိုပြောတယ် ... ဒိုင်ပွဲရပ်ပြီတဲ့၊ ကျွန်မတို့နှစ်ယောက် ကြားမှာ အဝါရောင်ဆက်ပြီး နေလို့မရတော့ဘူးတဲ့၊ ပြိုင်ပွဲပျက်ပျယ်





သွားပါပြီ လရိပ်ထင် ... "

ကျွန်မဘက်ကတော့ ပြိုင်ပွဲကို ဘယ်တော့မှမရုတ်သိမ်းနိုင် ဘူးနော် လရိပ်ထင်။ ရှင့်ကို အပျော်အပျက် ချစ်သူအဖြစ် တွဲခွင့်ရ ချင်တယ်။ ရှင်က မာနကြီးတခွဲသားနဲ့ အခြောက်တိုက်ဘဝမြင့်ပြီး ချစ်တယ်ဆိုတဲ့ ရည်းစားစကားကို မိန်းကလေးက စတင်ရတော့ မလိုဖြစ်နေတယ်။ မုန်းလိုက်တာ ... ကျွန်မ ဒက်ဒီလိုပဲလေ။ ချစ် တယ်ဆိုတဲ့စကားကို မာမီ့ရှေ့မှာပြောဖို့ ဝန်လေးနေတယ်။ တစ်ကြိမ်တစ်ခါမှလည်း မပြောခဲ့ဘူး။ လူကြီးတွေ လက်ထပ်ပေး လို့ မင်းကိုယူလိုက်တာ အချစ်မရှိဘူးတဲ့။ အဲဒီစကားကိုတော့ အတိုင်းအဆမရှိ တစ်နေ့ကိုအကြိမ်များစွာ ပြောနေတတ်လို့ မာမီ အမြဲတမ်း ငိုကျွေးခဲ့ရတယ်။ မာမီ့ကို အနိုင်ကျင့်နှိပ်စက်နေတာမို့ ကျွန်မ အတွေးတွေထဲမှာ စွဲနေခဲ့တယ်။ သူမ မျက်နှာလေးပေါ်မှာ မာကျောမှုတွေနှင့် တင်းနေသည်။

"ဒိုင် မရှိလည်း ကိုယ်တို့နှစ်ယောက် ဆက်ပြိုင်ကြမယ်လေ မင်းသဘောတူလား ... "

"တော်ပါပြီ ... ကျွန်မ စိတ်မဝင်စားတော့ဘူး ရပ်လိုက်ပါ"

မြရိပ်ညိုရဲ့ ရပ်လိုက်ပါဟု အေးတိအေးစက်စိတ်မပါသလို ပြောလိုက်တဲ့စကားလုံးတွေက လရိပ်ထင်ကို စိမ်ခေါ်နေလေသည်။

ကိုယ့်ဘက်က ပြိုင်ပွဲကိုရပ်မပြစ်ချင်ဘူး။ ကိုယ်စိတ်က မင်းရဲ့အကျင့်စရိုက်တွေကို မကြိုက်ပေမယ့် မင်းအပေါ် စွဲလမ်းနှစ်သက်နေပြီလေ။ ကိုယ် လုံးဝကျရှုံးမှာကို မလိုလားတာပါ။ ကိုယ့်မာနတွေကို မင်းရိုက်ချိုးပြစ်နိုင်တာပဲ။ မကြာခင် တစစီကျိုးပဲ့တော့မယ် ထင်တယ်။

"ကိုယ်တို့နှစ်ယောက် မိတ်ဆွေအဖြစ်လေးတောင် ခင်မင်ခွင့်မရှိတော့ဘူးလား မြရိပ်ညို ... "

"ကျွန်မ တစ်ယောက်ထဲပဲနေတတ်တယ်၊ အဝါရောင်ကလွဲပြီး တခြားဘယ်သူပဲရှိနေရှိနေ တစ်ယောက်ယောက်ရှိနေတာကို စိတ်ရှုပ်တယ် မကြိုက်ဘူး"

အပြတ်ကြီးပြောပြီး ခါးခါးသည်းသည်း ငြင်းဆန်ရင်း သူ့ကိုကျောခိုင်းထွက်သွားဖို့ပဲ မြရိပ်ညို ကြိုးစားနေသည်။ လရိပ်ထင်စိတ်ထဲမှာ မရိုးမရွနှင့် အသည်းတွေ တကျိကျိယားတတ်လာပြီး မြရိပ်ညို ခန္ဓာကိုယ်လေးအား ဆွဲယူပွေ့ဖက်နမ်းပြစ်လိုနေ၏။ ဒါဆိုရင်တော့ မင်းနဲ့ကိုယ် ဆယ်ဘဝ ဆယ်ကမ္ဘာအထိ ဝေးကွာသွားကြမယ်ထင်တယ်။

"သွားပြီ ... နှုတ်ဆက်ပါတယ် ... နောက်ဆုံးပဲနော် ... ဘိုင် ... "





"မြရိပ်ညို"

"ဘာဖြစ်လို့လဲ"

ကိုယ် မင်းကိုချစ်တယ်ဟု ပြောဖို့ မြရိပ်ညိုအား ပြောချင်တဲ့ ...ည်းစားစကားတွေက သူ့လည်ချောင်းဝမှာပဲ တစ်ဆို့ပြီး လည်...ချောင်းဝမှာပဲတစ်ဆို့ပြီး လည်ချောင်းတစ်လျှောက် ပြန်ဆင်း၍ ...အသည်းနှလုံးတွေထဲ ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွား၏။ သူ ...သတ္တိမရှိတာဘဲ ဖြစ်နိုင်လေသည်။ မြရိပ်ညိုက ခပ်လှမ်းလှမ်းမှာရပ် ...ထားတဲ့ ကားပေါ်တက်သွားသည်။

"သေလိုက်ပါတော့ လရိပ်ထင်ရာ ... မင်းကယောကျ်ား ...ဟုတ်ဘူးလား"

မြရိပ်ညိုက ကားကိုဝေါခနဲ မောင်း၍ ထွက်သွားသည်။ သူ ...သမ်းစပျောက်သွားတဲ့ လူတစ်ယောက်ကဲ့သို့ ယောင်ချာချာနှင့် ...ပျောက်ကွယ်သွားတဲ့ မြရိပ်ညိုရဲ့ကားနောက်သို့ ငေးစိုက်ကြည့်နေမိ...သည်။

"မြရိပ်ညို ... တကယ်ပါပဲကွာ ... မင်းလို မာကျောကျော ...ာန်မာနတွေနဲ့ ယောကျ်ားတစ်ယောက်ကို အနိုင်ပဲယူချင်နေတဲ့ ...မိန်းမတစ်ယောက်ကို ကိုယ်လုံးဝသဘောမကျဘူး၊ ကိုယ့်ဖေဖေရဲ့ ...ဘဝမျိုးကိုယ်ရောက်သွားရမှာ ကြောက်လို့ပဲ ... ကိုယ့်တစ်သက်

မိန်းမတွေနဲ့ ကင်းကင်းရှင်းရှင်းနေထိုင်ဖို့တောင် ဆုံးဖြတ်ခဲ့တာပါ”

သူ ကားပေါ်ပြန်တက်ပြီး လမ်းစပျောက်သွားသလိုလို ဦးတည်ရာကို စဉ်းစားနေသည်။ မြရိပ်ညို … မင်းရဲ့ရိုက်ချက်က တကယ်ပြင်းတာပဲ။ ကိုယ် လုံးဝမနှစ်သက်တဲ့အကျင့်စရိုက်တွေနဲ့ မိန်းမတစ်ယောက်ရဲ့ ညို့ယူဖမ်းစားမှုတွေကို လုံးဝမတွန်းလှန် မဖယ်ရှားနိုင်တော့ဘူးထင်တယ် မြရိပ်ညို။ ကိုယ် မဆီမဆိုင် ချစ်သူစုံတွဲတွေထိုင်တဲ့ Love Coffee Shop မှာ တစ်ယောက်ထဲ ထိုင်မိနေသည်။

“အစ်ကို … အစ်မချောချောလေးရော အရမ်းမိုက်တာပဲဗျာ ဘာလဲ အစ်ကို အသည်းကွဲလာတာလား … ”

စားပွဲထိုးကောင်လေးရဲ့ မေးခွန်းတွေက လရိပ်ထင်ရဲ့နားထဲမှာ ပူလောင်ဆူပွက်သွားသည်။ သူ ပြန်ထလိုက်၏။ ဒီဆိုင်က သူနှင့် ဘယ်လိုမှ မသက်ဆိုင်တဲ့နေရာဒေသ။

“သွားပြီကွာ”

မြရိပ်ညို အကြောင်းတွေ စဉ်းစားမိတိုင်း ဒေါသတွေက အထွတ်အထိပ်ရောက်ပြီး ပေါက်ကွဲချင်သည်။ မြရိပ်ညို မာနကြီးတာလည်း လရိပ်ထင် သိသိကြီးပဲ။ သူကိုယ်တိုင်က မာနမချချင်။ မြရိပ်ညိုဘက်မှ လိုက်လျောမှုသေးသေးလေးတောင် မပြသရှေ့တော့





နှုတ်ခမ်းတွေဆီက ရည်းစားစကားတွေ ထွက်ကျလာဖို့ မဖြစ်
အကျိုးမရှိဘဲနဲ့တော့ လရိပ်ထင် ဘာကိုမှ မပြုလုပ်ချင်။ ကား
ကြက်နှိုးရင်း ဘယ်သွားရင်ကောင်းမလဲဆိုတာ စဉ်းစားရသေး
ည်။

“တော်ပါပြီကွာ … မင်းနဲ့ထပ်မပတ်သက်တာဘဲ ကောင်းပါ
ယ် … မင်းနဲ့တွေ့ဆုံပြီးမှလေ မြရိပ်ညို ကိုယ့်ဆီက အပျော်တွေ
ာင် ပျောက်ဆုံးကုန်တယ်ကွ”

ကားကို ဆက်မမောင်းချင်တော့သဖြင့် အိမ်ပဲပြန်လာခဲ့
ည်။ သူ့အိပ်ခန်းထဲဘက်လာတော့ ကိုကို့အိပ်ခန်းဆီမှ မေမေ ဆူ
ံသံကို ကြားလိုက်ရသည်။

“မင်း သားကြီး ငွေခရ … မင်းနဲ့မစိမ်းဘူးနော်၊ အရမ်း
ည်းချောတယ် အရာရာလည်းပြည့်စုံတယ်၊ မေမေ စီစဉ်တာကို
ားကြီး လက်ခံရမယ်”

“လက်ခံပါတယ်မေမေရယ် … ဒါပေမဲ့ အလောတကြီးတော့
စဉ်ပါနဲ့ဦး မေမေ … ကျွန်တော့်ဘက်က အဆင်သင့်မဖြစ်သေး
ါ”

“နေထွန်းတောက် … မင်းဘယ်တုန်းက ဒီလောက်အထိ
ည့်သွားရတာလဲ … မင်းနာမည်ကို နေထွန်းတောက်လို့ မှည့်

ထားတာ ပြတ်သားနိုင်ဖို့ သတ္တိရှိဖို့ မေမေ့စိတ်နဲ့ တစ်ထပ်တည်းကျတဲ့သားဖြစ်နေဖို့ ... ”

“ဖြစ်နိုင်ရင် နေထွန်းတောက်ဆိုတဲ့ နာမည်ကြီးကို သားလုံးဝ သဘောမကျဘူး မေမေ ... ”

“ဘာပြောတယ် ... မေမေ သဘောကျတာကို သားကြီးက သဘောမကျဘူးလို့ ဆန့်ကျင်တာလား၊ မရဘူး ... မင်းနဲ့ငွေခရကို စေ့စပ်မယ်၊ မကြာခင် လက်ထပ်ပေးမယ် ... ဟိုဟာမ မြရောင်လွှမ်းကို လုံးဝမပတ်သက်ရဘူးနော် ... သားက မေမေ့ကိုချစ်တဲ့သားကြီးပါ ... မေမေက ဒါဆိုဒါပဲ ... ”

လရိပ်ထင် ဆက်ပြီး နားမထောင်နေတော့ဘဲ သူ့အိပ်ခန်းထဲဝင်လာခဲ့သည်။ ကိုကိုက မြရောင်လွှမ်းအား မထင်မှတ်ဘဲ စွဲလမ်းနှစ်သက်သွားပုံပင်။ ကိုကို့ဖူးစာကံကလည်း တကယ့်ကိုဆန်းကျယ်လွန်းသည်။

“ငွေခရကို လက်ထပ်ဖို့ ကိုကို လုံးဝသဘောမကျဘူးညီရာ၊ မေမေ့ကို စိတ်မဆင်းရဲစေချင်လို့သာ ကိုကိုချစ်တာက မြရောင်လွှမ်းပဲ ... တစ်ခါတလေ အတင်းအကျပ် ကားတင်ပြေးချင်တဲ့ ဆန္ဒတွေတောင် ပြင်းပြင်းပြပြဖြစ်လာတတ်တယ်”

မေမေ မသိစေရန် ကြိတ်ပြီး လွမ်းဆွတ်ကြေကွဲနေတာကို





က လရိပ်ထင်သိပ်ပြီး မကြိုက်။ မေမေ ဝင်စွက်ဖက်နေတာကြီးလည်း မနှစ်သက်ခဲ့။ ကိုကိုက ဘာကြီးပဲဖြစ်နေပါစေ၊ မေမေ့စကားကို မြေဝယ်မကျ နားထောင်မယ်ဆိုတာလည်း လရိပ်ထင် အသိဆုံးဖြစ်နေသည်။

❂

## အခန်း ( ၉ )

“ငွေခရုလေးနဲ့ သားကို မေမေ စေ့စပ်ထားချင်တယ်၊ ထား ချင်တာမဟုတ်ပါဘူးလေ၊ မေမေစီစဉ်လိုက်ပြီ ... မေမေ ရွေးချယ် ထားတဲ့ချွေးမလောင်းလေး ငွေခရုက သားနဲ့မစိမ်းဘူးလေ၊ ရွေ တစ်ပတ်မှာ စေ့စပ်ပွဲကျင်းပမယ်၊ မေမေ အားလုံးစီစဉ်ထားတယ် ယောက်ျား ရှင့်ဂုဏ်သရေရှိ မိတ်ဆွေတွေ လုပ်ငန်းရှင်ကြီးတွေ ဖိတ် ပေးပါ ... ဖိတ်စာ ညနေရမယ် ...”

“ကောင်းပါပြီ ...”

မေမေကတော့ လုပ်ချင်တာကို ဖေဖေနှင့်ဘယ်တော့မှ မတိုင်ပင်။ ကိုကိုရဲ့ အိမ်ထောင်ရေးကို မေမေ့ဆန္ဒနှင့်စီမံခန့်ခွဲ တာ။ ငြင်းဆန်မည့်သူ တစ်စုံတစ်ယောက်မှ မရှိ။ ကာယကံရှင် ကိုကိုကိုယ်တိုင် ငြိမ်သက်နေသည်။





“ရှင် ... ငွေခရုကိုသိတယ် မဟုတ်လား ... သော်တာ့သမီး လေးလေ၊ ရှင့်ငယ်ရည်းစားရဲ့သမီးထက်တော့ အများကြီးသာပါ ဘယ်နော် ... အလကားအဆင့်မရှိတဲ့ဟာတွေ ဒင်းတို့အဖေက လူရှုပ်လူပွေ ...”

ဖေဖေက ထဖို့ပြင်သည်။ မေမေကပြန်၍ထိုင်ရန် အမိန့်ပေး သည်။ ဖေဖေ ပြန်ထိုင်၏။ လရိပ်ထင် စိတ်ပျက်မိ၏။ ကိုကို့ကိုကြည့် ရတာ နာမည်နှင့်လုံးဝဆန့်ကျင်ဘက်ပဲ။ အေးစက်စက် မတုန်မလှုပ် မေမေ့စကားကို ဘယ်တော့မှ စောဒကတက်ရန် မကြိုးစားခဲ့ပေ။ လရိပ်ထင်ပဲ မေမေနှင့်ခပ်ရှောင်ရှောင် နေထိုင်တတ်သည်။

“ရှင့်ဟာမ ထိလို့လား ... ဘယ်လိုအကုသိုလ်နဲ့များ ဒင်း သမီးနဲ့ကျွန်မ သားကြီးတို့လာဆုံရတာလဲ ... ဒင်း အကြံအစည်တွေ ပါနိုင်တယ် ... ကြောက်စရာကောင်းလိုက်တာ ...”

“ပိုတောက်ရာ ... မင်းစိတ်တိုင်းကျစီစဉ်နေခဲ့ပြီးပြီပဲ၊ အပို စကားတွေ မပြောပါနဲ့တော့ကွာ၊ ကိုယ် အစည်းအဝေးရှိတယ်”

“ကျွန်မက မှန်တာပြောတာလေ၊ ရှင် ဘာမှနာစရာမရှိဘူး၊ ရှင်ကိုယ်တိုင် ဒီဟာမကို ခိုးပြေးဖို့ပြောခဲ့တာပဲ၊ ဒင်းက ကြီးကြီးကျယ် ကျယ်နဲ့ ငြင်းရသေးတယ်”

ဦးမင်းထင်ကတော့ သည်းခံခြင်းက အောင်မြင်ရာဟုပဲ

သတ်မှတ်ထားသည်။ ရွှေပိတောက်က အာကြမ်းလျှာကြမ်း
ကုမ္ပဏီကိုလာပြီး အရှက်ခွဲရမှာလည်း ဝန်မလေးသူဖြစ်သည်။

"ကိုယ်အစည်းအဝေးရှိတယ် ပိတောက် ... စေ့စပ်ပွဲဖိတ်စာ
တွေ သားကြီးယူလာခဲ့၊ မင်းကိုလည်း သေချာမှာချင်တယ် မြရောင်
ခြယ်သမီးကို လုံးဝမပတ်သက်နဲ့"

ဖေဖေ ထသွားသည်။ သူလည်း ထလာခဲ့၏။ မေမေက သူ့
ကိုတော့သိပ်ပြီး လွှမ်းမိုးအုပ်ချုပ်နိုင်ခြင်းမရှိ၍ ဘာမှမပြောပေ။ သူ့
အိပ်ခန်းထဲ ကိုကိုလိုက်လာသည်။

"ညီ ... ကြည့်ပါဦးကွာ၊ ဒီမှာစေ့စပ်ပွဲဖိတ်စာတွေ မေမေက
ကိုကို့ကိုတောင် အသိမပေးဘူး"

"ကောင်းပါတယ်ကိုကို ... စေ့စပ်လိုက်ပါ၊ ကိုကိုရွေးချယ်
သင့်တာ ငွေခရုပဲ မဟုတ်လား"

"လွှမ်းကို ဘယ်လိုလုပ်ရမလဲ၊ ကိုကိုသေသေချာချာ စဉ်းစား
မိလေ မခွဲနိုင်လေဘဲ၊ အရမ်းချစ်တယ်ညီရာ ... "

"ဒုက္ခပါပဲကိုကိုရာ ... ပြဿနာပဲ ဒါဆိုလည်း ခိုးပြေးဗျာ"

"ကိုကို စဉ်းစားနေတယ်"

"ဗျာ ... ဘယ်လို ... ညီက နောက်ပြောင်ပြောတာနော်၊
ဖေဖေ့ငယ်ရည်းစားသမီးကိုတော့ သွားမခိုးပါနဲ့ ပြဿနာတွေက





မိုးမီးလောင်မှာ၊ မြရောင်လွှမ်းကို ခိုးပြေးဖို့စိတ်ကူးထဲတောင်
မထည့်ပါနဲ့၊ တစ်ဖက်မိန်းကလေးကို ချစ်ရာမရောက်ဘဲ နှစ်ရာ
ရောက်သွားလိမ့်မယ်"

လရိပ်ထင် နောက်ပြောင်ပြောမိပြီးကာမှ ကိုကို့ကို အပြင်း
အထန် ကန့်ကွက်တားဆီးနေရသည်။ ကိုကို ခေါင်းငိုက်စိုက်ချကာ
ဆံပင်နီကြောင်ကြောင်တွေထဲ လက်တွေထိုးဖွပြီး ထိုင်နေ၏။
ကိုကို့ချစ်သူ မြရောင်လွှမ်းက အရမ်းချောပြီး အေးဆေးတည်ငြိမ်
တာပဲသိပြီး လူကိုတော့ မတွေ့ဆုံဘူးပေ။ ကိုကိုက အရမ်းလျှို့ဝှက်
သည်။

"လွှမ်းမှာ ဘာအပြစ်မှမရှိဘူးကွ၊ အရမ်းတည်ငြိမ်တယ်၊ ကိုကို
နဲ့ဧည့်ခံပွဲတစ်ခုမှာ ဆုံကြတာ၊ လွှမ်းအချစ်တွေကိုရဖို့ ကိုကိုအတော်
လေး ကြိုးစားယူရတယ်ကွ"

နေထွန်းတောက် တစ်ခါတစ်ရံ သူ့နာမည်နှင့်လိုက်ဖက်စွာ
ပူပြင်းလောင်မြိုက်ခဲ့ရတာ မေမေ့ကြောင့်ပါ။ သူ့နာမည်ကို လုံးဝ
မနှစ်သက်ပေမယ့် မေမေကပေးထားတာဆိုတော့လည်း လက်ခံရ
သည်။ နေထွန်းတောက်မှာ ဘယ်အရာကိုမှ သူ့သဘောဆန္ဒတွေနှင့်
စဉ်းစားဆုံးဖြတ်ရွေးချယ်ခွင့် မရှိဘဲ မေမေရွေးချယ်တာကိုပဲ လက်ခံ
နေရ၏။ လွှမ်းကိုပဲ သူရွေးခဲ့တာပါ။ ဒါပေမဲ့လည်း မထင်မှတ်ဘဲ

ကံကြမ္မာက ဖေဖေ့ငယ်ရည်းစားသမီးဆိုတာ သိသွား၍ လုံးဝ သဘောမတူ ဆန့်ကျင်ကန့်ကွက်နေသည်။

"ကိုကို့မှာ ရွေးချယ်ပိုင်ခွင့်မရှိဘူးဆိုတာ သိသိကြီးနဲ့ ဘာဖြစ်လို့ ချစ်သူထားရတာလဲဗျာ"

"ကံကြမ္မာတွေပဲကွ … မြရောင်လွှမ်းလို မိန်းကလေးက မေမေ့အမိန့်တွေကို ဖီဆန်မယ့်ချွေးမတစ်ယောက် မဟုတ်ဘူးညီ၊ အရမ်းပဲ ယဉ်ကျေးသိမ်မွေ့တယ်"

နေထွန်းတောက် နှလုံးသားတွေက မြရောင်လွှမ်းကိုပဲ ချစ်နေမိသည်။ မေမေ့ကိုဆန့်ကျင်ဖို့ပင် ဆန္ဒတွေပြင်းပြနေခဲ့၏။ ဘာပဲဖြစ်ဖြစ်လေ။ လွှမ်းကိုမစွန့်လွှတ်နိုင်ဘူး။ လွှမ်းနှင့်အတူတူ ဘဝတစ်ခုကို တည်ဆောက်ဖို့ကျတော့လည်း လုံးဝသတ္တိမရှိ။ မေမေ အလွန်အမင်းစိတ်ထိခိုက်ကြေကွဲသွားရနိုင်သဖြင့် သူတွန့်ဆုတ်နေသည်။

"ကိုကို ဘာဆက်လုပ်ရမလဲ ညီ … ငွေခရကို တကယ်တမ်းဝန်ခံရရင် ကိုကို လုံးဝမကြိုက်ဘူး၊ ကိုကိုတို့ မိဘတွေရဲ့ အိမ်ထောင်ရေးကိုကြည့်လေ … ပျော်ရွှင်မှုဆိုတာ မရှိဘူး စိမ်းတယ် … အေးစက်တယ် … ဆူပူအပြစ်တင်ရန်ဖြစ်သံတွေပဲရှိတယ်၊ အဲဒါဘာဖြစ်လို့လဲသိလား ညီ … အချစ်မပါလို့ကွ … "

အရင်ကတော့ မေမေ့စကားကို တသွေမတိမ်းနားထောင်





တတ်တဲ့ ကိုကိုက သားလိမ္မာဟု အချီးမွမ်းခံရခဲ့ပြီး လူရိပ်ထင်က မေမေ့အမြင်မှာ ဖအေတူသား လူဆိုးသားမိုက်အဖြစ် မှတ်တမ်းတင်ခံရနေရ၍ ကိုကို့ကို မချစ်မိ။ ခပ်စိမ်းစိမ်းပဲနေခဲ့သည်။ ကိုကိုရည်းစားထားပြီး အသည်းကွဲဇာတ်လမ်းခင်းမှ သူ့ဆီဝင်ထွက်သွားလာ တိုင်ပင်ဆွေးနွေးနေတတ်လေသည်။

"ကိုကို"

"ဟင် … ညီ"

"ဖိတ်စာတွေ ဝေလိုက်ပါဗျာ၊ မငွေခရဘက်က ဝေနေလောက်ပြီ၊ တွေဝေမနေစမ်းပါနဲ့ … ငယ်ငယ်လေးထဲက မေမေရွေးချယ်ပေးတာကိုပဲ ကိုကိုလက်ခံရတာလေ"

"အင်းလေ … မလွှဲမသွေ ဖိတ်စာတွေက ဝေရမှာပါပဲ … ကိုကို မှားသွားတယ်ကွာ၊ အရင်ထဲက ညီ့လိုနေထိုင်ခဲ့ရမှာ"

ဖိတ်စာတွေကိုင်ပြီး ကိုကိုပြန်ထွက်သွားလေသည်။ ကိုကို့ကိုတော့ မသနားသလိုသနားသလိုလို။ သူ အိပ်ရာပေါ်ပြစ်လှဲလိုက်ပြီး မြရိပ်ညိုကို တမ်းတသတိရမိနေပြန်၏။ အချစ်ဆိုတာ ဘာလဲ။ စွန့်လွှတ်အနစ်နာခံချင်းလား၊ ရယူပိုင်ဆိုင်ခြင်းလား၊ ပေးဆပ်မှုတစ်ခုပဲလား၊ သူ လုံးဝပဲအချစ်ကို မနှစ်သက်မိ။ ခံစားမှုမရှိအောင် လေ့ကျင့်ကြိုးစားလာခဲ့တဲ့သူပါ။ အပြင်ဘက်ကကြည့်လျှင် လရိပ်

ထင်ဘဝက အရာအားလုံးပြည့်စုံနေကာ ပတ်ဝန်းကျင်မှာ အားကျရတဲ့ဘဝလေးပါ။ မိသားစုဘဝထဲမှာ မီးတောက်မတတ် ပူပြင်းလောင်မြိုက်နေရတာ မသိကြပေ။

"မြရိပ်ညို ... ကိုယ်တို့နှစ်ယောက်က ချစ်သူတွေအဖြစ် ရှေ့ဆက်တိုးဖို့ အခွင့်အလန်းတွေက လုံးဝနည်းပါးလွန်းနေတယ်၊ ကိုယ်ကတော့ မာနကြောင့်ထက် ကိုယ့်မိသားစုအခြေအနေတွေက မဖြစ်နိုင်တာပါ၊ ကိုကို့လို အဖြစ်မခံနိုင်ဘူး ... မေမေက တကြောင်းမဟုတ်တာကြောင့်နဲ့ ကိုယ်ရွေးချယ်မယ့်ချွေးမလောင်းကို ပယ်ပြစ်မှာ ..."

သူ လက်ထပ်ယူမယ့် မိန်းမကလည်း အေးအေးချမ်းချမ်း ဗိုင်းကောင်းကျောက်ဖိ အိန္ဒြေသိက္ခာကြီးမားတဲ့ မိန်းကလေး။ သူနှင့်ပခုံးချင်းယှဉ်ပြိုင်မယ့် မိန်းမမျိုးကို လုံးဝမကြိုက်ခဲ့။ မြရိပ်ညိုက ကိုယ်နဲ့ပခုံးချင်းယှဉ်ပြိုင်မယ့် မိန်းမ။

"မင်းကို ကိုယ်ချစ်မိနေပြီ ထင်တာပဲ ... ကိုယ့်နှလုံးသားတွေ နာကျင်နေရတယ်၊ မြရိပ်ညိုဆိုတဲ့ မာမာကျောကျောနဲ့ကိုယ့်မနှစ်သက်လွန်းတဲ့ အကျင့်စရိုက်တွေသာရှိနေတဲ့ မြရိပ်ညိုကိုမှ ချစ်နေမိတယ်"

မြရိပ်ညိုကို မေ့ပြစ်ရမယ်။ လုံးဝကို မပတ်သက် မဆက်ဆံ





သင့်တော့ဘူး။ အဝါရောင်က ပြိုင်ပွဲကို ဒိုင်ပွဲရပ်ခဲ့ပေမယ့် မြရိပ်ညိုနဲ့သူ တွေ့ဆုံပတ်သက်ခဲ့ပြီးပြီပဲ။ ဘယ်လိုချေဖျက်ပြစ်ရမလဲ။ မြရိပ်ညိုဘက်က သူ့ကိုသတိရ တမ်းတမှုတွေ ရှိချင်မှရှိနိုင်ပေမယ့် လရိပ်ထင်ဘက်ကတော့ မြရိပ်ညိုကို နာကျင်စွာ အမှတ်တရတမ်းတနေလေသည်။

"မင်းကို မချစ်ဘူး မြရိပ်ညို ... ကိုယ့်ဘဝအတွက် မီးတောက်တွေပဲ ဖြစ်လာမှာပါ ... အဝါရောင်ကတော့ မြရိပ်ညိုရဲ့မာနတွေကို လရိပ်ထင်လို ယောကျ်ားမျိုးနဲ့မှ ရိုက်ချိုးပြစ်နိုင်မှာတဲ့"

လရိပ်ထင် မနေနိုင်မထိုင်နိုင် အရှုံးတွေနဲ့ရင်ဆိုင်ရတော့မယ် အဝါရောင်။ မြရိပ်ညိုလို မိန်းမမျိုးကို ကျရှုံးစေဖို့ ဘယ်လိုယောကျ်ားမျိုးမှ စွမ်းဆောင်မပေးနိုင်ဘူးထင်တယ်။ အတွေးစကို ဖြတ်သည်။

"မင်းအကြောင်း မတွေးတော့ဘူး၊ အခုလောက်ဆိုရင် မင်းက စိတ်အေးလက်အေး ရှိနေလောက်ပြီ"

လရိပ်ထင် အပြင်လည်းမထွက်ချင်ပေ။ မြရိပ်ညိုအတန်းရှေ့မှာ အရှက်မရှိ သိက္ခာမရှိ သွားထိုင်နေဖို့လည်း သူ့မာနတွေက ခွင့်မပြုနိုင်ပေ။ မြရိပ်ညိုကို လုံးဝအောက်ကျခံလို့မဖြစ်ဘူး။ အပေါ်စီးကနေ မထေမဲ့မြင် အပြုံးတွေနှင့် သူ့ကိုကျောခိုင်းထွက်ခွာနိုင်မယ့်မိန်းမတစ်ယောက်ပဲ။ အဝါရောင်ဆီက ဖုန်းလာတော့ လရိပ်ထင်

စောစောကကျဆင်းနေခဲ့တဲ့ စိတ်တွေ နိုးထလှုပ်ခတ်သွားရကာ မျှော်လင့်ချက်ရောင်ခြည်တွေ လင်းလက်သွားသည်။

"ဟဲလို အဝါရောင် ... ပြော ... "

"လရိပ်ထင် ... ရှင် ဘယ်မှာလဲ ကျောင်းမှာလား ... "

"အိမ်မှာပါ။ ဒီနေ့ ကိုယ့်မှာ လုံးဝအတန်းမရှိလို့ အိမ်ထဲမှာပဲ နေတာလေ"

"အမလေးနော် ... တော်တော်လေးနေနိုင်ကြတဲ့ စုံတွဲတွေပဲ ... ရေခဲတုံးများ ဖင်ခုထိုင်နေကြလား"

"ဘာ ... ဘာပြောတယ် အဝါရောင် ... စုံတွဲ ဟုတ်လား၊ အသုံးအနှုန်းတွေက လန့်ထွက်နေပါလား"

"ရှင်တို့နှစ်ယောက်ကို စုံတွဲတွေဖြစ်စေချင်ပါတယ်ဆိုမှ ရှင်က ယောင်္ကျားလေးလေ ... ခြေလှမ်းစလှမ်းလိုက်စမ်းပါ၊ ဒီမှာ မြရိပ်ညိုလေ အဝါရောင့်ကိုရစ်နေတယ်၊ အစ်ကိုကြီးကို ဖြတ်လိုက်တဲ့၊ အမိန့်တွေ လာပေးနေတယ်"

"အဲဒါ ကိုယ်နဲ့ဘယ်လိုပတ်သက်နေလို့လဲ အဝါရောင်"

"ရှင့်ကို တာဝန်ပေးထားတယ်လေ ... မြရိပ်ညိုကို ထိန်းချုပ်ဖို့ကူညီစမ်းပါ၊ မြရိပ်ညို နှလုံးသားထဲ အချစ်တွေထည့်ပေးစမ်းပါ၊ ရှင်က မာနကြီးတခွဲသားလုပ်မနေစမ်းပါနဲ့"





"မြရိပ်ညိုကို ကိုယ်မကြိုက်ဘူး အဝါရောင် ... "

"ဘာပြောတယ်"

"ကိုယ် လုံးဝမပတ်သက်ချင်တော့ဘူး၊ မြရိပ်ညိုလို မိန်းမနဲ့ ကိုယ်လက်တွဲဖို့ ကြောက်နေတယ် ... ဒါကြောင့် ကိုယ်လုံးဝမပတ်သက်ဖို့ ဆုံးဖြတ်ထားတယ်"

"သေလိုက်ပါတော့"

ပြောပြီးကာမှ လရိပ်ထင်တွေတွေဝေဝေနှင့် နောင်တရမိသလိုလို။ သူ့စကားကို လက်လွှတ်စပယ်များ ပြောမိလိုက်ပြီလားတောင် မသိတော့ဘူး။ မြရိပ်ညိုကို သူတွေ့ချင်နေပါလျှက်နှင့်ပြန်ပြီး တောင်းပန်သင့်လား လရိပ်ထင်။ မင်း ဆုံးဖြတ်လိုက်တာ မှန်တယ်။ လုံးဝပဲ ... ယောက်ျားပဲ။ အချစ်ကို အလွယ်တကူ မခံစားနဲ့။ ဘဝတစ်သက်တာလုံး နောင်တတွေ့နေလိမ့်မယ်။ အပြင်မထွက်တော့ဘူးဟု ဆုံးဖြတ်ပြီးကာမှ စိတ်တွေကို မထိန်းချုပ်နိုင်ဘဲ အဝတ်အစားတွေ ထလဲ၍ အပြင်ထွက်လာ ဖြစ်နေသည်။

"အဝါရောင် ... မင်းတို့ဘယ်မှာလဲ ... စောစောက မင်းတို့ ရှိနေတဲ့နေရာကို ဘာဖြစ်လို့များ ပြောပြမသွားခဲ့ရတာလဲကွာ"

အဝါရောင်တို့ ဘယ်နားမှာရှိနေနိုင်မလဲ။ သူကလည်း မမေးလိုက်မိဘူး။ အဝါရောင်တို့ရှိနေနိုင်တဲ့နေရာတွေက များများမရှိ။

မြရိပ်ညိုတို့အတန်းရှေ့က ခုံတန်းလေးမှာပဲ ဖြစ်နိုင်သည်။ လရိပ်ထင်ကားလေးက မြရိပ်ညိုတို့အတန်းနှင့် ခပ်လှမ်းလှမ်းမှာ ရပ်သွားသည်။

"ဟိုမှာပဲ ... အဝါရောင်နဲ့ မြရိပ်ညို"

သူ့ခြေလှမ်းတွေက ရှေ့ဆက်လှမ်းဖို့ တွန့်ဆုတ်တုန့်နှေးသွားသည်။ ကားပေါ်ကနေ ဆင်းဖို့ပင် သတ္တိက ကြောင်နေသေး၏။ လှည့်ပြန်လိုက်တာ အကောင်းဆုံးပဲဟု တွေးမိနေသည်။

"မြရိပ်ညိုကို မပတ်သက်တာ အကောင်းဆုံးပဲ လရိပ်ထင်၊ မဖြစ်နိုင်တဲ့အခြေအနေက မဖန်တီးတာ အကောင်းဆုံးပဲ ... ပြန်တာပဲ-ကောင်းတယ် ... "

မြရိပ်ထင်က သူမ နှစ်သက်လွန်းတဲ့ အဖြူရောင်ဆွတ်ဆွတ် စပို့ရှပ်လေးနှင့် ဂျင်းပင်အပြာရောင် ဘောင်းဘီရှည်ကို ဝတ်ဆင်ထား၍ သူ့အမြင်မှာ ထူးဆန်းနေသည်။ အတန်းလာတက်တဲ့ ဝတ်စုံမဟုတ်။ မြရိပ်ညိုတို့စာသင်ဆောင်တွေမှာလည်း ကျောင်းသားကျောင်းသူတွေ ရှိမနေပေ။ တိတ်ဆိတ်ငြိမ်သက်နေသည်။

"မြရိပ်ညိုနဲ့အဝါရောင် ဒီကိုဘာလာလုပ်ကြတာလဲ၊ သူတို့လည်း အတန်းမရှိကြဘူးထင်တယ် ... နှစ်ယောက်သား ချိန်းပြီးဆုံကြတာပဲဖြစ်မယ် ... အဝါရောင့်ကို မြရိပ်ညို ချိန်းလိုက်တာပဲဖြစ်





...ဘယ်"

တော်ပါပြီကွာ ... မြရိပ်ညိုနဲ့ ကင်းကင်းရှင်းရှင်း နေတာပဲ...ာင်းတယ်။ မိန်းမ လုံးဝမဆန်ဘူး။ လရိပ်ထင် တွေဝေစဉ်းစား...ာန်းပဲရှိသေးတယ်။ မြရိပ်ညိုနှင့်အဝါရောင်တို့ ခုံတန်းလေးပေါ်...နေထပြီး သူ့ဘက်လျှောက်လာကြသဖြင့် ကားကို အလျင်အမြန်...်နိုး၍ မောင်းထွက်လာခဲ့သည်။

⚙

## အခန်း ( ၁၀ )

"ရှင် ... မြရိပ်ညိုစကားကို နားထောင်စမ်းပါ အဝါရောင်၊ ကျွန်မ မာမိရဲ့ငြင်းပယ်ရမယ့်ယောက်ျားတစ်ယောက်ရဲ့ စံနှုန်းနဲ့ငြိနေတယ်၊ အဝါရောင့်လူက အသက်ကြီးလွန်းတယ်၊ အိမ်ထောင်ရှိမရှိ သေသေချာချာရော စုံစမ်းပြီးပြီလား အဝါရောင် ... "

"မရှိပါဘူး ... အဝါရောင် အတိအကျသိထားတယ်၊ အဝါရောင်အတွက် စိတ်မပူစမ်းပါနဲ့ မြရိပ်ညို"

"ရှင့်အတွက်ပဲပူတာ၊ မြရိပ်ညိုဘဝမှာ ယောက်ျားတစ်ယောက်ရဲ့ လွှမ်းမိုးမှုကို ဘယ်တော့မှ မခံဘူး"

"ဟွန်း"

အဝါရောင့်မျက်စောင်းတွေက မြရိပ်ညိုထံ မသိမသာဝေ့ဝဲလာသည်။ အဝါရောင့်လူကို သဘောမကျမိ။ အိမ်ထောင်ရှိသူ လူ





ည်တစ်ယောက်ဟု ခန့်မှန်းမိနေ၏။ ခက်တာက အဝါရောင့်ဘက်က တားမရ ဆီးမရ။ ထိုသူ့ကို အရူးအမူး ချစ်ခင်နှစ်သက်နေသည်။

"လရိပ်ထင်က ရှင့်ကိုတွေ့ချင်တယ်လို့ တောင်းဆိုနေတယ်၊ သက်ခံသင့်တယ် ... "

"ပတ်သက်စရာအကြောင်းမှ မရှိတာဘဲ အဝါရောင် ... ပွဲကဆက်တော့ဘူးလေ ... "

သူ့ဘက်က အေးစက်နေတာကိုလည်း မြရိပ်ညို မကျေမနပ်ဖြစ်ရသည်။ မမလွှမ်းအတွက် မဖြစ်မနေတော့ လက်တုန့်ပြန်ရမယ်။ လရိပ်ထင်ရှေ့မှာ တမင်မာနတကြီးနှင့် မပတ်သက်ချင်သယောင်ယောင်။ မာနတွေ ပြပြစ်တာပါ။ လရိပ်ထင်မှာလည်း မာနတွေရှိနေတာ မြရိပ်ညို သိထားသည်။

"မြရိပ်ညိုတို့နှစ်ယောက်ကတော့ စံပါပဲ ... အင်းလေ လက်ရည်တူနေတော့လည်း အရှုံးအနိုင်က ပြတ်သားဖို့မလွယ်ဘူးလေ"

"ပြန်မယ်"

"ခဏ ... "

"ဘာလဲ ... ရှင့်အဆက်နဲ့ချိန်းထားပြန်ပြီ မဟုတ်လား"

ဒီနေ့ မြရိပ်ညိုလဲ အတန်းမရှိပေ။ အဝါရောင် လှမ်းချိန်းလို့ရောက်လာခဲ့တာပါ။

"မြရိပ်ညိုရယ် ... မနှောက်ယှက်ပါနဲ့ဟာ၊ ရှင်ဝင့်လည်မှာ နော်"

"လည်စရာ ဘာအကြောင်းမှမရှိဘူး အဝါရောင် ... ဒါနဲ့ နေပါဦး ... ရှင်က ကျွန်မကို ဘာကိစ္စနဲ့ တကူးတက ဖုန်းဆက်ခေါ် ရတာလဲ"

"လရိပ်ထင်ကြောင့်လေ ... "

"ဘယ်မှာလဲ လရိပ်ထင်က ... "

တကယ်တော့ လရိပ်ထင်ကိုယ်တိုင်က မြရိပ်ညိုကို မတွေ့ချင်တော့ကြောင်း ငြင်းဆန်ခဲ့သည်။ မြရိပ်ညိုသာသိရင် သူ့မာနကို ထိပါးတယ်ဆိုပြီး ဘယ်လောက်အထိ ဒေါသအိုးပေါက်ကွဲလိုက်မလဲ လို့။ လရိပ်ထင်ကတောင် စိတ်မဝင်စားဘူးဆိုရင် မြရိပ်ညိုသွားပါပြီ။ အဝါရောင့်ကို မိုးအဆုံး မြေအဆုံး လူပျို အပျိုကြီးဖြစ်စေရန် နှောက်ယှက်တော့မည် ဖြစ်သည်။

"ရှင့်အဆက်နဲ့ ချိန်းထားလည်း ဖျက်လိုက်တော့ ... ရှင်ပဲ ကျွန်မကို လှမ်းခေါ်တာလေ မရဘူး ... မြိတ်ကတ်ကြေးကိုက် သွားစားမယ်"

"မြရိပ်ညို ... အဲဒီလို မလုပ်ပါနဲ့ဟာ၊ သူလာတော့မယ်ဟ"

"လာ လာ ... "





"နေပါဦးဟာ ... ခဏလေး ... ဟို ဟိုမှာ ... သူ ... သူ"

နှစ်ယောက်သား ထလာပြီးကာမှ အဝါရောင့်ကို ဘယ်လိုမှ ခေါ်မရတော့ပေ။ မြရိပ်ညိုကို ဖုန်းဆက်ခေါ်ပြီးမှ ဒီလိုလုပ်လို့ ရမလား။ အဝါရောင့်လက်ကို ဆွဲထားသည်။

"စောစောကတော့ တကယ်ပဲ ... ရှင်နဲ့လျှောက်လည်မယ် ဆိုပြီး ဖုန်းဆက်တာပါ၊ အခုတော့ အစ်ကိုကြီးကတွေ့ဖို့ ချိန်းလို့လေ၊ သူငယ်ချင်းအပေါ် သစ္စာဖောက်တာတော့ မဟုတ်ပါဘူး၊ မြရိပ်ညို ဒီတစ်ခါထဲပါ ... နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး"

မြရိပ်ညိုကို လှမ်းခေါ်တုန်းက သူငယ်ချင်းနှစ်ယောက် လျှောက်လည်ဖို့ပဲ။ မထင်မှတ်ဘဲ ခရီးထွက်မယ်ဆိုတဲ့ အစ်ကိုကြီးက ခရီးစဉ်ပျက်သွား၍ အဝါရောင်နှင့်တွေ့ဖို့ ဖုန်းဆက်ခဲ့သည်။ လရိပ်ထင်ဆီက မင်းကကမ်းလှမ်းပြီး အကူအညီတောင်းတော့လည်း လရိပ်ထင် မတွေ့ချင်တော့ဘူးဆိုပြီး အပြတ်ငြင်းလိုက်၏။ အဝါရောင် အခက်တွေ့နေရသည်။

"ရှင်ကလေ ... နည်းနည်းလေးမှ အညှာအတာ အထောက်အထားမရှိဘူး ... မသွားလို့ မဖြစ်ဘူးနော်၊ ဟို ... ဟိုမှာ စောင့်နေ တယ် ... "

အဝါရောင် ပြောပြောဆိုဆိုနှင့် မြရိပ်ညိုကို ထားခဲ့ပြီး ပြေး

ထွက်လာခဲ့သည်။

"မြရိပ်ညိုရေ … ရှင်ချစ်သူရှိလာမှ ကိုယ်ချင်းစာတတ်မှာ နော်၊ တောင်းပန်ပါတယ် … "

"ဟွန်း … ရှင်တော့ အထိနာမှ အဘိဓမ္မာသိတော့မယ် ထင်တယ် … အဝါရောင်ရ … "

တားဆီးလို့မရမှန်းသိ၍ မြရိပ်ညို မတားဆီးတော့။ မြရိပ်ညိုကို ဖုန်းဆက်ခေါ်ပြီး ထားခဲ့၍ မြရိပ်ညိုတင်းပြီး တစ်ယောက်ထဲပဲ ကျောင်းရှေ့မှာရှိနေတဲ့ ကော်ဖီဆိုင်ထဲ ဝင်လာခဲ့သည်။

"မြရိပ်ညို"

"ဟင် … လရိပ်ထင်"

"ရှင်က ဘာဖြစ်လို့ ကျွန်မတို့ပတ်ဝန်းကျင် နယ်မြေထဲ ရောက်နေရတာလဲ လရိပ်ထင် … "

သူမက လရိပ်ထင်ရှိနေလို့ ဝင်လာတာမဟုတ်ကြောင်း စကားပရိယာယ်ဖြင့် သက်သေထူမိသည်။ လရိပ်ထင်ကိုကျော်ပြီး ထောင့်စွန်းမှာရှိနေတဲ့ စားပွဲတွင်ဝင်ထိုင်၏။ ယောကျ်ားလေးတစ်ယောက်ရှိနေတဲ့နေရာကို လာရောက်မိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာမဲ့မှုနှင့် အရှက်တွေကို မြရိပ်ညို မနှစ်သက်ဘဲ ဘယ်လိုချေဖျက်ပြစ်ရမလဲဆိုတာ အလျင်အမြန် စဉ်းစားရသည်။





"နန်းကြီးသုပ်တစ်ပွဲ ပေးပါနော် … သံပုရာရည်တစ်ခွက်"

စားစရာတွေမှာပြီး သူမ လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ဆုတ်၍ ဖတ်နေလိုက်သည်။ လရိပ်ထင်ကို အဖက်မလုပ်။ စားပွဲထိုးက စားစရာတွေလာပေးသဖြင့် မော့ကြည့်မိတော့ လရိပ်ထင်ဖြစ်နေသည်။

"ကိုယ် စားပွဲထိုးပေးတာပါ … မထင်မှတ်ဘဲ မြရိပ်ညိုနဲ့တွေ့ရလို့ ထိုင်ခွင့်ပြုပါဗျာနော်"

သူမ ငြင်းပြစ်ဖို့ စိတ်ကူးမိပေမယ့် လရိပ်ထင်နှင့်ခင်မင်ရင်းနှီးမှုကို ယူရမည်ဖြစ်သဖြင့် ခေါင်းပဲညိတ်ပြမိသည်။

"မြရိပ်ညို"

"ရှင်"

"အဝါရောင်ရော"

"ထုံးစံအတိုင်းလေ ကျွန်မကို ဖုန်းဆက်ခေါ်ပြီးမှ သူ့အဆက်လာလို့တဲ့ … အသည်းအသန် ထွက်သွားတယ်လေ တားလို့တောင် မရဘူး"

လရိပ်ထင် သိသည်။ မြရိပ်ညိုတစ်ယောက်ထဲ ဝင်ရောက်လာတာကတော့ ကံတရားအရပဲထင်သည်။ မြရိပ်ညိုက ဘယ်လိုပဲ ဝတ်စားပြင်ဆင်ထားပါစေ ချောမောလှပနေ၏။ လရိပ်ထင်လို စိတ်

ဓာတ်မာကျောတဲ့ သူတောင် ယစ်မူးတိမ်းညွတ်ချစ်ခြင်းမေတ္တာတွေ ယိုစီးနေရသည်။

"ထိုင်မယ်နော်"

"ရတယ် ..."

ပြတ်သားလိုက်တဲ့ မိန်းမ။ စာအုပ်ကိုပဲ ပြန်ဖတ်နေသည်။ သူက ဘာလဲ ဒီမိန်းမရှေ့မှာ သိမ်ငယ်ချောက်ချားလာရသလိုလို သူ ယောင်ချာချာနှင့် မြရိပ်ထင် အအေးခွက်ကို ကောက်ကိုင်တော့ ကျွန်မ မှာထားတာလေဟု ပြောမှ အသိဝင်လာသည်။

"ဟုတ်သားပဲ ... ကိုယ် ကျန်ခဲ့တာပဲ ထားလိုက်ပါတော့"

"ရှေ့ ... သောက်ပါ"

"မင်းဗိုက်ဆာနေပုံရတယ် မြရိပ်ညို ..."

"ဟုတ်တယ်"

စကားလေးတစ်လုံးစ နှစ်လုံးစပြောဖို့ပင် ဝန်လေးလွန်းသည်။ မင်းပဲ ပေးနေတာလား မြရိပ်ညို။ လူတစ်ယောက် မင်းရှေ့မှာ ထိုင်နေတာ သူမနှင့်လုံးဝ မသက်ဆိုင်သလိုလို။

"မြရိပ်ညို"

"ဟင် ..."

"ကိုယ့်ဆီကို အဝါရောင် ဖုန်းဆက်တယ်၊ မင်းရှိမယ်ဆိုလို့





ကိုယ်လာတာ"

"ဟုတ်လား ... ကျွန်မဆီလည်း သူဖုန်းဆက်ခေါ်တာလေ၊ အတန်းမရှိလို့ လျှောက်သွားကြမလားတဲ့"

"အဝါရောင့်အဆက် လာလို့လား"

"အင်း"

မိန်းကလေးတွေကြားထဲမှာ မာနမင်းသားလေးအဖြစ် ရေပန်းစားလွန်းတဲ့ လရိပ်ထင်က မြရိပ်ညိုရှေ့မှာ ခယယနှင့် ခင်မင်ရင်းနှီးခွင့်ရဖို့ ကြိုးစားနေတာကို သူမ အကျေနပ်ကြီး ကျေနပ်နေမိသည်။

"တစ်ခုခုစားမလား ... ကိုယ်ကျွေးပါ့မယ်၊ အပြင်ကို ထွက်လာပြီးမှတော့ အိမ်ပြန်ရမှာ ပျင်းစရာကြီးနော်"

"ဒါဆိုလည်း မြိတ်ကတ်ကျေးကိုက်ကောင်းကောင်းရမယ့် နေရာကို သွားကြမလား"

"မြရိပ်ညို ဆန္ဒပဲလေ"

လရိပ်ထင်နှင့် ရင်းနှီးကျွမ်းဝင်ပတ်သက်မှုကို တမင်တကာပဲ မြရိပ်ညို ဖန်တီးယူပြစ်လိုက်သည်။ မမလွှမ်း ရင်ကွဲနာကျပြီး မစားနိုင် မအိပ်နိုင်ဖြစ်နေ၏။ မာမီ မသိ။ အဖျားတွေတက်ပြီး အိပ်ရာထဲမှာ လဲနေသည်။

"မမလွမ်း တစ်ညလုံး ပြတင်းပေါက်ဖွင့်ပြီး ထိုင်နေတာမဟုတ်လား ... အအေးကပတ်ပြီပေ့ါ၊ ယောကျ်ားတစ်ယောက်အတွက် ဘာဖြစ်လို့ အသက်အသေခံချင်ရတာလဲ"

မမလွမ်းအဖြစ်တွေကို ကြည့်ပြီး မြရိပ်ညို ဒေါသထွက်ရသည်။

"မြရိပ်ညိုရယ် ... ညီမလေး မသိပါဘူး၊ လောကကြီးထဲမှာ အခက်ခဲဆုံးက ဘာလဲသိလား ... ကိုယ် ချစ်မြတ်နိုးရတဲ့သူကို မုန်းပြစ်လိုက်ဖို့ပဲ"

"သေလိုက်တော့ ... "

"ညီမလေးက ကိုယ်ချင်းမှမစာတာ၊ မင်းလိုပဲ မမလွမ်းလဲလေ ယောကျ်ားတွေကို အထင်မကြီးဘဲ ကင်းကင်းရှင်းရှင်းနေထိုင်ခဲ့ရမှာ၊ မြရိပ်ညိုလို စိတ်ဓာတ်မာကျောချင်လိုက်တာ"

မမလွမ်းချစ်သူ နေထွန်းတောက်က အမေ သဘောမကျတာလေးနဲ့ပဲ သတ္တိကြောင်စွာ ချစ်သူကို စွန့်ပြစ်နိုင်သည်။ ယောကျ်ား မပီသလိုက်တာ။ ရှင့်အမေကရော ဘာလဲ။ ရှင်ကရော။ မြရိပ်ညို ... အော်ဟစ်ဆူပူပေါက်ကွဲပြစ်ချင်သည်။ နှစ်ယောက်သားတစ်ယောက်ကားတစ်စီးစီနှင့် မောင်းထွက်လာခဲ့ကြ၏။ အဝါရောင်က ဒိုင်ပွဲရပ်ပြစ်ခဲ့ပေမယ့် ကျွန်မကတော့ ရှင်နဲ့ဆက်ပြီး ယှဉ်





ပြိုင်ရလိမ့်မယ်။

"ဒီဆိုင်လေးက အရမ်းနာမည်ကြီးတယ် မြရိပ်ညို ... သီးသန့်ခန်းတွေလည်းရှိတယ် ... ဘယ်လိုလဲ မင်းဆန္ဒပြောပါ"

"သီးသန့်ခန်းပဲယူပါ ... ဒီဆိုင်က လူတွေ အရမ်းများနေတယ်"

လရိပ်ထင်က သီးသန့်ခန်းလေးထဲဝင်လာခဲ့သည်။ စားစရာတွေ မှာ၏။ တစ်ခါတစ်ရံ မြရိပ်ညိုက မာန်မာနတွေကင်းပြီးကလေးဆန်နေပြန်၏။ သူမ အရမ်းကြိုက်လွန်းတဲ့ အစားအသောက်တွေပါတဲ့။ ယောကျ်ားလေးတစ်ယောက်နှင့် နှစ်ယောက်ထဲရှိနေတာတောင် မြရိပ်ညိုက ရှက်ကြောက်ရွံ့တွန့်နေတာမျိုး မရှိ။ အေးစက်တည်ငြိမ်နေသည်။

"စားပါ မြရိပ်ညို"

"ရှင်လည်း စားပါ"

"အဝါရောင့်ကို ကျေးဇူးတင်တယ်၊ ကိုယ့်ကို ဖုန်းဆက်ခေါ်လို့ပါ"

"ကျွန်မလည်း တကာခံမယ့်သူပေါ်လာလို့ အဝါရောင့်ကိုပဲ ကျေးဇူးတင်ပါတယ်"

လရိပ်ထင် အပြုံးတွေက ရင်ခုန်လှုပ်ခတ်စေတာတော့ မြရိပ်

ညို ဝန်ခံချင်သည်။ သူမကဲ့သို့ မာကျောတဲ့နှလုံးသားတွေဖြစ်တည်စေရန် လေ့ကျင့်ထားခဲ့သူတောင် သူ့အပြုံးတွေကို ကြောက်ရွံ့နေမိသည်။

“ကိုယ်တို့နှစ်ယောက် စကားတွေ အေးအေးဆေးဆေးပြောကြတာပေါ့”

“ပြောစရာစကားလည်း တကယ့်ကိုမယ်မယ်ရရ မရှိတာ၊ အဝါရောင့်အကြောင်းတွေပဲ ပြောစရာရှိတယ်”

မင်းကတော့ တကယ့်ကို မိတ်ဆွေတွေလို သဘောထားနိုင်တာပဲ မြရိပ်ညို။ ကိုယ်နဲ့ပတ်သက်ပြီး ပြောစရာစကားမရှိဘူးလို့ သွယ်ဝိုက်စွာပြောနေတာ ကိုယ်သိပါတယ်။ မြိတ်ကတ်ကျေးကိုက်အား သူမ နှစ်နှစ်သက်သက်နှင့် အားပါးတရ စားနေသည်။

“ရှင် စားလေ ...”

“မင်းနဲ့ကိုယ်က အစားအသောက်တွေ ကြိုက်တာချင်းတူကြတယ် မြရိပ်ညို ... အံ့သြစရာကောင်းတယ်၊ မင်းလည်း ကော်ဖီမကြိုက်ဘူး၊ ဒါပေမဲ့ Coffee Shop တော့ ထိုင်တတ်တယ်၊ အကျင့်စရိုက်တွေလည်း တူကြတယ်”

“အဟက်”

သူမ ရယ်မောတာ ပထမဆုံးအကြိမ် လရိပ်ထင် တွေ့လိုက်





သည်။ ယခင်ကလောက် မြရိပ်ညို အမူအယာတွေက တင်းမာခက်ထန်မှုတွေ ရှိမနေ။ သီးသန့်ခန်းလေးထဲမှာ အချိန်အကြာကြီး စကားလက်ဆုံကြခဲ့ကြသည်။

“မြရိပ်ညို ... ကို ကိုယ်ပွင့်ပွင့်လင်းလင်း မေးချင်တယ်၊ လက်ခံဖြေကြားပေးမယ်ဆိုရင်ပေါ့ ... ”

“ဟုတ်ကဲ့ ... မေးပါ၊ ကျွန်မ ဖြေဖို့အပန်းမကြီးဘူးဆိုရင်ပေါ့လေ”

“အပန်းမကြီးနိုင်ပါဘူး၊ ကျွန်တော်တို့နှစ်ယောက်က မိတ်ဆွေအရင်းအချာတွေအဆင့်အထိ ရောက်နေကြပြီပဲဟာ”

“အင်းပါ ... မေး ... ”

“အဝါရောင်နဲ့အခြေခံပြီး မေးချင်တာပါ၊ အဝါရောင်ကချစ်သူကို သေသေချာချာ မစဉ်းစားဘဲ ရွေးချယ်ခဲ့တာ၊ မင်းကမှားတယ်လို့ ပြောခဲ့တယ်နော်”

“ဟုတ်တယ်လေ ... အရမ်းကိုမှားတာပါ၊ မိန်းကလေးတစ်ယောက်ရဲ့ဘဝနဲ့ ရင်းရတာပဲလေ၊ တော်တော်လေးကို စီစဉ်ရွေးချယ်သင့်တယ်လို့ ထင်တယ်”

“အချစ်မှာ မျက်စိမပါဘူးဆိုတဲ့ ရှေးစကားပုံကရော အဲဒီလိုပါ၊ မိန်းကလေးပဲဖြစ်ဖြစ် ယောကျ်ားလေးပဲဖြစ်ဖြစ် အကောင်းဆုံး

တွေကိုပဲ ရွေးချယ်ချင်ကြတာပါ၊ တစ်ခါတရံ ဘာကိုမှ စဉ်းစားတွေးတောဖို့အချိန် မရတော့ဘဲ ချစ်မိသွားနိုင်တယ်လေ"

"အဲဒါက ဆင်ကန်းတောတိုး အချစ်တွေပါ၊ မဖြစ်သင့်ဘူး၊ ဒုက္ခရောက်စရာရှိရင် ကျွန်မတို့ မိန်းမတွေဘက်ကပဲ နစ်နာကြရတာပါ"

"ယောကျ်ားတွေဘက်ကရော နစ်နာတာမျိုး မရှိနိုင်ဘူးလား"

"များသောအားဖြင့် ပြောတာပါ၊ ရှင်တို့ယောကျ်ားလေးတွေက နစ်နာတော့ရော ဖြေဖျောက်စရာ နည်းလမ်းတွေများပါတယ်"

မြရိပ်ညိုကို ဘယ်လိုရှင်းပြရမလဲ။ ဖေဖေနဲ့ကိုကိုတို့ဘဝသက်တမ်းတစ်လျှောက်လုံးမှာ ထိခိုက်နစ်နာနေကြရသည်။ လရိပ်ထင်လည်း ကြောက်ရွံ့နေခဲ့မိတာပါပဲ။ ကျွန်မကတော့ အချစ်ကိုခံစားချက်နဲ့ မရွေးချယ်နိုင်ဘူး ... ဦးနှောက်တွေ အသိတရားတွေနဲ့ ချင့်ချိန်စဉ်းစားရွေးချယ်မယ်တဲ့။ သူမ ပြောချင်ရာတွေပြောပြီး ထပြန်သည်။

✿

အခန်း ( ၁၁ )

"အဟင့် ... အဟင့် ... ဟင့် ... "

"အဟင့် ... "

"အဟင့်"

မြရိပ်ညို အပေါ်ထပ်သို့ရောက်လာတော့ မမအိပ်ခန်းဆီမှ ငိုရှိုက်သံတွေ သဲ့သဲ့ကြားလိုက်ရ၍ မမလွှမ်းအခန်းထဲ ပြေးဝင်သွားမိသည်။

"အဟင့် ... ဟင့် ... အဟင့် ... "

"မမလွှမ်း ... ဘာဖြစ်လို့လဲ၊ အထုတ်အပိုးနဲ့ ဘယ်ကိုသွားမလို့လဲ ... ပြောစမ်းပါ ... မာမီရော ... "

"အဟင့် ... ဟင့် ... "

"အဟင့် ... "

"မမလွှမ်း မေးနေတယ်လေ ဘာဖြစ်လို့လဲ ... "

"မမလွှမ်း၊ ကိုလေ ကိုနေက ခိုးရာလိုက်ခဲ့ဖို့ခေါ်တာ မမလွှမ်းသွားတော့ သူကရောက်မလာဘူး ... ဒါကြောင့် မမပြန်လာခဲ့တာပါ၊ မာမီ မရှိဘူးလေ၊ ခရီးထွက်သွားတယ် ... မောင်က ဖုန်းဆက်ခေါ်တာ အရမ်းရက်စက်တယ် ... သူပဲ တစ်နေရာရာကို ထွက်သွားကြရအောင်တဲ့၊ လွှမ်းကို အရမ်းချစ်တယ် မခွဲနိုင်ဘူးတဲ့"

"တောက် ... "

"မြရိပ်ညို ... မမလွှမ်းကိုပဲ အပြစ်တင်ပါ၊ ကိုနေ ... ကိုနေ တကယ်ပဲ မမကိုချစ်ခဲ့တာပါ၊ သူ ... သူလေ ရောက်မလာတာက အကြောင်းတစ်ခုခုရှိလို့ ဖြစ်လိမ့်မယ် ... "

"တော်စမ်းပါ မမလွှမ်းရာ ... ယောကျ်ားဖြစ်ပြီး သတ္တိကြောင်နေတာ၊ သူ့အမေကိုပဲ ရွေးချယ်လိုက်တာနေမှာပေါ့၊ မမလွှမ်းကရော သူခေါ်တိုင်း ဘာဖြစ်လို့သွားရတာလဲ ငြင်းပြစ်ရမယ်လေ ... ဒီခေတ်မှာ ဘယ်သူမှ ခိုးရာမလိုက်ကြတော့ဘူး၊ မာမီသိသွားရင် ဘယ်လောက်ခံစားရမလဲ၊ မာမီနဲ့မြရိပ်ညိုကို အရှက်ရအောင် မမလွှမ်း လုပ်တာလား"

"မမလွှမ်း အပြစ်တွေပါ၊ မမလွှမ်းကိုယ်တိုင်က တောင်းဆိုတာပါ၊ ကိုနေလည်း အရမ်းကိုခံစားနေရတာပါ"





"မမ ယုံလား ... နေထွန်းတောက်ရဲ့စကားတွေ မမဘာဖြစ်လို့ ယုံရတာလဲ ... ယောကျ်ားတွေကို အထင်မကြီးစမ်းပါနဲ့၊ ငိုမနေနဲ့တော့၊ ဒီကိစ္စ မာမီ့ကို ပြောပြရမယ် ... တင်းတင်းကျပ်ကျပ် ဘားဆီးပြစ်ရမယ်"

"မပြောပါနဲ့ မြရိပ်ညို ... နောက်တစ်ခါ မမလွှမ်း မလုပ်တော့ပါဘူး တောင်းပန်ပါတယ် ... မာမီသိသွားရင် သတ်လိမ့်မယ်၊ မမလွှမ်း မှားပါတယ်ကွယ် ... နောက်ထပ် မဖြစ်စေရတော့ပါဘူး"

"လူမဆန်လိုက်တာ ... တောက် ... "

"မြရိပ်ညို ... ညီမလေးရယ်၊ မာမီ့ကို အသိမပေးပါနဲ့၊ မမလွှမ်း မှားသွားပါတယ်"

မမလွှမ်းကိုလည်း မြရိပ်ညို အပြစ်မတင်လိုပေ။ အမြဲတမ်းရိုးသားဖြူစင်ပြီး ပျော့ညံ့တယ်။ မာမီကတော့ မြရိပ်ညိုတို့ညီအစ်မအား အိမ်ရှင်မဘဝကို မခံယူစေချင်ပေ။ စီးပွားရေးကိုပဲ အာရုံစိုက်လုပ်စေချင်ခဲ့သည်။ မမလွှမ်း ချစ်သူထားတာလည်း မာမီ မသိပေ။ ယောကျ်ားတွေကို အထင်မကြီးဖို့ စိတ်မင်စားဖို့ မာမီတတွတ်တွတ်ဆုံးမသွန်သင်နေခဲ့သည်။

"မမလွှမ်း ... "

"ဟင်"

"နောက်တစ်ခါ အဲဒီလူက ခိုးရာလိုက်ခဲ့ပါ၊ မင်းကိုအရမ်းချစ်လို့ပါ လုံးဝမခွဲနိုင်တော့ပါဘူးလို့ လွမ်းလောက်အောင်ပြောခဲ့ရင်တောင် မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက် မာမီဆီမှာ လူကြီးစုံရာနဲ့ လာတောင်းပါလို့ပဲပြော ... မမလွှမ်းအဆင့်နဲ့ ခိုးရာလိုက်ပြေးစရာလားလို့ ... အရှက်မရှိလိုက်တာ ... "

"အေးပါ ... အေးပါဟယ်၊ မမလွှမ်းလည်း သူနဲ့လုံးဝမပတ်သက်တော့ပါဘူး၊ မာမီနဲ့ညီမလေး အရှက်ရစေမယ့် အလုပ်တွေ ဘယ်တော့မှ မလုပ်တော့ပါဘူး"

"ကတိနော်"

"အင်းပါ"

"မငိုပါနဲ့ သတ္တိရှိစမ်းပါ ... ကိုယ့်ကိုလက်မထပ်နိုင်တဲ့ ယောကျ်ား တစ်ယောက်အတွက်များ မျက်ရည်ကျနေရတယ်လို့ သူ ယောကျ်ားပဲ ... တာဝန်ယူရဲရမယ်လေ၊ ဒီလိုလူအတွက် မမက မစားနိုင် မအိပ်နိုင်နဲ့ တမြေ့မြေ့ပူဆွေးဝမ်းနည်းပြီး အသေခံမလို့လား"

"မမ မှားပါတယ် ... ညီမလေး ပြောနေတာတွေအားလုံး အမှန်တွေပါပဲ ... မမလွှမ်းက အကြီးပါ၊ ရှေ့ဆောင်လမ်းပြဖြစ်ရမှာလေ"





မမလွှမ်း အခန်းထဲကနေ ပြန်ထွက်လာခဲ့သည်။ မာမီအရေး ာကြီးကိစ္စရှိနေလို့ ခရီးထွက်သွားတာတဲ့။ မာမီ စီးပွားရေးပဲ လုံး န်းတယ်။ အမေအုပ်ထိန်းမှုအောက်မှာ နေထိုင်ရတဲ့ သမီးလေး တွေ မျက်နှာမငယ်စေချင်ဘူးတဲ့။ စည်းကမ်းတွေကို စာရွက်ပေါ်မှာ ရေး၍ နံရံမှာ လာချိတ်ထားတတ်သည်။

"နေထွန်းတောက် ... ယောကျ်ား မပီသတဲ့လူပဲ၊ ကျွန်မ အစ်မလို ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်အပေါ် ဘာဖြစ် ို့များ ရက်စက်ချင်ရတာလဲ၊ ရှင်တို့က, ဘယ်လောက်များအဆင့် အတန်းတွေ မြင့်နေလို့လဲ ... ချွေးမရွေးတာ ကျွန်ဝယ်မှာလား"

မြရိပ်ညိုတွေးမိတိုင်း ဒေါသတွေ ပေါက်ကွဲချင်သည်။ နေ ထွန်းတောက်က လရိပ်ထင်ရဲ့အစ်ကိုပါ။ မမလွှမ်းရဲ့ နစ်နာထိခိုက် မှုတွေအတွက် ရှင်ပေးဆပ်ရလိမ့်မယ် လရိပ်ထင်။

"အဝါရောင် ... မနက်ဖြန် လရိပ်ထင်နဲ့တွေ့ချင်တယ်၊ နင် ချိန်းပေးပါ"

"အောင်ပြီ ... အောင်ပြီ"

"ဘာအောင်တာလဲ"

"ယောကျ်ားတွေကို အထင်မကြီးတဲ့ မိန်းမ၊ အချစ်ဆိုတာကို မခံစားတတ်တဲ့ မြရိပ်ညို၊ အခုတော့ ယောကျ်ားတစ်ယောက်

ကို အရင်ချိန်းဆိုလို့လေ … အဲဒါ အဝါရောင်အတွက် အောင်မြင်မှုပဲ … ”

“မိန်းမ အရမ်းပျော်မနေနဲ့ဦး … ရယ်မောခြင်းရဲ့ ဆန့်ကျင်ဘက်က ငိုကြွေးခြင်းနော် … ”

“ဖွဟဲ့ … လွဲပါစေ ဖယ်ပါစေ”

“ကျွန်မက ရှင့်လိုတော့မဟုတ်ဘူးနော် အဝါရောင် … ရှင့်ခေါင်းထဲမှာ ထည့်ထားဖို့က ကျွန်မ ဘယ်တော့မှ ယောကျ်ားတစ်ယောက်ကို အတည်မကြိုက်ဘူးဆိုတာပဲ”

“ဒါဆို အပျော်ကြီတာပေါ့၊ ဘုရားရေ … ကြောက်စရာကောင်းလိုက်တဲ့မိန်းမ၊ လရိပ်ထင်တော့ ရေတိမ်မှာနစ်ရတော့မယ်ထင်တယ်၊ အားနွဲ့သူ လရိပ်ထင်ဘက်က အဝါရောင်က လိုက်မှာနော် … ရှင် မတရားမကြံစည်နဲ့”

“အဝါရောင် ဒီလိုစကားမျိုးက မိန်းကလေးတိုင်း နားခံမှတ်သားရမှာလေ … ယောကျ်ားတစ်ယောက်ရဲ့ ဘဝတစ်သက်တာလုံးလက်တွဲဖော်အဖြစ် ရွေးချယ်သတ်မှတ်တော့မယ်ဆိုရင်လေ အသေအချာကို စိစစ်ရမယ်၊ မာမီကပြောတယ် နွားဝယ်သလိုပဲ … သွားဖြဲကြည့်ရင် ကြည့်ရမယ်တဲ့၊ သူ့မိဘအသိုင်းအဝန်းကအစ သူ့အမူအကျင့်စရိုက် ဝါသနာ အစုံ … အစုံပဲ၊ လေ့လာပြီးမှ အတည်ကြိုက်သင့်





ကြိုက်သင့် စဉ်းစားဆုံးဖြတ်သင့်တယ်တဲ့ သိလား … ”

“တော်ပြီ … တော်ပြီ၊ ဒါပဲ မဟုတ်လား … မနက်ဖြန်သရိပ်ထင်ကို အဝါရောင်က ချိန်းသလိုနဲ့ ကြားဝင်ချိန်းဆိုပေးရမယ်၊ င်က မသိသလိုလိုပေါ့ ဟုတ်ပြီလား … ”

“အထူအပါး နားလည်သားပဲ … ”

အဝါရောင် ဖုန်းချသွားသည်။ မြရိပ်ညိုကိုတော့ ဒါမျိုးလာပ်လို့မရဘူးနော်။ ချွေးမရွေးတာ ကျွန်ဝယ်တာမဟုတ်ဘူးဆိုတာင့်အမေ ကောင်းကောင်းသိစေရမယ် လရိပ်ထင်။ အိပ်တာပဲအကောင်းဆုံးဟု မျက်လုံးတွေကို မှိတ်ပြစ်ထားကာမှ မာမီ့ဆီကန်းလာသည်။

“မြရိပ်ညို … မာမီ ရုတ်တရက် ခရီးထွက်သွားရတာ သမီးယ်ကိုတောင် အသိပေးမသွားရဘူး၊ စောစောက မာမီမေ့းခနဲ အိပ်ပျော်သွားတာ သမီးကြီး ရှိုက်ကြီးတငင် ငိုကြွေးနေတယ်လို့အိပ်မက် မက်တယ်၊ မာမီကတော့ သမီးကြီးကို စိတ်မချဘူး၊ သမီးယ်လို စိတ်ဓာတ်မမာကျောဘူးလေ၊ မမကို ဂရုစိုက်ပေးပါ”

“စိတ်ချပါ မာမီ … မမလွှမ်း ဘာမှမဖြစ်ပါဘူး၊ အိပ်နေပါပြီ၊တ်မပူပါနဲ့နော်”

“နောက်ပိုင်းတော့ မာမီစီးပွားရေးပဲ အာရုံစိုက်နေလို့မဖြစ်

တော့ဘူး၊ သမီးတွေကို အနီးကပ်စောင့်ရှောက်ရမယ်၊ သမီးကြီးမှာ ချစ်သူများရှိနေပြီလားပဲ မာမီ မသင်္ကာဘူး”

ဒေါ်မြရောင်ခြယ် ... သမီးတွေကို စိတ်ပူပင်မိသည်။ မိမိ အပျိုစင်ဘဝကလို ရင်နင့်ကြေကွဲဖွယ် အချစ်ဇာတ်လမ်းမျိုးတွေနှင့် ကြုံတွေ့ကြရမှာ ကြောက်ရွံ့နေမိသည်။ မိမိဘဝတွင် ယောကျ်ားနှင့်ပတ်သက်လာလျှင် ကံဆိုးလွန်းသူ ဖြစ်နေသည်။

“မာမီ တစ်ပတ်လောက်ကြာမယ်၊ ဘာပဲဖြစ်ဖြစ်လေ သမီးငယ်ကိုတော့ မာမီယုံတယ်၊ မာမီ့သဘောထားကတော့လေ သမီးတွေကို ချစ်သူရည်းစားထားတဲ့ကိစ္စ လုံးဝလက်မခံချင်ဘူး၊ စီးပွားရေးပဲ ကြိုးစားလုပ်ဆောင်စေချင်တယ်”

“ဟုတ်ကဲ့ပါ မာမီ ... ဘာမှစိတ်မပူပါနဲ့နော်”

“အေးပါကွယ် ... သမီးတွေ စိတ်လက်ကြည်လင်အေးချမ်းစွာနဲ့ အိပ်စက်နိုင်ကြပါစေ”

“မာမီရောပဲနော်”

မာမီ ဖုန်းပိတ်သွားသည်။ မာမီ အိပ်မက်ထဲကအတိုင်းပဲ။ မမလွှမ်း ဝမ်းနည်းကြေကွဲစွာ ရှိုက်ကြီးတငင် ငိုကြွေးခဲ့ရပါတယ်။ မမလွှမ်းမှာ ချစ်သူရှိနေတဲ့အပြင် ချစ်သူကစွန့်ပြစ်သွားလို့ ပူဆွေးသောကရောက်နေရတဲ့အထိ မာမီက မသိလို့ပါ။ သူမ အိပ်ပြစ်လိုက်





သည်။ အဝါရောင် ဖုန်းလှမ်းဆက်မှ မြရိပ်ညို လန့်ပြီး နိုးသွား၏။ လရိပ်ထင်နှင့်ချိန်းပြီးပြီတဲ့။ ဆယ်နာရီတိတိတဲ့။ သူမ အိပ်ရာကနေ ထလိုက်သည်။

“အိုကေ ... လာမယ်”

“ဟဲ့ ... ပြဿနာတော့ မရှာနဲ့နော် မြရိပ်ညို အနူးအညွတ်တောင်းပန်ပါတယ်၊ အိုကေမှာ စိုပြေနေပါစေ”

သူမ ဆက်မပြောတော့ဘဲ ဖုန်းပိတ်ပြီး ရေချိုးခန်းထဲဝင်လာခဲ့သည်။ သူမ စိတ်တွေက လှုပ်ရှားတုန်ယင်နေသလိုပင်။ မြရိပ်ညို ရေချိုးခန်းထဲကနေ ပြန်ထွက်လာ၍ မှန်တင်ခုံရှေ့မှာ အလှပြင်သည်။

“လရိပ်ထင် စိတ်တော့မကောင်းပါဘူး ... မြရိပ်ညို လုံးဝမရည်ရွယ်ဘဲ ရှင့်ကိုပြစ်မှတ်ထားလိုက်တာပဲ”

အဝါရောင် ချိန်းထားတာက Love Coffee Shop လေးမှာပါ၊ ကော်ဖီမကြိုက်တဲ့ မြရိပ်ညိုနဲ့လရိပ်ထင်တို့ ဆုံတွေ့ကြတဲ့နေရာလေးက သူမတို့နှင့် လုံးဝဆန့်ကျင်ဘက်ပဲ။ ချစ်သူတွေမဟုတ်ကြဘဲ ချစ်သူတွေဆုံကြတဲ့နေရာလေးမှာ ထိုင်ဖို့ဖြစ်နေသည်။

“အဝါရောင်ကတော့လေ တမင် ဒီနေရာလေးကိုပဲ ရွေးချယ်

တာသိလား မြရိပ်ညို ... ရှင်တို့နှစ်ယောက်ကြားမှာ အချစ်တွေနဲ့ ထုံမွှေးသင်းပျံ့နေစေချင်လို့ ... ”

အဝါရောင် ... ရှင်ကတော့လေ အချစ် အချစ်နဲ့ ယောကျ်ား တစ်ယောက်အပေါ် အရူးအမူးချစ်မိပြီး အချစ်တွေကို တွယ်တာကိုး ကွယ်မြတ်နိုးတတ်တဲ့ မိန်းမတစ်ယောက်ရဲ့ မျက်ရည်တွေချောင်းစီး သွားနိုင်တယ်ဆိုတာ ရှင် ဘာဖြစ်လို့များ မတွေးတောမိရတာလဲ။ သူမအလှတွေ ပါးပါးလေးပဲပြင်၍ အပြင်မထွက်ခင် မမလွှမ်းအခန်း ထဲ ဝင်လာခဲ့သည်။

“မမလွှမ်း အိပ်နေတာလား၊ မြရိပ်ညို အပြင်ထွက်မလို့”

မမလွှမ်း မျက်တောင်ကော့လေးတွေက ဖျတ်ခနဲကော့ပျံ တက်သွားသည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေ ပြည့်နှက်နေ တာကိုပဲ မြရိပ်ညို မကြိုက်တာပါ။ ကိုယ့်ကို မချစ်လို့ စွန့်ပြစ်သွား တာများ သူမအကြည့်တွေက မာထန်ဝင်းတောက်သွားသည်။

“ကျွန်မ အပြင်ထွက်မယ်၊ မာမီလည်း အိပ်မက်မကောင်း ဘူးတဲ့ ... မမလွှမ်းကို စိတ်ပူပြီး လှမ်းဖုန်းဆက်တယ်၊ ပြဿနာတွေ ထပ်မရှာပါနဲ့တော့၊ မာမီ့ကိုသနားပါ၊ မာမီက သမီးတွေအပေါ် ဘယ်လောက်အထိ မျှော်လင့်ချက်တွေကြီးမားနေတာ မမလွှမ်း စိတ်အလိုမလိုက်ပါနဲ့ ... ”





“အေးပါ ညီမလေးရယ် ... မမလွှမ်း နောင်တတွေရနေပါပြီ၊ ာနတွေရှိသင့်တာပါ။ မမလွှမ်းကိုယ်တိုင်ရော မိသားစုဝင်တွေကိုပါ ့ဏ်သိက္ခာမဲ့အောင် ထပ်မလုပ်တော့ပါဘူး၊ မမလွှမ်း ကတိပေးပါ ဘယ်”

“ယောကျ်ားတွေရဲ့စကားကို မမလွှမ်း လုံးဝမယုံနဲ့၊ သူတို့က ျှာအရိုးမရှိတိုင်းပြောနေတာ၊ အမိက နစ်နာရသူက မိန်းကလေး ”

“ညီမလေးလို မမလွှမ်း စိတ်တွေ မာကျောချင်လိုက်တာ၊ မစိတ်တွေ ပျော့ညံ့လွန်းလို့ မမကိုယ်တောင် မမမုန်းတယ်”

“အိပ်ရာကထပါ၊ လုပ်စရာရှိတာတွေလုပ်ပါ ... အစားစားပါ သစ္စာမရှိတဲ့ ကိုယ့်ကိုလည်းမချစ်တဲ့ ယောကျ်ားတစ်ယောက် အတွက် အချိန်တွေဖြုန်းတီးရတာ မတန်ပါဘူး ... မြရိပ်ညိုပြန်လာ င် မမလွှမ်း အိပ်ရာပေါ်လှဲနေတာတွေ့ရင် မြရိပ်ညို အဆိုးမပြော နော်”

မမလွှမ်းကို ချော့မော့နှစ်သိမ့်နေရင် ပိုဆိုးမှာဖြစ်၍ မြရိပ်ညို င်းတင်းမာမာ ပြတ်ပြတ်သားသားပဲ ပြောဆိုပြစ်ရင်း အပြင်ကို က်လာခဲ့သည်။ အဝါရောင်ကထပ်၍ ဖုန်းဆက်သေး၏။ လရိပ် င် ရောက်နေပြီတဲ့။ သူမစိတ်တွေကို အငြိမ်သက်ဆုံးဖြစ်နေစေရန်

ထိန်းချုပ်ရင်း ကားစက်ကိုနိူးသည်။ တကယ်တော့ မြရိပ်ညိုရဲ့ စိတ်ရင်းအမှန်မှာ ယောကျာ်းတွေနဲ့ လုံးဝပတ်သက်ခင်မင်ဖို့ ဆန္ဒမရှိပေ။ လရိပ်ထင်ကို မထင်မှတ်ဘဲ ပတ်သက်မိသွားရတာပါ။ သူက မမလွှမ်းအဆက် နေထွန်းတောက်ရဲ့ ညီဖြစ်နေတာကလဲ သူနှင့်သူမတို့ ပဋိပက္ခအသွင်ကို ဆောင်သွားရတာလည်းဖြစ်သည်။

"မိန်းမတစ်ယောက်က ဘဝအတွက် ဦးနှောက်ပဲသုံးရမယ်၊ စဉ်းစားဆင်ခြင်တုံတရား ရှိသင့်တယ် ... ဒါ အမှန်တရားပဲ"

သူမရဲ့ နှင်းဆီဖူးငုံနှုတ်ခမ်းထူအမ်းအမ်းလေးများက စေ့ပိတ်တင်းမာနေသည်။ မမလွှမ်းဘက်ကရော မိန်းမတစ်ယောက်ရဲ့ဘက်ကရော မခံမရပ်နိုင်အောင် နာကြည်းခံပြင်းနေမိ၏။ သူမကားကို ခပ်ကြမ်းကြမ်းလေး မောင်းနှင်လိုက်သည်။

✿

အခန်း ( ၁၂ )

"မင်း စေ့ပိတ်ထားတဲ့တံခါးတစ်ချပ်ရဲ့ရှေ့မှာ ကိုယ်ရပ်နေခဲ့ဘာကြာပါပြီ မြရိပ်ညို ... အဲဒါကလည်း ကိုယ့်ရင်ထဲကအတိုင်းအဆမဲ့တဲ့ မျှော်လင့်ချက်တွေနဲ့ပါ ... ဒါပေမဲ့လည်း တံခါးချပ်ကပွင့်မလာခဲ့ဘူး၊ ကိုယ်လှည့်ပြန်ဖို့ အကြိမ်ကြိမ်စဉ်းစားဆုံးဖြတ်ခဲ့ပေမယ့် အထမမြောက်ခဲ့ဘူး ... ကိုယ်ဘာဆက်လုပ်ရမလဲဟင်"

"ဒီမှာ လရိပ်ထင် မိန်းကလေးတစ်ယောက်ဟာ သူ့ရဲ့ဂုဏ်သိက္ခာနဲ့မာနကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ဖို့ သူ့အသက်ရှင်သန်နေသမျှ ကာလပတ်လုံး သူရဲ့တံခါးချပ်တွေကို စေ့ပိတ်ထားခွင့်ရှိတယ်၊ အဲဒါကို ရှင်သဘောတူလက်ခံလား"

"တူပါတယ်"

"ဒါဆို ကျွန်မ ထပ်ပြောမယ် ... ကျွန်မရဲ့ စေ့ပိတ်ထားတဲ့

တံခါးရှေ့မှာ ရှင့်ဘက်က တံခါးခေါက်ပြီး ဖွင့်ဖို့မကြိုးစားဘဲ အကြာကြီးရပ်နေတာကိုက ကျွန်မရဲ့မာနနဲ့ ဂုဏ်သိက္ခာတွေကို လုပစွာ ရှင် စော်ကားလိုက်တာပဲ”

“ဘယ်လို မြရိပ်ညို ...”

“ရှင် မာနကြီးတာကို ကျွန်မ သိထားသလို ကျွန်မ မာနကြီးတာကိုလည်း ရှင်သိထားဖို့လိုတယ် လရိပ်ထင် ... ကျွန်မ စေ့ပိတ်ထားတဲ့တံခါးချပ်ရှေ့မှာ ရှင်ဘာသဘောနဲ့ အကြာကြီးရပ်ပြီး လှည့်ထွက်သွားဖို့ ကြံစည်ရတာလဲ ... အဲဒါ ဘာသဘောလဲ ...”

မြရိပ်ညိုဆိုတဲ့ လှပချောမောပြီး စကားပြော လိမ်မာပါးနပ်စွာ လရိပ်ထင်ရဲ့မာနတွေကို ရိုက်ချိုးဖွဲ့ချေပြစ်ဖို့ ကြိုးစားနေသူ မိန်းကလေးအား လရိပ်ထင် နှစ်သက်မိသွားရလေသည်။ အံ့ဩစရာပဲ။ လရိပ်ထင်ဘဝမှာ မိန်းကလေးတွေနှင့် အကင်းရှင်းဆုံးနေထိုင်ခဲ့ပြီး ပတ်သက်ဆက်ဆံမှုတောင် မလုပ်ချင်ခဲ့သော လရိပ်ထင်တစ်ယောက် မြရိပ်ညိုရှေ့မှာ ဒူးထောက်အညံ့ခံမိတော့မတတ်။ ကြွေဆင်းနေခဲ့သည် ထင်မိလာ၏။ မင်းစကားလုံးလေးတွေက မာနတွေနဲ့ပေမယ့် အလွန်အမင်း နဝင်ချိုနေတယ် မြရိပ်ညို။

“ဒီမှာ လရိပ်ထင် ...”

“ပြောပါ မြရိပ်ညို ... ကိုယ်လေးစားစွာနဲ့ မင်းစကားတွေကို





နားထောင်နေပါတယ်”

“တံခါးခေါက်သူ တစ်စုံတစ်ယောက်မရှိဘဲနဲ့ ကျွန်မကလည်း စေ့ပိတ်ထားတဲ့တံခါးချပ်တွေကို ဖွင့်မှာမဟုတ်ဘူးနော်၊ အဲဒါ မိန်းကလေးတစ်ယောက် တရားဝင်ပိုင်ဆိုင်ခွင့်ရှိနေတဲ့ မာနပဲ ... ရှင် တံခါးမခေါက်ဘဲ လှည့်ထွက်သွားဖို့ ရှင်နဲ့ကျွန်မ လုံးဝတွေ့ဆုံခွင့်မရှိတော့ဘူးဆိုရင်တောင် မြရိပ်ညိုဆိုတဲ့ မိန်းမက ရှင့်ကိုလွမ်းမောတမ်းတ ကြေကွဲနေမှာ မဟုတ်ဘူးဆိုတာ ရှင်သိထားစေချင်ပါတယ်”

“ဒါဆို ကိုယ်ဘာဆက်လုပ်ရမလဲ မြရိပ်ညို ...”

“ယောက်ျားပီသစွာနဲ့ ကျွန်မ စေ့ပိတ်ထားတဲ့ တံခါးချပ်တွေ ပွင့်သွားအောင် ရှင့်ဘက်ကစတင်ပြီး တံခါးခေါက်ဖို့ လိုအပ်တယ်လို့ ထင်တယ်”

“ကိုယ်”

“ဟင့်အင်း ... ကျွန်မက သဘောကိုပြောပြတာပါ၊ တစ်ခုတော့ရှိပါတယ် ... တံခါးခေါက်ရင်လည်း ကျွန်မဘက်က ဝင်လာစေချင်တဲ့ဆန္ဒရှိမှ ဖွင့်ပေးမှာလေ၊ တကယ်ဆို ရှင်နဲ့ကျွန်မက တံခါးတစ်ခုရဲ့ အလည်ဗဟိုမှာ ဆုံတွေ့နိုင်ဖို့အတွက် တံတားရဲ့ထိပ်နှစ်ဖက်ဆီမှာ ရပ်နေခဲ့ကြတာ ကြာပြီပဲ ... ကျွန်မတို့နှစ်ယောက် ဆုံတွေ့ချင်

တဲ့ဆန္ဒတွေ အမှန်တကယ်ရှိနေခဲ့တယ်ဆိုရင် တစ်ယောက်ယောက်ကစပြီး ခြေတစ်လှမ်း စလှမ်းလိုက်ဖို့ အရေးကြီးပါတယ်”

ဘယ်သူ့ဘက်ကနေ စလှမ်းမလဲဆိုတဲ့ အဖြေက လရိပ်ထင် သိပြီးသားဖြစ်နေသည်။ လရိပ်ထင် စ၍လှမ်းဖို့တော့ တွန့်ဆုတ်နေမိ၏။ ဘာဖြစ်လို့လဲဆိုတော့ မြရိပ်ညိုကို သူ့နှလုံးသားတွေထဲမှာ ချစ်မြတ်နိုးနေမိတယ်ဆိုတာတောင်မှ ဘဝလက်တွဲဖော်အဖြစ် အတူတကွ လက်တွဲလျှောက်လှမ်းဖို့ ကြောက်ရွံ့တွေဝေနေမိသည်။

“မင်းက မေမေ့လိုပဲ၊ ယောကျ်ားကို လေးစားတန်ဖိုးထားရမှန်းမသိဘဲ အနိုင်ကျင့် အမိန့်ပေးနေမယ့် မိန်းမမျိုးပဲ မြရိပ်ညို၊ နဂိုထဲက ယောကျ်ားတွေကို အထင်မကြီးတာလေ”

ကိုယ့်မေမေနဲ့ တူနေတဲ့မိန်းမတစ်ယောက်ကို ကိုယ်လုံးဝမချစ်ရဲဘူး။ ကိုယ့်ဆန္ဒက ကိုယ်ချစ်မြတ်နိုးတဲ့ ချစ်သူနဲ့ကိုယ် လက်ထပ်ယူမယ့်ဘဝလက်တွဲဖော် မိန်းမက ထပ်တူထပ်မျှ တစ်ယောက်ထဲဖြစ်နေစေချင်ပါတယ်။ မြရိပ်ညိုကို ချစ်တယ်ဟု ပြောမရမှာ ဝန်လေးစွာ သူ့နှုတ်က တိတ်ဆိတ်နေခဲ့သည်။

“ကျွန်မ ပြန်တော့မယ် လရိပ်ထင် ... ”

“ဟင်”

“ရှင်နဲ့ကျွန်မ တွေ့ဆုံဆွေးနွေးပွဲကို ကြေကွဲဝမ်းနည်းစွာ





ကျွန်မဘာက်ကစပြီး ရပ်စဲပါတယ်”

“ထိုင်ပါဦး မြရိပ်ညို ... ဒါက ကော်ဖီဆိုင်လေ”

“ဟင့်အင်း ... ”

“ဟိုမှာ လူတွေဝိုင်းကြည့်နေပြီ”

“ကျွန်မ ဂရုမစိုက်ဘူး”

“ကိုယ် တောင်းပန်ပါတယ်၊ ကိုယ်တို့နှစ်ယောက်က မိတ်ဆွေတွေပါ၊ ပြန်ထိုင်ပါ ... ”

“ဒီနေရာက ချစ်သူစုံတွဲတွေ ... အဲ ... ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် အတူတူလာထိုင်ခွင့်ရှိတယ်၊ လွတ်လပ်စွာ ပေါက်ကွဲနိုင်ခွင့်လည်းရှိတယ်၊ ဒါကို ဟိုကောင်တာမှာ ထိုင်နေတဲ့ အစ်မကြီးကစပြီး ဒီဆိုင်မှာ လာထိုင်တဲ့သူမှန်သမျှ နားလည်ပါတယ် ... ဘာလဲ ... ရှင့်ကိုထားခဲ့ပြီး ကျွန်မထွက်သွားရင် ရှင်အရှက်ကွဲပြီး ကျန်ရစ်ခဲ့မှာ ကြောက်လို့လား ... ”

“မဟုတ်ပါဘူး မြရိပ်ညို ... ကိုယ့်ဆန္ဒက မင်းနဲ့ဆက်ထိုင်ပြီး စကားတွေပြောချင်နေသေးတာပါ၊ ဆက်ပြီးထိုင်နေပေးပါဦး”

သူ့ရင်ထဲမှာ ဖြစ်တည်နေတဲ့ဆန္ဒ အမှန်အတိုင်းပြောလိုက်ခြင်းဖြစ်လေသည်။ မြရိပ်ညို မျက်နှာလေး ရုတ်တရက် ပျောက်ဆုံးသွားမှာ လရိပ်ထင် မထင်မှတ်စိုးရိမ်ကြောက်ရွံ့သွားရ၏။ သူမက

ဆက်ထိုင်ပေးခဲ့သဖြင့် လရိပ်ထင် ကျေနပ်ပျော်ရွှင်သွားရသည်။

"မြရိပ်ညို"

"ပြောပါ"

"မင်းက အရမ်းကို ထက်မြတ်ပြီး ဆင်ခြင်တုံအသိတရားတွေ ပိုင်းရုံနေတဲ့ လှပချောမောတဲ့ မိန်းကလေးပါ"

"အဲဒီတော့ ... "

"ကိုယ့်ကို အဝါရောင်ကပြောထားတယ်၊ မြရိပ်ညိုက အရမ်း ဇီဇာကြောင်တယ်တဲ့၊ ချစ်သူရည်းစားရွေးချယ်မယ်ဆိုရင်တောင် စံနှုန်းတွေ သတ်မှတ်ချက်တွေနဲ့ဆို ... "

"အဲဒါက ကျွန်မကိစ္စပါ၊ ကျွန်မဆန္ဒနဲ့ ကျွန်မအခွင့်အရေးပဲ"

ကျွန်မတို့နှစ်ယောက်က တံတားတစ်ခုရဲ့ အလယ်ဗဟိုမှာ တွေ့ဆုံနိုင်ဖို့ မဖြစ်နိုင်တော့ဘူးထင်တယ် လရိပ်ထင်။ ရှင်ကိုယ်တိုင်က မာနတံတိုင်းတွေ ကာရံပြီး ကျွန်မဘက်ကို ရွေ့လာဖို့ ခြေလှမ်းမစနိုင်ဘူး မဟုတ်လား။ မြရိပ်ညိုကလည်း မိန်းကလေးဘက်စတာမျိုး လုံးဝဂုဏ်သိက္ခာ အမှဲ့မခံနိုင်ဘူး။ ရှင်ဟာရှင် ဘာကြီးပဲဖြစ်နေဖြစ်နေပါစေ ကျောခိုင်းပြစ်လိုက်တာ အသင့်တော်ဆုံးပဲဟုထင်သည်။

"ရှင့်ကို ကျွန်မဘဝတစ်လျှောက်လုံးမှာ အတူတူရှိနေမယ့် ခင်ပွန်းအဖြစ် ဘယ်တော့မှ မရွေးချယ်ဘူးလရိပ်ထင် ... ဘာ





ကြောင့်လည်းသိလား ကျွန်မကို ရွေးချယ်မှာက ရှင့်အမေဖြစ်နေလို့ ... မုန်းတယ်"

နေထွန်းတောက်ရဲ့ ညီက လရိပ်ထင်။ သူမရှေ့မှာ ရောက်နေသည်။

"မြရိပ်ညိုကို ကိုယ်အရမ်းအံ့ဩနေတာ တစ်ခုရှိတယ်"

"ပြောပါ ... "

"မြရိပ်ညိုလို ယောက်ျားတွေနဲ့ လုံးဝပတ်သက်ဆက်ဆံတာ မျိုး မရှိဘဲ မာနတံခွန်လွှင့်ထူတဲ့ မိန်းမတစ်ယောက်က ကိုယ့်ကိုကျတော့ နှစ်ယောက်ထဲတွေ့ဆုံနေတာ အရမ်းထူးဆန်းမနေဘူးလား"

"အဝါရောင်ကြောင့်ပါ ... ကျွန်မရဲ့မာနတွေကို ရိုက်ချိုးခြေချက်ဖို့ ရှင့်ကိုတာဝန်ပေးထားတယ် မဟုတ်လား လရိပ်ထင် ... အဲဒါကြောင့်လေ ဘယ်လိုလဲ ရှင့်ရဲ့ကြိုးစားအားထုတ်မှု အရမ်းညံ့ဖျင်းနေဘူးလား"

တကယ့်ကို မင်းက ကိုယ်နဲ့တွေ့ဆုံပတ်သက်မှုကို အပျင်းပြေ အပျော်အပျက်သဘောထားနေတာပဲ မြရိပ်ညို။ ကိုယ်ကြောက်တာ အဲဒါပဲ။ မြရိပ်ညိုကို သူချစ်မိနေပေမယ့် ထိုအချစ်တွေကို သူ့နှလုံးသားတွေထဲမှာပဲ သိမ်းဆည်းသော့ခတ်ပိတ်လှောင်ထားပြစ်

လိုသည်။

"ဒီလောက်ဆို ရှင်ကျေနပ်ပါတော့၊ ကျွန်မတို့နှစ်ယောက် ထသွားသင့်ပါပြီ ... ကော်ဖီလည်း မကြိုက်ကြဘူး ... မှာလည်း မသောက်ကြဘူး ... တကယ့်ကို အူတူတူနဲ့နော်၊ နှစ်ယောက်သား လာပြီး ငြင်းခုန်နေကြတယ် ... တကယ့်ကို ကလေးဆန်နေကြ လိုက်တာ"

တစ်ခါတရံကျတော့လည်း မြရိပ်ညိုက လွတ်လပ်ပေါ့ပါးစွာ ကလေးဆန်ဆန် ရယ်မောတတ်လေသည်။ မြရိပ်ညိုရဲ့ စွဲမက်နှစ်သက်ဖွယ် ချောမောလှပအိစက်လွန်းတဲ့ အလှအပတွေက နှမျောစရာအဖြစ် လရိပ်ထင် တွေးတောမိနေခဲ့၏။ မင်းကို ချစ်ရေးဆိုဖို့ ရည်းစားစကားပြောဖို့ လရိပ်ထင်တောင် ကြောက်ရွံ့တုန်လှုပ်နေသည်။

"ကဲ ... ဘယ်လိုလဲ လရိပ်ထင် ... ကျွန်မတို့နှစ်ယောက် ထပြန်ကြဖို့ သဘောတူရဲ့လား ... ရှင်က ယောကျ်ားလေ၊ ဒီအတိုင်း ဆုံးဖြတ်ချက် မပြတ်မသားနဲ့ ဆက်ထိုင်နေဦးမလို့လား"

"ဟုတ်သားပဲ ... ကိုယ်လည်း သဘောတူပါတယ်"

"အိုကေ"

သူမ ထလိုက်သည်။ လရိပ်ထင်ရဲ့ မာနပြနေမှုကိုတော့ မြရိပ်





ညို နည်းနည်းလေး မကျေမနပ်နှင့် ဒေါပွလာခဲ့ရသည်။ သူမဘက်ကာ လရိပ်ထင်ကို ပုံစံပေးမလို့ဟာ သူ့ဘက်ကတောင် သူမအား သူငယ်ချင်းထက်မပိုတဲ့ အနေအထားတွေ ပြသနေသေး၏။ နေလေ သူမအပြင်ထွက်လာပြီး ကားပေါ်တက်၍ စက်နှိုးလိုက်သည်။

"ကိုယ့်မှာ ကားမပါလာဘူး မြရိပ်ညို ..."

"အဲဒီတော့ ..."

"မင်းကားကို ကိုယ်မောင်းမယ်၊ အချိန်ကစောနေသေး ာယ်"

"တော်ပါပြီ ... သူငယ်ချင်းနှစ်ယောက်ရဲ့တွေ့ဆုံမှုက ဒီလောက်ပဲ ဖြစ်သင့်ပါတယ် လရိပ်ထင် ... ရှင် မောင်းမယ့်ကားပေါ် ကျွန်မ လိုက်မစီးဘူး၊ ရှင်မောင်းချင်ရာမောင်းသွားရင် ဘယ်လိုလုပ် လဲ"

"မိန်းကလေးတစ်ယောက်ကို အလိုဆန္ဒမတူဘဲ ကိုယ်ကား ခင်ပြေးတဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ပါဘူး မြရိပ်ညို ... အဲဒီလောက်အထိ ကိုယ့်စိတ်ဓာတ်တွေ အောက်တန်းမကျပါဘူးကွာ"

"ကိုယ်က ကျူးရင် ကိုယ့်ဒူးတောင် မယုံနဲ့တဲ့၊ ရှေးလူကြီးတွေ စကားပုံရှိထားတယ်လေ ... မိန်းကလေးတစ်ယောက်ရဲ့ဘဝ လုံခြုံမှုအတွက် အရာရာသတိလက်လွတ် မဖြစ်အောင် နေထိုင်ရ

မယ်လေ ... ကျွန်မ ဘာမှားလဲ"

အရာရာ မင်းရဲ့တွက်ချက်စီစစ်မှုရလာဒ်တွေကိုပဲ အမှန်တရားလို့ သတ်မှတ်နေတော့မှာလား။ မြရိပ်ညိုရဲ့ သူ့အပေါ်လိုက်လျောဆက်ဆံနေတာကိုတော့ လရိပ်ထင် သံသယဝင်မိနေသည်။

"ရှင် ဘာဖြစ်လို့ ကားမယူလာရတာလဲ လရိပ်ထင်"

"မင်းအတွက် စေတနာ့ဝန်ထမ်း ဒရိုင်ဘာလုပ်ပေးချင်လို့ပါ မြရိပ်ညို ... "

"အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်လိုက်ရင် မဆိုးဘူးထင်တယ်နော်"

"ကောင်းတယ် ... ထာဝရဆိုရင်ရော အိုကေ ... "

"စဉ်းစားရမယ် ... ရှင့်လိုလူမျိုးက ဒရိုင်ဘာအလုပ်လာလျှောက်လို့လေ ... မရိုးသားဘူး"

တကယ်တော့ မြရိပ်ညိုကို ရေစီးကြောင်းထဲမှာ မျောပါလာတဲ့ ပန်းလေးတစ်ပွင့်အဖြစ် လရိပ်ထင် ငေးမောကြည့်မိရုံလေးပဲ။ ဆယ်ယူပန်ဆင်ဖို့ကျတော့ တွန့်ဆုတ်ဝန်လေးနေမိလေသည်။ ဒီအတိုင်းပဲ ဆက်မျောသွားတာကို စောင့်ကြည့်နေမိမလားပဲ။ လရိပ်ထင်နှလုံးသားထဲမှာ ရေစီးကြောင်းအတိုင်းမျောပါပြီး သူ့မျက်စိအောက်ကနေ ပျောက်ကွယ်သွားမှာကိုတော့ စိုးရွံ့ထိတ်လန့်နေ





သည်။

"မြရိပ်ညို ... "

"ရှင် ... "

"ကန်ဘောင်မှာ အကြော်သွားစားကြမလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ... အဲဒီနေရာကို ကိုယ်နဲ့မသွားချင်တာလား"

"ကျွန်မက မိန်းကလေးဖြစ်ပြီး အကြော်မကြိုက်ဘူး၊ လက်ဖက်သုပ်လည်း မစားဘူး"

"ဒါဆို မြိတ်ကတ်ကျေးကိုက်ရော ... မင်းကြိုက်တယ်ဟုတ်လား မြရိပ်ညို ... "

"ပြန်တော့မယ် ... အိမ်မှာ မာမီခရီးထွက်နေလို့ ဘယ်သူမှမရှိဘူး ပြန်ရမယ်"

မြရိပ်ညို ပြန်မှဖြစ်တော့မည်။ မမလွှမ်းကိုလည်း စိတ်မချ။ ပြီးတော့လည်း လရိပ်ထင်ဆီက မြရိပ်ညိုကို ချစ်ပါတယ်လို့ ရည်းစားစကားကြားရဖို့ မဖြစ်နိုင်ဟုထင်သည်။ သူနှင့်ချစ်သူဖြစ်ဖို့ မြရိပ်ညိုဘက်ကနေ စတင်ခြေလှမ်း စလှမ်းရမလို ဖြစ်နေ၏။ အရေမရအဖတ်မရနှင့် စားသောက်ဆိုင်တွေထိုင် စားသောက်ပြီးအကျိုးမဲ့အချိန်တွေကို မဖြုန်းချင်၍ သူမပြန်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ရှင်ပြန်ဖို့ အဆင်ပြေမယ့်နေရာကိုမောင်းပါ လရိပ်ထင် သူငယ်ချင်းမိတ်ဆွေဆိုတာ ဒီလောက်ပဲ လည်ပတ်သင့်ပါတယ်။ ပတ်ဝန်းကျင်အမြင်မှာ မသင့်တယ်ပါဘူး … ကျွန်မတို့ပတ်ဝန်းကျင်က အသိမိတ်ဆွေတွေ မြင်သွားရင် တစ်မျိုးထင်သွားနိုင်တယ်"

မြရိပ်ညိုရဲ့ အေးစက်တည်ငြိမ်ပြီး စကားလုံးလှပမှုတွေ ဖွဲ့စည်း၍ သူ့ကိုကောင်းကောင်းကြီး နှိပ်ကွပ်နေသည်ဟုပဲ တွေးရမလား။ မြရိပ်ညိုနှင့်ခွဲခွာသွားရမှာကို လရိပ်ထင် မလိုလားဘဲနှင့် မသွားပါနဲ့ မင်းနဲ့မခွဲခွာနိုင်ဘူး မြရိပ်ညိုရယ်။ ကိုယ် မင်းကိုချစ်တယ် ဆိုတဲ့စကားတွေက လရိပ်ထင်ရဲ့လည်ချောင်းဝမှာပဲ တစ်နေသည်။

"စကားကို ဘာဖြစ်လို့ ရပ်ပြစ်လိုက်တာလဲ"

"မင်းကိုပဲ လိုက်ပို့ပေးချင်တယ်၊ မင်းဘယ်မှာနေတာလဲ ပြောပါ"

"မလိုပါဘူး … ရှင့်ကို ကျွန်မနေထိုင်တဲ့ပတ်ဝန်းကျင်အထိ ခေါ်မသွားနိုင်ပါဘူး … ဆောရီးနော်"

"ဟာကွာ"

ကိုယ်နေထိုင်တဲ့ ပတ်ဝန်းကျင်ကိုတော့ ခေါ်သွားချင်တယ်။ မင်းလက်ခံပါ့မလား မြရိပ်ညို။ ကိုယ် ဘာဖြစ်လို့မှန်း မသိဘူးကွာ။ ကြေကွဲဝမ်းနည်းနာကျင်နေတယ်။ ပတ်ဝန်းကျင်မှာ ကိုယ်က လူ





အထင်ကြီးစရာ နှစ်သက်မြတ်နိုးစရာတွေ ဝိုင်းရံပြည့်စုံနေခဲ့ပေမယ့် ကိုယ့်မိသားစုဝင်တွေမှာ ပြဿနာတွေ သောကအပူမီးတောက်တွေ ဝိုင်းရံနေပါတယ် မြရိပ်ညို။ မင်းသိအောင် ကိုယ်ရင်ဖွင့်ချင်နေပါတယ်။ လရိပ်ထင်ကတော့ ထုံးစံအတိုင်းပဲ သတ္တိနည်းပါးစွာ မြရိပ်ညိုရဲ့ကားပေါ်ကနေ ဆင်းလိုက်ရလေသည်။

## အခန်း ( ၁၃ )

"အဝါရောင့်အထင်တော့လေ လရိပ်ထင်က ရှင့်ကိုချစ်နေပြီ ... သေချာတယ် မြရိပ်ညို ... တကယ်လို့ဟယ် လရိပ်ထင်ဘက်ကနေ ရှင့်ကိုချစ်ရေးဆိုလာရင် လက်ခံလိုက်ပါ ... လရိပ်ထင်ကလေ လုံးဝအပြစ်အနာအဆာကင်းတယ်၊ အသောက်အစား အပျော်အပါးလည်းမရှိဘူးဟာ ... သူ့ရုပ် သူ့ရည်နဲ့ နည်းပညာတက္ကသိုလ်မှာ ကင်းနော် ... ဒါတောင် မိန်းကလေးတွေနဲ့ ကင်းရှင်းတယ်၊ အရှုပ်အပွေ လုံးဝမရှိဘူး"

မြရိပ်ညိုကို စကားပြောရတာ လက်ပေါက်ကတ်လွန်းသည်ဟု အဝါရောင် ထင်မိသည်။ အချစ်အကြောင်းပြောနေရတာ ဒင်းက ရေခဲတုံး ဖင်ခုထိုင်ပြီး အသက်မပါသလို တုန့်ပြန်မှုမရှိဘဲ နားထောင်နေလား နားမထောင်တာလားဟုပင် တွေးမိပြီး အဝါရောင် စိတ်





ပျက်သည်။

"ရှင့်မာမီရဲ့ လမ်းညွှန်ချက်အရ ငြင်းပယ်သင့်တဲ့ယောက်ျားတွေမျိုးမှာ မပါဘူးနော်၊ သူကလေ အိမ်ထောင်ဘက်ကို သူ့ရွေးချယ်မှု အမိကတဲ့၊ ရှင်က စိတ်ပူတာ အဲဒီအချက်မဟုတ်လား မြရိပ်ညို"

"အဝါရောင်"

"ဟင်"

"ရှင့်ကိုကြည့်ရတာ မြရိပ်ညိုကို ရည်းစားမြန်မြန်ရစေချင်နေတဲ့ပုံပဲ ... ဘာဖြစ်လို့လဲ၊ မြရိပ်ညိုကို မကောင်းတတ်လို့ တွဲပေးနေရလို့လား၊ ရပါတယ် ... ရှင့်အဆက်ကြီးနဲ့ပဲ ရှင်သွားနေစမ်းပါ၊ ခလုတ်ထိမှ အမိမတနဲ့ ... အထိနာမှ အဘိဓမ္မာသိမှာလေ"

"မြရိပ်ညိုရယ် ... အထင်လွဲစကားတွေ မပြောစမ်းပါနဲ့ဟာ၊ တို့နှစ်ယောက်က ပထမနှစ်ထဲက စိတ်တူကိုယ်တူ တွဲလာကြတာလေ ... ဒါပေမဲ့ဟယ် ... သမီးကညာ အခါမလင့်စေနဲ့တဲ့၊ ဘာဆိုင်လို့လဲ ... ရှင် အရွယ်မနှောင်းခင် စွန်စေချင်လို့ပါ"

အဝါရောင်နှင့်မြရိပ်ညိုတို့က အတွဲညီကြသည်။ နှစ်ယောက်ထဲပဲတွဲပြီး တခြားသူတွေနှင့် မပတ်သက် မဆက်ဆံကြ။ နောက်ဆုံးနှစ်ရောက်မှ အဝါရောင် ထဖောက်တာပါ။ ချစ်သူတွေ့သွားခဲ့၏။ မြရိပ်ညို အတွဲရစေရန် နည်းမျိုးစုံသုံး၍ ကြိုးစည်ကြိုးစားနေသည်။

အဝါရောင်က စိတ်ဆဘောထားပြည့်ပြီး ချစ်စရာ အရယ်အမောနှင့် အနစ်နာလည်း ခံတတ်သူ။

"ရှင်က နန်းထိုက်တဲ့ပန်းမဏ္ဍိုင်လေ၊ အောက်တန်းစားနိမ့်ကျသူတွေနဲ့လားလားမှ မတန်ဘူး၊ ဒါကြောင့်ပါ ... ရွှေမင်းသားလေး လရိပ်ထင် ... ကျွန်မ ကျွန်ရင်းကြီးအဝါရောင် ကြိုးစားပမ်းစားရှာဖွေပြီး အောင်သွယ်တော်လုပ်ပေးနေရတာပါ သခင်မလေးဘုရား ..."

"သေလိုက်ပါလား"

"သတ်စေဆိုရင်လည်း သေရမှာပဲ ... ထားရင်လည်း နေရမှာပါပဲဘုရား ... မောင်တော် လရိပ်ထင်ကိုသာ ပိုင်ပိုင်ကြီးရွေးချယ်ပြီး ရွှေလက်တွဲ ပျော်ပျော်ကြီး လျှောက်လှမ်းတော်မူပါကြောင်း ကျွန်တော်မျိုးမ အဝါရောင် လျှောက်တင်အပ်ပါသည်"

"တော်ပြီဟာ တော်ပြီ ... ရှေ့ဆက်ပြောနေရင် ဟိုမှာ ရှင့်အဆက်ကြီးလာနေတယ်၊ သွား ... သွားပါတော့ ..."

"ဟုတ်သားပဲ ... တကယ်ပါပဲဟယ်၊ အဝါရောင်ရဲ့စိတ်ရင်းပါ၊ ရှင့်ကို တစ်ယောက်ထဲထားခဲ့ရတာ စိတ်ထိခိုက်ရလွန်းလို့ပါ၊ လရိပ်ထင်က ချစ်ရေးဆိုရင် မငြင်းလိုက်နဲ့နော်"

အဝါရောင် ထွက်သွားသည်။ လက်ရဲဇက်ရဲနိုင်လွန်းတဲ့ အဝါ





ရောင့်ချစ်သူကို မြရိပ်ညို လုံးဝကို သဘောမကျမိ။ တားဆီးလို့လည်းမရ၊ အဝါရောင့်ကိုဖက်ပြီး ကားနဲ့တင်ခေါ်သွားတာကြီးကိုပဲ မြရိပ်ညို မကျေမနပ် အဖြစ်ရဆုံးပါပဲ။ မြရိပ်ညိုက ပညာရေးပဲ ဦးစားပေးသည်။ အဝါရောင်အတန်းတွေ ပျက်နေတယ်။ သူမ တွေးရင်းစိတ်တွေပူနေရ၏။ မိန်းကလေးတစ်ယောက်က စိတ်တွေထိန်းချုပ်နိုင်စွမ်းရှိရမယ်။ ချစ်သူထားတာက ဘဝအတွက် အရေးကြီးတာမှ မဟုတ်တာဘဲ။ မြရိပ်ညိုကတော့ တစ်ယောက်ထဲလဲ နေထိုင်တတ်သည်။

"တစ်ယောက်ထဲနေထိုင်ရတာ အင်အားအကြီးမားဆုံးပဲ ထင်တယ်၊ ကိုယ့်ဆုံးဖြတ်ချက်တွေ ကိုယ်လုပ်ရမယ့်အလုပ်တွေ ကိုယ့်ဆန္ဒအတိုင်း လုပ်ခွင့်ရှိမယ်လေ ... ကျွန်မကတော့ ငယ်စဉ်လေးထဲက တစ်ယောက်ထဲနေရတာကိုပဲ ကြိုက်တယ်"

မြရိပ်ညို အတန်းတွေကို မပျက်မကွက် တက်နေခဲ့သည်။ နောက်ဆုံးနှစ်မှာ ထူးချွန်စွာ အောင်မြင်လိုခဲ့၏။ အနှောက်အယှက်တွေကို တားဆီးဖယ်ရှားပြစ်ရမည် ဖြစ်သည်။

"ကျွန်မ နှလုံးသားတွေကို ဖြူစင်သန့်ရှင်းနေအောင် ထားရမယ် ... အလွမ်းအဆွေးတွေ နာကြည်းကြေကွဲမှုတွေ လုံးဝပင်မလာစေရဘူး၊ အချိန်မတန်ခင်မှာတော့ ဘယ်လိုလူမျိုးကလဲ ကျွန်မ

စေ့ပိတ်ထားတဲ့ နှလုံးသားတံခါးကို လာခေါက်နေပါစေ၊ ကျွန်မ လုံးဝမဖွင့်ပေးဘူး”

သူမရဲ့ ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်ပဲ။ အများအမြင်မှာတော့ လရိပ်ထင်က လုံးဝပြင်းပယ်စရာမရှိအောင် အရာရာပြည့်စုံနေပေမယ့် မြရိပ်ညိုအတွက် နေထွန်းတောက်ရဲ့ညီ ဖြစ်နေတာကိုက အပြစ်အနာအဆာ အရိပ်မဲကြီးတစ်ခု ဖြစ်နေရသည်။

“ကျွန်မ နှလုံးသားတွေထဲမှာ အချစ်တွေမရှိဘူး၊ ခံစားချက်တွေကင်းမဲ့နေတယ် ... ယောက်ျားတစ်ယောက်ဆီမှာ မိန်းကလေးတစ်ယောက်ရဲ့ တစ်ဘဝလုံးကို လုံခြုံစေပြီး ပျော်ရွှင်ချမ်းမြေ့မှုတွေ အပြည့်အဝပေးနိုင်စေမယ့် တာဝန်ယူမှုဆိုတာကို ကျွန်မ သံသယအဖြစ်ဆုံးပဲ”

မာမီကိုယ်တိုင်ပင် ယောက်ျားတွေအပေါ် အလုံးစုံမယုံကြည်ဖို့ အားကိုးတကြီး ရှိမနေဖို့ သံသယတွေနဲ့ပဲ အမြဲတမ်းသတ္တိထား စောင့်ကြည့်နေရမယ်ဟု သွန်သင်ဆုံးမနားသွင်းပေးထားသည်။ အတန်းတွေပြီးဆုံးအောင်တက်ပြီး စာသင်ခန်းထဲကနေ အပြင်ရောက်လာတော့ လရိပ်ထင် စောင့်နေမလားဟုတော့ တွေးထင်မိလာကာ ရှာကြည့်မိနေသေး၏။ အရိပ်အယောင်ပင် မတွေ့ရ တော်တော်မာနကြီးတဲ့လူ။ အချစ်ဆိုတာ ဘယ်လိုအဓိပ္ပာယ် ဖွင့်ဆို





နေမှန်းမသိ မိန်းကလေးက စရတော့မလို ဖြစ်နေလေသည်။

“အဝါရောင်ရေ ... ရှင့်ရဲ့ ရွှေမင်းသားကများ ကျွန်မကို ချစ်ရေးဆိုပြီး ချစ်သူအဖြစ် ကမ်းလှမ်းမှာ မိန်းကလေးက စရမှာလားရှင်ဖြစ်နေပြီ ... မုန်းစရာကောင်းလိုက်တာ”

သူမ ကားလေးပေါ် တက်လိုက်သည်။ အခုတလော မမလွှမ်း အခြေအနေက တိုးတက်ကောင်းမွန်လာသည်။ မြရိပ်ညို စိတ်သက်သာရာရသလို မာမီလည်း ပြန်လာတော့မယ်။ သမီးတွေ ဘဝရှေ့ရေးအတွက် စီးပွားတွေ ရှာနေရတာပါ။ အချစ်ကို လုံးဝမစဉ်းစားဘူး။

“ယောက်ျားတစ်ယောက်ကို မိန်းကလေးဘက်ကနေစပြီး အရူးအမူး မချစ်မိစေနဲ့၊ လက်ထပ်ယူတယ်ဆိုရင်တောင် အဲဒီမိန်းမဘဝမှာ အားနည်းချက်ကြီးဖြစ်နေပြီ ... အမြဲတမ်း ထောက်ပြအနိုင်ကျင့်ချိုးနှိမ်တော့မယ်လေ ... ”

မာမီ့ဆုံးမစကားတွေကို မြရိပ်ညို အပြည့်အဝ လက်ခံတယ်။ ယောက်ျားတစ်ယောက်ရဲ့ အားနည်းချက်ကို ဘယ်မိန်းမကမှ ထောက်ပြ မချိုးနှိမ်ဘူး။ ယောက်ျားနဲ့မိန်းမ ... ရန်ဖြစ်လို့ ပြဿနာဘက်လို့ ယောက်ျားမှာက အိမ်ကနေအပြင် ထွက်သွားနိုင်တယ်။

သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ အပျော်တွေ ရှာနိုင်တယ်။ စိတ်ထွက်ပေါက်တွေက အများကြီးရှိတယ်။ မိန်းမသာဝကတော့ အိမ်ထဲမှာပဲကြိတ်မှိတ်ပူဆွေးသောကရောက်ရင်း မျက်ရည်နဲ့ မျက်ခွက်။ ဒူးနဲ့မျက်ရည် သုတ်နေရလိမ့်မယ်။ ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ အများကြီးစဉ်းစားရမယ်။ ဖူးစာဆိုတာတွေ ကံကြမ္မာ အရဆိုတာတွေကို မာမီ လက်မခံနိုင်ဘူး။

"ဟုတ်တယ် … မာမီ … လောလောဆယ် မမလွှမ်း ခံစားနေရတယ်၊ မမလွှမ်းက စိတ်ပျော့လွန်းလို့ပါ စိတ်ညစ်စရာကြီး"

မြရိပ်ညို အတွေးတွေထဲမှာ မာမီ့စကားသံတွေပဲ လွှမ်းနေသည်။ အခုတလော ပို၍ပင် ကြားယောင်နေမိသလိုပါပဲ။

"ဖားတုလို့ ခရုခုန် အိုင်ပျက်ယုံပဲရှိမယ် သမီးတို့ … ဆူးပေါ် ဖက်ကျလည်းဖက်ပဲပေါက်မယ်၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပဲ ပေါက်မယ် … အကောင်းဆုံးက ဝေးဝေးကရှောင်နိုင်ဖို့ပဲ"

မမလွှမ်းကိုသာ မြရိပ်ညိုအပြစ်တင်ဝေဖန်ပြောဆိုနေမိတာပါ။ မြရိပ်ညို ကိုယ်တိုင်ရော ရှောင်ရှားနိုင်ပါ့မလား။ နေထွန်းတောက်ကို လက်စားချေလိုတဲ့ဆန္ဒတွေနဲ့ လရိပ်ထင်ကို ချဉ်းကပ်တာ။ အန္တရာယ်များလွန်းသည်ဟု ထင်မိလာသည်။ ရပ်တန်းကနေ





ပ်ပြစ်သင့်တယ်။ လုံးဝကို မပတ်သက်တော့သင့်တာပါ။ အဝါရောင်က ဘယ်လောက်ပဲ လရိပ်ထင်ကို ညွှန်းနေပါစေ သူကနေထွန်းတောက်ရဲ့ ညီ ဖြစ်နေသည်။

"ညီမလေး မြရိပ်ညို … ကားပေါ်ကနေ မဆင်းသေးပဲ ကားထဲမှာ ဘာထိုင်လုပ်နေတာလဲ … မမလွှမ်း ကြည့်နေတာ ကြာပြီ"

"ဟင်"

သူမ အတွေးကွန်ယက်တွေ ဘယ်လောက်အထိများ ဖြန့်ကျက်လာမိလည်းတောင်မသိတော့ပါဘူး။ ခြံထဲရောက်လာပြီး ကားစက်ရပ်သွားတာကိုပင် အသိကင်းမဲ့နေ၍ ကားထဲမှာပဲ ငုတ်တုတ်လေးထိုင်မိနေသည်။

"ညီမလေး … ဆင်းလေ၊ ဘာဖြစ်လာလို့လဲ … မာမီဖုန်းဆက်တယ် ညနေပြန်ရောက်မယ်တဲ့ … "

"ဟုတ်လား … ညီမလေး ဘာမှမဖြစ်ပါဘူး၊ အချိန်ပြည့် မမလွှမ်းအကြောင်းပဲ စဉ်းစားမိနေတယ်၊ စိတ်တွေလည်း ပူနေတယ်၊ မာမီပြန်ရောက်လာမယ်ဆိုတော့ ညီမလေးတာဝန်ပေ့ါသွားပြီလေ"

"မမလွှမ်း မှားသွားတာပါကွယ်၊ မာမီသာသိရင် ဒီလောက်

အထိ သွန်သင်ဆုံးမထားတဲ့ကြားက ဖြစ်ရတယ်ဆိုပြီး ရင်နာလို့ဆုံး မှာမဟုတ်တော့ဘူး ... အရမ်းစိတ်ဆိုးမှာပဲ၊ မာမီ့ကို လုံးဝအသိမပေး ပါနဲ့နော် ညီမလေး ... "

"မာမီ မရိပ်မိအောင် မမလွှမ်း အနေအထိုင်ဆင်ခြင်ပါ၊ အပူ ရပ် လုပ်မနေပါနဲ့ ... မာမီ နည်းနည်းပါးပါးတောင် သံသယဝင်နေ ပြီ"

"ဟင်"

"သမီးကြီးမှာ ချစ်သူရှိနေပြီလားပဲတဲ့၊ မာမီက ငယ်ရာက နေ ကြီးလာတာလေ၊ မမမျက်ဝန်းတွေက သိသာတယ်၊ အခုရော နေထွန်းတောက်ကို မေ့ပြစ်လို့ရပြီလား"

"အမှန်အတိုင်းဝန်ခံရရင် မေ့လို့မရသေးဘူး၊ တွေးမိတိုင်း ငိုချင်တယ် ... ကိုနေက နာမည်သာနေထွန်းတောက်ဖြစ်နေတာပါ လူက ကြင်နာသနားတတ်ပါတယ်၊ မမလွှမ်းကို အရမ်းချစ်တယ်၊ မမအသိဆုံးပါ ညီမလေးရယ် ... သူ့အမေကြောင့်ပါ ... "

"တော်ပါပြီ မမလွှမ်းရာ ... ဆက်မပြောပါနဲ့တော့၊ နားကြား ပျင်းကတတ်လို့ပါနော်၊ နေထွန်းတောက်ရဲ့ ရက်စက်မှုတွေကိုပဲတွေး စမ်းပါ ... မာမီလာတော့မယ် ဆင်ခြင် ... "





"အေးပါကွယ် ... အေးပါ"

မမလွှမ်း ကုတ်ကုတ်လေးနှင့် တိုက်ကြီးထဲပြန်ဝင်သွား သည်။ အပူရုပ်ကို ဟန်လုပ်ပျော်ရွှင်နေ၏။ သိသာနေ၏။ ဟိုလူက သာ ထပ်ခိုးရင် ထပ်များလိုက်သွားမလားဘဲ။ သူမလည်း ကားကို သော့ပိတ်ပြီး တိုက်ကြီးထဲဝင်လာခဲ့သည်။ အိပ်ခန်းထဲရောက်တဲ့ အထိ စိတ်တွေလေးလေးလံလံနှင့် မပူမပင်နေထိုင်ရတဲ့ သူမတို့ဘဝ ဘာ ကိုယ့်အပူကိုယ်ရှာနေသလို ဖြစ်နေ၏။ လရိပ်ထင်ကိုလည်း သုံးဝ မေ့ပြစ်လိုက်ဖို့ မြရိပ်ညို ဆုံးဖြတ်ထားသည်။

"တော်ပါပြီ နေထွန်းတောက်ကိုလည်း လက်စားမချေတော့ ဘူး၊ လရိပ်ထင်ကို သူငယ်ချင်းအဖြစ်ကနေတောင် ရပ်စဲပြစ်မယ်၊ မာန်မာနတွေ အတ္တတွေကြီးလွန်းတယ်"

မြရိပ်ညို ရေချိုးခန်းထဲဝင်လာခဲ့သည်။ လရိပ်ထင်နှင့်တွေ့ဆုံ ပြီးတိုင်း မြရိပ်ညိုရဲ့စိတ်တွေ ကစဉ့်ကလျားနှင့်ရှုပ်ထွေးနောက်ကျိ ကျိ။ အတွေးတွေလည်း များလိုက်တာ သူမနှလုံးသားတွေက မအေးချမ်းတော့ဘဲ ပူပူလောင်လောင်ကြီး။ ကြည့်လေ ... မြရိပ်ညို ဘက်ကနေ သူ့ခြေလှမ်းတစ်လှမ်း စလှမ်းဖို့ ရေလာမြောင်းပေး ပြောခဲ့တာတောင် လုံးဝမလှမ်းဘဲ နောက်ကြောင်းပြန်လှည့်သွားခဲ့

•

သည်။

"ရှင် မာနကြီးတာပဲ ... ကျွန်မကစပြီး ရေလာမြောင်းပေးရှင် ရည်းစားစကားပြောလာဖို့ ဖြားယောင်းမြူဆွယ်ခဲ့လို့ အထင်တော့ မသေးလိုက်ပါနဲ့ လရိပ်ထင် ... အဲဒါ ထောင်ချောက်တစ်ခုပဲ"

သူမ အတွေးစတွေ ဖြတ်တောက်တာတောင် အတွေးကထပ်မံဖြန့်ကျက်လာပြန်သည်။ မကျေမနပ်နှင့် ဒေါသဖြစ်ရ၏။ ရေပန်းကို အရှိန်ပြင်းပြင်းဖွင့်၍ ရေပန်းအောက်မှ အချိန်ကြာမြင့်စွာ သတိလက်လွတ် ရပ်နေမိပြန်သည်။

"မြရိပ်ညို ... ညီမလေး ရေချိုးခန်းထဲဝင်သွားတာ တော်တော်ကြာပြီနော် ... မြရိပ်ညို ... "

"ဒုန်း ... ဒုန်း ... "

"ညီမလေး တံခါးဖွင့်ပါဦး ... "

"ဒုန်း ... ဒုန်း ... မြရိပ်ညို ... "

အပြင်ကနေ တဒုန်းဒုန်းထုပြီး သူမအသံအော်ဟစ် သဲ့သဲ့ကြားလိုက်ရသဖြင့် သူမအသိတွေ ဝင်လာကာ ရေပန်းကိုပိတ်ပြစ်လိုက်၍ ရေချိုးခန်းတံခါးကို ဖွင့်သည်။

"အမလေး ညီမလေးရယ် ... မမလွှမ်း စိတ်ပူလိုက်ရတာ





မေ ဖုန်းဆက်လို့ လာပြောတာပါ၊ ညီမလေး ရေချိုးခန်းထဲဝင်း ပြီး အရမ်းကြာနေလို့ စိတ်ပူပြီး ခေါ်နေတာပါ"

မြရိပ်ညို ခန္ဓာကိုယ်ပေါ်မှာ မွေးပွသဘက်ကြီးပတ်ထားတာင် ခိုက်ခိုက်တုန်အောင် အေးစိမ့်ပြီး ချမ်းလာသည်။ သူမ မ်းကြာသွားတာထင်တယ်။ မေးရိုးတွေတောင် အချင်းချင်းရိုက်ော်ချင်နေတယ်။ ဒါပေမဲ့လည်း မြရိပ်ညိုက စိတ်မာသည်။

"ကျွန်မ ရေချိုးတာကြာတယ်လေ ... မမလွှမ်းလည်းသိား နဲ့၊ ထစ်ခနဲဆို အထိတ်တလန့် ဖြစ်မနေစမ်းပါနဲ့၊ ကျွန်မ ဘာမှ ဖြစ်ဘူး"

"အေးပါကွယ် ... မဖြစ်ရင်ပြီးတာပါပဲ ... မာမီက ညဥ့်နက် ရောက်မှာတဲ့ ... မစောင့်နဲ့ အိပ်ကြတဲ့ ... သမီးတွေ အိပ်ရေးပျက် ာ စိုးရိမ်လို့တဲ့၊ သမီးငယ်ကိုလည်း ပြောလိုက်ဆိုလို့ပါ"

"ဟုတ်ပြီ ... ညီမလေး သိပါပြီ၊ စိတ်မပူပါနဲ့ မြရိပ်ညိုကို ဆွေမျိုးအသိုင်းအဝိုင်းတွေက ငယ်နာမည်ပေးထားတာ ပစ်တိုင်း ထောင်လေ"

"မြရိပ်ညိုရယ် ... မမလွှမ်းလေ ညီမလေးလို အရမ်းစိတ် ခတ်မာကျောချင်တာပဲ ... ပျော့ညံ့ညံ့စိတ်ကြီးက အရမ်းမုန်းစရာ

ကောင်းတယ်၊ ဒါဆိုလည်း ရေချိုးပြီး အဝတ်အစားမြန်မြန်လဲ ... မမလွှမ်း ထမင်းစားခန်းကနေ စောင့်နေမယ်နော်"

"အင်း"

မမလွှမ်း ပြန်ထွက်သွားမှ တော်တော်လေးကို အောင့်အီး ထိန်းချုပ်ထားရတဲ့ နာချေသံတွေက အဆက်မပြတ် ပေါက်ကွဲလွင့် ထွက်လာတော့သည်။

"ဟတ်ချီး ... ဟတ်ချီး"

"ငါတော့ အအေးမိပြီထင်တယ်"



အခန်း ( ၁၄ )

"ခြယ် ... မင်း ... မင်း မြရောင်ခြယ်ပါနော် ... ခြယ်ရယ် မတွေ့ကြရတာ နှစ်တွေဘယ်လောက်ကြာနေပြီလဲ"

"ရှင်ပါလား ... ဟုတ်ပါတယ်၊ ကျွန်မ မြရောင်ခြယ်ပါ၊ ရှင် မှတ်မိနေသေးတာပဲ၊ ဒါပေမဲ့ ... ရှင့်ကို မိတ်ဆွေတစ်ယောက်အဖြစ် နဲ့တောင် ကျွန်မ ဆက်ဆံပတ်သက်တာတွေ မလုပ်ချင်ဘူး၊ နောက် ထပ်တွေ့ကြရင် မသိချင်ယောင်ဘဲ ဆောင်နေပေးပါ၊ ရှင်အရှက်ကွဲ မှာစိုးလို့"

"ခြယ်က ကိုယ့်အတွက်စိတ်ပူပေးနေသေးတာပဲ၊ မင်းသိပ် ပြီး မပြောင်းလဲဘူးပဲ ... မာနတွေ မချသေးဘူးလား မြရောင်ခြယ် ရယ် ..."

ဦးမင်းထင် စိတ်တွေ နှစ်ပေါင်းများစွာ ငယ်ရွယ်နုပျိုသွား

သလိုလို ငယ်ချစ်ဦး မြရောင်ခြယ်ရဲ့ကားရှေ့မှ ငယ်ငယ်ကလိုပဲ ပိတ်ရပ်ထားပြစ်လိုက်သည်။

"ရှင် ဘာလုပ်တာလဲ ... ကလေးကလားနဲ့ ဖယ်ပါ၊ ကိုယ့်အသက်အရွယ်လည်း ကိုယ်ပြန်ကြည့်ပါဦး၊ ဖယ်ပါ ... ရှင့်မိန်းမက အရမ်းစွာတေးလန်ဆို ... ကျွန်မကို ပြဿနာလာရှာပါဦးမယ်"

"ခြယ်က ကိုယ့်အကြောင်းတွေ အသေးစိတ်စုံစမ်းထားတာပဲ၊ ကိုယ်လည်း မင်းအကြောင်းတွေ အမြဲတမ်းနားစွင့်နေမိတယ် မင်းယောကျ်ားက သဝန်အရမ်းကြောင်တယ်ဆို ... မင်းအပေါ်လည်း သစ္စာမရှိဘူး မဟုတ်လား"

"အဲဒါ ... ရှင်နဲ့မဆိုင်ဘူး ... ကျွန်မ ခင်ပွန်း ဘယ်လောက်ပဲ ရှုပ်နေပါစေ ကျွန်မတို့သားအမိအတွက် စည်းစိမ်ဥစ္စာတွေ အများကြီးထားခဲ့ပါတယ် ... ထားလိုက်ပါတော့၊ ကျွန်မရှေ့ကနေ ဖယ်ပါ"

ခြယ်ပြောသာပြောနေရသည်။ ငယ်ချစ်ဦး ကိုမင်းထင်ကို တွေ့ရတော့လည်း ခံစားနာကျင်ခဲ့ရသည်။ ခြယ့်ကို ခိုးရာလိုက်ပြေးဖို့ ကိုမင်းထင်က အကြိမ်ကြိမ်ခေါ်ခဲ့ပေမယ့် မိမိက မာနတွေနှင့် ပြတ်ပြတ်သားသား ငြင်းဆန်ပြစ်လိုက်၏။ ဒါကြောင့်လည်း နာကျင်ကြေကွဲမှုတွေနှင့်အတူ မိဘတွေ လက်ထပ်ပေးစားခဲ့တဲ့ ခင်ပွန်းကို မချစ်ခဲ့။ မိန်းမတစ်ယောက်ရဲ့တာဝန်ဝတ္တရား ကျေပွန်ရုံလောက်ပဲ





နေထိုင်ခဲ့သည်။

"ခြယ် ..."

"ဖယ်ပါ ... ရှင် ဘာလုပ်နေတာလဲဆိုတာရော ရှင့်ကိုရှင်သိရဲ့လား ... ရှင့်မိန်းမတွေ့သွားလို့ ကျွန်မတို့သားအမိပါ အဆဲအဆိုခံရဦးမယ် ... ကျေးဇူးပြုပြီး လာမပတ်သက်ချင်ပါနဲ့"

"ကိုယ်သိပါတယ် ခြယ်ရယ် ... တကယ်ဆို မင်းဘက်ကနေ မာနတွေပြခဲ့တာနော်၊ ကိုယ်ရော ခြယ်ရော နှစ်ယောက်လုံး အိမ်ထောင်ရေး အဆင်မပြေခဲ့ကြဘူး"

"ဒီမှာ ရှင်ဘာတွေပြောနေတာလဲ ... အရေးမပါတာတွေ ကျွန်မမှာ သမီးနှစ်ယောက်ရှိတယ်၊ ရှင့်လို လူမျိုးနဲ့မတွေ့အောင် ငယ်ငယ်လေးထဲက စည်းကမ်းတွေချမှတ်ပြီး တားဆီးနေတယ်"

"ခြယ်သမီး မြရောင်ခြယ်နဲ့ ကိုယ့်သား နေထွန်းတောက်တို့ ချစ်သူတွေဖြစ်ခဲ့ကြတယ်"

"ဘာပြောတယ်"

သမီးကြီး မြရောင်ခြယ်နှင့် ကိုမင်းထင်သား နေထွန်းတောက်တို့ ချစ်သူတွေဖြစ်ကြတယ်တဲ့။ ဘယ်ကနေ ဘယ်လို ဆုံတွေ့ကြတာလဲ။ ဒေါ်မြရောင်ခြယ် အံ့ဩလွန်းသည်။ သမီးကြီးဖြစ်နေ၍ မယုံနိုင်။ ခြယ့်စိတ်တွေ တော်တော်လေးတုန်လှုပ်ချောက်

ချားသွားရ၏။ ကိုမင်းထင်ဇနီးက ကြောက်စရာကောင်းလောက်အောင် မောက်မာပြီး ဇီဇာကြောင်သူပါ။

"မင်းသမီးကို ကိုယ်မတွေ့ဖူးသေးဘူး၊ သားက အရမ်းချစ်ပါတယ် ခြယ်ရယ် ... သားအမေကသာ ... "

"တော်ပါပြီ ... ဆက်မပြောပါနဲ့တော့ ကိုမင်းထင်၊ ကျွန်မလည်း သဘောမတူပါဘူး၊ ရှင့်သားနဲ့ဆိုရင် လုံးဝပဲ မပေးစားဘူး၊ ကျွန်မ သမီးကြီးက ရိုးသားဖြူစင်တယ်၊ လူ့လောကကြီးအကြောင်း မသိဘူး"

"အဲဒါကြောင့် ကိုယ်ကစေတနာနဲ့ သတိပေးတာပါ၊ ကိုယ့်သားကြီးကလည်း ယုတ်မာကောက်ကျစ်ပြီး မိန်းကလေးတစ်ယောက်အပေါ် အပျော်အပျက်ကြံစည်တာတော့ လုံးဝမဟုတ်ပါဘူး ... သားကြီးလည်း အရူးအမူး ခံစားနေရှာပါတယ်"

"မဖြစ်ဘူး ... ဒီကိစ္စကို အပြင်းထန်ဆုံးတားဆီးရမယ်၊ ကျွန်မ လုံးဝလက်မခံနိုင်ဘူး၊ ရှင့်သားကို တားဆီးပေးပါ၊ ကျွန်မ တောင်းပန်ပါတယ် ကိုမင်းထင် ... "

ဦးမင်းထင်လည်း ခြယ့်ကို ရုတ်တရက် တွေ့လိုက်ရ၍ နာကျင်ကြေကွဲနေရသည်။ ငယ်ချစ်ဦးကို မိမိတစက္ကန့်လေးမှ မေ့မရနိုင်ခဲ့။ ပိတောက်က သိထားတော့ ပြဿနာတွေက ပိုကြီးသွားရ





သည်။ ခြယ်ကလည်း မာနကြီးသူ ... မိမိနောက်သို့ ခိုးရာလိုက်ဖို့ ပြတ်သားစွာ ငြင်းဆန်ခဲ့သဖြင့် ချစ်သူတွေဝေးကွာခဲ့ရသည်။ သားကြီးကလည်း ခြယ့်သမီး လွှမ်းအား ခိုးရာလိုက်ရန် ချိန်းထားပြီးမှ မိခင်ကြောင့် မသွားဖြစ်ခဲ့ ... မြရောင်လွှမ်းက ချစ်လို့မငြင်းဆန်ပဲ သားကြီးနောက်လိုက်ဖို့ ဆုံးဖြတ်တာ မိမိသိရတော့ အနာကျင်ဆုံးပင် ... ။

"မြရောင်လွှမ်းကို အရမ်းကြီး အပြစ်မတင်ပါနဲ့ခြယ် ... ဒီလိုပဲ ဖြစ်တတ်ပါတယ် ... စိတ်ထားဖြူစင် ရိုးသားတဲ့ မြရောင်လွှမ်းရဲ့ စိတ်တွေ ဒဏ်ရာဒဏ်ချက်တွေနဲ့ လူ့လောကကြီးကို အရှုံးပေးသွားတာမျိုး မဖြစ်စေချင်လို့ပါ ... "

ဒေါ်မြရောင်ခြယ် တုန်လှုပ်ချောက်ချားစွာ ကယောက်ကယက်ဖြစ်နေရတဲ့ စိတ်တွေကို ထိန်းချုပ်၍ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ သမီးကြီးမြရောင်လွှမ်းက စိတ်ပျော့တယ်။ ဒင်းတို့သားက ခိုးပြေးလျှင် သမီးကြီးငြင်းမှာမဟုတ်။ ရင်တွေပူလိုက်တာ။ ကိုမင်းထင်သားနဲ့ဆို လုံးဝလက်မခံနိုင်ဘူး။ ဒေါ်မြရောင်ခြယ် အပူလုံးကြီး ရင်မှာပိုက်ပြီး ပြန်လာခဲ့သည်။

"မာမီ ... ပြန်ရောက်လာပြီလား၊ မျက်နှာလည်း မသာမယာနဲ့ ဘာဖြစ်လာလို့လဲဟင်"

မြရိပ်ညို အခန်းထဲဝင်လာတဲ့ မာမီ့မျက်နှာက ညိုးရော်နွမ်းဖတ်ဖတ် ယိုင်နဲ့နဲ့ခန္ဓာကိုယ်အား အနိုင်နိုင်သယ်ဆောင်၍ မြရိပ်ညိုခုတင်ပေါ်မှာထိုင်သည်။

"မြရောင်လွှမ်းရော ... "

"မမလွှမ်းက သူ့အခန်းထဲမှာလေ မာမီ ... ဘာဖြစ်လို့လဲဟင်"

"သမီးမိုက် ... ရည်းစားထားတယ်၊ မာမီ့ကို မတိုင်ပင်ဘူး၊ ညည်းရော သိလား မြရိပ်ညို"

"မာမီ ဘယ်ကနေ သိလာတာလဲဟင်"

"မာမီ အခုမှသိရတာပါ။ ညည်း သိနေတယ် ဟုတ်လား"

"သမီးလည်း အခုမှသိရတာပါ မာမီ ... မမလွှမ်း အရမ်းနာကျင်ကြေကွဲနေရပါတယ်၊ သူ့အမေက ချွေးမအဖြစ် လက်မခံလို့ နောက်ဆုတ်သွားတာတဲ့"

"တောက်"

သမီးတွေ အရှိအသေတန်မှာစိုး၍ နေထွန်းတောက်ရဲ့အဖေက မိမိငယ်ရည်းစားပါဟု အတိတ်ဇာတ်ကြောင်းတွေကို လှန်လှော မပြလိုပေ။

"မမက မာမီသိတဲ့အတိုင်းပဲ မြရိပ်ညိုလိုမဟုတ်ဘူး ... စိတ်





ပျော့တယ်၊ ချစ်သူထားတာ ပြစ်မှုအကြီးကြီး လွန်ကျူးတာတော့ မဟုတ်ပါဘူး မာမီရယ် ... မမလွှမ်းကို အရမ်းကြီး မဆူစေချင်ပါဘူး၊ မမလွှမ်း ထိခိုက်ခံစားလွယ်တာ မာမီသိပါတယ်နော်"

ဒေါ်မြရောင်ခြယ်ကလည်း အရမ်းကြီးအပြစ်တင်ဆူပွက်လိုတဲ့ ဆန္ဒမရှိပေ။ မိမိအပျိုပေါက်ဘဝတုန်းကလဲ ကိုမင်းထင်နှင့်တွေ့ဆုံပြီး ချစ်သူတွေဖြစ်သွားရသည်။ အမေကို ချစ်လွန်းတဲ့သား ကိုမင်းထင်အမေက မိမိကို ငွေကြေးချို့တဲ့၍ ချွေးမအဖြစ် လက်မခံနိုင်သဖြင့် အကြီးအကျယ်ခွဲခဲ့သည်။

"ခြယ် ... ကိုယ့်နောက်လိုက်ခဲ့ပါ၊ ကိုယ်တို့ထွက်ပြေးကြမယ်၊ မိဘတွေ အမွေဖြတ်လည်း ကိုယ်တို့နှစ်ယောက်ဘဝကို ရပ်တည်နိုင်အောင် ကြိုးစားကြမယ်လေ"

ခြယ် ငြင်းဆန်ခဲ့သည်။ ခြယ့်မေမေ ဘယ်လောက်မျက်နှာငယ်ရမလဲ။ ကိုမင်းထင်အမေက ငွေကြေးပြည့်စုံချမ်းသာသူဖြစ်၍ မေမေ့ကို မောက်မောက်မာမာ လာပြောမှာ ခြယ်သိနေသည်။ ပြီးတော့လည်း ခြယ်အား ချွေးမအဖြစ် မတူမတန်ဘူးထင်ထားတဲ့ယောက္ခမတွေကိုလည်း ယောက္ခမလုံးဝတော်ဖို့ ဆန္ဒမရှိ။ ခြယ်က မာနရှိ၏။ ပြတ်သားစွာ ဆုံးဖြတ်နိုင်ခဲ့သည်။

"မာမီ ... ဘာဖြစ်စေချင်ရတာလဲ၊ မမလွှမ်းအတွက် မြရိပ်

ညို့ တာဝန်ယူပါတယ်၊ စိတ်အရှမ်းပူစရာ မလိုပါဘူး”

“နေထွန်းတောက်ကို လုံးဝသံယောဇဉ်ဖြတ်ရမယ်၊ အဲဒါ မာမီ ဖြစ်စေချင်ဆုံးပဲ … ချစ်သူထားတာ အပြစ်မဟုတ်ပေမယ့် မာမီ ဒီလောက်အထိ ထိန်းချုပ်ထားပြီး စည်းကမ်းချက်တွေ ထုတ်ပြထားခဲ့ပေမယ့် သမီးကြီး အမှားလုပ်ခဲ့တယ်၊ အမေဆိုတာ ဘာလဲ ဘယ်အဆင့်မှာ သတ်မှတ်ထားတာလဲ”

ကိုမင်းထင်နှင့် ရွှေပိတောက်တို့ရဲ့ သားနဲ့မှ ဖူးစာဆုံရတယ်လို့ လက်ထပ်ဖို့ လုံးဝမဖြစ်နိုင်ကြောင်း မိမိတားဆီးရမည်ဖြစ်သည်။ သမီးကြီးကို ဘယ်လိုကိုင်တွယ်ဆုံးမရမလဲဆိုတာ မစဉ်းစားတတ်အောင်ဘဲ စိတ်တွေချောက်ချားသိမ်ငယ်နေရ၏။ သမီးတွေ ချစ်သူတွေ့ပြီဆိုတာနှင့် မိမိအား ဖွင့်ဟတိုင်ပင်ရန် ပြောထားပြီးသားပဲ မဟုတ်လား။ ဘာဖြစ်လို့ အသိမပေးရတာလဲ … ကိုမင်းထင်သားဖြစ်နေ၍ ပိုမိုနာကျင်ရသည်။

“မြရောင်လွှမ်းကို သွားခေါ်လာခဲ့ပါ၊ မာမီ မသွားနိုင်တော့ဘူး … ဒင်းကို ယောက္ခမက လက်မခံတာ မဟုတ်လား၊ ဘာဖြစ်လို့လဲ … မာမီ့သမီးကြီး မြရောင်လွှမ်းလောက် ရိုးသားဖြူစင်ပြီး ချစ်စရာကောင်းလွန်းနေတာ ဘယ်မှာရှိမလဲ သမီးငယ်ရယ်”

မာမီ့မျက်ဝန်းတွေထဲမှ မျက်ရည်ပေါက်တွေ တလိမ့်လိမ့်ကျ





ဆင်းလာတာ တွေ့လိုက်ရ၍ မြရိပ်ညို့ အံ့ဩနေသည်။ ဘာဖြစ်လို့ မာမီကိုယ်တိုင် ဒီလောက်အထိ ဝမ်းနည်းကြေကွဲနေရတာလဲ။ မမလွှမ်းကြောင့်လား။ မာမီ့ကို အလေးအနက်မထားလို့လည်း ဖြစ်နိုင်၏။ ရက်တတ် ကြောက်တတ်တဲ့ မမလွှမ်း ဘယ်သူ့ကိုမှ အသိမပေးတာလည်း အပြစ်တော့ မရှိပေ။ မမလွှမ်း အိပ်ခန်းထဲဝင်လာခဲ့ပြီး မာမီသိသွားတဲ့အကြောင်း ပြောပြ၍ ခေါ်လာခဲ့သည်။

“မမအရမ်းကြောက်တယ် မြရိပ်ညို့ … မာမီ ဘယ်လိုလုပ်သိသွားရတာလဲ၊ ညီမလေး ပြောပြလိုက်တာလား … ”

“မဟုတ်ပါဘူး … မာမီအပြင်ကနေ သိသွားတာ။ မာမီ အတော်လေးခံစားနေရတယ် … မာမီ့ကို မတိုင်ပင်လို့ဖြစ်လိမ့်မယ်၊ မမလွှမ်း ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ဖြေရှင်းလိုက်ပါ … ”

မမလွှမ်း ခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်ယင်နေသလို ခြေလှမ်းတွေကလည်း တုန့်နှေးအားပျော့နေသည်။ မာမီ့ရှေ့ရောက်တော့ မမလွှမ်း တောင်းပန်ရင်း တသိမ့်သိမ့် ရှိုက်ငိုနေ၏။ မာမီလည်း ငိုသည်။

“လွှမ်း မှားသွားပါတယ် မာမီ … ခွင့်လွှတ်ပေးပါနော် … နောက်ထပ် ဒီလိုအဖြစ်မျိုးတွေ မာမီမသိအောင် ထပ်မလုပ်တော့ပါဘူး၊ လွှမ်း ရှက်ကြောက်ပြီး အသိမပေးရဲတာပါ၊ လွှမ်း အရမ်းမှား

သွားပါတယ်”

“မြရောင်လွှမ်း”

“ရှင် ... မာမီ”

“ဒီတစ်ခါကတော့ ထားလိုက် ... နောက်တစ်ခါ ထပ်ပြီး ဒီကောင်နဲ့ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မပတ်သက်ရဘူး၊ မာမီ့ကို ကတိပေးပါ ... သမီးကို ဒီကောင်က စွန့်ခွာသွားတာမဟုတ်လား၊ သမီးကြီး မြရောင်လွှမ်းလို မိန်းကလေးကိုများ”

မြရောင်လွှမ်းလည်း ကိုနေနှင့်ချစ်သူအဖြစ် ဘယ်လောက်မှ မကြာသေးတဲ့ အချိန်ကာလတွေအတွင်း လမ်းခွဲခဲ့ရတာ နာကျင်ခံစားရလွန်းသည်။ အချစ်ဦးဖြစ်၍ အရူးအမူး ချစ်မိသွားခဲ့၏။ လွှမ်းနိုးရာလိုက်ပြေးဖို့အထိ ဆုံးဖြတ်ခဲ့တာသာ မာမီသိလျှင် ကိုနေ့တော်တော်လေး ရက်စက်တာပဲ ... လွှမ်းကို ချိန်းဆိုတာသောနေရာသို့ ရောက်မလာခဲ့ပေ။ အရမ်းရှက်ရွံ့ ကြောက်ကန်နေတတ်သော မြရောင်လွှမ်း အိတ်တလုံးနှင့် ပြန်ဝင်လာခဲ့ရတာ ... မာမီမသိပေ။ လွှမ်းကတိပေးလိုက်သည်။

“မာမီ့စကားတွေကို သမီးနားထောင်ပါ့မယ် ... လွှမ်း ကတိပေးပါတယ်နော် ... မာမီ စိတ်မပူပါနဲ့ ... လွှမ်းဘာပဲလုပ်လုပ် မာမီ့ကို အသိပေးပါ့မယ်နော် ... ”





“သမီးကြီးရယ် ... ”

အရွယ်ရောက်လာတဲ့ မိန်းကလေးတစ်ယောက် ချစ်သူတွေ့ဟာ အပြစ်မဟုတ်ပါဘူး သမီးကြီးရယ် ... ဒါပေမယ့်လည်း မိန်းကလေးတစ်ယောက်ရဲ့ ဘဝက ထိခိုက်ပွန်းပဲ့ ရှနာလွယ်တဲ့ ပန်းပွင့်လေး တစ်ပွင့်လိုပါပဲ ... မကြွေသင့်ပဲနဲ့ အချွေမခံရစေချင်တာပါ တန်ဖိုးမဲ့သွားမှာလည်း မာမီစိုးရိမ်တယ် ... ဆင်စီးပြီး မြင်းရံ ရွှေဘုံပေါ်မှာ စံနေစေချင်တာ သမီးရှင်တိုင်းရဲ့ မျှော်လင့်ချက်တစ်ခုပါပဲကွယ် ...

စဉ်းစား ဆင်ခြင်တုံတရားတွေနဲ့ ဦးနှောက်နဲ့ ဆုံးဖြတ်ရမယ့်အရာတွေရှိနေသင့်တယ် ... တခါတရံလည်း ကံကြမ္မာဆိုးကြောင့် မိန်းကလေးတစ်ယောက်ရဲ့ ဘဝက မလှမပ ဖြစ်နိုင်တာပါပဲလေ။

“သမီးကြီး မြရောင်လွှမ်းရော ... သမီးငယ် မြရိပ်ညိုရော ဘယ်လိုအကြောင်း ကိစ္စမျိုးမဆို ... မာမီကို အသိပေးစေချင်တယ် မာမီက ယောကျ်ားတွေနဲ့ ပတ်သက်ခင်မင်တာတောင် ကြိုက်တာ မဟုတ်ဘူးနော် ... သူတို့က ဆူးတွေပါ ... နောက်နေ့ကစပြီး သမီးကြီး မြရောင်လွှမ်းက မာမီနဲ့အရောင်းအဝယ် ကိစ္စတွေမှာလိုက်ရမယ် ... မာမီ့ မျက်စိအောက်ကနေ အပျောက်ခံလို့ မဖြစ်တော့ဘူး မြရိပ်ညိုလည်း ကျောင်းပြီးတာနဲ့ မာမီ့ စီးပွားရေးလုပ်ငန်း တည်

ထောင်ပေးမယ် …”

မာမီက သမီးတွေကို ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်တွေ ချမှတ်ပေးပြီး ပြန်ထွက်သွားသည်။ မမလွှမ်းကိုလည်း အရမ်းကြီး အပြစ်မတင်၍ တော်သေး၏။ မာမီသိသွားတော့လည်း ပြီးသွားပဲ မဟုတ်လားဟု မမလွှမ်း စိတ်သက်သာစေရန် ပေါ့ပေါ့ပါးပါးလေး ပြောလိုက်သည်။

“မမလွှမ်းလေ မြရိပ်ညိုလို စိတ်တွေမာကျောချင်တယ် … အချစ်ဆိုတာကြီးကို မခံစားချင်ဘူး … မမလွှမ်းလေ ခုထိပဲ ကိုနေ့ အပေါ် မမုန်းနိုင်သေးဘူး … ချစ်မြတ်နိုးရတဲ့သူကို မုန်းတီးနာကြည်းဖို့ အရမ်းခက်ခဲတယ်နော် ညီမလေး … အင်းလေ ညီမလေးက မချစ်တတ်တော့ သိမှာ မဟုတ်ပါဘူး … တကယ်တမ်း ချစ်သူတွေ့တော့လည်း မာမီ့ရဲ့ စည်းကမ်းချက်တွေနဲ့ ကိုက်ညီလား မကိုက်ညီလားတောင် စဉ်းစားဖို့ အချိန်မရတော့ဘူး မြရိပ်ညို”

မွှန်ထူသွားတယ် … ။

မမလွှမ်း ပြန်ထွက်သွားတော့ မြရိပ်ညိုတစ်ယောက်ထဲ အထီးကျန်သလိုလို ငယ်ငယ်လေးထဲက စိတ်ဓာတ်မာကျောသူ ဖြစ်ခဲ့တဲ့ မြရိပ်ညို … အချစ်တွေကို မခံစားတတ်ဘူးလို့တော့ အသေအချာ ပြောပါ … လရိပ်ထင်ဆိုတဲ့ လူတစ်ယောက် သူမစေ့ထားတဲ့





နှလုံးသား တံခါးပေါက်ရှေ့မှာ မကြာခဏ လာရပ်နေခဲ့သည်။

“သူ … ရုတ်တရက် တံခါးခေါက်လိုက်မှာ ကျွန်မအရမ်း ကြောက်ရွံ့ တုန်လှုပ်နေပါတယ် …”

အခန်း ( ၁၅ )

"မေမေ ... သား တောင်းပန်ပါတယ်ဗျာ ... ငွေခရုနဲ့ သားကို အလျှင်အမြန်ကြီး လက်ထပ်ပေးဖို့ မလိုအပ်ပါဘူး ... မြရောင်လွှမ်းနဲ့လည်း သားလုံးဝ မပတ်သတ်ပါဘူး ... ကတိပေးပါတယ် ..."

နေထွန်းတောက် အနူးအညွတ်တောင်းပန်စကားတွေ ပြောနေမိသည်။ လွှမ်း ကလွဲ၍ တခြားဘယ်လို မိန်းကလေးနှင့် လက်ထပ်ရန် ဆန္ဒတွေ ကင်းမဲ့နေသည်။ လွှမ်းကို ခိုးပြေးဖို့အတွက် သူ့ဆီမှာ သတ္တိတွေ မရှိပေ။ မေမေက မင်း မြရောင်လွှမ်းကို အကြောင်း တစ်ခုခုနဲ့ လက်ထပ်ခဲ့ရင် မေမေ့အလောင်းကို ကားကြိုးကားကြားထဲမှာ မင်းတွေ့စေရမယ် ... နေထွန်းတောက် ... မင်းက မေမေ့အကြောင်းကို အသိဆုံးပါကွာ ... သားကြီးကို မေမေ အချစ်ဆုံး ... သံယောဇဉ်အတွယ်တာရဆုံးပါ ... မေမေ့ အသက်ထက်





မြရောင်လွှမ်းက ဟန်ဘိုးရှိနေရင်လည်း သားသဘောပါပဲလေ ... မေမေ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေစို့နေ၍ နေထွန်းတောက် ...ဘ်လျှော့လိုက်သည်။ ချစ်သူလွှမ်းနှင့် ချိန်းထားတဲ့နေရာသို့ လုံးဝ ...သွားရောက်ခြင်း မရှိခဲ့ ... လွှမ်း စောင့်နေမယ်ဆို သူသိနေခဲ့သည်။

"ကိုနေ့ကို လွှမ်းမုန်းတီးနာကြည်းနေမှာပါ ... ကိုယ်ဘယ် ...လောက် အထိခံစားနေရတယ်ဆိုတာ မင်းမသိနိုင်ပါဘူး ... လွှမ်း ...ယ် ..."

သူတို့ချစ်သူ နှစ်ယောက်ဘဝကို ဝေးကွာစေခဲ့တာက လွှမ်း ...က ဖေဖေရဲ့ ငယ်ချစ်ဟောင်း ဒေါ်မြရောင်ခြယ်ရဲ့သမီး ဖြစ်နေတာ ...က တရားခံလေ ... မေမေကိုယ်တိုင်က သူ့ကို ငယ်စဉ်လေးထဲက ...မ်းမိုးနေနိုင်ခဲ့၏။ တကယ်လို့သာ လွှမ်းက ဒေါ်မြရောင်ခြယ်ရဲ့ ...သမီး မဟုတ်ခဲ့ရင်ရော မေမေက အကြောင်းတစ်ခုခုပြပြီး ငြင်းပယ် ...စ်မှာပဲဖြစ်သည်။

"မင်း မေမေရွေးချယ်ပေးတဲ့ မေမေ့အုပ်ချုပ်မှု အမိန့်ဩဇာ ...ဘွအောက်မှာ နေရမယ့် ချွေးမလောင်းကိုပဲ လက်ထပ်ရလိမ့်မယ် ...သားကြီး ... မင်းအရွယ် မရောက်ခင်တည်းက မေမေ အသိပေး ...ထားခဲ့တာပဲ"

မေမေသည် ဘယ်တော့မှ တခြားသူရဲ့ ဆန္ဒကို နည်းနည်း

လေးမှ ငဲ့ညှာ ထောက်ထားတတ်သူ လုံးဝမဟုတ်ခဲ့ ... အတ္တကြီး မားနေခဲ့သည်။

"နေထွန်းတောက် မင်းနာမည်ကို မာကျောထွန်းလင်း တောက်ပနေစေဖို့ ဒီနာမည်မှည့်ထားတာလေ ... မီးလိုပူလောင် တယ်ပဲဖြစ်ဖြစ် ... မေမေ့ဆန္ဒကတော့ အတ္တကြီးကြီးနဲ့ အရာရာ လောဘတက်စမ်းပါ ... အနိုင်ယူစမ်းပါ ... "

ခင်ပွန်းဖြစ်သူ ကိုမင်းထင်အပေါ် ဒေါ်ရွှေပိတောက် ဘယ် တုန်းကမှ မချစ်ခဲ့ ... မုန်းတီးနာကြည်းနေခဲ့လေသည် ... သူ့ ချစ်သူ မြရောင်ခြယ်ကို ခိုးပြေးဖို့ ကြံစည်ခဲ့ပြီး မြရောင်ခြယ်က မလိုက်ဘဲ ငြင်းဆန်ခဲ့၍ ပိတောက်အား လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ပင် အိမ်ထောင်ရေး သက်တမ်းတလျှောက်လုံး ကိုမင်းထင်အား နည်းမျိုးစုံဖြင့် အနိုင်ကျင့်နေခြင်းဖြစ်သည်။ သားကြီးကိုလည်း မိမိ ဘက်ပါစေရန် သိမ်းသွင်း စည်းရုံးထားခဲ့ပြီး ကိုမင်းထင် စွက်ဖက်ခွင့် မရှိစေခဲ့ ... သားငယ်ကတော့ ဖခင်ဘက်က ပြတ်ပြတ်သားသား ရပ်တည်နေခဲ့သည်။

"မင်း ငွေခရုကိုပဲ အမြန်ဆုံး လက်ထပ်ရမယ် သားကြီး မေမေ စီစဉ်နေပြီ ... မင်းဘယ်တုန်းကများ စောဒက တက်ခွင့်ရှိလို့ လဲ ... မြရောင်ခြယ်ရဲ့သမီးကို အမြစ်ကနေ မြေလှန်သုတ်သင်ပစ်





ရမယ် ... မြရောင်ခြယ် သမီးမဟုတ်ရင်တောင် မေမေ့ချွေးမ လောင်းဖြစ်နေလို့ မေမေပဲ ရွေးချယ်ရလိမ့်မယ် သားကြီး ... "

ငွေခရုကို သားမချစ်နိုင်ဘူး ... အချစ်မရှိတဲ့ အိမ်ထောင်ရေး တစ်ခုကို မတည်ဆောက်ပါရစေနဲ့ဟု နေထွန်းတောက် မပြောရဲ ပေ။ မေမေ့ မျက်ဝန်းတွေထဲက မျက်ရည်ပေါက်တစ်ပေါက် လောက်ပင် မေမေ့ပါးပြင်းပေါ် ပြုတ်ကျသွားမှာ သူကြောက်ရွံ့နေ ခဲ့သည်။

"နေထွန်းတောက် မေမေတို့အိမ်ထောင်ရေးကို မကြည့်နဲ့ မေမေ့ချွေးမကို မေမေလုံးဝ ထိန်းချုပ်မယ် ... သားကို မေ့တောင် မကြည့်ရဲစေရဘူး ... သား စောင့်ကြည့်နေ ... "

မိမိဝင်္ဂလည်မှာကြောက်နေခဲ့သည်။ မိမိသားကြီး အပေါ် ချွေးမ အနိုင်ကျင့် အမိန့်ပေးမှာကိုတော့ တားဆီးရမည် ... သားကြီး အတ္တရှိစေချင်တယ် ... မာန်တွေ ဟန်တွေ တင်းပြတ်နေ စေချင်ခဲ့ပေမယ့် သားကြီးစိတ်က ပျော့ပျော့ ညံ့ညံ့ ငွေခရုနှင့် အမြန် ဆုံး လက်ထပ်ပေးရမယ် ... မြရောင်ခြယ်ရဲ့ သမီးအပေါ် သားကြီး အလွန်အမင်း စွဲလန်းနေလေသည်။

"စေ့စပ်ပွဲပြီးရင် အမြန်ဆုံး လက်ထပ်မယ် ... ဒါပဲ"

နေထွန်းတောက် ငြင်းဆန်ပိုင်ခွင့် မရှိဘဲ ငြိမ်သက်စွာ

လက်ခံရသည်။

"လွမ်းရယ် … ကိုယ်ရူးတော့မယ်ထင်တယ် … ကိုယ့်နှာမည်က ကိုယ့်ကိုယ်ကို ပူပြင်းလောင်မြိုက်နေတာပါ … မင်းကို အရမ်းချစ်တယ် … မင်းနဲ့ အဝေးဆုံးကို ရောက်သွားရမှာ ကိုယ့်အကြောက်ဆုံးပဲ … "

သူ အိပ်စက်ခြင်းလည်း မရှိတော့ … စားသောက်ချင်စိတ်လည်း ကင်းမဲ့နေသည်။ မေမေ့ရှေ့မှာ ဟန်ဆောင်နေထိုင်ရတာပင် စိတ်ညစ်ညူး နွမ်းလျလျနှင့် အပူမီးက တောက်လောင်နေသလိုလို သူ စီးပွားရေး လုပ်ငန်းတွေမှာလည်း စိတ်မဝင်စားနိုင်ခဲ့ … ဖေဖေက ဖျောင်းဖျနားလည်မှု အပြည့်အဝပေးခဲ့သည်။

"အရာအားလုံးက ကိုယ့်မှာ တခါတလေ ရွေးချယ်ပိုင်ခွင့် မရှိနိုင်ဘဲ … ကံကြမ္မာကပဲ ရွေးချယ်ပေးတတ်တယ် … ဖေဖေလည်း တစ်ချိန်က သားလိုပဲ ခံစားခဲ့ရမယ် … သားကို ဖေဖေနားလည်ပါတယ် … သားစိတ်ဓာတ်တော့ ကြံ့ခိုင်မှ ဖြစ်မယ်နော်"

မေမေကိုယ်တိုင်က ကုမ္ပဏီကို လောသောဆယ် သွားခွင့်မပြုခဲ့ပေ … ။ သူ့စိတ်တွေ တည်ငြိမ်လာတဲ့အထိ မေမေ့ မျက်စိအောက်မှာပဲ နေထိုင်ရမယ်နော်တဲ့လေ … လွမ်းထံ ဖုန်းဆက်ခွင့် ရှိပေမယ့် လွမ်းအသံကို မကြားရဲ … သူ့ ခြေလှမ်းတွေ တစ်ချက်





လေးမှားယွင်းသွားတာနှင့် လွမ်းဘဝတစ်ခုလုံးကို မေမေက အညိုးကြီးစွာဖြင့် စိစိညက်ညက် ခြေမှုန်းပစ်နိုင်လေသည်။

"လွမ်းရယ် … ကိုယ် အသက်တောင်ဆက်ပြီး ရှင်ဖို့ ဆန္ဒမရှိတော့ဘူး … ကိုယ်သေ ပစ်ချင်တယ် … "

နေထွန်းတောက်ဆိုတဲ့ သူ့နှာမည်က သူ့အတွင်းစိတ်တွေနှင့်လုံးဝကို ဆန့်ကျင်ဘက်ဖြစ်နေတာ သူပဲ အသိဆုံးပါ။

"ကိုယ့်နှလုံးသားတွေ အရမ်းပဲ နာကျင်နေရတယ် … လွမ်းကို ခဏလေးပဲဖြစ်ဖြစ် ထပ်ပြီးတွေ့ချင်ပါတယ် … "

နောက်ဆုံး သူ့စိတ်တွေ ဆန္ဒတွေကို ဘယ်လိုမှ ထိန်းချုပ်ထားနိုင်စွမ်းတွေ ကုန်ခမ်းသွားရကာ လွမ်းဆီ ဖုန်းဆက်သွယ်ခဲ့သည်။

"မင်းက ဘယ်သူလဲ … နေထွန်းတောက်လား … ကိုမင်းထင်နဲ့ ရွှေပိတောက်ရဲ့သားထင်ပါတယ် … ဒီမှာ မင်းကို အပြတ်သားဆုံး ပြောလိုက်မယ်နော် … ငါ့သမီးကြီး မြရောင်လွမ်းကို လုံးဝ ဆက်သွယ်ဖို့ မကြိုးစားပါနဲ့ … ငါ့သမီး အလောင်းကို မင်းမြင်ချင်ရင် ဆက်သွယ်လိုက် … "

"အန်တီ … သား တောင်းပန်ပါတယ် … သား လွမ်းကို အရမ်းချစ်လို့ပါ … နောက်ဆုံးအကြိမ်လေးပါ တစ်ကြိမ်လောက်ပါ

ပဲဗျာ ... "

"မရဘူး ... ဒါပဲ"

"အန်တီ ... ဒီမှာ ခင်ဗျ ... "

ဒေါ်မြရောင်ခြယ် ဖုန်းကို ပိတ်ပစ်လိုက်ကာ ဒေါသတွေ ပေါက်ကွဲပြီး နံရံဆီသို့ ဖုန်းလေးအား ပစ်ပေါက်လိုက်သည်။

"ဒေါက် ... "

"ချ ... လွမ်"

"မာမီ ... "

"ဟင် ... မြရိပ်ညို ... သမီးငယ် ဘာလာလုပ်တာလဲ ... မာမီဒေါသတွေကို လွတ်လပ်စွာ ပေါက်ကွဲပါရစေ ... ဖြစ်နိုင်ရင်လေ သမီးကြီး မြရောင်လွှမ်းကို မာမီသတ်ပစ်ချင်တယ် ... ဒင်းသားနဲ့ အဝေးဆုံးကို ပို့ပစ်လိုက်ချင်တာ ... အဲ့ဒီနေရာက သေမင်းနိုင်ငံပဲ"

မာမီ့ရဲ့ လုပ်ရပ်တွေကို မြရိပ်ညို အပြစ်မတင်ချင်ပေမယ့် မမလွှမ်းကို သနားမိနေသည်။ မာမီရိုက်နှက်ခဲ့၏။ အခန်းသော့ကို အပြင်ကနေ ခတ်ထားသည် ... မာမီပဲ ဝင်ခွင့်ရှိသည်။

"မာမီ ... "

"ညည်း ... ညည်းဘာပြောမလို့လဲ ... ငါ့ကို တားဆီးမလို့ လား ... ငါမှားနေတယ်လို့ ညည်းက အပြစ်တင်ဝေဖန်ချင်တာ





လား ... "

"မမလွှမ်းက ဘာမှ မသိရှာပါဘူး ... အပြစ်ဒဏ်ပေးထားတာ ကြီးမားနေပါတယ် ... "

"ဘာပြောတယ် မြရိပ်ညို ... ဒင်းက ငါ့စကားတွေ ငါချမှတ်ပေးထားတဲ့ စည်းကမ်းချက်တွေကို ဆန့်ကျင်သွေဖီခဲ့တယ် ... မအေဆိုတာ ဘာလဲ ... ငါအပျော်သွားနေတာ မဟုတ်ဘူးလေ ညည်းတို့ ညီအစ်မချမ်းချမ်းသာသာ နေနိုင်ဖို့ ရုန်းကန်နေရတာပါ သမီးကြီး ဖြစ်ပြီး ရှေ့ကနေ လမ်းကွေ့လမ်းကောက် သွားတယ်"

"မြရိပ်ညိုက အဲဒီလိုမျိုး မဖြစ်နိုင်ပါဘူး မာမီ ... တခြား ဘယ်သူပဲရှေ့ကနေ ဘယ်လိုသွားနေပါစေလေ မြရိပ်ညိုက လိုက် မလျှောက်နိုင်ပါဘူး ... မြရိပ်ညိုဘဝမှာ ဘယ်တော့မှ လမ်း မကောက်ကွေ့စေရဘူး ... လမ်းမမှားစေရဘူး ... မမလွှမ်းကို မြရိပ်ညို တွေ့ပါရစေနော် ... "

ဒေါ်မြရောင်ခြယ် အနေနှင့်သမီးကြီးကိုလည်း မုန်းတီး၍ မဟုတ်ပေ။ အချစ်ဆုံး သမီးကြီးက စဉ်းစားဆင်ခြင်တုံ တရားကင်း မဲ့လွန်း၍ ဒေါသထွက်ခဲ့ရသည်။ သမီး နှစ်ယောက်လုံးကို လုပ် ဆောင်သမျှ မိခင်အား အသိပေးစေပါခဲ့၏။ နေထွန်းတောက်ဆိုတဲ့ ကောင်ကို ရင့်ရင့်သီးသီး ပြောပစ်လိုက်တာ ကျေနပ်တယ် ...

အလကားကောင်ပဲ သမီးကြီးအား နိုးယူထွက်ပြေးမှာ မိမိအလွန် အမင်း စိုးရိမ်နေမိလေသည်။

“မရဘူး ညည်းလည်း တွေ့ခွင့်မရှိဘူး … ဒီကောင့်နောက်ကို လိုက်သွားရင် မာမီရင်ကျိုးရလိမ့်မယ် … ”

မာမီ မသိသေးတာက မမလွှမ်းဘက်ကနေ ခိုးရာလိုက်ဖို့ သဘောတူခဲ့တာတောင်မှ နေထွန်းတောက်က မခိုးခဲ့ဘူးဆိုတာပါပဲ … မာမီ ပိုပြီးတောင် နာကျင်သွားနိုင်သဖြင့် မြရိပ်ညို အသိမပေးရဲ … မာမီ့ကိုလည်း သနားသည်။

“မြရိပ်ညို … ညည်းကိုလည်း မာမီ သတိပေးမယ် … ပညာမစုံသေးဘဲနဲ့ ယောကျ်ားတစ်ယောက်နဲ့ ချစ်သူအဖြစ်တွဲဖို့ လုံးဝ စိတ်မကူးနဲ့နော် … မာမီသမီးတွေ ပန်းကောင်းအညွန့်ကျိုး မခံနိုင်ဘူး … ဖြူစင်နေစေချင်တယ် … တန်ဘိုး ကြီးမားနေရမယ်”

မြရိပ်ညို ပြန်ထွက်လာခဲ့သည်။ မာမီ့ရှေ့မှာ အပြစ်ကင်းစင်သူအဖြစ် ရပ်နေရမှာတောင် မလုံမလဲ မဆီမဆိုင် ဘာဖြစ်လို့မှန်း မသိဘဲ လရိပ်ထင်ကို သတိရနေခဲ့၏။ နေထွန်းတောက်ရဲ့ ညီနှင့် မြရိပ်ညို တရင်းတနှီး ပတ်သက်ကျွမ်းဝင်လာခဲ့တာသာ မာမီသိလျှင် မြရိပ်ညိုက လက်စားချေချင်ခဲ့လို့ပါ … မမလွှမ်းအတွက် လက်တုန့်ပြန်ချင်ပါတယ်ဟု အကြောင်းပြချက်တွေ ခိုင်ခိုင်လုံလုံ





သက်သေပြမယ်ဆိုရင်တောင် မာမီရှေ့မှာ မြရိပ်ညို သိမ်ငယ်ချောက်ချားနေခဲ့ရသည်။

❂

## အခန်း ( ၁၆ )

မြရိပ်ညို မျက်ဝန်းတွေထဲမှာ လရိပ်ထင်နှင့်ပတ်သက်လာလျှင် စိမ်းတောက်မာထန်မှု အရိပ်အငွေ့တွေ ပြည့်နှက်နေလွန်းသည်ဟု လရိပ်ထင် သိနေသည်။ မင်း ... နှလုံးသားတွေထဲမှာ အချစ်ဆိုတာ ရှိမနေဘူးဆိုတဲ့ သက်သေများလား မြရိပ်ညိုရယ် ... ကြာလာတာနဲ့အမျှ ကိုယ့်ဘက်ကပဲ ဒူးထောက်အရှုံးပေးရတော့မယ်ထင်တာပဲလေ ... မြရိပ်ညိုနှင့် ချိန်းထားပြီး လရိပ်ထင်စိတ်မောပမ်းနွမ်းလျစွာ စောင့်နေမိသည်။

"ကျွို ... "

ကားဘရိတ်အုပ်သံကြောင့် သူမော့ကြည့်လိုက်တော့ မြရိပ်ညိုရဲ့ကားမြင်ရသဖြင့် သက်ပြင်းမောကြီး မှုတ်ထုတ်ပစ်ရသည်။ သူ့စိတ်က ကားတံခါးကို သွားရောက်ဖွင့်ပေးလိုက်ချင်သော်လည်း





ယောကျ်ားတစ်ယောက်ရဲ့ မာနထိမှာစိုး၍ မဖွင့်ဖြစ်ခဲ့။ မြရိပ်ညိုကိုတော့ သူ့အောက်ကျရမှာ မလိုလားနိုင် ... ။ မာနခြင်းပြိုင်ချင်နေခဲ့လေသည်။

"ရှင်တကယ် နေစိမ့်တယ် ... အင်းလေ ... ရှင်ကမာနကြီးတဲ့ ယောကျ်ားပဲ ... Lady First မှ မဟုတ်တာ ... ရပါတယ်လရိပ်ထင် ... ဝင်ထိုင်မယ်နော် ... "

"မင်းကိုစောင့်နေတာပဲ ... မြရိပ်ညို ထိုင်ပါ"

မြရိပ်ညိုရဲ့ စိတ်ဆန္ဒက တကယ်ဆို သူမအား ခရီးဦးကြိုပြုသည့်အနေနှင့် တံခါးလေးတော့ ထဖွင့်ပေးစေလိုသည်။ လရိပ်ထင်ပဲဟာ မာနရှိတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်သူအဖြစ်မရွေးချယ်သင့်ဘူးဟု ... သူမ တွေးမိသွားသည်။ အင်းလေ ... သူ့ကိုလည်း မြရိပ်ညိုက ချစ်သူအဖြစ်ရွေးချယ်မှာမှ မဟုတ်တာ ... မာမီ အမုန်းတီးဆုံး မိသားစုဝင် တစ်ယောက်ဖြစ်နေ၏။ သူမကိုမကြာသေးခင်ကမှ မာမီပြောပြထားတာ ... မာမီ့ကို စွန့်ပစ်ခဲ့ပြီးသတ္တိခပ်ကြောင်ကြောင် မာမီ့ငယ်ချစ်ဦးရဲ့သားတဲ့ နေထွန်းတောက်နှင့် မပတ်သက်ဖို့ မမလွှမ်းအား မာမီခါးသည်းပြင်းထန်စွာ တားဆီးနေခဲ့သည်။

"မြရိပ်ညိုကို သတင်းတစ်ခု ပြောပြစရာရှိလို့ပါ"

"ရှင် ... ဘာများလဲ ပြောပါ"

"ကိုယ် စုံစမ်းထားတာ ... အဝါရောင့် ချစ်သူမှာ အိမ်ထောင်ရှိနေတယ် မြရိပ်ညို"

"ဟင် ... ဟုတ်လား၊ ထင်သားပဲ ... ကျွန်မ စိတ်ပူနေတာ မိန်းကလေးတစ်ယောက်ကို တန်ဘိုးမထားဘဲ ဖျက်ဆီးချင်ကြတယ် မုန်းစရာကောင်းလိုက်တာ ... "

မြရိပ်ညိုဆီက အထင်သေး အပြစ်တင်ရှုံ့ချစကားတွေကို လရိပ်ထင်ကြားရတာ အောင့်သက်သက် ဖြစ်ရသည်။ ယောကျ်ားတွေကို အထင်သေးတတ်တဲ့ မိန်းမတစ်ယောက်နှင့်မှ လရိပ်ထင်တွေ့ရပြီး ထူးဆန်းစွာ ချစ်နေမိကြောင်း သူသိလာရ၏။ ကိုယ်က မြရိပ်ညိုကို ချစ်စကားပြောဖို့ စထွက်လာတည်းက သတ္တိမွေးလာတာပါ ... ကိုယ် အရှုံးပေးလိုက်ချင်တယ် ...

မင်းဘက်က ပြတ်သားစွာ ငြင်းပယ်ပြီး ဟားတိုက်ရယ်မောမှာပဲ ... ပြီးတော့လည်း ကိုယ့်ကို စိတ်ဓာတ်မခိုင်သူအဖြစ် အရှုံးသမားဘဝ ... အချစ်ကျေးကျွန်ဘဝ ရောက်သွားအောင်ပို့တော့မည်ဖြစ်သည်။

" အဝါရောင်ရော သိလား ... "

"မသိသေးဘူးထင်တယ် ... ကိုယ် ခိုင်လုံတဲ့ သတင်းရပ်





ကွက်က သိထားရတာမို့ ... သူ့မှာ ကလေးတစ်ယောက်တောင် ရှိသေးတယ် ... "

"ဘုရားရေ ... "

အဝါရောင်ဆီ အမြန်သွားပြီး သတိပေးရမယ် ... တားဆီးရမယ် ... ။

"မြရိပ်ညို ... "

"ဟင် ... "

"အဝါရောင်ကိစ္စ ထားလိုက်ပါတော့ ... ကိုယ်တို့နှစ်ယောက် အကြောင်း ပြောရအောင်"

"အဝါရောင်ကိစ္စကို ထားလို့မှ မဖြစ်တာ ... ကျွန်မတို့ အမြန်ဆုံး အသိပေးရမယ် ... တားဆီးရမယ် ... ဒါမှ သူငယ်ချင်းကောင်း ပီသမှာလေ ... "

လရိပ်ထင်ဆီကနေ ခြေတစ်လှမ်းစတင်လှမ်းလိုက်မှာကိုတော့ ... မြရိပ်ညို ဘာဖြစ်လို့မှန်းမသိဘဲ စိုးထိတ်မိသည်။ မြရိပ်ညိုရဲ့ နှလုံးသားတွေကိုပင် သံသယ ဝင်မိနေခဲ့၏။ အမုန်းဆုံးလူက အချစ်ဆုံး သူဖြစ်သွားမှာကိုလည်း မြရိပ်ညို ကြောက်လန့်လာခဲ့သည်။

"ကိုယ် ... "

"Sorry နော် … ကျွန်မကို ခွင့်ပြုပါ … အဝါရောင်ဆီသွားရမယ် … ရှင်ပြောစရာရှိတာတွေ နောက်မှပြောတော့ … "

လရိပ်ထင်ဘက်ကနေ ဘာမှ မပြောရသေးပဲနှင့် မြရိပ်ညိုရှောင်ရှားဖို့ ကြံစည်ပြီး … ထိုင်နေရာမှ အမြန်ဆုံးထလိုက်သည်။ လရိပ်ထင်နှင့် တွေ့ဆုံနေခြင်းကို ကျွန်မဘက်ကနေရပ်ပစ်တော့မည်ဖြစ်၏။ မာမီသိသွားရင် သေလိမ့်မယ် … ကျွန်မလက်တုန့်ပြန်ချင်တာထက် တဖြည်းဖြည်း ကျွန်မနှလုံးသားတွေကို အယုံအကြည်ကင်းမဲ့လာလို့ပါ … မျက်ဝန်းစိမ်းစိမ်းတွေနဲ့ လရိပ်ထင်ကို ဘယ်အချိန်အထိ ဆက်ပြီးကြည့်နေနိုင်မှာမို့လဲ … လရိပ်ထင်ကို မုန်းသည်။

"ခဏလေးပါ မြရိပ်ညို … မင်းနဲ့ကိုယ် အရေးကြီးတဲ့စကားတွေပြောသင့်တယ်လေ … "

"ကျွန်မတို့နှစ်ယောက်ရဲ့ကြားတဲ့စကား ဘာရှိမှာလဲ … လရိပ်ထင်ရယ် … ကျွန်မကို ခွင့်ပြုပါဦး … "

သူမ ထပြီးကားလေးဆီ လျှောက်လာကာ စက်နှိုးပစ်သည်။ သူမ ကားမောင်းထွက်လာခဲ့၏။ သူမ ကားလေးရဲ့နောက်ကြည့်မှန်ထဲမှာ လရိပ်ထင် မျက်နှာပြင်ပေါ်သို့ လက်နှစ်ဖက် အုပ်ပစ်ပြီး စိတ်ပျက်သွားတဲ့ပုံက ကပ်ပါလာခဲ့သည်။





"လရိပ်ထင် … ကျွန်မဘက်ကနေ ရှင့်ကိုထပ်မတွေ့နိုင်ဘော့ဘူး … အစောကြီးထဲက ရှင်နဲ့ချစ်သူဖြစ်ခွင့် မရှိဘူးဆိုတာသိနေခဲ့တယ်လေ … ကျွန်မက ရှင့်အစ်ကို နေထွန်းတောက် စွန့်ပစ်ခဲ့တဲ့ မြရောင်လွှမ်းရဲ့ ညီမ မြရိပ်ညိုပါ … "

သူမကားလေးက လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားသည်။ စိတ်ပျက်လိုက်တာ မြရိပ်ညို နှလုံးသားတွေ ဘယ်အချိန်ကပြီး ပျော့ညံ့သွားရတာလဲ … လရိပ်ထင်အပေါ် သူမ သံယောဇဉ်ဘယ်ငြိနေပြီလားပဲ … လရိပ်ထင်နဲ့ နေထွန်းတောက် နာမည်ချင်းသာ ဆန့်ကျင်ဘက် ဖြစ်နေကြတာပါ … သူတို့က သွေးသားရင်းညီအစ်ကိုတွေပါ … သူမ စိတ်တွေ တုန်လှုပ်ချောက်ချား သိမ်ငယ်လာသည်။

"ဒေါက် … ဒေါက် … မြရိပ်ညို … ဒီမှာ … ဒေါက် … မြရိပ်ညို … "

"ဟင် … "

သူမ စိတ်ရှုပ်ထွေးစွာဖြင့် ကားစတီယာရင်ပေါ် ခေါင်းလေးကို မှောက်ချလိုက်စဉ် … သူမ ကားကိုခေါက်သံနှင့် သူမနာမည်ခေါ်သံကြားလိုက်၍ မော့ကြည့်မိတော့ … လရိပ်ထင်ဖြစ်နေသည်။

"မင်း … ဘာဖြစ်လို့လဲ မြရိပ်ညို … ခေါင်းမူးလို့လား … ကိုယ်လည်း အဝါရောင့်ဆီ သွားမယ်ဆိုပြီး … လိုက်လာတာ … မင်းကားရပ်ထားလို့ ဆင်းမေးတာပါ … "

"ဟုတ်တယ် … အဝါရောင့်အတွက် ကျွန်မစိတ်တွေပူလောင်ပြီး စိတ်လှုပ်ရှားလွန်းလို့ ခေါင်းမူးသွားတာထင်တယ် … "

သူမ သိလိုက်သည် … မင်းလည်း ကိုယ့်အပေါ် စိတ်ခံစားမှုတွေ သံယောဇဉ်တွေ ငြိတွယ်နေပြီဆိုတာလေ … မင်းမျက်ဝန်းတွေထဲမှာ အစိမ်းရောင်တွေ သိသိသာသာ ပျောက်ကွယ်ပြီး ရက်သွေးတွေ လွှမ်းနေတာ ကိုယ်စောစောထဲက သတိထားမိသွားတယ် … ။

"ကိုယ် ဆေးခန်းပို့ပေးရမလား … မြရိပ်ညို … "

"အို … မလိုပါဘူး … ဒီလောက်ကြီးလည်း မဖြစ်ဘူး … ရပါတယ် … သွားမယ်နော် … "

"ကိုယ်လည်း အဝါရောင်ဆီသွားမှာပါ … ကိုယ်လည်း အဝါရောင်ကို သတိပေးသင့်ပါတယ်"

"ဒါတော့ … ရှင်သဘောပဲလေ … ကောင်းတာပဲ … အဝါရောင် မုန်းချင်မုန်း … ကျွန်မတို့ သတိပေးရမယ်"





ဘယ်လိုဖြစ်ရတာလဲ … မြရိပ်ညိုရယ် … လရိပ်ထင်ရဲ့ ဘောင်းဆိုမှုတွေကို အလွယ်တကူ လက်ခံသဘောတူပစ်လိုက်တာပဲလား … လရိပ်ထင်ရောက်လာတာကို မြရိပ်ညို ပျော်ရွှင်ကျေနပ်သွားရတာကိုပဲ မြရိပ်ညို သဘောမကျမိပေမယ့် … ပစ်ပစ်ခါခါငြင်းပယ်မိ … ။ သူမကားက သူ့ကားနောက်သို့ လိုက်နေခဲ့သည်။ သူမ ဝါရောင်ကို ဖုန်းကြိုဆက်ထားသဖြင့် အဝါရောင်က စောင့်နေ၏။ သူမ သတိထားမိတာက ဝါရောင့်မျက်နှာ နွမ်းဖက်လွန်းနေတာဖြစ်သည်။

"အဝါရောင် … "

"ဟယ် … ရှင်တို့နှစ်ယောက် အတူတူပါလား … "

အဝါရောင့်စကားတွေနှင့် အပြုံးတွေက အသက်ကင်းမဲ့လွန်းနေသည်။

"ရှင့်ကို ပြောစရာရော … သတိပေးစရာရှိလို့ လာကြတာ အဝါရောင် … "

"အဝါရောင် သိပြီးပါပြီ … "

"ဟင် … ဟုတ်လား … "

"အဝါရောင် မနေကမှသိတာပါ … အရှက်ခွဲခံလိုက်ရတယ်၊

စားသောက်ဆိုင်မှာလေ … Love Coffee Shop မှာပါ … သူ့မိန်းမ ရောက်လာပြီး ပွဲကြမ်းတယ်"

"ဟယ် … ဖြစ်မှဖြစ်ရလေ အဝါရောင်ရယ် … ကျွန်မ စိတ်ပူပြီး သတိပေးတဲ့ ကြားကနေ … "

"ရှင်ပြောတာတွေ အမှန်ပဲ … မြရိပ်ညိုရယ် … မိန်းကလေး တစ်ယောက်အတွက် အရမ်းအရေးကြီးတဲ့ ရွေးချယ်မှုကို အဝါရောင် ပေါ့ပျက်ပျက် လုပ်မိတယ် … မြရိပ်ညိုစကားတွေကို နားမထောင် ခဲ့မိလို့ … "

"မေ့ပစ်လိုက်တော့လေ … ဘာဖြစ်လဲ … ကောင်းတာပဲ ကျွန်မ အဖော်ပြန်ရပြီ … ပညာရေးဘက် ပြန်အာရုံစိုက်လိုက်"

"မြရိပ်ညို … "

"ဟင် … "

"ဘာပြောလဲ … "

"ရှင်တို့နှစ်ယောက်ရဲ့ ပြိုင်ပွဲကရော … အခြေအနေ"

"ရပ်ပစ်လိုက်ပြီလေ … ယောကျ်ားလေးတစ်ယောက်နဲ့ တွဲ သွားတွဲလာလုပ်နေရတာပဲ … မိန်းကလေးတစ်ယောက်ရဲ့ တန်ဘိုး ကျဆင်းနေပြီ … အရေမရ အဖတ်မရဟာ … "





"ရှင့်လို စိတ်တွေမာကျောချင်တယ် မြရိပ်ညို … အချစ်ဆို ဘာကြီးကိုလည်း မုန်းတယ် … အဝါရောင့်အိမ်ကသာ သိသွားရင် မလွယ်ဘူး … ကျွန်မ တော်တော်လေး အသုံးမကျတာပါ … သူက ချူတယ် … ကျွန်မ ဘဏ်စာရင်းမှာ အိမ်ကထည့်ပေးထားတဲ့ ငွေ သိန်းတစ်ရာလည်း ပါသွားတယ်"

"ဘုရားရေ … ဒီလောက်ထိတောင်ပဲလား … သေလိုက် တော့ … ညံ့ဖျင်းလွန်းတဲ့ မိန်းမ … "

အဝါရောင် မျက်နှာကို လက်ဝါးလေးများနှင့် အုပ်၍ ငိုသည်။ မြရိပ်ညို နှစ်သိမ့်ပေးရမှာပင် စိတ်ပျက်မိ၏။ မမလွှမ်းကိုလည်း သတိရလာမိ၏။ မိန်းကလေးတွေ စိတ်ဓာတ်ပျော့ညံ့မှုက ကိုယ့်ဘဝ ကိုယ် ပြန်၍ ဖျက်ဆီးလိုက်သလို ဖြစ်နေရသည်။

"ကဲ … ငိုမနေနဲ့တော့ အဝါရောင် ဖြစ်ပြီးသွားပြီပဲ … ဘာဖြစ်လဲ … မေ့ပစ်လိုက် … ရှင်ကြေကွဲ ဝမ်းနည်းနေတော့ ထပ်ပြီး ကျရှုံးနေလေပဲ … ဘာသွားစားမလဲ … ဘာလုပ်မလဲပြော"

အဝါရောင်ကို အပြစ်တင်စကားတွေ ပြောမနေတော့ဘဲ … အားပေးနှစ်သိမ့်မှုတွေပဲ မြရိပ်ညိုပြောခဲ့သည်။ ထပ်ပြီး မကျရှုံးစေ ချင်တော့လို့ပါ … မမလွှမ်းကမှ တော်ပါသေးတယ်ဟုလည်း တွေးမိ

သည်။

"သခ်ိန်းစာတစ်လို့ပဲ သတ်မှတ်ထားလိုက် ... အတိတ်ဘဝက ဝဋ်ကြွေးပဲလေ ... ဒါကြောင့် မြရိပ်ညို ချစ်သူတွေ ဘာတွေမထားတာ ... ကျွန်မတစ်သက်တော့ ဘယ်တော့မှ ယောကျ်ားတစ်ယောက်ကို လက်မထပ်ဘူး ... အချုပ်အနှောင်လည်း မခံဘူး တန်ဘိုး အမဲ့လည်း မခံနိုင်ဘူး ... "

မာကျောပြတ်သားတဲ့ မြရိပ်ညိုကို အဝါရောင်ငေးမောကြည့်မိသည်။ မြရိပ်ညိုရဲ့ မာန်တွေကို အဝါရောင်ရယူချင်၏။ တန်ဘိုးရှိလိုက်တဲ့ မြရိပ်ညိုပါ ... ။

"လရိပ်ထင်က မာနအရမ်းကြီးတဲ့ ယောကျ်ားပါ ... မိန်းမတွေကို အောက်ကျခံရမှာ မလိုလားတဲ့ လရိပ်ထင်နဲ့ မာနတွေကို ဦးထိပ်မှာပန်ဆင်ပြီး ဘယ်လိုယောကျ်ားမျိုးကို အထင်မကြီးတတ်တဲ့ မြရိပ်ညိုတို့ ဘယ်လိုမှ မလိုက်ဖက် မတင့်တယ်ဘူးလေ ... "

"ရှင်က လရိပ်ထင်ကို လက်ခံတွေ့ဆုံနေတာ တရင်းတနှီး ပတ်သက် ဆက်ဆံနေလို့ အဝါရောင်က ပွဲပြီး ပြီထင်ထားတာ ... ရှင့်ကို လျှော့တွက်ထားမိတာလေ ... လေးစားတယ် စိတ်ဓာတ်ခိုင်မာလို့ ... "





သိပ်တော့ အထင်မကြီးနဲ့နော် အဝါရောင် ... နှလုံးသားရှိတဲ့ မိန်းမတစ်ယောက် ဖြစ်နေလို့ ယောကျ်ားပီသပြီး ချောမောတဲ့ လရိပ်ထင်ကို တဖြည်းဖြည်းနဲ့ငြိတွယ်ချင်လာတယ် ... မြရိပ်ညို သိန်းချုပ်ဖို့ ကြိုးစားနေတာလေ ... လရိပ်ထင်ကို ပတ်သက်မိတာက မမလွှမ်းအတွက် လက်စားချေချင်လို့ ... လောကကြီးထဲမှာ ဘစ်ခါတစ်ရံ ကိုယ်ဖြစ်ချင်သလို ဖြစ်လာတတ်တာမျိုး မဟုတ်ဘူး ဆိုတာတော့ မြရိပ်ညို လက်ခံလိုက်ရမလိုလို ဖြစ်နေသည်။

အခန်း ( ၁၇ )

လရိပ်ထင် စိတ်တွေ ဆောက်တည်ရာမဲ့စွာ တုန်လှုပ်ချောက်ချားနေခဲ့ရသည်။ မြရိပ်ညိုကို ချစ်မိသွားပြီ ဖြစ်၏။ မာနတွေကို စွန့်ပစ်ချင်နေသလို မြရိပ်ညိုက ကြောက်စရာကောင်းလောက်အောင် ထက်မြက်ပြီး မာနတွေနှင့် တုန့်ပြန်တတ်သောသူ လက်မထပ်လိုတဲ့ မိန်းမတစ်ယောက် ဖြစ်နေတာဆိုရင်တောင်ချစ်သည်။

"လရိပ်ထင် ... မင်းယောကျ်ား မဟုတ်ဘူးလား ... မြရိပ်ညိုကို မင်းချစ်မိသွားပြီဆိုတာ ဝန်ခံစမ်းပါ ... မာနတွေဆိုတာ ချစ်သူနှစ်ယောက်ကြားမှာ မရှိသင့်ဘူး ... ယှဉ်ပြိုင် အနိုင်ယူနေဖို့ထက် အေးချမ်းသာယာပြီး အကြင်နာတွေ ပြည့်နှက်နေဖို့ပဲ ကြိုးစားသင့်ပါတယ်"

လရိပ်ထင် အိပ်မရ ... မျက်လုံးတွေကြောင်နေသည်။ မြရိပ်





ညိုအပေါ် အနိုင်မယူလိုတော့ ... ဒူးထောက်အရှုံးပေးတာ မဟုတ်ရင်တောင် ... ချစ်တယ်ဆိုတဲ့ သူ့ရင်ထဲက စကားတစ်ခွန်းကို ပြောပြချင်ခဲ့၏။ မြရိပ်ညိုဘက်က ငြင်းပစ်မယ်ဆိုတာ သေချာနေခဲ့ရင်တောင် ကိုယ့်နှလုံးသားထဲမှာ မြရိပ်ညိုကို ချစ်နေတယ်ဆိုတာ သိနေစေချင်သည်။

"ကိုယ် ဘာဆက်လုပ်ရမလဲဟင် ... မြရိပ်ညို၊ ကိုယ်နဲ့မြရိပ်ညိုကြားက မာနတွေ ... ပြိုင်ဆိုင်နေမှုတွေ ... ပဋိပက္ခစကားလုံးတွေ အားလုံး ကိုယ်တို့နှစ်ယောက်ရဲ့ နှလုံးသားတွေထဲကနေ ဖယ်ထုတ်ပစ်လိုက်ကြရအောင်လား ... မင်းနဲ့ကိုယ် ဆုံမှတ်တစ်ခုမှာ ဆုံကြဖို့ ... ကိုယ့်ဘက်ကပဲ ခြေလှမ်းစလှမ်းသင့်ပါတယ်ကွာ ... "

သူ ... ပူလောင်နေတဲ့ နှလုံးသားတွေကို ရင်မှာပွေ့ဖက်၍ အိပ်ရာပေါ်မှာ လူးလိမ့်ခံစားရင်း ချစ်သူအားတမ်းတလွမ်းဆွတ်နေမိလေသည်။

"မြရိပ်ညိုရယ် မင်းလိုမာန်မာနပြနေခဲ့တဲ့ ယောကျ်ားတွေအပေါ် အထင်သေးရှုံ့ချနေခဲ့တဲ့ကိုယ် လက်ထပ်ယူဖို့ အကြောက်ဆုံးမိန်းမ ဖြစ်နေခဲ့တာတောင်မှ မင်းကိုပဲရယူပိုင်ဆိုင်ချင်နေခဲ့တယ် အချစ်တွေကို မြရိပ်နဲ့တွေ့မှ ခံစားတတ်လာပြီဆိုတာ ကိုယ်ဝန်ခံချင်

တယ် ... ”

လေအေးပေးစက်ရဲ့ အေးစက်မှုတွေဖြင့် သူ့ရင်က အပူမီးတောက်အား ငြိမ်းသတ်နိုင်စွမ်း ... ကင်းမဲ့နေခဲ့သည်။ မြရိပ်ညို့အား ချစ်သည်ဟု ပြောဖို့ နည်းလမ်းတွေကို သူအလှအပဆုံး ဖြစ်စေရန် စဉ်းစားနေမိရင်း မွန်းကျပ်ပိတ်လှောင်လာသဖြင့် သူလသာဆောင်ဘက်သို့ ထွက်လာခဲ့၏။ လသာဆောင်မှာ ရပ်နေတဲ့ အရိပ်သဏ္ဌာန်တစ်ခုက အောက်သို့ ခုန်ချတော့မည် ဖြစ်နေ၍ သူ အထိတ်တလန့်နှင့် အနားသို့ တိုးကပ်သွားမိသည်။

“ကိုကို ... ဘာလုပ်တာလဲ၊ အဓိပ္ပါယ်မရှိတဲ့ အလုပ်တွေကို မလုပ်စမ်းပါနဲ့ဗျာ ... အဲလိုလုပ်ရင် ကိုကို့ချစ်သူနဲ့ အခါါးရာငါးကမ္ဘာ ဝေးရလိမ့်မယ် ... အထုံမပါချင်ပါနဲ့ ... ”

ကိုကို့ ခန္ဓာကိုယ်အား သိုင်းဖက်၍ အောက်သို့ပြန်ချလိုက်ရသည်။ ကြောင်စီစီ မျက်ဝန်းတွေနှင့် အင်အားဖျော့တော့ နွမ်းလျစွာ ငေးမောကြည့်၏။ ကိုကို အရမ်းပိန်ချုံးသွားပါလား ... မေမေရော ကိုကို့အား ဂရုတစိုက် ကြည့်ရဲ့လား ... မသိတော့ ... ကိုကို့လက်မောင်းကို ဆွဲ၍ အိပ်ခန်းထဲသို့ ပြန်ပို့ရသည်။

“ကိုကို ... ဘာလုပ်တာလဲ ... ညီ့ကိုပြောစမ်းပါ၊ ကိုကို ယောကျ်ားဖြစ်ပြီး ... ဘာဖြစ်လို့ ဒီလောက်အထိ သတ္တိကြောင်ရ





တာလဲဗျာ”

“ညီ ... ကိုကို အသက်မရှင်ချင်တော့ဘူး ... လွမ်းနဲ့အသက်ရှင်လျက် မဝေးချင်ဘူး ... သေပစ်လိုက်တာက သက်သာမယ်ကွ”

“အဓိပ္ပါယ် မရှိတာကိုကိုရာ ... မမြရောင်လွှမ်းနဲ့ မဝေးချင်ရင် ကိုကိုသတ္တိ ရှိရှိ ရင်ဆိုင်လိုက်လေ ... ”

“မေမေ့ကို ဘယ်လိုလုပ်ရမလဲ ... မေမေ့အကြောင်းလည်းမင်း အသိဆုံးပဲညီရာ ... မေမေ့ ဆန္ဒကိုလိုက်လျောယုံက လွဲပြီး ရွေးချယ်စရာလမ်း မရှိဘူး ... ”

“မမြရောင်လွှမ်းကို ခိုးပြေးမလား ... ညီ ကူညီမယ်၊ မေမေက သားအဖြစ်က စွန့်လွှတ်လည်း ကိုကိုက ရပ်တည်နိုင်တာပဲလေ ညီ ကူညီမှာပါ ... ”

“ကိုကို့မှာ သတ္တိမရှိဘူး ... မေမေမျက်ရည်ကျမှာ ကိုကို အရမ်းကြောက်တယ်”

“ကိုကို သေသွားတော့ရော မေမေက တစ်သက်လုံး မျက်ရည်ကျရမှာလေ ... ”

“မေမေက ကိုကိုသေရင်တောင် မျက်ရည်ကျမှာ မဟုတ်ဘူး ညီ ... အဓိက မေမေ မကြိုက်တဲ့ မိန်းမကို လက်မထပ်စေဖို့ပဲ ... ကိုကိုသေမှာ မကြောက်ဘူး ... ညီ၊ တစ်ပတ်လုံးလုံးကို အခန်းထဲ

မှာ ပိတ်လှောင်ထားခဲ့တယ်၊ တစ်စက်လေးတောင် လာမကြည့်ဘူး ... ငွေခရုနဲ့ အတင်းအကြပ် စေ့စပ်ဖို့ လုပ်နေတယ် ... ”

နေထွန်းတောက် မစားမသောက် မအိပ်မစက်ဘဲနေတာ မေမေ နည်းနည်းလေးမှ စိတ်မဝင်စား ... သူ့ကို မေမေရွေးချယ်ခဲ့တဲ့ ငွေခရုနှင့် လက်ထပ်ဖို့ပဲ ဆန္ဒပြင်းပြစွာ လုပ်ဆောင်နေခဲ့သည်။

“ကိုကိုကလည်းဗျာ ... နာမည်နဲ့ မလိုက်ဘူး၊ ဘာဖြစ်လို့ ပျော့ညံ့နေရတာလဲ ... ဖေဖေက ဘာပြောလဲ ... ”

“ဖေဖေကလည်း မြရောင်လွှမ်းကို စွန့်လွှတ်လိုက်ပါတဲ့ ... သားကြီးဘဝနဲ့ လုံးဝမလိုက်ဖက်ဘူးတဲ့ ... ခိုးပြေးဖို့ ကြံစည်လည်း မင်းမှာ သတ္တိမှ မရှိတာတဲ့ ... မြရောင်လွှမ်းကို ထိခိုက်နာကျင်အောင် မလုပ်ပါနဲ့တဲ့လေ ... ”

ငွေခရုနဲ့ စေ့စပ်ဖို့ ဖိတ်စာတွေ ကမ်းမည့်ရက်ကိုပင် နေထွန်းတောက် အရောက်မခံနိုင်ပေ ... နာကျင်နေသည်။ ချစ်သူလွှမ်းနှင့် အဝေးမခံနိုင်တော့ ... နေထွန်းတောက် သေပစ်ချင်နေ၏။ လုံးဝကို အသက်မရှင်ချင်တော့ အားအင်တွေလည်း ကုန်ခမ်းလာပြီဖြစ်သည်။

“ကျွန်တော် မေမေ့ကိုပြောမယ် ... ကိုကို ချစ်သူနဲ့လက်ထပ်ခွင့်မရှိရင်တောင် နောက်ထပ်တစ်ယောက်နဲ့ အတင်းအကျပ်မပေး





စားပါနဲ့လို့ ... ”

“မေမေ့အကြောင်းကို မင်းအသိဆုံးပဲ ညီရာ ... ထားလိုက်ပါ ညီနဲ့ထပ်ပြီး ပဋိပက္ခ ဖြစ်ရမယ် ... သွားတော့ ... ”

“ကိုကို့အတွက် ညီတိုက်ပွဲဝင်မယ် ... ဖြစ်ချင်ရာဖြစ်ဗျာ ... သတ္တိရှိစမ်းပါ ... ကိုကို့ နာမည်က နေထွန်းတောက်လေ ... ”

ကိုကို ငြိမ်သက်သွားလေသည်။ မျက်ဝန်းတွေကို စုံမှိတ်ထား၏။ ကိုကိုစိတ်ကို တင်းထားပါ ... မဟုတ်တာတွေ မကြံစည်ဖို့ ... ညီစိတ်ချမ်းသာအောင် ကတိပေးပါဆိုတော့ ခေါင်းပဲငြိမ့်ပြသည်။ လရိပ်ထင်နှင့် ကိုကိုတို့ မတွေ့ဖြစ်ကြတောတောင် တစ်ပတ်ကျော်နေခဲ့ပြီပဲလေ ... လရိပ်နှင့်ထွက်လာတော့ ဖေဖေနှင့်ဆုံသည်။

“မေမေ့ကို ပြောပေးပါဖေဖေ ... ကိုကိုသေလိမ့်မယ် ... စိတ်တွေ ကယောင်ချောက်ချားဖြစ်နေပြီ ... လသာဆောင်ကနေတောင် ခုန်ချမလို့ ... ”

“သားငယ်မေမေက အသည်းမာလွန်းတယ် ... ဖေဖေပြောရင် ပိုပြီးတောင် အရွဲ့တိုက်လိမ့်မယ် ... ”

“မေမေ့ကို ကျွန်တော်ပြောပြမယ် ... ဘယ်လောက်ပဲ အသည်းမာပါစေ ... ကိုကိုက မေမေချစ်တဲ့ သားကြီးလေ ... ”

“သူက သားကြီးကိုပဲ အသေခံလိမ့်မယ်”

"ဒုက္ခပါပဲဗျာ ... သားတို့ မိသားစုဝင်တွေ ဘာဖြစ်လို့ ဒီလောက်ဖြစ်နေရတာလဲ ... ဘယ်သူ့ကြောင့်တွေ ဘာတွေအပြစ် တင်ပုံချနေတာကို ကျွန်တော် လုံးဝလက်မခံနိုင်ဘူးဗျာ ... ပြန် လည် သုံးသပ်သင့်နေပြီ ... "

"ကံကြမ္မာပဲ သားငယ် ... အတိတ်က ဝဋ်ကြွေးတွေရှိနေလို့ ပဲ မှတ်ရမယ် ... ပိတောက်ရဲ့ ဗီဇ အကျင့်စရိုက်တွေကို ပြုပြင်ဖို့ မရနိုင်ဘူး ... အတ္တကြီးလွန်းတယ် ... "

မေမေ့စိတ်နှင့် အကျင့်စရိုက်တွေကို လရိပ်ထင် ငယ်စဉ် လေးထဲက မနှစ်သက်ခဲ့ ... ကိုကို စိတ်တွေလည်း မေမေပုံသွင်း ထားပေမယ့် အတ္တတွေ ကိန်းအောင်းမနေခဲ့ ... နှလုံးသားက ပျော့ သည် ... ကိုကို့အတွက် စိတ်ပူရလွန်း၍ လရိပ်ထင် ဆုံးဖြတ်လိုက် ၏။ မေမေ့ကို ရင်ဆိုင်ရမယ် ကြောက်ရွံ့နေလို့ မဖြစ်ဘူး ... မေမေ နှင့် လရိပ်ထင် မျက်နှာချင်းဆိုင်ရပ်ပြီး အသံပေးတော့ ဝင်ခဲ့ဆိုတဲ့ အသံက မာထန်နေလေသည်။

"ဝင်ခဲ့ ... "

လရိပ်ထင်လည်း မထူးတော့တာမို့ မေမေ့အခန်းထဲ ဝင်လာ ခဲ့သည်။

"မင်းရောက်လာတာ ... နေထွန်းတောက် အကြောင်း





ပြောမလို့ ... မဟုတ်လား လရိပ်ထင် ... "

"ဟုတ်ပါတယ် မေမေ ... ကိုကို့အတွက် စိတ်ပူလို့ပါ။ ကိုကို့ စိတ်တွေ မမှန်တော့ဘူး ... စောစောကပဲ ... "

"လသာဆောင်ကနေ ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြံစည် တာ မဟုတ်လား"

"ဗျာ ... "

"ငါသိတယ် ... တမင် ကြည့်နေတာလေ ... မြရောင်ချယ် ရဲ့သမီးကို မရလို့ သေမလို့လေ ... သေစမ်း၊ ရွှေပိတောက်ကို ဘာထင်နေလဲ ... မင်းနဲ့ မဆိုင်ဘူး ... ဝင်ပါစရာလည်း မလိုဘူး လရိပ်ထင် ... ထွက်သွားတော့ ... "

"ကိုကိုက မေမေရဲ့ အချစ်ဆုံးသားကြီးပါ ... မေမေ အရမ်း ကြေကွဲနေရလိမ့်မယ် ... သားစကားကို လက်ခံစဉ်းစားပေးပါ မေမေ ... ကိုကို့အတွက် ချစ်သူနဲ့ဝေးကွာရရင်တောင် ... ငွေခရုနဲ့ တော့ အမြန်ကြီး လက်ထပ်မပေးပါနဲ့ အချိန်လေးတော့ ပေးသင့် ပါတယ် ... "

"မင်းနဲ့ ဘာမှ မဆိုင်ဘူးလို့ ပြောထားတယ်နော် ... သွား တော့ နေထွန်းတောက်ကို မဖြစ်မနေ ငွေခရုနဲ့ အမြန်ဆုံးလက်ထပ် ပေးမယ် ... ဒါပဲ မင်းထွက်သွားတော့ ... "

"မေမေ အဲဒီလိုတွေ မလုပ်ပါနဲ့ ... ကျွန်တော်တို့ မိသားစု ဘဝမှာ အပျော်တွေကင်းမဲ့ပြီး ကျိန်စာမိသလို ဖြစ်နေရတယ် ... တောင်းပန်ပါတယ်ဗျာ ... အညိုးအတေးတွေ ဖြေဖျောက်လိုက်ပါတော့ ..."

"ဒီမှာ လရိပ်ထင် ... မင်း အဖေက ငါ့ကို မချစ်မနှစ်သက်ပဲ လက်ထပ်ယူခဲ့တယ် ... သူ့ငယ်ရည်းစား မြရောင်ခြယ်ကို ခိုးပြေးဖို့ ကြံစည်တာ ... ဟိုဟာမက လက်မခံလို့ ငါနဲ့လက်ထပ်တာလေ ... ငါ့ဘဝက ဘာဖြစ်သွားပြီလဲ ... မင်း အဖေက တသက်လုံး စိတ်သောကတွေ ခံစားနေရအောင် ငါလုပ်ရလိမ့်မယ် ... ဘယ်တော့မှ ခွင့်မလွှတ်ဘူး ... သူသေသွားရင်တောင်မှ ဘဝအဆက်ဆက် ဖြစ်နိုင်ရင် ငါလက်စားချေရလိမ့်မယ် ..."

"မေမေ ... တောင်းပန်ပါတယ်၊ သားသမီးတွေရဲ့ မျက်နှာကို ထောက်ပါဦးဗျာ ... ကျွန်တော်တို့ ညီအစ်ကိုမှာ အပြစ်မရှိပါဘူး ..."

"မင်းထွက်သွားတော့ ... ငါ့အသည်းတွေက ကျောက်စိုင်ကျောက်သားတွေ ဖြစ်နေတယ် ... မင်းထင်ရဲ့ သွေးနဲ့စပ်ထားလို့ မင်းတို့ အပေါ်လည်း သံယောဇဉ် မရှိဘူး ..."

ဒေါ်ရွှေပိတောက် မိုးထစ်ချုန်းသံကြီးနှင့် အော်ပစ်လိုက်





သည်။ သားငယ်ပြန်ထွက်သွား၏။ နင်တို့ အဖေကို ငါအရမ်းမုန်းတယ် ... ဖြစ်နိုင်ရင် ငါ့လက်တွေနဲ့ စိစိညက်ညက်ချေ ပစ်လိုက်ချင်တယ် ... မင်္ဂလာဦးညမှာ အရက်တွေ အလွန်အကျွံသောက်ပြီး ငယ်ရည်းစား မြရောင်ခြယ်နာမည်ကို တမ်းတနေခဲ့တဲ့လူ ... ရွှေပိတောက်လို ဖူးဖူးမှုတ် အလိုလိုက် မြှောက်စားထားခြင်း ခံခဲ့ရတာ မင်းထင်လိုကောင်ကများ ... ရွှေပိတောက် ငယ်စဉ်လေးကထဲက မာန်မာန မောက်မာပြီး ဒေါသကြီးခဲ့သည်။

"ကိုယ် တောင်းပန်ပါတယ် ပိတောက်ရယ် ... မင်း စိတ်သောကရောက်မယ့် အပြုအမူ အနေအထိုင်တွေကို ကိုယ်လုံးဝ မလုပ်ပါဘူး ... ကိုယ့်ကို မမုန်းပါနဲ့ ..."

ကိုမင်းထင်က သားကြီးကိုယ်ဝန်ရှိတော့ ပိတောက်အား အနူးအညွတ်တောင်းပန်၍ အနေအထိုင် ဆင်ခြင်ခဲ့သည်။ ဒါပေမယ့်လည်း ရွှေပိတောက် မေ့ပစ်လို့ မရခဲ့ နာကြည်းမုန်းတီးမှုတွေနှင့် ကိုမင်းထင် ဘဝတစ်လျှောက်လုံး အနိုင်ယူ လက်စားချေခဲ့၏။ သားကြီးရော သားငယ်ကိုရော မေမေ မချစ်ဘဲနေမလား ... သံယောဇဉ် မတွယ်ဘူးလို့ ပြောနေခဲ့ပေမယ့် မိမိနှလုံးသားတွေ ကြေမွအက်ကွဲမတတ် နာကျင်ခံစားရလေသည်။

"ငါ့သားတွေကို ငါရွေးချယ်ပေးမယ့် မိန်းမတွေကိုပဲ

လက်ထပ်စေရမယ် ... မင်းတို့ကို သံယောဇဉ် မရှိဘူး ... မချစ်ဘူးလို့ မထင်နဲ့ ... မေမေ လောကကြီးထဲမှာ အရှုံးတွေနဲ့ မရင်ဆိုင်နိုင်ဘူး ... "

သားကြီးချစ်နေတဲ့သူက မြရောင်ခြယ်ရဲ့သမီးဖြစ်နေတာကတော့ သားကြီးရဲ့ကံကြမ္မာပါပဲ ... တခြားမိန်းကလေးဖြစ်နေရင်တောင်မှ မိမိတထစ်လျှော့ပေးလိုက်နိုင်သေးသည်။

မြရောင်ခြယ်ရဲ့ သမီးကြီး မြရောင်လွှမ်းနဲ့တော့ လုံးဝလက်ထပ်ခွင့် မပြုနိုင်ပါဘူး ... သားကြီးကို အသေပဲခံလိုက်မယ် ခွင့်မလွှတ်နိုင်ဘူး ... လုံးဝ လက်မခံနိုင်ဘူး ... မေမေရာ သားကြီးရော နှစ်လောင်းပြိုင် သေပစ်ကြမယ် ... ဒေါ်ရွှေပိတောက် ရင်တွေအသက်ရှူ မဝသလို မွန်းကျပ်နာကျင်မှု ဝေဒနာတွေ ပြင်းပြစွာခံစားနေလေသည်။

❂

အခန်း ( ၁၈ )

လရိပ်ထင်ကို မြရိပ်ညို အလွန်အမင်း တွေ့ချင်တဲ့ ဆန္ဒတွေပြင်းပြင်း ပြပြကြီး ဖြစ်နေခဲ့တာကို မြရိပ်ညို မကျေနပ်မိ ... လရိပ်သင်နှင့် ထပ်မတွေ့ဖို့ ဆုံးဖြတ်ချက်တွေ မခိုင်မမာ ဖြစ်နေရတာဒေါသ ဖြစ်ရသည်။

"နေထွန်းတောက်နဲ့တော့ သမီးကို အနီးစပ်မခံနိုင်ဘူး ... ာမို့သမီးကြီး တစ်သက်လုံး အနှိပ်စက်ခံနေရမှာပဲ ... ရွှေပိတောက်ာ အတ္တကြီးတယ် ... အညှိုးကြီးတယ် ... ကိုမင်းထင်ကို မာမီေလိုချင်လို့ ဒင်းရသွားတာ ... "

လရိပ်ထင်ကရော ဒေါ်ရွှေပိတောက်ရဲ့သားပဲ မြရိပ်ညိုသည်း ထပ်၍ မပတ်သက်ချင်ပေ ... ဒီလို အခြေအနေမျိုးနဲ့ ကျွန်မဘို့နှစ်ယောက် ဘာဖြစ်လို့များ ဆုံတွေ့ခဲ့ကြရတာလဲ ... လရိပ်

ထင်ရယ် ... နာကျင်ရ၏။ လက်စားချေလိုတဲ့ ဆန္ဒတွေလည်း ပျောက်ကွယ်ပြီး လရိပ်ထင်နှင့် အမုန်းမီးတောက်တစ်ခု ထပ် မတောက်စေရန် အပြင်းအထန် ကာကွယ်ငြိမ်းသတ်ချင်နေခဲ့သည်။

"ကျွန်မ အရမ်းပျော့ညံ့သွားတယ် ... အသုံးမကျလွန်းတဲ့ ခပ်ညံ့ညံ့ မိန်းမတစ်ယောက်ဖြစ်သွားရတာ ... ရှင့်ကြောင့်ပဲ လရိပ်ထင် ... ဘာပဲဖြစ်ဖြစ်လေ ရှင်နဲ့ကျွန်မ လမ်းမှာ အကြောင်းတစ်ခုခု နဲ့ မျက်နှာချင်းဆိုင် တွေ့ဆုံကြမယ်ဆိုရင်တောင် မိတ်ဆွေ သူငယ် ချင်းတွေအဖြစ် ပြုံးရယ် နှုတ်ဆက်ခွင့် ရချင်နေပါတယ်"

မမလွှမ်းကို ကိုယ်ချင်းစာ နားလည်နေမိသွားသလိုလိုပင်။ အချစ်ဆိုတာ မျက်စိမပါတာလား ... နားမပါတာလား ရန်သူဆို တာ သိသိကြီးနှင့်လည်း နှလုံးသားတွေထဲမှာ တဆစ်ဆစ် နာကျင် ရပြီး အချစ်တွေ ခံစားခဲ့ရသည်။

"လရိပ်ထင်ရယ် ... ရှင်က နေထွန်းတောက်ရဲ့ ညီဖြစ်နေ ရင်တောင်မှ ကျွန်မတို့နှစ်ယောက် နီးစပ်ခွင့် ရှိနိုင်ပါသေးတယ်"

မာမီကထပ်၍ မာမိုင်ယ်ရည်းစားရဲ့သား ... အတိတ်က ရန်မီးရန်းစတွေ ရှိနေခဲ့ ရှိလာခဲ့ကြသူတွေဟု သိရလိုက်ရသောအခါ လရိပ်ထင်နှင့် မြရိပ်ညို ပေါင်းစပ်နိုင်ခွင့်ဆိုတာ ကမ္ဘာကြီးရဲ့ အပြင် ဘက်သို့ ပို၍ဝေးကွာ လွင့်ထွက်သွားစေခဲ့လေသည်။





"လူ့စိတ်ဆိုတာ မရတာကိုမှ လိုချင်ဆန္ဒ ပြင်းပြရတာလား ..."

မြရိပ်ညို အတွေးတွေထဲမှာ လရိပ်ထင်အကြောင်းတွေက လွဲ၍ တခြားမရှိ။ အချိန်ပြည့် လရိပ်ထင် လရိပ်ထင်နဲ့ သူမနှလုံး သားတွေ ပူလောင်နေသည့် လရိပ်ထင်ကို ချစ်တယ် ... အရမ်း ချစ်နေမိပြီဟု ရူးသွပ်စွာ အော်ဟစ်ချင်နေခဲ့၏။ မမလွှမ်းတောင် တည်ငြိမ်နေပြီ ... အစားအသောက်တွေ ပြန်စားသည် ... မာမီက တော့ မျက်ခြေအပြတ်မခံ ... ကြားထဲက မြရိပ်ညို လွတ်နေသလို့ မာမီယုံကြည်မှုတွေ အပြည့်ရရှိထားသဖြင့် သမီးငယ်အတွက် စိတ် မပူတဲ့ မာမီ ... ကျွန်မဘာတွေ ဖြစ်နေမှန်းတောင် မသိတော့ပါ ဘူး ... ချစ်သူ့အရွေးမှားလို့ အရက်တကွဲဖြစ်နေရရှာတဲ့ အဝါရောင် အား ဆုံးမအားပေး နှစ်သိမ့်စကားတွေကို မြရိပ်ညို ယခင်ကလို ယုံကြည်ချက် အပြည့်အဝနှင့် ပြောဆိုရမှာပင် တွန့်ဆုတ်နေခဲ့လေ သည်။ သူမ အခန်းအောင်နေခဲ့တဲ့ ကျောင်းပိတ်ရက် နှစ်ရက်အထိ ပဲ ... လရိပ်ထင်ဆီက Massage ပို့လာ၏။ သူမ ဖွင့်ကြည့်တော့ မြရိပ်ညိုကို အရမ်းသတိရနေတယ် ... ကိုယ့်ကိုတွေ့နိုင်မလားတဲ့၊ Love Coffee Shop မှာတဲ့ သူစောင့်နေမယ်တဲ့ ... မြရိပ်ညိုဆို ရင်ထဲမှာ တဆတ်ဆတ်တုန်ရင်သွားသည်။

"ဘယ်လိုလဲ ... မြရိပ်ညို ... မင်းလာမှာလား ... မင်းကို ဆိုင်ပိတ်တဲ့အထိ စောင့်နေမယ် ... "

မြရိပ်ညို ဘာဖြစ်လို့များ ရှင်နဲ့မတွေ့တော့ဘူးလို့ ... Massage ပြန်မပို့နိုင်ခဲ့ရတာလဲ ... သူမ တွေဝေတုန့်ဆိုင်းနေဆဲပင် လရိပ်ထင်နှင့် မြရိပ်ညို ပတ်သက် ဆက်နွှယ်နေခဲ့လျှင်လည်း မမလွှမ်း ကဲ့သို့ပင် ချစ်သူအဖြစ်ပေါင်းစပ်ခွင့် မရှိနိုင်ဘဲ နာကျင်ကြေကွဲ ရမည်ဖြစ်ကြောင်း သိနေလေသည်။

"လရိပ်ထင်က သူ့အစ်ကိုလို မဟုတ်ဘူး ... မြရိပ်ညို၊ ယောကျ်ားပီသတယ် ... သတ္တိရှိတယ် ... သူတကယ်ပဲ ချစ်မြတ်နိုးပြီး သူ့ဘဝတစ်လျှောက်လုံးအတွက် ရည်ရွယ်ခဲ့တဲ့ မိန်းကလေး တစ်ယောက်ကိုပဲ ချစ်သူအဖြစ် ရွေးချယ်မှာတဲ့ ... "

အဝါရောင်ကပြောခဲ့သည်။ လရိပ်ထင်နဲ့ မိန်းကလေးတစ်ယောက်တရင်းတနှီး ပတ်သက်တွေ့ဆုံတာ ရှင်တစ်ယောက်ထဲ ရှိသေးတယ် ... မြရိပ်ညိုတဲ့ ... ကျွန်မနဲ့ရှင်က နှစ်ယောက်လုံးရဲ့ အတွင်း အတ္တမှာကိုက မာန်မာနတွေ ပြည့်နှက်နေကြလို့ ... သာယာချမ်းမြေ့တဲ့ မိသားစုဘဝလေးကို တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး ... မတွေ့တော့ဘူး ... စိတ်ဓာတ် ပိုင်းဆိုင်ရာမှာ မာကျော ပြတ်သားသူဟု နာမည်ကြီးခဲ့တဲ့ မြရိပ်ညိုပင် တွေတွေ





ဝေဝေနှင့် လရိပ်ထင်ကို တွေ့ဆုံချင်နေခဲ့၏။ ရှင်ပြန်ပါ ကျွန်မ လုံးဝ ရောက်မှာ မဟုတ်ဘူးဆိုတဲ့ Massage ကို မပို့နိုင်ခဲ့ ... ။

"မြရိပ်ညို ... "

"ရှင် ... မာမီ ဘာဖြစ်လို့လဲ ... မာမီ့မျက်နှာလေး ညှိုးနေသလိုပဲ ... မမလွှမ်းကြောင့်လားဟင် ... "

"သမီးငယ် အပြင်သွားဖို့ရှိနေလား ... သမီးကြီးကို စောင့်ကြည့်ပေးဖို့ပါ ... "

"သမီးအပြင်ကို သွားဖို့ရှိတယ် မာမီ ... "

"ဟုတ်လား ... ဒါဆိုလည်းသွားလေ ... မာမီက အရေး မကြီးပါဘူး ... "

မာမီက မြရိပ်ညိုကို လုံးဝယုံကြည် စိတ်ချသည်။ မာမီ ပြန်သွားတော့မှ မြရိပ်ညို အပြင်သွားစရာ ရှိသည်ဟု ဘာဖြစ်လို့များ ပြောလိုက်မိသည် မသိတော့ ... အပြင်ထွက်စရာ ရှိသည်ဟု ပြောလိုက်မိ၍ သူမ အဝတ်အစား အသစ်တွေထုတ်ပြီး ပြင်ဆင်ရ၏။ လရိပ်ထင်ကို သွားတွေ့ဖို့ပဲ ဖြစ်သည်။

"မာမီရယ် ... မြရိပ်ညိုကို ခွင့်လွှတ်ပါနော် ... မမလွှမ်းကို မျက်ခြေမပျက် စောင့်ရှောက်နေရလို့ မာမီပင်ပန်း နွမ်းနယ်နေတာကို မြရိပ်ညိုသိနေပါတယ် ... ဒါပေမယ့်လေ သူ ဆိုင်မပိတ်မချင်း

စောင့်မယ့်ဆိုတဲ့ အပူသောကတွေ သမီးနှလုံးသားဆီ ကူးစက်လောင်မြိုက်နေတယ်လေ ... ”

မြရိပ်ညို မာနဆိုတာတွေ မာမို့ရန်သူရဲ့သားဆိုတာတွေ အရာရာအားလုံး မေ့လျော့ ပျောက်ကွယ်သွားသလို လရိပ်ထင်ရှိနေမယ့် နေရာလေးဆီ အလျှင်အမြန် ရောက်ရှိလာခဲ့သည်။ ကားလေးပေါ်မှ ဆင်း၍ ဆိုင်ထဲလှမ်းဝင်လာခဲ့တော့၏။ ဆိုင်လေးထဲမှာ လူရှင်းနေပြီး လရိပ်ထင်တစ်ယောက်တည်း ထိုင်နေခဲ့၏။ ခေါင်းကငိုက်စိုက် ... သူ့အနားမှာ သူမခြေလှမ်းတွေ ရပ်သွားမှ သူမော့ကြည့်သည်။

“ဟင် ... မြရိပ်ညို မင်းရောက်လာတာပဲ ... ကိုယ် လုံးဝမထင်ဘူး ... ဆိုင်တောင် လူရှင်းသွားပြီ ... ”

လရိပ်ထင် ရင်ထဲမှာ ကြေကွဲနာကျင်ရတာ ... မြရိပ်ညို လာမှာ မဟုတ်ဘူးဟု အဝါရောင်ကပြောထား၍ မျှော်လင့်ချက်ကင်းမဲ့နေစဉ် မထင်မှတ်ဘဲ မြရိပ်ညိုက ရောက်လာခဲ့သဖြင့် သူ အတိုင်းအဆမရှိ ပျော်ရွှင်သွားရသည်။

“ထိုင်လေ ... ”

“ကျွန်မ ရှင့်ကိုစောင့်မနေစေချင်လို့ပါ ... ”

“ထိုင်ပါဦး မြရိပ်ညို ... ခဏလေးပဲဖြစ်ဖြစ်ပါ ... ကျေးဇူး





ပြုပြီးလေ ... ကိုယ်တောင်းပန်ပါတယ် ... အနူးအညွတ်”

သူမ ဝင်ထိုင်လိုက်မှ သူ့ရင်တွေ အပူသက်သာရသည်။ မြရိပ်ညို မျက်နှာ လှလှချောချောလေးက အပြုံးအရယ်ကင်းမဲ့လျက် မင်းနှုတ်ခမ်း ဖူးဖူးစင်စင်လေးတွေ တင်းစေ့နေတာတွေ ပြေလျော့စမ်းပါ မြရိပ်ညိုရယ် ... အဲဒီ့အတွက် ကိုယ်ဘာလုပ်ပေးရမလဲ မင်းကို ချစ်တယ် ... မင်းရင်ထဲက စေ့ပိတ်ထားတဲ့ နှလုံးသား တံခါးဂျက်ကို ကိုယ်ဘက်ကပဲ စတင်ပြီး တံခါးခေါက်ရတော့မယ် ကိုယ့်မာနတွေ ဖယ်ရှားပစ်ပြီးတော့ပေါ့ ... မြရိပ်ညိုကို သူချစ်သည်။

“မြရိပ်ညို မင်းကိုယ်နဲ့ စိန်ခေါ်ထားခဲ့ကြတယ်လေ ... တံတားတစ်ခုရဲ့ အလယ်ဆုံမှတ်မှာ ကိုယ်နဲ့မြရိပ်ညိုတို့ တွေ့ဆုံနိုင်ဖို့ ဘယ်သူက မာနတွေ ဖယ်ရှားပြီး စတင်လျှောက်လှမ်းလာမလဲဆိုတာလေ ... အခု ကိုယ်ဘက်ကပဲ စတင်ခြေလှမ်း စလှမ်းဖို့ ဆုံးဖြတ်လိုက်ပြီ မြရိပ်ညို ... ”

“ရှင် ... ”

သူ့စကားကြောင့် မြရိပ်ညို အလွန်အမင်း ထိတ်လန့်အံ့ဩတုန်လှုပ်သွားမည်ဟု ထင်မှတ်ထားခဲ့မိပေမယ့် မြရိပ်ညိုဘက်ကတော့ အေးစက်တည်ငြိမ်နေသည်။ မြရိပ်ညိုများ စိတ်ဆိုးပြီး ဒေါသတကြီးပေါက်ကွဲတော့မလား ... ဟု လရိပ်ထင်ဘက်ကပဲ စိုးရိမ်တ

ကြီးနှင့် ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည် မထူးတော့ သူက ယောက်ျား ပီပီပြသသပဲ သူ့နှလုံးသားထဲက အချစ်တွေကို ဖော်ထုတ်ပြသဖို့ ပြတ်သားစွာ ဆုံးဖြတ်သည်။

"မင်းကို ကိုယ်ချစ်တယ် ... မြရိပ်ညို၊ လက်ထပ်ပါရစေ ကိုယ့်နှလုံးသားတွေထဲက နှစ်နှစ်ကာကာ တန်ဘိုးထားပြီး ချစ်မိသွားတာပါ ... "

သူမနှုတ်ခမ်းသားလေးတွေ တွန့်တွန့်မဲ့မဲ့လေး ပြုံးယောင်သမ်းသွားသည်။ သရော်အပြုံးတွေ လရိပ်ထင်နည်းနည်းလေးတော့ ထူထူပူပူပြီး ဖြစ်သွားရသည်။ သူ့အနေဖြင့် မိန်းကလေးတစ်ယောက်ကို ချစ်စကားပြောဖို့ ဝေလာဝေး ... လုံးဝ ပတ်သက်ဆက်ဆံဖို့ စိတ်ကူးတောင် မရှိခဲ့တာ ... အမှန်ပါပဲ ... မြရိပ်ညိုကို ချစ်မိသွားတာကို ဝန်ခံရမည် ဖြစ်သည်။

"ဒါဆို ... ကျွန်မတို့နှစ်ယောက် စိန်ခေါ်မှုမှာ ရှင်အရှုံးပေးသွားပြီပေါ့ ... လရိပ်ထင်"

"ကိုယ် အတည်ပြောနေတာပါ မြရိပ်ညို ... ကျေးဇူးပြုပြီး မလှောင်ပါနဲ့ ... "

"လရိပ်ထင် ... "

"ပြောပါ မြရိပ်ညို ... "





"ကျွန်မရဲ့ ဆုံးဖြတ်ချက်က ကျွန်မချစ်သူနဲ့ ကျွန်မလက်ထပ်မဲ့ ဘဝလက်တွဲဖော်က တစ်ယောက်ထဲပဲ ဖြစ်ရမယ်ဆိုတာလေ"

"ကိုယ်လည်း မြရိပ်ညိုလိုပဲ ဆုံးဖြတ်ထားတာပါ ... "

"ဒါဆို ကျွန်မတို့နှစ်ယောက်က ရည်ရွယ်ချက်ခြင်း တထပ်ထဲကျတယ်ပေါ့ ... ကျွန်မတို့နှစ်ယောက်လုံး အသက်အရွယ်အရ စဉ်းစားတွေးခေါ် ဆင်ခြင်တုံတရားတွေ ရှိနေကြတဲ့ အရွယ်လေ ဒါကြောင့် ရှင့်ဘက်ကနေ လူကြီးစုံရာနဲ့ ကျွန်မမာမီဆီမှာ တင့်တင့်တယ်တယ်လာတောင်းနိုင်မလား ... "

"မင်းဘက်ကနေ ကိုယ့်ကို ချစ်တယ်လို့ အဖြေတုန့်ပြန်ပေးလိုက်တာလား မြရိပ်ညို ... "

"ဟင့်အင်း ... အဲဒီလိုလည်း မဟုတ်သေးပါဘူး ... ကျွန်မပြောတာကို ရှင့်ဘလိုတုန့်ပြန်မလဲ ... ကျွန်မက အဝါရောင့်လို အချစ်ကို မရှူးသွပ်ဘူး ... ဆင်ကန်းတောတိုး ဆိုတာမျိုးလည်း မလုပ်နိုင်ဘူး ... လက်တွေ့ကျကျပဲ အကောင်အထည်ဖော်ချင်တယ် ဘယ်လိုလဲ ... "

မလွယ်တဲ့ မြရိပ်ညိုပါလား ... မိန်းကလေးတစ်ယောက်မှာ ရှိနေသင့်တဲ့ ဆင်ခြင်တုန်တရားဟု သူထင်သည်။ ဒါပေမယ့်လည်း လရိပ်ထင်ဘက်က ထိုအချက်ကို အကောင်အထည်ဖော်ဖို့ မလွယ်

ကူနိုင် ... မေမေက ချွေးမလောင်းကို သေသေချာချာ စေ့စပ်ကြည့်ရှုလေ့လာဖို့ ပထမဆုံး တောင်းဆိုမည်ဖြစ်၏။ မေမေနှင့်လရိပ်ထင် သိပ်ပြီး ပြေလည်နိုင်မည် မဟုတ်။ ဖေဖေနှင့်တော့ ရနိုင်သည်။

"ဘယ်လိုလဲ ... ရှင် ချက်ချင်း On the Spot အဖြေမပေးနိုင်ဘူး မဟုတ်လား ... ကျွန်မက မိဘတွေ သဘောမတူတာတို့ ချွေးမကို နွားဝယ်သလို သွားဖြုကြည့်တာတို့ သားသမီးချင်း ကိုယ်ချင်းမစာမနာ ခေါင်းမော့ မကြည့်ရဲအောင် နှိပ်ကွပ်မယ့် အမေတို့ ရှိလာမှာ မကြိုက်ဆုံးပဲ"

မေမေက မြရိပ်ညို လုံးဝမနှစ်သက်နိုင်သော ယောက္ခမလောင်းဖြစ်နေသည်။ ကိုကိုတောင် နလံမထူနိုင်အောင် မေမေရဲ့ ထိန်းကွပ်မှုအောက်မှာ ရှိနေသည်။ လရိပ်ထင်က ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်နိုင်သော်လည်း မြရိပ်ညိုဘက်က လက်ခံသဘောတူမှာ မဟုတ်ကြောင်း သိထားသည်။

"မြရိပ်ညို ... ကိုယ်ပြောချင်တာက ... "

"ခွင့်ပြုပါဦး ... "

"မြရိပ်ညို ခဏလေး ... ကျွန်တော် ရှင်းပြတာတွေကို ခဏလေးပါ ... မိနစ် အနည်းငယ်လေးဖြစ်ဖြစ် ... "

"ကျွန်မဘက်ကနေ အပြတ်သားဆုံးငြင်းပယ်ပါတယ် ... ရှင်





နဲ့ကျွန်မ ဘယ်လိုမှ ညှိနှိုင်းစေ့စပ်လို့ မရနိုင်လို့ပါ ... မဖြစ်နိုင်တဲ့ အခြေအနေတစ်ခုကို မစကြတာ အကောင်းဆုံး ရွေးချယ်မှုပါ ... အမိက ထိခိုက်နစ်နာမှု အများဆုံး ခံစားရမှာ ကျွန်မတို့ မိန်းကလေးတွေ ဘက်ကပါ ... ဒါပါပဲနော် ... "

သူမ ထိုင်နေရာကနေထဖို့ အတော်လေးအားယူကြိုးစားနေခဲ့ရသည်။ ကျွန်မတို့နှစ်ယောက်က ဖြစ်မှ မဖြစ်နိုင်တာပဲ ... ရှင်ဘယ်တော့မှ ရှင့်မိဘနှစ်ပါးနဲ့ မိစုံဖစုံ တင့်တင့်တယ်တယ် လာရောက် တောင်းယူနိုင်မှာမှ မဟုတ်တာ ... ယောကျ်ားတစ်ယောက်ရဲ့ သတ္တိကြောင်စွာ ချစ်သူအတွက် တာဝန်မယူပေးနိုင်တာကို မြရိပ်ညို မုန်းတီးမိသည်။

"ရှင့်ဘက်ကနေ ကြိုးစားလိုက်ပါဦး လရိပ်ထင် ... ရှင့် အချစ်တွေကိုတော့ ကျွန်မတန်ဘိုးထားပါတယ်နော် ... မပျက်ရယ်ပါဘူး ... ဒါပေမယ့် ကျွန်မဘက်က တောင်းဆိုခွင့်ရှိတယ်ထင်လို့ တောင်းဆိုတာပါ ... ကျွန်မတို့ နှစ်ယောက်က အချစ်ကို ရူးရူးမိုက်မိုက် ခံစားကြွေနေရမယ့် အရွယ်တွေ လွန်သွားပါပြီ ... လရိပ်ထင် နားလည်ပါ ... "

လရိပ်ထင်နှင့် မျက်နှာချင်းဆိုင် နေထိုင်ရတာကို မြရိပ်ညို ကြောက်ရွံ့တုန်လှုပ်လာသည်။ ကျွန်မ အသည်းနှလုံးတွေ အရည်

ပျော်ကျသွားနိုင်လို့ပါ ... ကျွန်မလည်း ရှင်နဲ့တွေ့ဆုံပြီးမှ အချစ်ဆို တာကို ခံစားတတ်သလိုလိုပဲ ရှင့်ကို ကျွန်မစောင့်ကြည့်နေပါ့မယ်၊ မြရိပ်ညို ဆိုင်အပြင်ဘက်သို့ လှမ်းထွက်လာပြီး ကားလေးအတွင်း ဝင်၍ လျှင်မြန်စွာ မောင်းထွက်လာခဲ့သည်။

❂

အခန်း ( ၁၉ )

"ကိုမင်းထင် ... ကျွန်မသားကြီးရော အိပ်ခန်းထဲမှာ ကျွန်မ သားကြီး မရှိတော့ဘူး ... သားငယ် ရှာပေးကြပါဦး ... သားကြီး ဘယ်ထွက်လည်း မသိဘူး ... စေ့စပ်ပွဲက အရမ်းနီးကပ်နေပြီ"

မေမေကတော့ သားကြီးပျောက်ဆုံးမှုထက်ပင် စေ့စပ်ပွဲက အရေးတကြီးရှိနေသေးသည်။

"ရှင်က အဖေတစ်ယောက်ဖြစ်ပြီး ... ဘာတာဝန်ကျေလဲ သားကြီးကို မစောင့်ရှောက်ဘူး ... ရှင်က စီးပွားရှာပေး ... ပြီးရင် ရှင့်တာဝန် ကျေပြီလို့ ထင်နေတဲ့လူ ... "

မေမေ့ ဒေါသတွေက ဖေဖေ့ဘက်သို့ လှည့်နေသည်။ လရိပ် ထင်ကတော့ ဝင်ရောက်ပြောဆိုခြင်းထက် တိုက်ကြီးထဲအနှံ့ ကို့ကို ကို လိုက်ရှာသည်။

"နေထွန်းတောက်လို့ နာမည်ပေးထားတာ ... အလကား ပဲ ... မာကျောမှုလည်း မရှိဘူး ... သူများကို မလောင်မြိုက်နိုင်ဘူး ... သူ့ကိုယ်သူပဲ လောင်မြိုက်ခံရတယ် ညှို့ဖျင်းလိုက်တာ"

မေမေညည့်ခန်းမှာ ငုတ်တုပ်ထိုင်ရင်း ကိုကို့ကို အပြစ်တင်ပြောဆိုနေသည်။ ဖေဖေလည်း နေစရာမရှိအောင် အပြစ်တွေထုတ်ဖော်ပြောဆိုနေခဲ့၏။ လရိပ်ထင်ကိုတော့ မေမေ ဘယ်တော့မှ ပြောဆို ဆူပွတ်တာမျိုးတွေ မလုပ် ... လရိပ်ထင်က အမှန်တရားကိုပဲ လက်ခံလိုက်နာတတ်လေသည်။

"သားကြီး ဘယ်သွားနိုင်လဲ ... သားငယ်၊ မြရောင်ခြယ်သမီးဆီသွားလား ... ဖေဖေသိပါတယ် သားကြီးက မြရောင်လွှမ်းကို အရမ်းချစ်ခဲ့တာပါ ... မြရောင်လွှမ်းကိုပဲ ခိုးပြေးသွားပြီလားပဲ"

ကိုကို့မှာ အဲဒီလောက် သတ္တိမရှိဘူးဆိုတာ လရိပ်ထင်သိနေသည်။ မေမေ့အား ဆန့်ကျင်၍ အတိုက်အခံလုပ်တာမျိုး သတ္တိမရှိနိုင် ... ။ သူ စိတ်ပူ၏။ ကိုကိုများ သူ့ကိုယ်သူ တစ်ခုခု အဆုံးစီရင်လိုက်ပြီလား ... လရိပ်ထင် စိတ်ပူပြီး အောက်ထပ်ဆင်းလာခဲ့သည်။ ခြံရှေ့မှာ ရှာဖွေတာ မတွေ့ ... သူ ခြံကြီးရဲ့ အနောက်ဘက်သို့ သွားကြည့်စဉ် တိုက်ကြီးရဲ့အနောက်ဘက် သရက်ပင်ကြီးအောက်မှာ ကိုကိုလဲကျနေသည်။





"ကိုကို ... ကိုကို ... "

"ဖေဖေရေ ... ကိုကို့ကိုတွေ့ပြီ ... ကိုကိုရေ ... ကိုကို ..."

သူ့အနားရောက်သွားတော့ ကိုကို့ခန္ဓာကိုယ်က အေးစက်တောင့်တင်းနေပြီး အသက်မရှိတော့ ... ကိုကိုဘေးမှာက စာနှစ်စောင်တောင် ရေးထားသည်။ မေမေရောက်မလာခင် ထိုစာနှစ်စောင်အား လရိပ်ထင် ကောက်ယူ သိမ်းဆည်းထားလိုက်၏။ ကိုကို ဘယ်အချိန်ကများ သရက်ပင်ကြီးအောက် ရောက်နေရတာလဲ ... ကိုကိုဘေးမှာ အိပ်ဆေးပုလင်းလွတ်တစ်ခု သူသိလိုက်တာက ကိုကို အိပ်ဆေးတွေ အလွန်အကျွံသောက်ပစ်လိုက်တာပဲ ဖြစ်သည်။

"သားကြီး ... ဘယ်လိုဖြစ်ရတာလဲကွာ ... ဖေဖေ ရင်ကျိုးပါပြီ ... "

အရင်ဆုံး ရောက်လာသူက ဖေဖေဖြစ်သည်။ ကိုကို့ကို သူ့လက်ထဲကနေ ဆွဲယူပွေ့ချီသည်။

"ဒီ ... ဒီကောင် သတ္တိ မရှိလိုက်တာ ... အိပ်ဆေးတွေသောက်တာပဲ ... "

"တိုက်ထဲ သယ်သွားရအောင် ဖေဖေ ... ကျွန်တော်ထင်တယ် ကိုကို့ဇာတ်သိမ်းကလေ ... "

"ရွှေပိတောက် ... ဒီမိန်းမ အရမ်းလွန်နေပြီကွ ... သားကြီး

ဒီလိုဖြစ်ရတာ ရွှေပိတောက်ကြောင့်ပဲ ... ဖေဖေ လုံးဝသည်းမခံနိုင်တော့ဘူး ... သားကြီးရယ် ဖေဖေ့ကြောင့် မင်းဒီလိုဖြစ်ရတာပါ"

"အီး ... အီး ... သားကြီးရယ် ဖေဖေ ရင်ကျိုးရပါပြီကွာ အီး ... ဟီး ... "

ကိုကို့ကို ပွေ့ဖက်၍ ဖေဖေရှိုက်ကြီးတငင်ငိုကြွေးနေခဲ့သည်။ မေမေရောက်မလာပေ ... လရိပ်ထင်လည်း နာကျင်ကြေကွဲရ၏။ သူက ကိုကိုလောက် စိတ်ဓာတ်မပျော့ ... ကိုကို့အလောင်းအား တိုက်ကြီးထဲ သယ်ဆောင်ဖို့ ပြင်ဆင်ခဲ့သည်။

"သားကြီးရာ ... ဖေဖေ ဘယ်လိုဖြေရမလဲကွာ ... မင်း ဘာဖြစ်လို့များ လူ့လောကကြီးထဲကနေ အရှုံးနဲ့ထွက်ခွာသွားရတာလဲ ... "

"ဖေဖေ ... ကိုကို့ကို တိုက်ထဲသယ်ကြရအောင်ပါဗျာ ... ဖေဖေ့ကိုယ် ဖေဖေ အပြစ်တင်ပြီး ငိုနေကြွေးနေလည်း ကိုကိုက သေဆုံးသွားပါပြီ ... စိတ်ကို ထိန်းချုပ်ပါ ... မတတ်နိုင်တော့ဘူးလေ ... "

သူနှင့် ဖေဖေ ... ကိုကို့ကို မချီ၍ တိုက်ကြီးထဲ သယ်ဆောင်လာတော့ မေမေက စူးစိုက်ကြည့်နေခဲ့လေသည်။

"အသုံးမကျတဲ့ကောင် ... လူပျော့ လူညံ့ သေလိုက်တာပဲ





ကောင်းတယ် ... "

"ရွှေပိတောက် ... မင်း မင်း ဘာပြောတာလဲ ... မင်းလူမှ ဟုတ်သေးရဲ့လားကွ ... အတ္တကြီးလွန်းတဲ့ မိန်းမ မင်းကြောင့် ငါ့သားကြီး သေဆုံးရတာ ... "

မေမေ ချာခနဲလှည့်ထွက်သွားသဖြင့် ဖေဖေ ဒေါသတကြီး လိုက်သွားမည် ဖြစ်နေ၍ လရိပ်ထင် လှမ်းဆွဲထားလိုက်ရသည်။

"ကိုကို့ အလောင်းကို အကောင်းဆုံးသင်္ဂြိုဟ်ကြရအောင်ပါ ဖေဖေ တစ်သက်လုံး အရှုံးပေးထားခဲ့တာပဲ ... မေမေလည်း ရင်ထဲမှာ ကြိတ်မှိတ် ခံစားနေရမှာပါပဲ ... ကိုကိုက မေမေအချစ်ဆုံးသားလေ ... "

"တောက် ... ရှေ့လျှောက် ဖေဖေ လုံးဝအလျှော့မပေးတော့ဘူး ... ရွှေပိတောက် မင်းနဲ့ဆက်မပေါင်းနိုင်တော့ဘူး ... မင်းထင်အကြောင်း သိစေရမယ် ... မင်း ဘယ်လောက်အထိ အသည်းမာနိုင်မလဲ ... "

"ကျွန်တော်တို့ လုပ်စရာရှိတာ လုပ်ကြရအောင်ပါ ... အရင်ဆုံး သက်ဆိုင်ရာကို အကြောင်းကြားရမယ် ... စိတ်အေးအေးထားပါဗျာ ... ဖေဖေ ... "

ကိုကို့အတွက် လုပ်ဆောင်စရာရှိတာတွေကို လရိပ်ထင်

လုပ်ဆောင်ရသည်။ သွေးရိုးသားရိုး သေဆုံးတာ မဟုတ်၍ သက်ဆိုင်ရာမှ စစ်ဆေးမှုတွေ ခံရ၏။ ချစ်သူနှင့်ကွဲကွာရ၍ စိတ်ကျရောဂါ ရှိနေခဲ့ကြောင်း သူအစစ်ခံခဲ့သည်။

"ကိုကို ဖြစ်ပျက်နေတာတွေ မိဘတွေလုံးဝ မသိပါဘူးဗျာ ကျွန်တော် အသိဆုံးပါ ... ကိုယ်ရေးကိုယ်တာ ကိစ္စတွေကြောင့် ချစ်သူချင်း ကွဲကွာသွားရတာပါ ... ကိုကို့တစ်ယောက်ထဲ ကြိတ်ခံစားပြီး စိတ်ဓာတ် ကျနေတာပါ ... "

ကိုကို့ ကိစ္စက အတော်လေးရှင်းလင်းလိုက်ရသည် ... မေမေက သွေးအေးနေ၏။ ဘယ်သူနှင့်မှ အတွေ့မခံ အခန်းထဲမှာပဲ နေထိုင်သည်။

"မေမေ စိတ်ကိုလျှော့လိုက်ပါတော့ဗျာ ... သား တောင်းပန်ပါတယ် ... ကိုကို့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးသင့်ပါတယ် ... "

"ထွက်သွား ... ငါ ဘယ်သူကိုမှ မတွေ့ချင်ဘူး ... မင်းလည်း ငါ့စကားကို ငယ်ငယ်လေးတည်းက နားမထောင်ခဲ့တဲ့သားပဲ ... နင့်အဖေ မင်းထင်က ငါ့ကို အပြစ်တင်ပြီး နှိပ်ကွပ်မယ်တဲ့လား ... ဟား ... ဟား ... ဟား ... ရွှေပိတောက်ကို ဘာမှတ်နေလဲ သူသေကိုယ်သေပဲနော် ... "





"မေမေ ... အဲဒီလို မလုပ်ပါနဲ့ဗျာ ... မိသားစုတွေပြန်ပြီး စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် နေကြရအောင်ပါ ... စိတ်လျှော့ပေးပါ မေမေ ... သားတို့ ထပ်ပြီး ကြေကွဲဝမ်းနည်းစရာတွေနဲ့ ထပ်ရင်မဆိုင်ပါနဲ့တော့ ... "

"သွား ... ငါ့ကို ဘာမှလာမပြောနဲ့ ... ငါ လက်မခံဘူး၊ ငါ့မှာ သားကြီးလည်း မရှိတော့ဘူး ... သားငယ်လည်း မရှိဘူး ... မင်းထင် လူယုတ်မာကောင် ... ငါ့ကို လက်ထပ်ပြီး သူ့ရင်ထဲမှာ ငယ်ရည်းစားက ရှိနေတယ် ... ဖောက်ပြန်တဲ့ ယောကျ်ား ... လူယုတ်မာကြီး ... "

မေမေအော်ဟစ်ကာ တွေ့ရာတွေ ကောက်ယူပစ်ပေါက်နေ၍ လရိပ်ထင် ဆက်မပြောရဲတော့ ... မေမေ့ အိပ်ခန်းထဲမှာ အရာဝတ္ထုတွေ ပစ်ပေါက်ကွဲရှသံတွေ ပွက်လောညံနေသည်။

"ဝုန်း ... ဒိုင်း"

"ဂျ လွမ်း ... လွမ်း"

"ထွက်သွားကြ ... ငါ့အခန်းထဲဝင်လို့ရမယ် မထင်နဲ့နော် ငါသေမလို့ဟဲ့ ... "

"မေမေ ... "

"သွား ... သွား ... ကြ"

လရိပ်ထင် လက်လျှော့ကာ သူ့အခန်းထဲပြန်ဝင်လာခဲ့သည်။

"သားငယ် ... ဒီမိန်းမကို လွှတ်ထားလိုက်စမ်းပါကွာ ... မီးမွှေးနေတဲ့ မိန်းမ ..."

"ဖေဖေ ..."

"ဖေဖေ သိပါတယ် ... မင်းက မိသားစုကို ပြန်ပြီး စုစည်းဖို့ ဆန္ဒရှိတာ မဟုတ်လား ... အရမ်း မျှော်လင့်မနေပါနဲ့ သားငယ်ရာ ... မင်း အမေရဲ့ အတ္တကြီးမှု မာကျောမှုတွေကို မင်းသိသားနဲ့ကွာ ..."

စိတ်ပျက်မိသည်။ သူတို့မိသားစု ကျိန်စာသင့်ခံနေသလိုပဲ စည်းစိမ်ချမ်းသာတွေနှင့် ပြည့်စုံနေခဲ့ကြပေမယ့်လည်း အတွင်းလှိုက်ပြီး မီးတောက်တွေက လောင်မြိုက်နေခဲ့၏။ သူ့ အိပ်ခန်းထဲရောက်လာမှ ကိုကိုဆီက သိမ်းဆည်းထားတဲ့ စာနှစ်စောင်ကို သတိရပြီး ဖွင့်ဖတ်မိသည်။

"ညီ ...

ကိုကို ... လူ့လောကကြီးထဲမှာ အသက်ဆက် မရှင်ချင်တော့ဘူး ... လွှမ်းကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ ကိုကိုလက်မထပ်နိုင်ဘူး ... မေမေ့ကိုလည်း မဆန့်ကျင်ရဲဘူးကွာ ... ကိုကို အကောင်းဆုံးလမ်းကို ရွေးချယ်သွားတာပါ ... မင်းဝမ်းနည်းကြေကွဲ





မနေပါနဲ့ ... ညီက ကိုကို့ထက် သတ္တိရှိပါတယ် ... မိဘတွေကို စောင့်ရှောက်ပါ ... နှုတ်ဆက်ခဲ့ပါတယ် ..."

ကိုကို ...

ကိုကိုက လူတော်လူကောင်း တစ်ယောက်ပါ မိဘတွေကိုလည်း ရိုသေပြီး ကြိုးစားခဲ့သူ ဖြစ်၍ လရိပ်ထင် နစ်မြောနေခဲ့ရသည်။ နောက်ထပ် တစ်စောင်က ချစ်သူမြရောင်လွှမ်းအား ပေးအပ်ရန် ဖြစ်၏။ ဘာပဲဖြစ်ဖြစ် သူသွားရောက်ပေးအပ်ဖို့ ဆုံးဖြတ်ထားသည်။

"ကိုကို ဖြစ်စေချင်တဲ့ ဆန္ဒတွေကို ဖြည့်စွမ်းပေးပါ့မယ်၊ မမမြရောင်လွှမ်းဆီ ကိုကို့နှုတ်ဆက်စာ ရောက်စေရပါမယ် ..."

နောက်ထပ် စာတစ်စောင်ကိုတော့ လရိပ်ထင်မဖတ်တော့ပါဘူး ... သူနှင့်လည်း မဆိုင်ဟုထင်သည်။ သူ့မိသားစုဘဝတွေက ဘာဖြစ်လို့များ ကံကြမ္မာဆိုးတွေ ဝင်ရောက်မွှေနှောက် ဖျက်ဆီးခြင်း ခံနေရတာလဲ ... မြရိပ်ညို ... မင်းနဲ့ကိုယ်လည်း ဘယ်လိုအကြောင်းနဲ့မှ မနီးစပ်နိုင်တော့ပါဘူး ... ကိုယ့်မေမေက မင်းမိဘတွေဆီလာအောင် တောင်းရမ်းပေးဖို့ လုံးဝမဖြစ်နိုင်ဘူး မြရိပ်ညို သူ့နှလုံးသားတွေထဲမှာ နာကျင်ကြေကွဲရမှုတွေ ခံစားရလွန်း၍ ပေါက်ကွဲမတတ်ပင် ... ကိုကိုလောက်တော့ သူမ မပျော့ညံ့ မြရိပ်

ညို့နှင့် မဆက်သွယ်ပဲ နေခဲ့သည်။

"ကိုယ့်ကို သတ္တိကြောင်တဲ့ ယောကျ်ားတစ်ယောက် အချောင်သမားပဲလို့ မင်းသတ်မှတ်ထားတဲ့အကြောင်း ကိုယ့်ကို အဝါရောင် ပြောပြခဲ့တယ် မြရိပ်ညို ... တာဝန်ယူနိုင်မှု မရှိဘဲ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ လျှာမရိုးမရှိတိုင်း လာပြောတဲ့ လူတဲ့ ... အရှက်သိက္ခာ မဲ့လွန်းတယ်တဲ့ ..."

အဝါရောင်ဆီက တစ်ဆင့် ပြစ်ပြစ်နှစ်နှစ် ဝေဖန်ပြောဆိုမှုတွေကို လရိပ်ထင်ကြားခဲ့ရစဉ် တခဏအတွင်း ကိုယ်ဆောက်တည်ရာ မရနိုင်အောင် ချောက်ချားသိမ်ငယ် သွားခဲ့ရပါတယ်။ မြရိပ်ညို မင်းပစ်လွှတ်လိုက်တဲ့ အဆိပ်လူးမြှားက ကိုယ့်နှလုံးသားတည့်တည့်ကို ဝင်ရောက်ထိုးစိုက်သွားလို့ ကိုယ့်အချစ်တွေ သေဆုံးသွားခဲ့ရတယ်လေ ... နလံကို မထူးနိုင်တော့တာပါ ... အချစ်ကြောင့်ပဲ ကိုကို သေဆုံးသွားခဲ့ရသည်။

"ရှင်နဲ့ မြရိပ်ညိုတို့ကို စိန်ခေါ်ရှင်ပြိုင်ကစားစေခိုင်းခဲ့တာကို အချစ်ကို မြရိပ်ညို့နှလုံးသားတွေ ခံစားစေချင်ခဲ့တာ တစ်ခုတည်းပဲ လရိပ်ထင်ရယ် ... အခုတော့ ရှင်တစ်ယောက်ထဲ Heart ထိသွားတယ် ... ရှင့်မျက်ဝန်းတွေထဲမှာ အရမ်းကြေကွဲဝမ်းနည်းနေပါပဲ"

"ကိုယ် ... မြရိပ်ညို့ကို နှလုံးသားတွေနဲ့နှစ်ပြီး ချစ်မိသွား





တာ ဝန်ခံပါတယ် ... အဝါရောင် ကိုယ်ရှုံးပါတယ် ... အမှန်တကယ်ပဲ မြရိပ်ညို့ရှေ့မှ ဒူးထောက်ပြီး ကိုယ်ကျဆုံးမှုအတွက် ဝန်ခံချင်ပါတယ် ... ဒါပေမယ့် ကိုယ်ဘယ်လိုမှ မြရိပ်ညို့ရဲ့ နှုတ်ခမ်းသားတွေပေါ်က လှောင်ရယ်ပြုံးပြမယ့် အပြုံးတွေကို ရင်မဆိုင်ရဲဘူး ဖြစ်နေတယ် ..."

တခါတရံ မြရိပ်ညို့ကို တာဝန်မယူနိုင်ဘဲ ချစ်စကားတွေ သွားပြောမိခဲ့တဲ့ သူ့ရဲ့ ညံ့ဖျင်းအသုံးမကျမှုတွေအတွက် တွေးမိတိုင်း အရှက်ရပြီး ပူထူလျှက် သူမောင်းနေတဲ့ကားကို အရှိန်ပြင်းစွာဖြင့် သစ်ပင်ကြီး တစ်ပင်ကို ဝင်တိုက်ပစ်ချင်ခဲ့မိသည်။

"ကိုယ့်နှလုံးသားတွေထဲမှာ မြရိပ်ညို့ကို စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ နက်နက်ရှိုင်းရှိုင်း ချစ်မြတ်နိုးခဲ့တာတော့ မှန်ကန်တဲ့ သစ္စာစကားတွေပါ မြရိပ်ညို"

ဤမှန်ကန်သော သစ္စာစကားကြောင့် မြရိပ်ညို့နှင့်သူ တစ်ချိန် ချစ်သူတွေအဖြစ် ပြန်ဆုံပေါင်းဖက်နိုင်မည်ဟုတော့ လရိပ်ထင် ရေးရေးလေး ယုံကြည်မျှော်လင့်နေမိသေးသည်။

"ကိုကို့ ချစ်သူဆီကို ကျွန်တော်သွားတွေ့မှာပါ ... ဒီစာလေးကိုလည်း ကျွန်တော်ကိုယ်တိုင်ကိုယ်ကျ သွားပေးပါ့မယ်"

ကိုကို့ချစ်သူ မြရောင်လွှမ်းလည်း အရမ်းကြေကွဲထိခိုက်နေ

ရှာမှာပါ။ မိန်းကလေးဆိုတော့ အရှက်သိက္ခာပိုင်းအရလည်း မိဘပတ်ဝန်းကျင် အသိုင်းအဝိုင်း အလယ်မှာ မျက်နှာမပြရဲအောင် သိမ်ငယ်နေရမည်ဖြစ်သည်။ မမြရောင်လွှမ်း မာမီက အရမ်းမာနကြီးသူတဲ့ ဖေဖေကပြောပြခဲ့၏။ ဖေဖေက ခိုးရာလိုက်ဖို့ခေါ် လုံးဝပြတ်သားစွာ ငြင်းဆန်ခဲ့သည်။

"ရှင့်ကိုချစ်ပြီး ကျွန်မနှလုံးသား ကွဲအက်သေဆုံးမယ်ဆိုရင်တောင် အသေခံပစ်လိုက်မယ် ကိုမင်းထင် ... အရှက်မရှိ သိက္ခာမရှိ မိဘအသိုင်းအဝိုင်းတွေ သူများတံတွေးခွက် ပက်လက်မျောအောင် ကျွန်မဘယ်တော့မှ မလုပ်ဘူး ... တလောကလုံးမှာ ယောကျ်ားဆိုလို့ ရှင်တစ်ယောက်ထဲ ရှိနေရင်တောင်ပဲ ... "

မမမြရောင်လွှမ်းက ကိုကို့နောက်ကိုလိုက်ဖို့ သဘောတူခဲ့သေးသည်။ ကိုကိုက သတ္တိမရှိခဲ့။ မေမေ့ရဲ့ ကြပ်မတ်စောင့်ကြည့်နေခြင်း ခံရ၍လည်း ချစ်သူဆီ မသွားရောက်နိုင်ခဲ့တာလည်း ဖြစ်၏။ မြရိပ်ညို့ရဲ့ စိတ်ဓာတ်ကလည်း အံ့သြထူးဆန်းစွာ ဖေဖေ့ငယ်ချစ်ဦး ဒေါ်မြရောင်ခြယ်နှင့် တူညီနေလေသည်။

## အခန်း ( ၂၀ )

"နေထွန်းတောက်ဆိုတဲ့ကောင်လေ ... သေပြီ သမီးငယ်၊ မာမီသတင်းကြားတာလေ ... သူ့ကိုယ်သူ အိပ်ဆေးတွေအလွန်အကျွံသောက်ပြီး သေတာတဲ့လေ ... အဲဒီ့ကိစ္စ သမီးကြီးမသိစေနဲ့ ဒင်းအမေ ရွှေပိတောက်က အလွန်အမင်း အတွာတွေ အညှိုးတွေကြီးတဲ့ မိန်းမလေ ... "

ရုတ်တရက်ကြီး ကြားလိုက်ရသဖြင့် မြရိပ်ညို တုန်လှုပ်ချောက်ချားသွားရသည်။ မမလွှမ်း ချစ်သူက သူ့အချစ်တွေကို စစ်မှန်ကြောင်း သက်သေပြသွားခဲ့၏။ မမလွှမ်းကတော့ သူမခိုးရာလိုက်ဖို့ သဘောတူခဲ့ပြီး သွားစောင့်ခဲ့ပေမယ့် ရောက်မလာတဲ့ ချစ်သူအား မုန်းတီးနာကြည်းစိတ်အခံနှင့် ရပ်တည်နိုင်ခဲ့သည်။

"သူ့အမေက တခြားတစ်ယောက်နဲ့ အတင်းပေးစားဖို့လုပ်

တာလေ … စေ့စပ်ဖို့လုပ်တာလေ … စေ့စပ်ဖို့ ဖိတ်စာတွေတောင် ကမ်းထားတာ … သားသေတာကိုတောင် လုံးဝမကြေကွဲဘဲ ဥပေက္ခာပြုပစ်လိုက်တယ်တဲ့ … ”

ကြောက်စရာကြီးပါလား … သူမအား လရိပ်ထင်က လူကြီးစုံရာနှင့်လာရောက် တောင်းရမ်းဖို့ဆိုတာ မဖြစ်နိုင်မှန်း သိသိကြီးနှင့် သူမ တောင်းဆိုလိုက်သည်။ လရိပ်ထင် အရှက်တွေရပြီး ရူးသွပ်မတတ်ပဲတဲ့ … အဝါရောင်က ရှင့်ကိုတကယ်ချစ်ခဲ့တာတဲ့ … ရှင့်ဆီမှာ သူ့အရမ်းကြောက်တဲ့ မိန်းမတစ်ယောက်ရဲ့ မာန်မာနတွေ ရှိနေခဲ့တာတောင် သူချစ်မိသွားတယ်တဲ့ … ချောက်ချားသိမ်ငယ်စိတ်တွေနဲ့ မြရိပ်ညိုကို အရှုံးပေးရတာပါတဲ့ … အဝါရောင် စိတ်မကောင်းဖြစ်ရတယ် … မြရိပ်ညိုက လရိပ်ထင်ကို သက်သက်မဲ့ စိတ်သောကရောက်အောင်လုပ်မိသလို ဖြစ်သွားရလို့တဲ့ … လရိပ်ထင် ဒီလောက်ထိ စိတ်ပျော့ညံ့လိမ့်မယ် မထင်လို့တဲ့ … သူမက အဝါရောင်ရှေ့မှာ ဟားတိုက် ရယ်မောအောင်ပွဲခံခဲ့လေသည်။

“သမီးငယ် … ”

“ဟင် … မာမီ”

“မာမီ အရောင်းအဝယ်ကိစ္စနဲ့ အပြင်သွားစရာရှိတယ် … သမီးကြီးလွှမ်းကို စောင့်ကြည့်ထား … မာမီရှေ့မှာတော့ စိတ်ဓာတ်





မာကျောသယောင်နဲ့ ဟန်ဆောင်နေပြီး … နောက်ကွယ်မှာ ပေါက်ကရတွေ လုပ်နေလိမ့်မယ် … သမီးကြီးကို မာမီလုံးဝ မယုံကြည်ဘူး … ”

“ဟုတ်ကဲ့ပါ … မာမီ”

မာမီ အပြင်ထွက်သွားသည်။ မြရိပ်ညိုကိုတော့ စိတ်ဓာတ်ခိုင်မာသူဟု မာမီက အကြွင်းမဲ့ယုံကြည်နေသည်။ မြရိပ်ညို ရင်ထဲမှာ ဘယ်လောက်အထိ နာကျင်ခံစားနေရလည်းဆိုတာ မာမီမသိနိုင်ပါဘူး … မထင်မှတ်ဘဲ လရိပ်ထင်ကို မြရိပ်ညို ချစ်မိသွားခဲ့ရ၏။ တကယ်တော့ သမီးက ဟန်ဆောင်ကြိတ်မှိတ် ခံစားနေရတာပါ မာမီ … မြရိပ်ညို နှလုံးသားထဲမှာ အချစ်တွေနဲ့ ချစ်သူရင်ခွင်ထဲ ပြေးဝင် ဖက်တွယ်ခိုဝင်ချင်တဲ့ ဆန္ဒတွေ ပြင်းပြင်းပြပြ ရှိနေခဲ့တာ မာမီသမီး မြရိပ်ညို စိတ်ဓာတ်မာကျောသယောင် ဟန်ဆောင်ရင်း မျက်ရည်ကျနေခဲ့ရတယ် … ကံကြမ္မာတွေက ဘာဖြစ်လို့များ မြရိပ်ညိုနဲ့ လရိပ်ထင်ကို ဒီလို ဆိုးဝါးစွာ တွေ့ဆုံစေခဲ့ရတာလဲ … မြရိပ်ညို ပျော့ညံ့စွာ မျက်ရည်ကျချင်လာသည်။

“တီ … တီ”

“တီ … ”

ခြံရှေ့မှ ကားဟွန်းသံက သူမနှင့်ရင်းနှီးကျွမ်းဝင်မှု ရှိနေ၍ လှမ်းကြည့်လိုက်တော့ ခြံစောင့်ကြီး တံခါးဖွင့်ပေးစဉ် လရိပ်ထင် ကားလေး ဝင်လာတာတွေ့လိုက်ရသည်။ ဘုရားရေ သူ ... သူ ဒီကို ဘာလာလုပ်တာလဲ ... သူမ လိပ်စာကိုပေးထားခြင်းလည်း မရှိ။ အဝါရောင်မျှား ပေးလိုက်တာလား ... အဝါရောင်က မြရိပ်ညို အပေါ် သစ္စာအရှိဆုံး ... သူငယ်ချင်းမို့ သူ့ကားပေါ်ပင် ဆင်းလာပြီ ဖြစ်၍ မြရိပ်ညို တိုက်ကြီးထဲကနေ အပြေးအလွှား ထွက်လာခဲ့ရသည်။

"ဟင် ... မြရိပ်ညို ... မင်း ... မင်း ဒီခြံနဲ့ပတ်သက်နေတာလား ... "

"ဟုတ်တယ် ... လရိပ်ထင် ပတ်သက်တာမှ အရမ်းကို ပတ်သက်ခဲ့တာပါ ... ကျွန်မက ဒေါ်မြရောင်ခြယ်ရဲ့သမီးအငယ် မြရိပ်ညိုပါ ... "

"ဘာ ... မင်း ... မင်းက မမလွှမ်းကို သိသိကြီးနဲ့ ... "

"ဟုတ်တယ် ... လရိပ်ထင် သိသိကြီးနဲ့ပဲ ရှင့်ကိုပတ်သက်ခဲ့တာလေ ... ကျွန်မ အစ်မ မြရောင်လွှမ်းကို ရှင့်အစ်ကို နေထွန်းတောက်က အပျော်ကြံစည်သွားလို့လေ ... မမလွှမ်းက အရမ်းရိုးသား ဖြူစင်တယ် ... မခိုင်လုံတဲ့ အကြောင်းပြချက်တွေနဲ့ ရှင့်အမေက ချွေးမအဖြစ် လက်မခံဘဲ ခွဲပစ်လိုက်လို့ပေါ့ ... "

"မင်းက ကိုယ့်ကို လက်စားပြန်ချေလိုက်တာလား ... မြရောင်ညို ကိုယ်က မဆီမဆိုင် ... အဖြစ်မှန်တွေကို သေသေချာချာ မစုံစမ်းပဲ အပြစ်မရှိတဲ့ လရိပ်ထင်ကို ဘဝတစ်လျှောက်လုံး နလံမထူနိုင်အောင် ချောက်ချားတုန်လှုပ်နေစေဖို့ အရှက်ခွဲပစ်လိုက်တာလား ... "

"ကျွန်မနဲ့ရှင် ဘာမှ ဆက်ပြောစရာမရှိတော့ဘူး ... လရိပ်ထင်၊ ဒီခြံထဲကနေ ရှင်ထွက်သွားပါ ... ကျွန်မ အစ်မကြောင့်လာတယ်ဆိုရင် ရှင့်အစ်ကို သေတာ ကျွန်မ အစ်မကြောင့် လာတယ်ဆိုရင် အသိပေးခွင့် မပြုနိုင်ဘူး ... ပြန်ပါ ... "

သူ့ရှေ့မှာ ဒူးတွေ ခွေခေါက်လဲပြိုကျတော့မတတ်ဘဲ မြရိပ်ညို အသားတွေ တဆတ်ဆတ် တုန်ရင်နေလေသည်။ မြရိပ်ညို ရဲ့ မျက်ဝန်းတွေထဲမှာ မာကျောခက်ထန်မှုတွေ မကြာခင် ပျောက်ကွယ်ရတော့မည်ဖြစ်၏။ ကျွန်မ ဒူးထောက် အရှုံးပေးချင်ပါတယ်။ ရှင့်ကို ချစ်တယ်လို့ပြောပြီး ရှင့်ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားချင်တယ် ... ကျေးဇူးပြုပြီး ရှင်ပြန်ပါတော့ ... ကျွန်မ အနူးအညွတ်

ပဲ တောင်းပန်ပါတယ် … လရိပ်ထင်ရဲ့ အကြည့်တွေ စိမ်းတောက် မာထန်သွားသည်။

"မင်း … မင်း အတ္တကြီးတဲ့ မိန်းမ … နှလုံးသားမဲ့လွန်းတယ်၊ ကြောက်စရာ ကောင်းတယ် မြရိပ်ညို … မထင်မိဘူး … မင်းကို အထင်ကြီးမိတာမှားသွားတယ် … မင်းက ယောကျ်ားတစ်ယောက်ကို အရူးလုပ်ပစ်ဖို့ပဲ ကြံစည်ခဲ့တာပဲ … ဒီကိစ္စ မင်းရှက်သင့်တယ် မင်းကို လုံးဝမထင်မိဘူး … ဟန်ဆောင် မာယာများတဲ့ မိန်းမတစ်ယောက်လို့ … "

"လရိပ်ထင် … ဒီကနေ ရှင်အမြန်ဆုံး ပြန်ထွက်တာ အကောင်းဆုံးပဲနော် … ရှင်ဘက်က ကျွန်မကို ဘယ်လိုပဲထင်ထင် ဂရုမစိုက်ဘူး … ရှင်တို့က ယောကျ်ားဖြစ်ပြီး တာဝန်မယူနိုင်ဘဲနဲ့များ မိန်းကလေးတစ်ယောက်ကို ကိုယ်ချင်းမစာမနာ ယောကျ်ားမပီသတာ … ဘာလဲ ကျွန်မက ရှင့်ကို ချစ်သူအဖြစ်တွဲပြီး ရှင်စွန့်ပစ်လိုက်မယ့် အချိန်ကို စောင့်နေရမယ်ပေါ့လေ … သတ္တိ မရှိတဲ့လူ … "

"ကောင်းပြီလေ မြရိပ်ညို … မင်းနဲ့ အချင်းမများချင်နေတော့ဘူး … ထားလိုက်ပါတော့ … ကိုယ် အခုလာတာ ကိုကို့





အတွက်ပဲ … ဒီမှာ ကိုကို မသေခင်ရေးထားတဲ့ စာနှစ်စောင် မမလွှမ်းကိုပေးဖြစ်အောင် ပေးပေးပါလို့ တောင်းဆိုခဲ့လို့ လာပေးတာပါ … ကိုကိုရဲ့ နောက်ဆုံးဆန္ဒဖြစ်နေလို့ ကိုယ်ဖြည့်စွမ်းပေးတာပါ … မင်းပေးချင်ပေး … မပေးချင်လည်း နေလို့ရတယ်နော် ကိုယ်သွားပြီ … "

လရိပ်ထင် စာနှစ်စောင်ကို သူမလက်ထဲ ထည့်ပေးပြီး ချာခနဲလှည့်၍ ကားပေါ်ပြန်တက်ကာ ဝေါခနဲ မောင်းထွက်သွားသည်။ သူမ မြက်ခင်းပြင်ပေါ်မှာ ဒူးညွှတ်ကျသွား၏။ သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံနေသည်။ ဘာကြောင့်လည်း လရိပ်ထင်ကို မုန်းတီးနာကြည်းပစ်ချင်တာပါ။ မြရိပ်ညို ဘဝထဲကို လုံးဝဝင်ရောက်ခွင့် မရှိတဲ့ ယောကျ်ားတစ်ယောက် အချိန်ကြာမြင့်စွာ အသိတွေက ကင်းမဲ့သွားခဲ့သည်။ ပြီးမှ … အသိတွေကို ထိန်းချုပ်လျက် စာနှစ်စောင်ကိုကိုင်၍ အိပ်ခန်းထဲရောက်မှ မမလွှမ်းထံပေးဖို့ ထားခဲ့တဲ့ မမချစ်သူ နေထွန်းတောက်ရဲ့စာကို ဖွင့်ပြီးဖတ်ခဲ့သည်။

ချစ်သောလွှမ်းရယ် …

ကိုနေ နှုတ်ဆက်ခဲ့ပါတယ် … လွှမ်းကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ ကိုနေ မပတ်သက်နိုင်ဘူး … ကိုနေ မေမေရဲ့ မျက်စိ

အောက်ကနေ အပျောက်မခံဘဲ လျှောင်ပိတ်ခံထားရလို့ ... ကိုယ် လွှမ်းဆီကို ရောက်မလာနိုင်ခဲ့ဘူးကွာ ... လွှမ်းကတော့ သတ္တိမရှိတဲ့ယောက်ျား ... တာဝန်မယူရဲတဲ့ ယောက်ျား ... လူယုတ်မာဆိုပြီး ကိုယ့်ကို မုန်းတီးနေမှာပါ ...

ဘယ်လိုပဲဖြစ်ဖြစ်ပါလွှမ်းရယ် ... ကိုယ် ချစ်မြတ်နိုးရသူက လွှမ်းပါပဲ ... မေမေ အတင်းအကျပ်လက်ထပ်ပေးမယ့် မိန်းကလေးကို လုံးဝ လက်ထပ်မယူနိုင်ဘူး ... ကိုယ့်အချစ်တွေကို ကိုယ့်အသက်နဲ့ သက်သေပြချင်တယ် ... လွှမ်းကို အရမ်းချစ်တယ် ... မြတ်နိုးတယ် ... ကိုနေ့ နှလုံးသားတွေ အပူတွေလောင်မြိုက်ပြီး ပြာမှုံတွေ ဖြစ်ရတော့မယ် လွှမ်း ... ကိုယ့်နောက်ကို လွှမ်းမလိုက်ခဲ့ပါနဲ့ ... ဘဝမှာ ပျော်ရွှင်အောင်နေပါ ... လွှမ်း ရှင်သန်နေတာကိုပဲ အမြင်ချင်ဆုံးပါ ... ချစ်တယ် လွှမ်းရယ် ... မခွဲနိုင်ဘူး ... ချစ်တယ် ချစ်တယ် ... ”

ချစ်တယ်ဆိုတဲ့ စာလုံးတွေကို စာမျက်နှာနှင့်အပြည့် ရေးထားသည်။ အရမ်းချစ်ကြတဲ့ ချစ်သူနှစ်ဦးအတွက် မြရိပ်ညို နာကျင်ခံစား ခဲ့ရ၏။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ သူမပါးပြင်လေးပေါ် လိမ့်ဆင်းကျလာသည်။





“ဒေါက် ... ဒေါက် ... ညီမလေး မြရိပ်ညို ... တံခါးဖွင့်ပါ
... မြရိပ်ညို ... ”

“ဟင် ... မမလွှမ်းပါလား ... ”

မြရိပ်ညို ကပျာကယာပင် မျက်ရည်တွေကို သုတ်ပစ်လိုက် ... တံခါးဖွင့်ပေးလိုက်တော့ ... မမလွှမ်း ရပ်နေတာ ... မျက်နှာ ...ပြင်လုံး အားနည်းဖြူဖျော့နေသည်။

“ဘာဖြစ်လို့လဲ ... မမလွှမ်း ... အထဲဝင်လေ ... ပြောပါ”

“မြရိပ်ညို ... ”

“ဟင် ... ”

“မမ အိပ်မက်ဆိုးတွေမက်တယ် ... ကိုနေလေ ... ကိုနေ ...စ်ခုခု ဖြစ်နေပြီထင်တယ် ... မမလွှမ်းကို လာနှုတ်ဆက်တာတဲ့ ...ရမ်းတွေ့ချင်လို့တဲ့ ... ပျော်အောင်နေပါလို့ပြောပြီး ကျောခိုင်း ...က်သွားတယ် ... ”

“မမရယ် ... ဒီလူ့အကြောင်းကို မေ့ပစ်နိုင်ပြီဆို ... စိတ်ထဲ ...ရှိနေတုန်းပဲလား ... အမိပ္ပါယ် မရှိလိုက်တာ ... မမလွှမ်း အပေါ် ...ောင်းလို့လား ... ရက်စက်သွားတဲ့ လူနော် ... ”

“ညီမလေးရယ် ... တကယ်တော့လေ ... မမလွှမ်း ဟန် ...ဆောင်နေပြရတာပါ ... မာမီ စိတ်မချမ်းမသာဖြစ်မှာ စိုးရိမ်လို့လေ

ကိုနေက မမကိုချစ်တယ် … အဲဒါ အမှန်ပါ … မလှဲ့သာ မရှောင်သာ လို့ဆိုတာ မမလွှမ်း အသိဆုံးပါ … ”

“မဖြစ်နိုင်တာကြီးကို မမလွှမ်းရယ် … ကံကြမ္မာပဲလေ … လူကြီးတွေ ပဋိပက္ခ ရှိခဲ့ကြတာ … မမကံပဲ … မေ့ပစ်လိုက်ပါတော့ ဒီလူ့ကို သေလူလို့ပဲ သတ်မှတ်ထားပါ … ”

“ကိုနေ … သူ သေပြီလား … အမလေး … ဘုရားရေ မမလွှမ်းကို လာနှုတ်ဆက်တာတဲ့ … ဟင့်အင်း … ကိုနေမသေပါနဲ့ … လွှမ်းကို လက်မထပ်ချင်လည်းနေပါ … ”

မမလွှမ်း ကယောင်ချောက်ချားနှင့် စိုးရိမ်ထိတ်လန့်တကြီး ပြောနေ၍ မြရိပ်ညို ဘယ်လိုပြောရမှန်းပင် မသိတော့ … မြရိပ်ညို ကိုယ်တိုင် စိတ်တွေက တည်ငြိမ်မှု ကင်းမဲ့နေသည်။

“ဟင် … ညီမလေး … ဒီစာက ဘယ်သူပေးတဲ့စာလဲဟင်၊ ကိုနေ့လက်ရေးပဲ ဟုတ်တယ် … ကိုနေ့ လက်ရေး … ”

“ဟို … မမ အဲဒါလေ … ”

စာကို မြရိပ်ညို သိမ်းဖို့ မေ့လျော့သွားစဉ် … မမက ဆတ်ခနဲ ကောက်ယူ၍ ဖတ်သည်။

“ညီမလေး … ဒါ … ဒါ ကိုနေ မမဆီကို ရေးလိုက်တဲ့စာပဲ၊ ညီမလေးဆီ ဘာဖြစ်လို့ရောက်နေရတာလဲ … မမဆီကို လာတာ





မြရိပ်ညိုက သိမ်းထားတာလား … ”

ကိုနေ့စာကို ဖတ်ပြီး မြရောင်လွှမ်း အားအင်ချို့နဲ့ ယိုင်လဲလဲကျသွားသည်။

“သူ … သူ သေပြီလား … အမလေး မမလွှမ်း ဘယ်လိုလုပ်ရမလဲ ညီမလေးရယ် … ကယ်ကြပါဦး … ”

“မမလွှမ်း သတိထားပါ … ကိုနေက မမလွှမ်းကို ပျော်ရွှင်နေစေချင်တယ်လေ … သူ့ဆန္ဒပဲ သူ့အချစ်တွေကို သက်သေပြသွားခဲ့တာ မှန်ပေမယ့် မမလွှမ်းကိုတော့ အသက်ရှင်သန်နိုင်စေချင်ဘယ်တဲ့လေ … ”

ကိုနေရယ် … လွှမ်း ဘယ်လိုအသက်ရှင် နေထိုင်ရမလဲဟင် ဘာဖြစ်လို့ အဲဒီလို လုပ်ပစ်လိုက်ရတာလဲ … သေမယ်ဆိုရင်တောင် လွှမ်းနဲ့ အတူတူ သေကြရမယ်လေ … လွှမ်းကို တစ်ယောက်ထဲ ထားခဲ့လို့ လွှမ်း အသက်ရှင်ရပ်တည်နိုင်မယ်လို့ ထင်တာလား … လွှမ်းလည်း လိုက်သေမယ် …

“မမလွှမ်း သတိထားပါ … ကိုနေ ဘာပြောခဲ့လဲ … မမလွှမ်း လိုက်သေမယ်ဆိုရင်တောင် ကိုနေ့ ဆန္ဒတွေနဲ့ ဆန့်ကျင်နေပြီ ဒိတ်ဓာတ်ကို ခိုင်မာစမ်းပါ … ”

"ဟုတ်တယ်နော် ညီမလေး ... မမကို ပျော်စေချင်တယ် အသက်ရှင် ရပ်တည်နေစေချင်တယ် ... ကိုနေ့ ဆန္ဒပဲ မမလွှမ်း နာခံရမယ် ..."

မမလွှမ်း မျက်ဝန်းတွေ ကြောင်စီစီနှင့် မြရိပ်ညို စိုးရိမ် ထိတ်လန့်သွားရသည်။ အားရပါးရ အော်ဟစ်ရယ်မောပြန်သလို ကိုနေက မမကို ရယ်မောပျော်ရွှင်စေချင်တာတဲ့ ... မြရိပ်ညို ချော့မော့ပြီး အိပ်ဆေး တိုက်လိုက်ရသည်။

"မမလွှမ်း ... ပျော်ပျော်နေရမယ် ... ကိုနေ့နောက် လိုက်ရင် သူဒေါသဖြစ်လိမ့်မယ် ... သူ ... သူ သေသွားတာပဲကောင်းပါတယ်လေ ... မမလွှမ်း စိတ်အေးရတာပေါ့ ... ကိုနေ့ တခြားမိန်းမ တစ်ယောက်နဲ့ အတူတူရှိမနေနိုင်တော့ဘူး မဟုတ်လား ..."

"အီး ... အဟင့် ဟင့် ... အီး"

သူမ စိတ်ညစ်မိသည်။ မမလွှမ်းကို ချော့မော့ပြီး မမလွှမ်း အိပ်ခန်းထဲ လိုက်ပို့ရင်း အိပ်ဆေးအရှိန်နှင့် အိပ်ပျော်သွားသည်။

"မမလွှမ်းရယ် ... အတ္တတွေ မာနတွေ အညိုးအတေးကြီးမှုတွေက လူတွေရဲ့ ချစ်ခြင်းမေတ္တာကို ဖျက်စီးခြေမှုန်း တိုက်ခိုက်ပင် လိုက်တာပဲ ... နောက်ဆုံးတော့ ဘာရမှာလဲ အပူသောကတွေပဲ





ရကြတာပေါ့ ..."

ကိုနေထွန်းတောက် သေဆုံးရတဲ့ကိစ္စတွေ မာမီပြန်ရောက်လာသဖြင့် အသိပေးလိုက်ရသည်။ စာတွေလည်း ပြလိုက်၏။ မာမီ မျက်ဝန်းတွေထဲမှာ ထူးဆန်းစွာ မျက်ရည်တွေ ပြည့်လျှံထွက်လာသည်။

"မမလွှမ်းကို အရမ်းဖိအား မပေးပါနဲ့တော့ ... မာမီ အားပေး နှစ်သိမ့်ပေးလိုက်ပါ ... ပြီးတော့ စိတ်ရောဂါ ဆရာဝန်ကြီးနဲ့လည်း ပြသင့်တယ် မာမီ ..."

"အင်းပါ ... မာမီလည်း အရမ်းစိတ်ထိခိုက် ကြေကွဲရတယ် သမီးငယ်ရယ် ... လူ့ လောကကြီးထဲမှာ အသက်ရှင်နေထိုင်ရတာ အဓိပ္ပါယ်က ဘာလဲ ..."

ဒေါ်မြရောင်ခြယ်ရဲ့ ဖြတ်သန်းလာခဲ့ရတဲ့ ဘဝတစ်လျှောက်လုံးမှာ မာန်မာနတွေကြောင့် အပျော်တွေပျောက်ဆုံးခဲ့ရပြီး အပူမီးတွေသာ တောက်လောင်ခံခဲ့ရသည်။

"မာမီလေ ဘယ်သူ့ကိုမှလည်း မုန်းတီးမနေတော့ပါဘူး ... အပြစ်တင် ဆူပွက်ပြောဆိုနေခဲ့တာတွေအားလုံး ရပ်တန့်ပစ်လိုက်ပါပြီကွယ် ... သမီးကြီးကို မာမီ ဆုံးရှုံးရမှာ စိုးရိမ်တယ် ... သမီးငယ်

ရဲ့ စိတ်ဓာတ် ခိုင်မာမှုအတွက်လည်း မာမီ အားတက်ရပါတယ်”

မြရိပ်ညို အိပ်ခန်းပြန်ရောက်တော့မှ ရင်ဝမှာ တစ်ဆို့နေတဲ့ သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်ရင်း … လိမ်ညာ ဟန်ဆောင်ထားရသော မျက်နှာဖုံးအား ချွတ်ပစ်ချင်လာသည်။

လရိပ်ထင်တစ်ယောက် မြရိပ်ညိုကို အထင်သေးစွာ မုန်းတီး ရွံ့ရှာ သွားပြီဖြစ်လေသည်။

“မဖြစ်နိုင်တဲ့ အခြေအနေတစ်ခုကို မြရိပ်ညို ရှေ့ထွက်လုပ်ဆောင်ဖို့ ဆန္ဒမရှိတော့လို့ပါ လရိပ်ထင် … အမုန်းမီးတောက်တွေ ငြိမ်းသတ် ပစ်ချင်ပါတယ် … ”

မြရိပ်ညို ရင်ထဲမှာကနေ လှိုက်လှဲစွာဆုတောင်းမိနေတာကတော့ မိသားစုတွေ ကံကြမ္မာဆိုးတွေနှင့် ထပ်မံမတွေ့ဆုံဖို့ပါပဲ … သောကတွေ ရင်ထဲမှာ ထွေးပိုက်မထားလိုတော့ … ကျွန်မ အနိုင်မယူချင်တော့ပါဘူး … လရိပ်ထင်ရယ် … ကျွန်မလည်း ရှုံးပါတယ် ကျွန်မ နှလုံးသားတွေက ရှင့်ကို ချစ်မိသွားတာကိုက ကျွန်မရှုံးပေးပါတယ် …

“မမလွှမ်းချစ်သူ ကိုနေထွန်းတောက်က အချစ်ကို အသက်နဲ့ သက်သေပြသွားတာ ကျွန်မ အလွန်အမင်း နာကျင်ကြေကွဲရ





ပါတယ် … လရိပ်ထင် ရှင်နဲ့ထပ်တူထပ်မျှ ပါပဲ … ”

လရိပ်ထင်ရဲ့ အထင်လွဲနာကျည်းနေမှုကိုလည်း မချေဖျက်လိုတော့ … မြရိပ်ညိုလည်း အတွေ့တွေနှင့် အညိုးအတေးကြီးကြီး လက်တုန့်ပြန်ခဲ့တာပဲ … မမလွှမ်း အိပ်စက်နေရာမှ နိုးထလာလျှင် မြရိပ်ညိုတို့ မိသားစု စိတ်သောကရောက်စရာတွေ ဘာများထပ်ဖြစ်လာနိုင်မလဲ … မြရိပ်ညိုမှာ ရင်ဖွင့်တိုင်ပင်စရာ တစ်ယောက်တလေမှ မရှိခဲ့ … မာနတွေ ဖုံးလွှမ်းပြီး စိတ်တွေ မွန်းကျပ်ပိတ်လှောင်နေသည်။

✿

## အခန်း ( ၂၁ )

“လရိပ်ထင်ရဲ့ အကိုနေထွန်းတောက် သေဆုံးသွားပြီဆိုတော့ မင်းအရမ်းပဲ ကျေနပ်ဝမ်းမြောက်သွားပြီလား ... မြရိပ်ညို မင်းနှလုံးသားတွေက မာကျောရက်စက် လွန်းပါတယ် ... ”

အချစ် ခံစားမှုတွေက လရိပ်ထင်ရဲ့နှလုံးသားထဲသို့ ခါးသည်းစူးရှ နာကျင်မှုတွေနှင့်အတူ ထိုးဖောက်ဝင်လာခဲ့သည်။ မြရိပ်ညိုကို သူချစ်နေဆဲပင် ... အချစ်တွေ မိုက်မဲရူးသွပ်သွားခဲ့ရတဲ့ လရိပ်ထင်ရဲ့ အဖြစ်တွေကို ကြည့်ပြီး မင်းလှောင်ပြောင်ရယ်မောနေမယ်ဆိုတာ ကိုယ်သိနေတယ် ... မြရိပ်ညို ... တွေးမိတိုင်း ကိုယ် အရှက်ရနေခဲ့တယ် ... မင်းနဲ့ အဝေးဆုံး ဝေးသထက်ဝေးရာကို ကိုယ်ထွက်ပြေးချင်နေတယ် ...

“အဝါရောင် တောင်းပန်ပါတယ် လရိပ်ထင်ရယ် ...





အဝါရောင် ဆက်ဆော့မိလို့ပါ ... တကယ်ဆို ရှင်နဲ့မြရိပ်ညိုတို့ လုံးဝတွေ့ဆုံ ပတ်သက်စရာ အကြောင်း မရှိပါဘူး ... ”

အဝါရောင်က တောင်းပန်လေသည်။ အဝါရောင်ကိုယ်တိုင် ကံကြမ္မာဆိုးတွေနှင့် ရင်ဆိုင်ခဲ့ရပြီး ပတ်ဝန်းကျင်မှာ အရှက်တကွဲကွဲရဲ့ရှုံ့ချခြင်း ခံနေခဲ့ရ၏။ မြရိပ်ညိုကိုလည်း အပြစ်မတင်ပါနဲ့တဲ့။ လရိပ်ထင်တို့ဘက်ကစပြီး အမှားအယွင်း ဖြစ်ရတာပါတဲ့ ... လရိပ်ထင်ကိုယ်တိုင် အရှက်တကွဲနှင့် နာကျင်ရပေမယ့် မြရိပ်ညိုကို မမုန်းမိ ... ချစ်မြတ်နိုးနေရသည်။

“ကိုယ်နဲ့ မြရိပ်ညိုတို့ ဘယ်တော့မှ ပေါင်းဆုံခွင့် မရှိနိုင်တော့ဘူးဆိုတော့ ... နှစ်ယောက်လုံး သိရှိလက်ခံထားကြပါတယ် ... ဒါပေမယ့်လည်း မင်းကိုမေ့ပစ်လို့ မရဘူး မြရိပ်ညို ... ”

အချိန်တိုင်း မြရိပ်ညိုကို တမ်းတသတိရနေခဲ့သည်။ နှစ်ပေါင်းများစွာ ဆူညံပွက်လောရိုက်အောင် ပြဿနာတွေဖြစ်လာခဲ့ကြတဲ့ ဖေဖေနှင့် မေမေကို ပြန်လည်သင့်မြတ်စေရန် ကြားကနေ လရိပ်ထင် လုပ်ဆောင်နေခဲ့ပေမယ့် ... မေမေက ခါးခါးသီးသီး ငြင်းဆန်ပြီး အိပ်ခန်းထဲမှာ တစ်ယောက်တည်း နေထိုင်သည်။

“တစ်ယောက်နဲ့တစ်ယောက် ခွင့်မလွှတ်နိုင်ကြဘဲ ... ရန်ညိုးတွေ ကြီးနေကြရအောင် လူ့ဘဝကြီးထဲမှာ ကိုယ်တို့တွေ နှစ်

တွေ့ရာနဲ့ချီပြီး နေထိုင်ခွင့် ရှိကြမှာမှ မဟုတ်တာပဲ မြရိပ်ညိုရယ်”

သူ့စိတ် ဆန္ဒတွေထဲမှာ မြရိပ်ညိုကို ထပ်မံ၍ တွေ့ဆုံချင်နေခဲ့လေသည်။ မဖြစ်နိုင်တဲ့ ကိစ္စဆိုတာလည်း သိ၏။ မိဘတွေ လက်ထက်ထဲက ရန်မီးပွားလာခဲ့တာ မဆီမဆိုင် သားသမီးတွေအထိ မအေးချမ်းနိုင်ဘဲ ကိုကိုက အသက်ပေးဆပ်ခဲ့ရသည်။

“ကိုယ်က ယောကျ်ားလေး ဖြစ်နေတယ် ... မင်းကိုလည်း ချစ်မြတ်နိုးနေခဲ့လို့ မင်းရှေ့မှာ ကိုယ်ဒူးထောက်ပြီး တောင်းပန်ချင်နေပါတယ် ... မြရိပ်ညို ... ”

မြရိပ်ညိုဘက်က အပြင်းအထန် ငြင်းဆန်မှာသေချာသည်။ မင်း အမုန်းတွေကို ကြောက်တယ် ... ကိုယ့် အစ်ကိုသေပေးလိုက်ရလို့ပဲ ... ဒါမှ မဟုတ်ရင် မင်းတုန့်ပြန်လာမယ့် လက်စားချေမှုတွေက ရက်စက်မှု အပေါင်းသရဖူဆောင်းလိမ့်မယ် ထင်တယ်။ မြရိပ်ညိုကို မေ့ပစ်နိုင်ဖို့ ... သူ အစွမ်းကုန်ကြိုးစားမည် ဖြစ်သည်။

“သားငယ် ... လရိပ်ထင် ... မင်း မေမေအဖြစ်ကိုလာကြည့်ပါဦးကွာ ... အတ္တတွေက သူ့ကိုယ်ကို လောင်မြိုက်နေပြီ”

ဖေဖေရောက်လာပြီး ခေါ်သဖြင့် လရိပ်ထင် အပေါ်ထပ်ကို လိုက်လာတော့ မေမေ ဆံပင်တွေ စုတ်ဖွားနှင့် အခန်းထဲမှာ ငုတ်တုတ်ထိုင်နေတာ တွေ့လိုက်ရသည်။





“ရွှေပိတောက် ... ဘာမှ မသိတော့ဘူး ... စကားလည်း မပြောတော့ဘူး ... သား ... အခုတလော ဖေဖေကိုယ်တိုင် သားမေမေ အပေါ် နာကြည်းပြီး ဥပေက္ခာပြုထားခဲ့တယ် ... ရွှေပိတောက်က ဘယ်သူ့ကိုမှ အတွေ့မခံဘူး ... သူ့ အခန်းထဲမှာ ရှိတဲ့ စားစရာတွေ စားပြီး တစ်ယောက်တည်းနေတာ မနက်ကမှ တံခါးဖွင့်ပြီး ထိုင်နေတယ် ... ”

လရိပ်ထင် ကိုယ်တိုင်လည်း မေမေနှင့်မတွေ့ဆုံဖြစ်ခဲ့ ... မြရိပ်ညိုကြောင့် သူ့အခန်းထဲမှာပဲ အောင်းနေခဲ့မိလေသည်။

“မေမေ ... သားငယ်ပါ ... မေမေ သိရဲ့လားဟင်”

မေမေက လှည့်မကြည့်ပါ ... ပါးစပ်က ဘာတွေပြောနေမှန်း မသိ ... ။ အသံကျယ်လောင်စွာ ဆူပွက်နေသော မေမေ ... အခု နှုတ်ခမ်းလှုပ်ယုံလေးသာ စကားပြောနေသည်။ မေမေ အနားသို့ လရိပ်ထင် တိုးကပ်သွားခဲ့၏။ ဖေဖေလည်း ကပ်လိုက်လာသည်။

“ရွှေပိတောက် ... မင်းဘာတွေ ပြောနေတာလဲ ... ကိုမင်းထင်ကို ပြောပါ ... ”

“မေမေ ... သားငယ်ပါ ... မေမေသိရဲ့လား”

လရိပ်ထင်တို့ အနားရောက်ပြီး အသံပေးတာကိုပင် မေမေ လှည့်မကြည့် ... မျက်တွင်း ဟောက်ပက်နှင့် ပိန်ချုံးနေသည်။

"မေမေ ... "

"ရွှေပိတောက် ... သတိထားပါ ... ကိုမင်းထင်ကို သိတယ် မဟုတ်လား ... ပိတောက် ... "

ဖေဖေနှင့် လရိပ်ထင် ဘယ်လိုပဲ အသံပေးနေပါစေ ... မေမေက တုန့်ပြန်မှု မရှိခဲ့ ... သူတို့က အိပ်ပါဆိုလျှင် လှဲအိပ်သည်။

အစားအစာကျွေးလျှင် နည်းနည်းပဲစား၏။ စိတ်ရောဂါ အထူးကု ဆရာဝန်ကြီးတွေနှင့် ပြသရင်း ကိုကိုသေဆုံးပြီး တစ်နှစ် အကြာမှာ မေမေသေဆုံးသွားသည်။

"ရွှေပိတောက် ဝဋ်ကျွတ်သွားပြီလို့ပဲ သတ်မှတ်ရမယ် သားရယ် ... ဖေဖေတို့ မိသားစုတွေရဲ့ ကံကြမ္မာက ဆိုးဝါးလွန်းတယ်ကွာ ... ဘယ်သူ့ကိုမှလည်း အပြစ်မတင်ချင်တော့ပါဘူး ... ဖြစ်သမျှ အကြောင်းပဲပေါ့ ... "

မေမေ အသုဘသို့ အဝါရောင်တစ်ယောက်ထဲ ရောက်လာခဲ့သည်။ အဝါရောင်နှင့် မြရိပ်ညိုတို့ မတွေ့ဖြစ်ကြတော့ ... နောက်ဆုံးနှစ် စာမေးပွဲပြီးဆုံးသွားချိန်တွင် မြရိပ်ညိုတို့မိသားစု နိုင်ငံခြားကို အပြီးအပိုင် ပြောင်းရွှေ့သွားခဲ့ကြသည်ဟု ပြော၏။ အဝါရောင်ပင် သူကြီးမိဘတွေ သဘောတူတဲ့ ယောကျ်ားနှင့်လက်ထပ်မည်ဟု အသိပေးသည်။





"မြရိပ်ညိုက အဝါရောင်ကိုတောင် အဆက်အသွယ် ဖြတ်သွားပြီ လရိပ်ထင် ... တကယ့်ကို နှလုံးသား မရှိတဲ့ မိန်းမပဲ ... သူတို့ သားအမိ သုံးယောက်လုံး ခြေရာဖျောက်သွားကြတယ် ... Sorry နော် ... လရိပ်ထင် ဒီအကြောင်းတွေ ရှင်မကြားချင်တော့ဘူး ထင်တယ် ... "

"ပြောပါ ... အဝါရောင် ... ကိုယ်လည်း မြရိပ်ညို အကြောင်း ကြားချင်နေပါတယ် ... ကိုယ့် အမှန်အတိုင်း ဝန်ခံရရင် ခုထိ မြရိပ်ညိုကို ချစ်နေတုန်းပဲလေ ... "

"အဝါရောင် အပြစ်ပါ ... ယောကျ်ားတွေကို လုံးဝ မယုံကြည် ဖို့ ... အထင်ကြီးစရာ တစ်စက်လေးမှ မရှိဘူးလို့ မကြာခဏ ပြောပြ နေလို့ အဝါရောင်က အပြည့်အစုံဆုံး လရိပ်ထင်ကိုရွေးပြီး စိန်ခေါ်စေ ခဲ့တာပါ ... မြရိပ်ညို ဘက်ကနေ လိုက်လျောတာကိုပဲ လျှော့တွက် မိခဲ့တယ်"

"ဘယ်သူ့ အပြစ်မှ မရှိပါဘူး ... အဝါရောင်၊ ကိုယ်တို့ မိသားစု နှစ်စုရဲ့ ကျိန်စာပါ ... မြရိပ်ညိုတို့က ထိခိုက် နစ်နာသူတွေပဲလေ"

"အဝါရောင်လည်း ခုထိပဲ ရှင်တို့နှစ်ယောက်ကို ချစ်သူစုံတွဲ တွေအဖြစ် တွေ့မြင်ချင်နေသေးတယ်လေ ... အရမ်းလိုက်ဖက်ကြ တယ် ... အဟဲ ... မဖြစ်နိုင်ပါဘူး ... အမုန်းဆုံး ရန်သူကြီးတွေ

ဖြစ်သွားကြပြီပဲ ... ”

“ဖူးစာရေစက်ဆိုတာ ရှိသေးတယ်လေ ... အဝါရောင်တို ယ့် ဘက်က အမြဲမျှော်လင့်နေပါသေးတယ် ... ဘယ်လောက်ကြောက် စရာကောင်းတဲ့ မိန်းမဖြစ်ပါစေ ကိုယ်ချစ်တယ် ... ”

“ဒါကလည်း အတိတ်ဘဝက ဝဋ်ကြွေးတစ်ခုပေါ့လေ”

အဝါရောင်လည်း အရမ်းကို ရင့်ကျက်တည်ငြိမ်သွားသည်။ အပျော်အပျက် အမူအယာတွေ ပျောက်ကွယ်သွား၏။ လရိပ်ထင်ကိုလည်း အစွမ်းကုန် ကူညီအားပေးခဲ့သည်။

“အဝါရောင့် လက်ထပ်ပွဲကို ရှင်လာဖြစ်အောင် လာရမယ်နော် ... လရိပ်ထင် ... စိတ်ညစ်စရာတွေ သောက အပူတွေကို လုံးဝ မေ့ပျောက်ပစ်လိုက်ပါ ... ကျွန်မတို့တွေ တည်ငြိမ်ရင့်ကျက်သင့်နေပါပြီ ... ”

အဝါရောင်ရဲ့ လက်ထပ်မင်္ဂလာပွဲကို သူရောက်သွားခဲ့သည်။ မြရိပ်ညိုတစ်ယောက် ရောက်လာလေမလားဟု မျှော်လင့်ချက်တွေကြောင့်ဖြစ်၏။ တခြား ငယ်သူငယ်ချင်းတွေ ကျောင်းနေဘက်သူငယ်ချင်းတွေ အများအပြား ရောက်လာကြပေမယ့် မြရိပ်ညိုသတင်း အစအန ပျောက်သွားတာပဲ မေးမြန်းစုံစမ်းလို့ မဆုံးကြ





ြရိပ်ညို လုံးဝ ရောက်မလာခဲ့ ... လရိပ်ထင် နာကျင်နေရသည်။

“မြရိပ်ညိုကို ရှင်မေ့ပစ်လိုက်စမ်းပါ လရိပ်ထင် ... သူငယ်ျင်း အချင်းချင်းတောင် အဆက်အသွယ်ဖြတ်တောက်ပစ်နိုင်တယ် ့လုံးသား မရှိဘူး ... အချစ်ကိုလည်း ဘယ်တော့မှ ခံစားမှာမဟုတ်ဘူး ... ရက်စက်တယ် ... ”

အဝါရောင်က မေ့ပစ်ဖို့တိုက်တွန်း ပြောဆိုနေခဲ့တာတောင် သူ လုံးဝမမေ့ခဲ့ ... အလုပ်တွေထဲမှာ သူ့ဘဝကိုနှစ်မြှုပ်ထားရင်း ြရိပ်ညိုအား. စက္ကန့်မလပ် သတိရတမ်းတနေခဲ့သည်။

“ကိုယ်တို့နှစ်ယောက် တကယ်ပဲဝေးကွာခဲ့ကြပြီလား ... ြရိပ်ညို ... ကိုယ်ဘာဖြစ်လို့များ မင်းနဲ့ပြန်ဆုံရမယ်လို့ တထစ်ချင်မှတ်နေဆဲ ဖြစ်ရတာလဲ”

ဖေဖေက စီးပွားရေးလုပ်ငန်းတွေအားလုံး သူ့လက်ထဲ လွှဲအပ်ထားခဲ့ပြီး ... တရားဓမ္မတွေနဲ့ပဲ နေထိုင်ခဲ့သည်။ မေမေ ကွယ်လွန်ပြီးထဲကပဲ ဒေါ်မြရောင်ခြယ်အကြောင်း မပြောဆိုခဲ့ ... မေမေကောင်းရာဘုံဘဝမှာ ရောက်ရှိနေစေဖို့ပဲ ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေနေခဲ့၏။ ရှေ့ဆက် အသက်ရှင်နေထိုင်ရမယ့် ဘဝခရီးမှာ အမှားအယွင်းမရှိ တည်တည်ငြိမ်ငြိမ်နှင့် ခရီးဆက်နိုင်ဖို့ပဲ လရိပ်ထင် ကြိုးစားတည်ဆောက်နေလေသည်။ နှစ်တွေ ဘယ်လောက်ပဲ

ကြာကြာ မြရိပ်ညိုကိုချစ်နေတဲ့ လရိပ်ထင် နှလုံးသားခံစားချက်တွေကတော့ အပြောင်း အလဲမရှိနိုင်ခဲ့ … ကိုယ် အလွန်အမင်း အထီးကျန်နေပါတယ် … မြရိပ်ညို မင်းကို ဘယ်လိုအကြောင်းပြချက်တွေနဲ့မှ မေ့ပစ်လို့ မရခဲ့ပါဘူး … မြရိပ်ညိုကို ချစ်တယ် … စက္ကန့်မလပ် မြရိပ်ညိုအား လွမ်းဆွတ်တမ်းတနေသည်။

✿

အခန်း ( ၂၁ )

ကိုကိုနေထွန်းတောက် ကွယ်လွန်သွားတဲ့ နှစ်ပတ်လည်ရက်လေး ရောက်တိုင်း ကိုကို့အုတ်ဂူလေးဆီသွားပြီး သန့်ရှင်းရေးလုပ် … ရှိခိုးကန်တော့ အမျှအတန်းဝေနေကျဖြစ်၍ လရိပ်ထင် ရောက်လာခဲ့သည်။ ဆယ်နှစ်ဆိုတဲ့ အချိန်အတိုင်းအတာ လရိပ်ထင်အတွက်ကတော့ မနေ့တစ်နေ့ကလိုပင် ထင်မှတ်နေခဲ့၏။ နှစ်စဉ်မပျက် လရိပ်ထင် အရောက်လာတတ်လေသည်။ ကိုကို့အုတ်ဂူလေးရဲ့ မလှမ်းမကမ်းမှာ ကားထိုးရပ်ပြီး ပန်းခြင်းလေးဆွဲ၍ သူလျှောက်လှမ်းလာစဉ် ကိုကို့အုတ်ဂူလေးရှေ့မှာ ဒူးထောက်ထိုင်နေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရ၍ လရိပ်ထင် ခြေလှမ်းတွေဘုန့်ခနဲ ရပ်သွားကာ တအံ့တသြနှင့် အသေအချာ ကြည့်မိသွားသည်။

"ဘယ်သူလဲ … မြရိပ်ညိုများလား … မဖြစ်နိုင်ပါဘူး … မြရိပ်ညိုက ကိုကို့ကို အရမ်းမုန်းတီးနေတာပါ … "

နောက်မှ ကြည့်တာဖြစ်၍ မြရိပ်ညိုနှင့်ဆင်တူသလို ဖြစ်နေသည်။ ထိုမိန်းကလေးက ပန်းခြင်းလေးတင်ပြီး အချိန်အတော်ကြာ ထိုင်နေပြီးမှ ထလိုက်၍ သူရှိနေတဲ့ဘက်သို့ လှည့်လာနေ၏။ မြရိပ်ညိုလား … ရုတ်တရက် မြရိပ်ညိုနှင့် ဆင်တူလွန်း၍ အသေအချာ ကြည့်လိုက်တော့မှ ကိုကို ချစ်သူ … မမမြရောင်လွှမ်း ဖြစ်နိုင်သည်ဟု တွေးမိသွားသည်။ မိန်းကလေးက လရိပ်ထင်ရပ်နေရာဘက်သို့ တစ်လှမ်းချင်း လှမ်းလျှောက်လာနေ၏။ သေချာတာက ကိုကို့ချစ်သူ မြရောင်လွှမ်း ဖြစ်နိုင်ပြီး သူတို့နှစ်ယောက်လုံး မျက်နှာချင်းဆိုင်တွင် လှမ်းလျှောက်နေတဲ့ ခြေလှမ်းတွေ ရပ်တန့်သွားသည်။

"မမက ကိုကို့ချစ်သူ မြရောင်လွှမ်းလားဟင် … မမ မြရောင်လွှမ်းလား … "

"ဟုတ်တယ် … လရိပ်ထင် … "

"ဗျာ … ကျွန်တော့် နာမည်ကို သိနေတာလား … "

"အင်း … သိပါတယ် … ညီမလေး … မြရိပ်ညိုပြောပြလို့လေ … "

လရိပ်ထင်က ကိုနေနှင့်လည်း တော်တော်လေး ဆင်တူ





သည်ဟု လွှမ်းတွေးမိသည်။ လွှမ်းပျော်ရွှင်သွားရ၏။ မထင်မှတ်ဘဲနှင့် ကိုနေ့ အုတ်ဂူလေးမှာ လာဆုံရသည်။

"မြရိပ်ညိုရော မမလွှမ်း … မြရိပ်ညိုကို ကျွန်တော် အရမ်းတွေ့ချင်နေပါတယ် … လရိပ်ထင်ကို အရမ်းမုန်းတီးနေတုန်းပဲလား"

"မမုန်းပါဘူး … လရိပ်ထင်"

"ဗျာ … "

"လူ့ဘဝကြီးထဲကို ခဏတဖြုတ်ရောက်လာကြတဲ့ လူတွေ အမုန်းတွေ အညိုးအတေးတွေ ဘာဖြစ်လို့ ရှိနေကြမှာလဲ … လရိပ်ထင်ရယ် … ခဏကြာရင် ညီမလေး မြရိပ်ညိုက မမကို လာကြိုလိမ့်မယ် … ကိုနေ့ အုတ်ဂူဆီသွားဖို့ မြရိပ်ညိုကပဲ မမကို အကြံပေး တိုက်တွန်းခဲ့တာလေ … "

လရိပ်ထင်ရဲ့ အပျော်တွေက အတိုင်းအဆမရှိ ရင်ထဲသို့ တိုးဝင်လာပြီး ဟန်ဆောင်မနေနိုင်အောင်ပဲ မမလွှမ်း လက်လေးကို ဆုပ်ကိုင်၍ ဒီစကားတွေက အမှန်တွေပဲလား … ဟု တတွတ်တွတ် မေးနေမိသည်။

"မြရိပ်ညိုက လရိပ်ထင်ကို မမုန်းပါဘူး … မာမီကြောင့်ပဲ မမလွှမ်းတို့ အသိမိတ်ဆွေတွေ အားလုံးနဲ့ အဆက်အသွယ် ဖြတ်ခဲ့တာပါ … မနှစ်ကပဲ မာမီဆုံးသွားတယ် … မမလွှမ်းတို့ ညီမအစ်မ

မြန်မာပြည်ကို ပြန်လာခဲ့ကြတာပါ ... ဟော ... ဟိုမှာ ညီမလေး မြရိပ်ညိုကား ရောက်လာပြီ မမလွှမ်းကို လာကြိုတာပါ ... ”

လရိပ်ထင် လှည့်ကြည့်လိုက်တော့ အနက်ရောင်ကားလေးက သူ့ကားနှင့်ယှဉ်၍ ရပ်သွားပြီး ကားပေါ်မှ မြရိပ်ညိုဆင်းလာသည်။

“လရိပ်ထင် လာလေ ... မင်းတို့က မိတ်ဆွေတွေပဲ ... တွေ့ဆုံ နှုတ်ဆက်သင့်ပါတယ် ... ”

မထင်မှတ်ဘဲနှင့် မြရိပ်ညိုကို တွေ့လိုက်ရတော့လည်း လရိပ်ထင် သတ္တိတွေပျောက်ဆုံးသွားသလို ... ခြေလှမ်းတွေ စတင်မလှမ်းရဲ ... မမလွှမ်း အတင်းဆွဲခေါ်သွားမှ လရိပ်ထင် တွန့်တွန့်ဆုတ်ဆုတ်နှင့် မြရိပ်ညို အနားသို့ ရောက်လာခဲ့သည်။

“ရှင်က မြရိပ်ညိုကို ကြောက်ရွံ့နေတုန်းပဲလား ... လရိပ်ထင် ... ”

ဆယ်နှစ်ဆိုတဲ့ အချိန်ကာလအတွင်းမှာပဲ စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူ ဘဝကလို မာန်မာနတွေနှင့် ရန်လိုခက်ထန် မာကျောထားတဲ့ လေသံတွေ အပြောင်းလဲကြီး ပြောင်းလဲသွားသည်။ ရင်းနှီးဖော်ရွေတဲ့ လေသံနုနု ပျောင်းပျောင်းက လရိပ်ထင်ရဲ့ သတ္တိတွေကို ပြန်လည် အသက်ဝင်လာစေသည်။





“မြရိပ်ညို ... မင်း ... မင်း ... အရမ်းပြောင်းလဲသွားတာပဲ ကိုယ် တကယ် မထင်မိဘူးကွာ ... မြရိပ်ညိုကို လွမ်းဆွတ် တမ်းတပြီး တွေ့ချင်နေခဲ့တာပါ ... ”

“ကဲ ... မမလွှမ်း ကားယူပြီး အရင်ပြန်နှင့်မယ်နော် ... ညီမလေးကတော့ လရိပ်ထင်ကားနဲ့ ပြန်လာခဲ့ ... Ok”

“ကောင်းပါတယ် မမလွှမ်း ... အဲဒီ အစီအစဉ်ကောင်းပါတယ် ... မမလွှမ်း ပြန်နှင့်ပါ ... မြရိပ်ညိုကို ကျွန်တော်လိုက်ပို့ပေးပါ့မယ် ... ”

လရိပ်ထင် ဝမ်းသာအားရနှင့် တက်တက်ကြွကြွ သဘောတူလက်ခံ လိုက်သဖြင့် မမလွှမ်း ရယ်မောရင်း မင်းတို့နှစ်ယောက် အဆင်ပြေအောင် ညှိနှိုင်းကြပါဟု ပြော၍ ကားမောင်းထွက်သွားသည်။

“မြရိပ်ညို ... ”

“အင်း ... ပြော”

“ကားပေါ်တက်လေ ... ကိုယ်တို့ သွားကြမယ်”

“နေပါဦး ... လရိပ်ထင်က ဘယ်ကိုသွားမှာလဲ”

“အဝါရောင့်ကို သွားတွေ့မယ် ... ကိုယ်တို့ရဲ့ အမှတ်တရ နေရာလေးတွေဆီ သွားကြမယ် ... ခုထိ Love Coffee Shop လေး

ကရှိနေသေးတယ်လေ ... မြရိပ်ညို ... ကားပေါ်တက်လေ ..."

"ဒီမှာ ... ပန်းခြင်းကြီးကိုင်ပြီး လရိပ်ထင်ရဲ့အစ်ကို အုတ်ဂူလေးမှာ ဂါရဝ မပြုတော့ဘူးလား ..."

"ဟုတ်သားပဲ ... မြရိပ်ညိုကို တွေ့လိုက်ရလို့ ကိုယ်အရာအားလုံး မေ့သွားတယ်ကွာ ... ခဏလေးနော်"

"လရိပ်ထင်တစ်ယောက်ထဲ မသွားနဲ့လေ ... မြရိပ်ညိုလည်းလိုက်ပြီး အချစ်သူရဲကောင်းကြီး ကိုနေထွန်းတောက်ကို ဦးညွှတ်ဂါရဝပြုမယ်လေ ..."

"မြရိပ်ညိုရယ် ..."

လရိပ်ထင် အပျော်တွေနှင့် ချစ်သူ မြရိပ်ညိုရဲ့ လက်လေးကို သတ္တိရှိရှိ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်၍ ကိုကိုနေထွန်းတောက် အုတ်ဂူလေးရှိရာသို့ လှမ်းလျှောက်လာခဲ့လေသည်။

ရှင်မြတ်နိုး